www.burmeseclassic.com

BURMESE CLASSIC .com

ရွှေဥဒေါင်း

# ဒဂုံတင့်

ဒုတိယအကြိမ်

[illegible] GRAPHIC DESIGN : KYAW MIN[illegible]

www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁။ | ၂၀–ရာစု အင်္ဂဝိဇ္ဇာဆောင်းပါးပေါင်းချုပ် (ပထမတွဲ) | ဦးမောင်မောင်သန်း |
| ၂။ | ၂၁–ရာစု အင်္ဂဝိဇ္ဇာဆောင်းပါးပေါင်းချုပ် (ဒုတိယတွဲ) | ဦးမောင်မောင်သန်း |
| ၃။ | ထူးခြားထက်မြက်သော ဂါထာမန္တန် | ပြည်သိမ်းကျော် |
| ၄။ | တွေးခေါ်မှုဆန်းဗေဒင်မြင်ကွင်း | ဦးမောင်မောင်သန်း |
| ၅။ | အင်္ဂဝိဇ္ဇာအဟောပညာ (၇၉–၉၁) | ဦးမောင်မောင်သန်း |
| ၆။ | ရင်ကိုအေးမြစေသား (၁၃၆၁) | ဦးမောင်မောင်သန်း |
| ၇။ | သွေးကြောထဲမှခွန်အားများ | ချစ်နိုင် (စိတ်ပညာ) |
| ၈။ | မြှူးရွှင်ဖွယ်ရာစကားများ | စိုးဉာဏ (ငဲ) |
| ၉။ | အင်္ဂဝိဇ္ဇာအဟောပညာ (၉၄–၉၇) | ဦးမောင်မောင်သန်း |
| ၁၀။ | တရုတ်ရိုးရာ ရာသီ (၁၂)ပါး ဗေဒင်ပညာ | ဆရာရန်အောင်ဟိန်း |
| ၁၁။ | ထူးထူးခြားခြား | မြတ်မင်းရှင် |
| ၁၂။ | ၂၁ ရာစုအင်္ဂဝိဇ္ဇာ ဆောင်းပါးများ ပေါင်းချုပ် (တတိယတွဲ) | ဦးမောင်မောင်သန်း |
| ၁၃။ | မြတ်စွာဘုရားလက်ထက်တော်က သူဌေးကြီးများ ချမ်းသာခြင်းအကြောင်း | အရှင်ဉာဏောဘာသ (အေးစေတီ၊ မင်းဘူး) |
| ၁၄။ | ဂန္ဓဝင်ကျော် ရဟန်းတော်များ | ရွှေညြ |
| ၁၅။ | နာမည်များနှင့် စကားပြောခြင်း | ဦးမောင်မောင်သန်း |
| ၁၆။ | လက်တွေ့အသုံးချ သင်္ချာဗေဒ | ဆရာရန်အောင်ဟိန်း |
| ၁၇။ | မြန်မာ့စကားပုံ၊ မြန်မာ့ဆိုရိုးစကား | ရွှေညြ |
| ၁၈။ | ရေပြာအိုင်စ်မှ ဓာတ်လမ်းများ | မဝင်းမြင့် |
| ၁၉။ | ၂၁ ရာစု အဝင်–စီမံခန့်ခွဲမှု ခေါင်းဆောင်များအတွက် စစ်ဆေးရန်အချက်များ | ဗိုလ်မှူးချုပ်အောင်ကြည် |
| ၂၀။ | ရင်ကိုအေးမြစေသား–၁၃၆၂ (တနင်္ဂနွေ မှ ရာဟု နေ့သားအထိ) စုစုပေါင်း (၈) အုပ် | ဆရာဦးမောင်မောင်သန်း |
| ၂၁။ | လောကနီတိ | တက်တိုး |
| ၂၂။ | သုတအကြားကြား တိုင်းရင်းဆေးပညာ | ဒေါက်တာအောင်နိုင် |
| ၂၃။ | မျက်လှည့်ပြနည်း (၁၀၀) | စက္ကူဘ (မျက်လှည့်) |

www.burmeseclassic.com

www.burmeseclassic.com


၂၄။ ညီတော်အာနန္ဒာ (ခေါ်) အရှင်အာနန္ဒာဝတ္ထု (ပထမတွဲ) — ဦးအောင်မိုး (ပါဠိပါရဂူ)
၂၅။ ညီတော်အာနန္ဒာ (ခေါ်) အရှင်အာနန္ဒာဝတ္ထု (ဒုတိယတွဲ) — ဦးအောင်မိုး (ပါဠိပါရဂူ)
၂၆။ မောဆက် — တင်နွယ်မောင်
၂၇။ ကမ္ဘာ့ပန်းချီကျော်များ — ဦးညာဏ်ရှိန် (ညို့ဝင်းရှိန်)
၂၈။ ငွေကမ္ဘာ ကမ္ဘာလှည့်တင်တင်စိန် (တတွဲ) — ဒေါ်တင်တင်စိန်
၂၉။ သဘော်သားသုံးယောက် ဟာသဝတ္ထုတိုများ — သော်တာဆွေ
၃၀။ အို ဈေးရှုဆလင် — ကျော်အောင်


ဆက်လက်ရန်


၃၂။ လုပ်ငန်းစီးပွား အင်္ဂလိပ်စကား — နေမျိုးထွန်း
၃၃။ တားရော့ကတ် အဓိပ္ပါယ်ဖွင့်ဆိုချက်များ — ဆရာရန်အောင်ဟိန်း
၃၄။ အာဖရိကရောက် မြန်မာတစ်ယောက် — ဖိုးမြင့် (မေ့ဆေး)
၃၅။ တားရော့ကဗ္ဗီရဒေဒ — ဟိန်းလတ်


ပညာရွှေတောင်စာအုပ် – ၃၁

ရွှေဥဒေါင်း

# ဒဂုံတင့်


ပညာရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၄၂၈၃၃


www.burmeseclassic.com

www.burmeseclassic.com

အတွင်းစာသားခွင့်ပြုချက်အမှတ် – ၃၉၂/၂၀၀၀ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၅၀/၂၀၀၀ (၇)

ထုတ်ဝေသည့်အကြိမ်
ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ။

အုပ်ရေ
၁၀၀၀

အဖုံးဒီဇိုင်း
ကိုကျော်မင်းမောင်

ဖလင်
ဦးထွန်းဆိုင်

ကွန်ပျူတာ
ပညာရွှေတောင်

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် –(တိုင်းလင်းစာပေ)
(မြ–၀၁၂၉၉) ၈/၆၅၊ ဇော်ဘွားကြီးကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
သိန်းမြင့်ဝင်းအော့ဖ်ဆက်၊ မြ (၀၁၄၂၇)၊
အမှတ် ၉၆၊ ၁၁ လမ်း။ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင် – သန်းထိုက်ရတနာအော့ဖ်ဆက်
(၀၅၁၃၁) အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
[illegible] ကျပ် ၆၅၀–ကျပ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပုစွန်ထားလို့ လက်မှအနိုင်နိုင် | ၁ |
| ၂။ | လူ့သတ်မှု အရှုပ်အထွေး | ၃၁ |
| ၃။ | ပြည်တန်ပတ္တမြား | ၅၇ |
| ၄။ | ပိုးကြီးမှူး စိန်ကြီးအကြောင်း | ၉၁ |
| ၅။ | ပြန်ဆုံမိခြင်း | ၁၂၇ |
| ၆။ | မင်းတုန်းမင်း၏ ရွှေဖလား | ၁၅၉ |
| ၇။ | တခ်ထာပွတ်ဉာဏ် | ၁၈၃ |


♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ပုစွန်ထားလို့ - လက်မှုအနိုင်နိုင်

" နိုင်ငံရေးသမားတစ်ယောက်ကို တိမ်မြုပ်သွားစေလိုလျှင် ၎င်း၏ အပြစ်အနာများကို ဖော်ထုတ်ရေးသားခြင်း မပြုလေနှင့်။ ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မဝေဖန်ဘဲ ပစ်ထားလိုက်လျှင် ထိုသူသည် အလို အလျောက် မြုပ်ကွယ်သွားလိမ့်မည်။ ထိုသို့ မဟုတ်ဘဲ ၎င်း၏အပြစ် များကို ဖော်ထုတ်ရှုတ်ချနေလျှင် မယုံချင်သူများ ပေါ်ပေါက်လာ၍ ထိုသူ အဖို့ တက်လမ်းဖော်ပေးရာ ရောက်တတ်သည် " ဟု အယ်ဒီတာကြီး တစ်ယောက် ပြောဖူးသောစကားမှာ အခြားပုဂ္ဂိုလ်များအဖို့ မပြောနိုင် သော်လည်း မစ္စတာနိကလတ် အမည်ရှိ ဘိုကပြား တစ်ယောက်နှင့် ပတ်သက်၍ မူကား . . . လုံးဝ မှန်ကန်သည်ကို တွေ့ခဲ့ရဖူးလေသည်။

နိကလတ်သည် မည်သည့်အချိန်က ရေနံချောင်းမြို့သို့ ရောက်နေ သည် မသိ။ ရေနံတွင်း အမြောက်အမြား ပိုင်ဆိုင်ခဲ့ဖူးရာ ၎င်း၏ လက်ဝယ် မှ ဘီအိုစီကုမ္ပဏီက ရေနံတွင်းများကို တစ်တွင်းပြီး တစ်တွင်း နှုန်းမြင့် ထား၍ ဝယ်ယူရခြင်းအားဖြင့် အတန်ကြွယ်ဝသူ တစ်ယောက် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ နိကလတ်သည် လက်ကျန်ရေနံတွင်း သုံးလေးတွင်းကို မရောင်းဘဲ ကုတ်ကပ်ချန်ထားခဲ့ရာ ရေနံတွင်းအားလုံး မရမချင်း မကျေ နပ်နိုင်သော ဘီအိုစီကုမ္ပဏီသည် ၎င်းတွင်းများကို ဆိုသလောက်ပေး၍ ဝယ်ယူလေရကား. . . . နောက်ဆုံးတစ်တွင်းသည်ပင် ယခင်တွင်း အားလုံးနှင့် ညီမျှသော အဖိုးငွေကို ရရှိသဖြင့် " မီလျံနာကြီး " အဖြစ် သို့တိုင် ရောက်ခဲ့လေ၏။

နိကလတ်သည် ရန်ကုန်မြို့ ပြည်လမ်းမကြီးပေါ်တွင် တိုက်ကြီး တစ်လုံး တည်ဆောက်နေထိုင်ခဲ့ရာ ထိုခေတ်က ရန်ကုန်ဂေဇက်၊ ရန်ကုန် တိုင်း အစရှိသော အင်္ဂလိပ်သတင်းစာများသည် နိကလတ်အကြောင်း မပါလျှင် သတင်း မစုံလင်သကဲ့သို့ သဘောထားကြသည့် လက္ခဏာနှင့် ထိုသူနှင့် ပတ်သက်သည့် အသေးအဖွဲ့ သတင်းများကိုပင် နေ့စဉ်နှင့်အမျှ ထည့်သွင်း ဖော်ပြလေ့ ရှိကြ၏။ နိကလတ်သည် မည်သူမည်ဝါတို့ကို ညစာ တည်ခင်းကျွေးမွေးသည်။ မော်တော်ကားအဟောင်းကို မည်မျှနှင့်ရောင်းချ ၍ ရိုးလ်စ်ရွိုက်(စ်) ကားသစ်ကြီးကို အင်္ဂလန်မှ မှာယူသည်။ မြင်းပွဲ၌ မည်သည့် မြင်းကို မည်မျှလောင်း၍ မည်မျှ အလျော်ရသည်။ သွားတစ် ချောင်းကျိုးရာတွင် မည်မျှ ငွေကုန်ခံ၍ သွားသစ်စိုက်သည်။ ဗိုင်အမ်စီအေ နှင့် ဗိုင်ဒဗလျူစီအေတို့သို့ အလှူငွေ မည်မျှ ထည့်ဝင်သည် အစရှိသော သတင်းများကို မရမက စုဆောင်းရှာဖွေကြ၍ အင်္ဂလိပ်သတင်းစာ ဖတ်သူ ပရိသတ်တို့အား ဖျော်ဖြေလေ့ ရှိ၏။ အဆိုပါ သတင်းအသေးအဖွဲ့များ အပြင် နိကလတ်၏ ငွေဂုဏ်ရောက်ပုံ၊ မာန်တက်ပုံ၊ အရေးမကြီးသည်၌ အရေးတကြီး လုပ်တတ်ပုံ၊ ဝွကျပုံ၊ လူပေါင်းဆံ့ပုံ အစရှိသော အပြစ် အနာအဆာတို့ကိုလည်း ရေးကြီးခွင်ကျယ်လုပ်၍ ထည့်သွင်းဖော်ပြ နေကြပေရာ နောက်ဆုံးတွင် မျက်နှာဖြူပရိသတ်တို့အနက်၌ နိကလတ်





အကြောင်းကို မသိသောသူသည် ခေတ်မမီသကဲ့သို့ ဖြစ်နေ၍ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုသူ၏သတင်းကို နားစွင့်နေကြရလေ တော့၏။

နိကလတ်အကြောင်းနှင့် ပတ်သက်၍ အကောင်းရေးခြင်း၊ အကောင်းပြောခြင်း ဟူ၍ တစ်ခွန်းမျှ မကြားရဘူးသော်လည်း နိကလတ် ကို မတွေ့ချင်သောလူ၊ ၎င်းနှင့် မသိကျွမ်းချင်သောလူ၊ ၎င်း၏ ညစာစားပွဲ သို့ ဖိတ်ခေါ်ခြင်းမခံလိုသောလူ ဟူ၍တစ်ယောက်မျှ မရှိအောင် ဖြစ်၏။ ဝင်စစ်မှာ ထိုသူ၏ ညစာစားပွဲများသည် " ရှမ်ပိန် " အရက်မပါဘဲ မပြီးသည်ဖြစ်သောကြောင့် ရှမ်ပိန်နှင့် မျှားခေါ်လျှင် ငရဲပြည်သို့ လိုက်၍ စားပွဲထိုင်ရန် အသင့်ရှိသော မျက်နှာဖြူပရိသတ်အဖို့မှာ မက်မော စရာကြီးတစ်ခု ဖြစ်နေတော့၏။ သူဌေးဆိုသော်လည်း အမျိုးညံ့သည် (Vulgar Rich) ဟု မဲ့ရွဲ့ကာ ကဲ့ရဲ့တတ်ကြသော်လည်း ရှန်ပိန် တည်းဟူသော မျက်နှာကြောင့် "နိကလတ်ဒင်းနား" ဆိုလျှင်ပင် သွားရည် ကျသူတွေ အံမြောက်အများ ရှိကြ၏။ ဂျင်မခါနာကလပ်မှာ မျက်နှာဖြူ ဥရောပတိုက်သားများအတွက် သက်သက်ဖြစ်၍ အမေရိကန်ပြည်သား သာသနာပြုဆရာကြီးများကိုပင် ပါဝင်ခွင့်မပြုဘဲ ထားခဲ့သော်လည်း ရှန်ပိန်ကို ရေလို တိုက်နိုင်သော နိကလတ်ဖြစ်သောကြောင့် မျိုးရိုးဇာတိကို ကွယ်ဝှက်၍ ကပြားတစ်ယောက်အဖြစ်မှ ဘိလပ်သားအစစ်ဖြစ်အောင် လုပ်ပေးလိုသူများပင် ရှိကြ၏။ သို့ရာတွင် ဤကိစ္စမှာမူ နောင်လာ နောက် သား အစဉ်အဆက်ကို ထိခိုက်ဖို့ ရှိသည်ဟု အချို့က ကန့်ကွက်သဖြင့်သာ ပျက်သွားရလေတော့သည်။ သို့နှင့်ပင် နိကလတ်သည် ဂျင်မခါနာ ဘလပ်သို့ ဧည့်သည်တစ်ယောက်အဖြစ်နှင့် မကြာခဏ တက်ခွင့်ရခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



နိကလှုတ်သည် ပြည်လမ်း၌ အလွန် ကြီးကျယ်ခမ်းနားသော တိုက်ကြီးအတွင်း ဓာတ်မီးတွေ တဝင်းဝင်း၊ အစေခံတွေ တရှန်းရှန်းနှင့် တဝုန်းဝုန်း တဖြုန်းဖြုန်း နေထိုင်လျက်ရှိရာ ၎င်း၏ အစေခံများမှာ ကုလားလူမျိုးများဖြစ်၍ အစွန်းအထင်း အလျှင်းမရှိဘဲ ဖွေးဖွေးဖြူလျက်ရှိသော အကျီရှည်ကြီးများတွင် ကြက်သွေးရောင်စလွယ်ကြီးများ သိုင်းလျက် ရှိရကား ဘုရင်ခံ၏ စံအိမ်တော်သည်ပင်လျှင် ဤမျှလောက် ခမ်းနားသိုက်မြိုက်ပါလေ၏လောဟု တွေးတောစရာ ဖြစ်နေ၏။ ဥရောပတိုက်သား အရာရှိကြီးများသည် မိမိတို့ကိုယ်တွင် စိန်ရွှေစသော တန်ဆာများ ဝတ်ဆင်သော အလေ့အထ မရှိကြသော်လည်း နိကလတ်မှာမူ အရှေ့တိုင်းသား တစ်ဝက်ဖြစ်နေသည့်အလျောက် ၎င်း၏ ရှပ်အကျီတွင် စိန်ကြယ်သီးများ တပ်ဆင်ထား၍ လက်၌လည်း အလွန်ကြီးမားလှသည့် စိန်လက်စွပ်ကြီးတစ်ကွင်း ဝတ်ဆင်လေ့ ရှိ၏။ မျက်နှာဖြူအရာရှိများသည် ၎င်း၏ စိန်များကို ကြည့်၍ ပြုံးတတ်ကြသော်လည်း မိမိတို့၏ ဇနီးသည်များအတွက် မလိုချင်သောသူ ဟူ၍ကား ရှိကြမည် မဟုတ်ချေ။

ထိုခေတ်အခါက ရန်ကုန်မြို့၌ တည်ရှိ၍ ဘိုဆန်သောအသင်းဟူသမျှသည် နိကလတ်အား အထူးဧည့်သည်အဖြစ်နှင့် ဖိတ်ကြားလေ့ ရှိကြသည်ဖြစ်ရာ အသင်းစက္ကရီတေရီ (ယခုအတွင်းရေးမှူး) က အသင်းဘဏ္ဍာရေးအခြေအနေအကြောင်းတို့ တီးတိုးကပ်၍ နှုးခြင်းအားဖြင့် နိကလတ် (အထူးဧည့်သည်) ထံမှ ၅၀၀ိ-၁၀၀၀ိ စသော အလှူငွေကို ခံယူတတ်ကြ၏။

ကျွန်တော်၏မိတ်ဆွေ ဒဂုံတင့်သည် ရိုတေရီကလပ်၊ ဖရီမေဆင်အသင်းစသည့် ဘိုဆန်သော အသင်းအဖွဲ့ဟူသမျှတွင် မင်ဘာအဖြစ်နှင့် ပါဝင်ထားသူတစ်ယောက် ဖြစ်လေရာ တစ်ညသ၌ ဒဂုံတင့်သည် ရိုတေရီ





ကလပ်ညစာစားပွဲ၌ အထူးဧည့်သည် နိကလတ်နှင့် တွေ့ခဲ့ရပုံများကို ကျွန်တော်ထံသို့ လာရောက်၍ အားရပါးရ ပြောပြလေ၏။

ဂုံ။ " နာမည်ကြီးသလောက် ထူးလည်းထူးတဲ့ လူတစ်ယောက်ပါပေဗျာ။ ကပြားဆိုပေမဲ့ အရုပ်က ဗြဲပေ တင်းတင်းပြည့်လေတော့ တချို့ဘိုအစစ်တွေထက်တောင် မြင့်နေသေးတယ်။ တကယ့်ကို ထောင်ထောင်မောင်းမောင်းနဲ့ ခံ့လည်းခံ့+တဲ့ လူတစ်ယောက်ပဲဗျို့၊ ညစာစားပွဲလာကြတဲ့ တရားဝန်ကြီးတို့ ဟိုက်ကုတ် တရားသူကြီးတို့၊ အတွင်းဝန်ချုပ်တို့ဆိုတဲ့ လူတွေဟာ သူနဲ့ယှဉ်လိုက်တော့ ခပ်နုပ်နုပ် ဖြစ်ကုန်ကြတယ်ဗျ။ ပိုက်ဆံဂုဏ်ရောက်တယ် ဆိုပေမယ့် အရုပ်အမောင်း ခပ်ကောင်းကောင်းနဲ့ ဂိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီဆိုမှဖြင့် တကယ်ခံ့ညားတယ်လို့ကို အကဲဖြတ်မိတော့တယ် မန်းတင့်ရေ"

"နိကလတ်ကို ဒီတစ်ခါပဲ ခင်ဗျားတွေ့ဖူးသလား"

"ဟုတ်ကဲ့ . ကြားဖူးတာကတော့ ကြာပြီ။ သူတို့ အင်္ဂလိပ် သတင်းစာတွေက ရေးကြလွန်းလို့ တွေ့ချင်မြင်ချင်နေတာ ကြာလှပြီ။ ဒီတစ်ခါမှ မျက်နှာချင်းဆိုင် တွေ့ဖူးခဲ့ရပေတော့တယ် . .။ ဝတ်ပုံစားပုံကလည်း ဒိုက်ပြည့်ဆိုက်ပြည့်ဗျ။ ဘယ်က သောက်ခဲ့ပြီး မူးလာတယ် မဆိုနိုင်ဘူး။ ပြောလိုက်တဲ့ စကားကလည်း ရေပက်မဝင်ဘူး ဆိုတာမျိုးလိုပဲ စကားလုံးတွေကလည်း တကယ့် မိုးလားကဲလားချည်းပဲ၊ ဧည့်ပရိသတ်တွေကို သူ့လက်အောက် ငယ်သားတွေချည်း အောက်မေ့သလား မဆိုနိုင်ဘူး။ ဟိုအထက် တာဝတိံသာကနေပြောတောင် ဒီထက် လေပေါက်မြင့်ဖို့ ခပ်ခက်ခက်ပဲ၊ နို့ပေမယ့် ရိုတေရီကလပ်ကို ငွေ (၃၀၀၀ိ) အလှူငွေထည့်သွားတော့ သူပြောတိုင်း တင့်တယ်သလို ဖြစ်နေတော့တာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဒဂုံတင့်သည် နီကလတ် အကြောင်း ပြောပြရာတွင် အလွန် စိတ်အားထက်သန်သော အမူအရာရှိသည် ဖြစ်၍ ကျွန်တော့်မှာ ရိုတေရီ အသင်းသားတစ်ယောက် မဟုတ်သည့်အတွက်ကြောင့် နီကလတ်ကို တွေ့မြင်ဖို့ အခွင့်အရေးတစ်ခု လက်လွတ်သွားရတော့မည်တကားဟု ဝမ်းနည်းသကဲ့သို့ ဖြစ်မိလေတော့၏။

"နီကလတ်က ဘာတွေများ ပြောသွားသေးသလဲဗျ"

"ပြောလိုက်ပုံတော့ မိုးမွှန်သွားတာပဲဗျို့။ လောကမှာ ပိုက်ဆံရှိမှ လူရာဝင်တယ်ဆိုတာ သူ သိလေတော့ ပိုက်ဆံရအောင် သူ ကြိုးစားခဲ့ပုံတွေ၊ သူ့ကို ဘိလပ်သားအစစ်တွေက လူဘက် မဟုတ်ဘူးလို့ ထင်ကြပေမယ့် သူ့ပိုက်ဆံကို လိုချင်တဲ့အခါတိုင်း ချော့ကြမြှူကြပုံတွေ၊ သူ့ကို လူမဆင်တဲ့ လူစုကို သူက လူမထင်ပုံတွေ၊ ကပြားဖြစ်စေ၊ အစစ်ဖြစ်စေ၊ ရက်ရှောတဲ့ နေရာမှာ ဘယ်သူနဲ့မဆို ပြိုင်ဝံ့ပုံတွေ၊ သူ့စေတနာက မေးသင့်ပေးထိုက်တဲ့ ပုဂ္ဂိုလ်ဆိုလျှင် သူ့လက်က စိန်လက်စွပ်ကြီးကို ချွတ်ပြီး ခုချက်ချင်း ပေးရက်ပုံတွေကို ပြောပြရင်း စိန်လက်စွပ်ကြီးကို တဝင့်ဝင့် လုပ်ပြလိုက်သေးတယ်ဗျ။ သူ့ကို မြင်ပြင်းမကပ်တဲ့လူတော့ ရှိမယ် မထင်ပါဘူး။ ဒါပေမယ့် သူ့စိန်လက်စွပ်ကြီးဟာက ပထမတန်း စိန်ကြီးဖြစ်လေတော့ ဓာတ်မီးရောင်မှာ ဝင့်လိုက်တဲ့ အခါတိုင်း ဝင်းခနဲ လက်ခနဲဖြစ်သွားလေတော့ လူကို ချဉ်ဖို့ထက် မျက်လုံးကို စိန်ရောင်ထိုးပြီး ငေးကြည့်နေကြရတော့တာပလေဗျာ. . . ဒါထက် ပြောရဦးမယ် မန်းတင့်ရေ၊ ခင်ဗျား သိတဲ့အတိုင်း ကျုပ်ဟာ စိန်တွေ တော်တော်များများ မြင်ဖူးပါရဲ့။ ဒါပေမယ့် နီကလတ် လက်စွပ်က စိန်မျိုးတော့ တစ်ခါမှ မြင်ဘူးပေါင်ဗျာ။ အစိမ်းရောင်၊ အပြာရောင်၊ အဝါရောင်တွေ တဖျပ်ဖျပ်ဖြစ်နေတာတော့ တွေ့ဖူးပါရဲ့၊ သူ့စိန်ကတော့ ပန်းရောင်နုကလေး တစ်ချက်





တစ်ချက် ထွက်ပြီး တလက်လက် တဝင်းဝင်းနဲ့ဗျ၊ ကျုပ်ဖြင့် သူ့စိန်ကို ကြည့်ပြီး သွားရေယိုရတော့မလောက် ဖြစ်မိပေတယ်ဗျ။ စိန်ကတော့ ရှစ်ရတီ လောက်ပဲ ရှိတယ်။ နို့ပေမယ့် အာဖရိကတိုက် စိန်ကုမ္ပဏီကြီးထံမှ တိုက်ရိုက် မှာယူခဲ့ရလို့မို့ တစ်ရတီ တစ်သောင်း ပေးရသတဲ့ဗျ။ သူ့စိန်မျိုးဟာ ကမ္ဘာပေါ်မှာ (၆) လုံးထက် ပိုပြီး မရှိဘူးတဲ့ဗျ။ ကိုဟီးနူးတို့ ဘာတို့ဆိုတဲ့စိန်တွေဟာ ရတီချိန်ကြီးလို့ ကျော်ကြားတာပါတဲ့ဗျ။ သူ့စိန်လိုမိုးကုတ်ပတ္တမြားရောင် ခပ်ဆင်ဆင်ရှိတဲ့ စိန်မျိုးကို မြန်မာပြည် မှာ ပြနိုင်လို့ရှိလျှင် သူ့စိန်ကို အလကားပေးပါ့မယ်တဲ့ဗျ။ တကယ့် လူပေါ်ကြီး တစ်ယောက်ပါပဲဗျာ။ ဒါပေမယ့် ပိုက်ဆံမျက်နှာဆိုတော့ မဲ့ချင် ရွဲ့ချင်ရင် ကွယ်ရာမှာသာ လုပ်ကြမယ်။ ရှေ့တွင်တော့ တဝေါဝေါနဲ့ ပွဲကျနေတော့တာပဲဗျို့"

"ပွဲကျတာလား၊ သူ့ကို လှောင်ကြတာလားဗျ"

"လှောင်တာလည်း ပါမပေါ့ဗျ၊ သို့သော် လူပေါ်ဆိုတာမျိုးဟာ မျက်နှာဖြူဖြစ်ဖြစ် မျက်နှာညိုဖြစ်ဖြစ် သူပြောလို့ ရယ်ကြလျှင် ဟုတ်လှပြီ ထင်ပြီး နင်းကန် လေပန်းတတ်တာမျိုးကိုးဗျ။ ပြီးတော့ သူက ပြောလိုက်သေးတယ် မြန်မာမိန်းမတွေဟာ (မန္တလေးမှာ) ပွဲနေပွဲထိုင် သွားပြီဆိုမှဖြင့် သူတို့ကိုယ်မှာ ငွေတစ်သိန်းဖိုးလောက် ဆင်ယင် ဝတ်စားထားလို့မို့ အစောင့် အရှောက်တွေ ဝိုင်းပြီး လိုက်ရတယ်တဲ့ဗျ။ သူ့မှာ ယခု ငွေတစ်သိန်းကျော်ဖိုး ဝတ်ထားပေမယ့် ဘယ်အစောင့်အရှောက်မှ မပါဘူး၊ တစ်ယောက်တည်း လုံးချင်း ကြွခဲ့တယ်တဲ့ဗျ"

"ကြဲကြဲဖန်ဖန် ကြွားချင်တဲ့လူပဲဗျ"

"အို-ကြွားလိုက်ဆိုတာတော့ ကျုပ်ဖြင့် ဒီလိုလူမျိုး တစ်ယောက်မှ တွေ့ဖူးဘူး။ ပြီးတော့ သူက ပြောလိုက်သေးတယ်၊ သူဟာ-ဘာပြုလို့



www.burmeseclassic.com

www.burmeseclassic.com

ဒီလို သတ္တိကောင်းရပါသလဲဆိုတော့ သူ့လက်စွမ်းကို သူ ယုံကြည်တယ် တဲ့ဗျ။ အဲဒီလို ပြောရင်းဆိုရင်း သူ့ခါးက ခြောက်လုံးပြူးသေနတ်ကို ဆွဲနှုတ်ပြီး အုတ်နံရံမှာ ကျည်ဆန်နဲ့ သူ့နာမည်ဖြစ်အောင် လက်မှတ်ထိုး နိုင်ပါတယ်ဆိုပြီး ပစ်ပြမယ်လုပ်လို့ လူကြီးတွေက မနည်း တောင်းပန် ထားရတယ်ဗျ"

"ရူးလည်းရူးတဲ့ လူတစ်ယောက်ပဲကိုးဗျ"

"ဟုတ်ကဲ့ ရူးလည်းရူး မူးလည်းမူး ထင်ပါ့ဗျ။ တရားဝန်ကြီးချုပ် ဆိုတဲ့ ဘိုကြီးဖြင့် မျက်နှာများပျက်လို့၊ ကိုင်း-ဒါထက် ဒီလိုဗျို့-မန်းတင့် ရေ. . ."

"ဆိုစမ်းဗျား"

"ကျုပ်တော့ နီကလတ်လက်က စိန်ကို လိုချင်တဲ့စိတ် ပေါက်လာပြီ ဗျ"

"ကျုပ်လည်း တွေးမိသားပဲ၊ ဒီအချိန်ကြီးမှာ အကြောင်းထူးမရှိဘဲ နီကလတ်အကြောင်းကို ပြောပြချင်လို့ သက်သက်ဖြင့် လာမယ်မဟုတ် ဘူးလို့ စဉ်းစားမိပါတယ်။ သို့သော် တကယ်လို့ သူ့စိန်ကို ရနိုင်တယ် ထားပါဦး ရောင်းစားဖို့ မခဲယဉ်းပေဘူးလားဗျ။ ဒီပြည်ထဲမှာ ဝယ်ဝံ့မည့် လူ ရှိနိုင်ပါ့မလား"

"၁-ကျုပ်တန်ပစ္စည်းကို တစ်မတ်နဲ့ ရောင်းရင် ဝယ်မဲ့လူ ရှိပါတယ် ဗျ။ သို့သော် ကျုပ်က သူ့စိန်ကို ရောင်းစားချင်လို့ မဟုတ်ပါဘူး။ သူကြွား လွန်းလို့ မခံချင်တာက တစ်ချက်၊ ပြီးတော့လည်း သူ့စိန်ဟာက တကယ့်ကို လိုချင်လောက်တဲ့ စိန်ထူး၊ ရောင်းသုံးမရချင်နေ ကိုယ့်ပစ္စည်းအဖြစ်နဲ့ ထုတ် ထုတ်ကြည့်နေရလျှင် ကျုပ်က သဘောကျတာပဲ မန်းတင့်ရဲ့"

ကျွန်တော့်မှာ ဒဂိုတင့်၏ အကြံအစည်ကို သဘောမတူလှသော် လည်း နီကလတ်၏ ကြွားလုံးများကြောင့် မေတ္တာမဲ့နေသည့်ပြင် တစ်စုံ တစ်ခုကို ဆုံးဖြတ်ပြီးလျှင် ပယ်ဖျက်ရန် အလွန်ပင်ခဲယဉ်းသော ဒဂိုတင့်၏ ဒါသနာကိုလည်း သိပြီးဖြစ်သောကြောင့် မကန့်ကွက်ဘဲ ဆိတ်ဆိတ် နေလိုက်လေ၏။

"သို့သော် တစ်ခုတော့ ရှိတယ်ဗျို့၊ သူ့မှာ အစောင့်အကြပ်တွေ မထားဘူးလို့ သူက ကြွားပေမယ့် ဟက်ဗီးဝိတ်တန်းမှာ ချန်ပီယံဘွဲ့ ဆွဲဖူးတဲ့ ဂေါ်ရာတစ်ယောက်တော့ လက်သပ်မွေးထားပြီး သူ့အနားမှာ သက်တော်စောင့်အဖြစ်နဲ့ အမြဲထားသတဲ့"

"ဒီဟာတော့ ခင်ဗျား ကြည့်ပြီး စီမံပေတော့လေ၊ ကျုပ်ကတော့ ထိုင်ဆိုထိုင်၊ ထ,ဆိုထ နောက်လိုက်သက်သက်ပဲဗျ။ သို့သော် မဂိုလမ်း ဘိစ္စတုန်းက ခွဲယူထားကြတဲ့ ဝေစုတွေဟာ ကုန်ပြီလားဗျ"

"ကုန်လို့ မဟုတ်ပါဘူးလေ၊ သူက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ သူခိုး ဓားပြတွေကို ခဲ့လင့်လုပ်တဲ့ သဘောမျိုး ပြောလာတော့ မခံချင်လို့ ကျုပ် စိတ်ကူးတာပါလို့ ပြောပြီ မဟုတ်လား။ သိပ်ဝွကျတဲ့လူဗျာ။ ကျုပ်က ဘားစရာမရှိလို့ သက်သက် ဒီအလုပ်မျိုးလုပ်တာ မဟုတ်ဘူးဆိုတာ ခင်ဗျား ခိုင်မိသေးဘဲကိုး၊ စောရနက္ခတ်နဲ့ မွေးတယ်ဆိုတဲ့ လူမျိုးရှိတယ် မဟုတ် လား။ ကျုပ်လည်း အဲဒီလိုများလား မဆိုနိုင်ဘူး။ တစ်ယောက်ယောက်က နီကလတ် ပြောတာမျိုးပြောပြီး ခဲ့လင့်လုပ်လာရင် ကျုပ်မှာ အူထဲက ယား သလိုကို ဖြစ်လာတယ်ဗျ၊ နေလို့ကို မရဘူး၊ အမှန်ပြောရလျှင် နီကလတ်ပြော တဲ့ စကားကို ကျုပ် နားနဲ့ဆတ်ဆတ်ကြားရပြီးတဲ့နောက် သူ့စိန်ကို ကျုပ် ခိုးဖို့ မကြိုးစားဘဲ၊ အမှတ်မဲ့ နေလိုက်မိတယ်ဆိုရင် ကျုပ်တွေးတဲ့တံတွေး ကျုပ်လျက်မှာ ကျုပ် ပက်လက်မျှောဖို့သာ ရှိတော့တယ်။ ကျုပ်ကိုကျုပ် လေးစားတယ်တော့မှ ချမ်းသာပေးတော့မယ် မဟုတ်ဘူး"







www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ပဲလား ဆရာကြီးရယ်"

"ဒါက ကျုပ်လျှော့ပြောထားသေးတာ၊ ဒီလောက်တောင် မကဘူး။ တကယ်ဆိုတော့ နိကလတ် ပြောတဲ့စကား ဆုံးဆုံးချင်း ကျုပ်က မတ်တတ်ထပြီး သူ့ခဲ့လင့်ကို ကျုပ်က လက်ခံပါတယ်လို့ ဟိုနေရာတွင် ဖွင့်ပြောလိုက်နိုင်တာဗျို့၊ မတော်လှလို့သာ အောင့်လာခဲ့ရတယ်"

ဤမျှလောက်ဆိုလျှင် စာဖတ်ပရိသတ်သည် ကျွန်တော်၏ သူငယ်ချင်း ဒဂုံတင့်၏ စိတ်နေသဘောထားနှင့် ပတ်သက်၍ အတော်အတန် ခန့်မှန်းနိုင်ကြလိမ့်မည်ဟု သဘောရပေသည်။

"ဒါဖြင့် ဘယ်ပုံဘယ်နည်း အလုပ်လုပ်ကြမယ်ဆိုတာ ခင်ဗျား စိတ်ကူးခဲ့ပြီးပလေ"

"ကူးခဲ့ပြီလားဗျာ. . ကျုပ်က ခက်ခက်ခဲခဲ အလုပ်မျိုးမှ သဘောကျတာဗျ၊ တတ်နိုင်လျှင် အင်ပီရီယယ်ဘဏ်တိုက်ကို ကျုပ် ဖောက်ချင်တယ်။ ဆိုင်ရှင်အလစ်မှာ ပစ္စည်းကလေး နှိုက်ယူတဲ့ အလုပ်မျိုးတော့ တစ်သိန်းရပါစေ ကျုပ် မလုပ်နိုင်ဘူးဗျာ။ မဂိုလမ်းကိစ္စကလေးဟာတောင် ငွေအရေးကြီးနေလို့ မရမဖြစ်လို့သာ ကျုပ် လုပ်လိုက်ရတယ်။ စိတ်ထဲမှာတော့ နုံတယ်ထင်သေးတယ်။ သို့သော် တော်တော်ခဲယဉ်းတဲ့ အချက်ကလေးတွေပါသေးလို့ တော်ပါသေးရဲ့လို့ ကိုယ့်ဟာကိုယ် ဖြေယူရတယ်-မန်းတင့်ရေ့၊ အမှန်အတိုင်းတော့ ကျုပ်သဘောက ဘဏ်ဖောက်တဲ့ အလုပ်အောက်သေးလျှင် တယ်မလုပ်ချင်လှဘူးဗျ။ သို့သော် ဘဏ်ဖောက်တယ်ဆိုတာက တစ်ယောက်-နှစ်ယောက်နဲ့လည်း မဖြစ်ဘူး၊ လပိုင်း နှစ်ပိုင်းနဲ့ ကြိုတင်ပြီး စီမံထားဖို့ကလည်း လိုတယ်၊ ကျုပ်က တစ်နှစ်တစ်ဘဏ်လောက်ဖောက်ပြီး နှစ်ကြိမ် သုံးကြိမ်လောက်ဆိုလျှင် ပင်စင်ယူလိုက်တော့မှာပေါ့ဗျ"





"တကယ့်လူပါပဲဗျာ၊ ဒီလောက် ပေါင်းလာကြပေမယ့် ကျုပ် မရိပ်မိဘူးဗျို့"

"ဘယ့်နှယ်လုပ်ပြီး ခင်ဗျား ရိပ်မိနိုင်မှာလဲဗျ၊ ဒါထက် ခုကိစ္စဟာ နိကလတ်ကလည်း သူ့ကိုယ်သူ လက်ဖြောင့်လှပါတယ်လို့ ကြွားတယ်၊ သူ့ကိုယ်ရံတော်ကလည်း ဟက်ဗီးဝိတ် ချန်ပီယံ ဂေါ်ရာလက်ဝှေ့သမားဆိုတော့ သိပ်မခေလှဘူးဗျ၊ တော်တော် အားရဖို့ကောင်းတယ် "

"အားရလောက်တာတော့ ပြောစရာ မရှိပါဘူး သူငယ်ချင်း။ ကျုပ်တို့က လူရေးသာအောင် အလုပ်လုပ်ကြဖို့ပဲ လိုပါတော့တယ် "

" စိတ်ချပါ မန်းတင့်ရာ၊ ကျုပ် ကြံလျှင် ခံနိုင်ရိုးလားဗျာ. . ၊ ထင်သလောက် မက်မယ့်အလုပ် မဟုတ်ပါဘူးဗျ၊ နိကလတ်ရော သူ့ကိုယ်ရံတော် ဂေါရာရောဟာ အမူးသမားတွေ နေမှာပါဗျ၊ လုပ်ပုံလုပ်နည်းတော့ လေး-ငါးမျိုး ကျုပ်တွေးထားတာပဲ။ သို့သော် ဒီအထဲက အကောင်းဆုံး၊ အသေချာဆုံးကို ရွေးပြီး ကျုပ်တို့ လုပ်ရလိမ့်မယ်။ ပထမ အလုပ်က သူတို့အိမ်ကို ကျုပ်တို့ စောင့်ကြည့်ပြီး၊ အသွားအလာ အဝင်အထွက်ကို မှတ်ခဲ့ကြရလိမ့်မယ်ဗျ။ အဲဒီအလုပ်က ရက်သတ္တတစ်ပတ်ထက်မနည်း လုပ်ဖို့ လိုလိမ့်မယ်ဗျို့"

"တစ်ပတ်မကပါဘူး ဆရာကြီး၊ တစ်လ ကြာချင်ကြာသွားပါစေ၊ သေချာအောင်သာ လုပ်တော်မူပါခင်ဗျား၊ ဒါထက် အိမ်ကို စောင့်ကြည့်တဲ့ အလုပ်က ကျုပ်တို့နှစ်ယောက် အတူတွဲပြီး လုပ်ကြဖို့ မဟုတ်လား "

" မဖြစ်ဘူး သူငယ်ချင်း၊ ဒီ-အလုပ်က ကျုပ်တစ်ယောက်တည်း လုပ်မှ ဖြစ်လိမ့်မယ်။ မခံချင် မရှိပါနဲ့ မန်းတင့်။ ခင်ဗျား တော်တဲ့နေရာမှာလည်း တော်ပါတယ်၊ သို့သော် ဒါမျိုးတော့ ခင်ဗျားပါရင် ခြေရှုပ်ပြီး အလုပ်ပျက်တွင်ဘဲ နေလိမ့်မယ်ဗျ၊ လိုတော့မှ ကျုပ် ခေါ်ယူမယ်။ စောင့်ကြည့်တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ် တစ်ယောက်တည်းပဲ လုပ်မယ်၊ ဒီလို ပြောလို့ အားမငယ်ပါနဲ့ သူငယ်ချင်း၊ တော်တော်ကြာတော့ ခင်ဗျား လုပ်စရာ အလုပ်တွေ ပေါ်လာ ပါလိမ့်မယ်။ မပူပါနဲ့ စိတ်သာချပါ ”

ဒဂုံတင့် ပြန်သွားပြီးသည့်နောက် ကျွန်တော်သည် ၎င်း၏ အကြံ အစည်ကို အနုလုံပဋိလုံ ပြန်လှန် စဉ်းစားမိရာတွင် များစွာ သဘောမကျ မိချေ။ ထိုသူ ရှိစဉ်က အားရပါးရ ပြောပုံများနှင့် ၎င်း၏စိတ်အားထက်သန် ခြင်းတို့သည် ကျွန်တော့်အား လျှပ်စစ်ဓာတ်ကူးသကဲ့သို့ ကျွန်တော် ကိုယ်တိုင် စိတ်ပါသလို ဖြစ်ခဲ့မိသော်လည်း ဆင်ခြင်တွေးတောမိသောအခါ ၌မူကား အကျိုးနှင့်ဒုက္ခ မျှတဟန် မတူသည့်ပြင် ကြေးပူပေးဆပ်ရန်လည်း မရှိသည် ဖြစ်သောကြောင့် စိတ်ထဲတွင် အင်တင်တင် ဖြစ်မိလေ၏။ သို့ရာ တွင် ပြောပြီးသောစကားကို ဖျက်တတ်သော ဝါသနာမရှိသည့်ပြင် အထူးသဖြင့် ဒဂုံတင့်အပေါ်၌ ကတိပျက်ရန် သာ၍ပင်ခဲယဉ်းလှသော ကြောင့် နောက်ဆုတ်ဖို့မူကား လုံးဝ စိတ်ကူး မရချေ။ ထိုသူ ရှိစဉ်ကကဲ့သို့ စိတ်အားထက်သန်ခြင်း မရှိသည့် အဖြစ်ကိုသာ ဖော်ပြခြင်း ဖြစ်လေသည်။ သို့သော် စောင့်ကြည့်ရမည့် အလုပ်တွင် ကျွန်တော်မပါရဘဲ အိမ်မှထိုင်၍ စောင့်နေရမည်ဆိုသော စီမံကိန်းကိုမူကား မဖြစ်နိုင်တော့ချေ။

ဒဂုံတင့်၏ ဝါသနာတစ်ခုမှာ ပြောသင့်ပြောထိုက်သည်ထင်သော စကားထက် ဘယ်အခါမျှ တစ်ခွန်းတစ်ပါဒ ပိုမိုပြောဆိုခြင်း မရှိဘဲ အလွန် အမင်း နှုတ်ဆိတ်သူတစ်ယောက် ဖြစ်၏။ ငယ်ကတည်းမှစ၍ ကျွန်တော် ထက် ရင်းနှီးသော သူငယ်ချင်းဟူ၍ မရှိသည်ကို ကျွန်တော်ကိုယ်တိုင် သိရသော်လည်း ကျွန်တော့်အားပင်လျှင် စကားကုန် မပြောဘဲ လိုသမျှကို သာ တိုင်း၍ပြောလေ့ ရှိ၏။ ပမာဆိုသော် မဂိုလမ်းကိစ္စ၌ ရခဲ့သော ပစ္စည်း များကို ရောင်းရသောငွေအနက်မှ တစ်ဝက်တိတိကို ကျွန်တော့်အား ခွဲဝေ





ပေးသော်လည်း မည်သူ့အား မည်သည့်စျေးနှုန်းနှင့် ရောင်းခဲ့ရသည်ဟူ၍ တစ်ခွန်းမျှ ဖွင့်ဟပြောဆိုခြင်း မပြုချေ။ ကျွန်တော်ကမူ ဒဂုံတင့်အပေါ်၌ မယုံသည် မဟုတ်၊ တတ်နိုင်လျှင် အသက်ပါပုံ၍ အပ်နှင်းဝံ့သည် မှန်သော် လည်း တစ်လေ့တည်းစီး ဖြစ်သည့်အလျောက် အစစ, အရာရာတွင် တိုင်တိုင်ပင်ပင် လုပ်ဖို့ မျှော်လင့်မိ၏။ ကျွန်တော် မျှော်လင့်သည့်အဖြစ်ကို ဒဂုံတင့် ရိပ်မိသော်လည်း အလိုဖြည့်မည်ဟူ၍ကား လုံးဝ စိတ်ကူးမည့်ဟန် မတူချေ၊ သို့ဖြစ်၍ ရက်သတ္တတစ်ပတ်ခန့် စောင့်ကြည့်ဦးမည်ဟု ပြောသွား ပြီးသည့်နောက် ဒဂုံတင့်သည် ကျွန်တော်၏ နေအိမ်သို့ တစ်ကြိမ်တစ်ခါမျှ မပေါ်လာသည့်ပြင် ၎င်း၏ နေအိမ်သို့ ကျွန်တော် သွားပြန်သော်လည်း မျက်နှာချင်းဆိုင်၍ တိုင်ပင်ကြရသည် မရှိချေ။ တစ်ခါတစ်ရံ ဟိုတယ် ၌လိုယက်ခုံ၌ မျက်နှာချင်း ဆိုင်မိကြပြန်ပါတော့လည်း ဒဂုံတင့်သည် ၎င်း၏ အလုပ်နှင့် ပတ်သက်၍ စကားစပ်၍မပြောဘဲ ကျွန်တော်က မနေနိုင်လှပါမှ “ နေရာကျပါတယ် စိတ်ချပါ ” ဟူ၍ အကျဉ်းချုပ်လောက် သာ ပြန်ပြောလေ့ ရှိ၏။ အမှန်ကို ပြောရလျှင် ဒဂုံတင့်လုပ်နေပုံ အမူအရာကို ကျွန်တော် သဘောမကျလှသော်လည်း ယုံကြည်ထိုက်သော ခြင်းအရာကို စိတ်ချရခြင်းနှင့် ဆူပူကန့်ကွက်သော်လည်း အချည်းနှီး မည်ကို သိပြီးဖြစ်ခြင်း တို့ကြောင့်သာလျှင် မျိုသိပ်ကာ အောင့်အည်း နေရလေတော့သည်။ တစ်ခါတစ်ရံတွင်မူကား “ဒီလောက်မှ ကျုပ်ကို တိုင်ပင်ချင်ရင် ကျုပ်နဲ့ အလုပ်မလုပ်ပါနဲ့တော့ဗျာ” ဟူ၍ပင် စိတ် ပေါက်ပေါက်နှင့် ပြောလိုက်ချင်၏။ သို့သော်လည်း ဒဂုံတင့်မှာ မျက်နှာချင်း ဆိုင်လျက် ကန္တကပြောရန် အခဲယဉ်းဆုံး လူတစ်ယောက်ဖြစ်သော ကြောင့် ကွယ်ရာ၌ ကြုံးဝါးသော်လည်း မျက်နှာမြင်လျှင် ပြောရန်မဝံ့တော့ ချေ။ သို့ရာတွင် ကျွန်တော်သည် အဖက်လုပ်၍ တိုင်ပင်ခြင်း မပြုသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အခံရခက်လှပြီဖြစ်သဖြင့် တစ်နေ့သောညနေတွင် အခြေအနေ
သိလိုလှသည်နှင့် နိုကလတ်၏ နေအိမ်ကို ကျွန်တော် အလိုအလျော
စောင့်ကြည့်ရန် အိမ်မှ ထွက်ခွာလာခဲ့လေ၏။

နိုကလတ်၏ အိမ်မှာ ပြည်လမ်းတွင် အကြီးဆုံးသော နှစ်ထ
တိုက်ကြီး ဖြစ်လေရာ အလွန်ကျယ်ဝန်းသော ဝင်းကြီးအတွင်း မြက်ခင်
များ၊ ပန်းများနှင့် တင်းနစ် (စ်) ကုတ်တို့ ဝိုင်းရံလျက် နောက်ဆုံးပေါ်
"ဗီလာ" ပုံစံအတိုင်း ဆောက်လုပ်ထားသည်ဖြစ်၍ မြင်ရုံနှင့်ပင် သူဌေး
တစ်ဦး၏ နေအိမ်ဖြစ်ရမည်ဟု ခန့်မှန်းနိုင်လောက်ပေ၏။ ကျွန်တော်
ရောက်သွားသော အချိန်မှာ နေဝင်စဖြစ်၍ တိုက်ကြီးအတွင်းနှင့် ဝ
တံခါးတို့တွင် ဓာတ်မီးများ ဖွင့်ထားသဖြင့် ထိန်ထိန်လင်းလျက် ရှိသော
လည်း တစ်တိုက်လုံး တိတ်ဆိတ်လျက်ရှိသောကြောင့် နိုကလတ်
ထိုအချိန်တွင် အိမ်၌ မရှိဟု၍ ခန့်မှန်းမိ၏။ ဝင်းတံခါးမကြီးမှ
ဖော်ခင်းလောင်းကြီး ပွင့်လျက် ရှိရာ ကျွန်တော်သည် မယောင်မလည်နှ
ဝင်းအတွင်းသို့ ဝင်၍ အစေခံများနှင့် အထိုက်အလျောက် ပေါင်းသ
ပြီးလျှင် စကားချူရသော် ကောင်းလေစွဟု အကြံဖြစ်၏။ သို့ရာတွ
မရောက်ဘူးသော အိမ်အတွင်းသို့ အသိအကျွမ်းမရှိဘဲ ဝင်ရခြင်းတည
ဟူသော အလုပ်မှာ လုပ်နေကျ မဟုတ်သော ကျွန်တော့်အဖို့၌ မလွယ်
သည်ဖြစ်၍ ဝင်းတံခါးအနီး၌ ရပ်ကာ အတန်ကြာအောင် မိမိကိုယ်
မိမိ အားပေးပြီးမှ အတွင်းသို့ ဝင်တော့မည်ပြုသည်နှင့် တစ်ပြိုင်န
ခပ်စုတ်စုတ် ဝတ်စားထားသော လူဖာတစ်ယောက်သည် ကျွန်တော
**အနီး**သို့ ရုတ်တရက် ချဉ်းကပ်၍ . . . .

"ခင်ဗျား သိပ်ရှော်တဲ့ လူတစ်ယောက်ပဲကိုးဗျ"

"ဒဂုံထင့်လားဗျ"





"ဟုတ်ပါတယ်ဗျ၊ ဟုတ်ပါတယ်၊ တစ်ရပ်လုံး ကြားကုန်အောင် ဒီထက်အော်ပြီး မပြောနိုင်တော့ဘူးလားဗျ"

ယင်းသို့ ပြောပြီးသည်နှင့် တစ်ပြိုင်နက် ဒဂုံတင့်သည် နောက်သို့ ခွာခနဲလှည့်၍ လမ်းပေါ်၌ ခပ်သုတ်သုတ် လျှောက်သွားတော့လေရာ ကျွန်တော့်မှာ မကြံတတ်အောင်ဖြစ်သည်နှင့် ၎င်း၏ နောက်မှ လိုက်ပါသွားလေ၏။ ဒဂုံတင့်မှာ ကျွန်တော်၏ အရှေ့မှ လျှောက်သွားစဉ် ၎င်း၏ ခါးသည် ရုတ်တရက် ကုန်းသွား၍ လက်၌ကိုင်ထားသော တုတ်မှာလည်း တောင်ဝှေး ဖြစ်သွားပြီးလျှင် အဘိုးကြီးအိုတစ်ယောက် ဖြစ်သွားတော့လေရာ လမ်းမီးတိုင်အောက်သို့ ရောက်သောအခါမှ ကျွန်တော့်အား စောင့်နေသဖြင့် အနီးသို့ ချဉ်းကပ်လာသောအခါတွင် ဒဂုံတင့်မှာ သနပ်ခက် ဆေးလိပ်တိုတစ်ခုကို မီးညှိလျက် သွားမရှိသဖြင့် ပါးပိန်လျက်ရှိသော အဘိုးကြီးတစ်ယောက်ကဲ့သို့ သောက်ရှူနေလေတော့၏။

"စိတ်မဆိုးပါနဲ့ဗျာ မန်းတင့်၊ ကျုပ် လုပ်နေတဲ့အထဲ ဝင်ရှုပ်ရင် ကျုပ်က စိတ်တိုတတ်လို့ပါ။ သို့သော် . . . ခင်ဗျား တကယ်ရှော်တဲ့ လူတစ်ယောက်ပါပဲဗျာ၊ ကျုပ်က သူတောင်းစားယောင် ဆောင်လိုဆောင်၊ ပန်းပင်တွေနောက်က ချောင်းလိုချောင်းနဲ့ အမျိုးမျိုးထွင်ပြီး စုံစမ်းနေတုန်းမှာ ခင်ဗျားက ခြောင်ကြီး လာတည့်ပြီး ဝင်းထဲဝင်ကြည့်မယ်များ လုပ်လိုက်ချေသေး၊ သိပ်ဂွကျတဲ့လူပဲဗျာ။ နိုကလတ်ကို ဘာမှတ်နေသလဲ၊ ကပြားဆိုတဲ့အလိုက် ပါးလိုက်တာ လှစ်နေတဲ့လူဗျ။ ကျုပ်တို့ ကြံစည်နေတာကို ရိပ်မိလို့ နေ့ရော-ညရောစောင့်ကြည့်နေတာ ဆရာကြီးရဲ့၊ ခင်ဗျားက ဘာမှတ်လို့လဲ"

"ဒီလိုဆိုလျှင်လည်း ကျုပ်ကို ဖွင့်ပြောထားပါမှပေါ့ဗျ၊ ဖွင့်ပြောထားလျှင် ကျုပ်က အလကား လာပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဒဂုံတင့်သည် မည်သို့မျှ အဖြေမပေးဘဲ ဆေးပေါ့လိပ်တိုကို ခဲကာ အတန်ကြာအောင် ကျွန်တော့်အား စိုက်ကြည့်နေပြီးမှ. . .

" ဒါတော့မှန်ပေတယ်ဗျာ၊ သို့သော် ကျုပ် ဝါသနာက ဒီလိုပဲဗျ တစ်ခုခု လုပ်မယ်ဆိုရင် ဘယ်သူမှ တိုင်ပင်မနေချင်ဘူး၊ ကိုယ့်ဟာကိုယ် ကျိတ်ပြီး ကြံချင်တော့တာပဲ၊ ကိုင်း . . . သို့သော် ဒီကနေ့အဖို့ တော် လောက်ပါပြီဗျာ . . . ပြန်ကြပါစို့၊ ကျုပ်က ရှေ့ကသွားမယ် ခင်ဗျား က နောက်ကလိုက်ခဲ့၊ သိပ်မကပ်နဲ့နော် ကျုပ်က မခေါ်ဘဲ ကျုပ်ကို လှမ်းခေါ်လား ဘာလား မလုပ်လိုက်နဲ့ ကြားလား၊ နေရစ်ဦး ကျုပ်က ရှေ့က သွားမယ်"

ငင်းနောက် ဒဂုံတင့်သည် ယခင်က နည်းအတိုင်း ခါးကုန်းကုန်းနှင့် ရှေ့က လျှောက်သွား၍ ကျွန်တော်လည်း နောက်မှ လိုက်ပါသွားလေ၏။ မြေနီကုန်းထိပ်သို့ရောက်သောအခါ ဒဂုံတင့်သည် အင်းစိန်ဘက်မှ လာသော အာအီးတီ ဘတ်စ်ကားတစ်စီးပေါ်သို့ တက်သွားသဖြင့် ကျွန်တော်လည်း တက်လိုက်သွားပြီးလျှင် ဦးနှင့်ပဲ့ ခွဲ၍ တခြားစီ ထိုင်ကြလေ၏။ ဒဂုံတင့်သည် ဘတ်စ်ကားပေါ်၌လည်း သနပ်ဖက်ဆေးလိပ်တိုကြီးကို မြိန်ရှက်ဟန် လက္ခဏာနှင့် သောက်ရှူလျက်ရှိရာ စီးကရက်တိုင်း သောက်မရဆို၍ သရီးကာစတယ်ဆေးကို ဇစ်ဇက်စက္ကူနှင့် ကိုယ်တိုင် လိပ်၍ သောက်ရမှ ကျေနပ်သည်ဆိုသူ တစ်ဦးက ဖက်ဆေးလိပ်ကို သောက်နိုင်သည်အထိ ကျနအောင်ရပ်ဖျက်ခြင်းအတွက် စိတ်ထဲ၌ ချီးကျူး မိတော့၏။ ဤသူကား မည်သည့်အလုပ်ကို ဆောင်ရွက်သည်ဖြစ်စေ ထမြောက်အောင် စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်ပေတည်း ဟူ၍လည်း အောက်မေ့မိ၏။





ဘတ်စ်ကားသည် စကော့ဈေးသို့ ရောက်သောအခါ ဒဂုံတင့်သည် ကားပေါ်မှ ဆင်း၍ မိမိ၏ ရပ်ကွက်သို့ ၎င်းအဝတ်အစားနှင့်ပင် ဝင်ချေတော့မည်ဟု ငေးမော၍ ကြည့်နေမိစဉ် ပုဇွန်တောင်ဘက်သို့သွားသော ဘတ်စ်ကားတစ်စီးပေါ်သို့ တက်သွားသဖြင့် ကျွန်တော်လည်း နောက်မှ လိုက်ကာ တစ်ထောင့်စီ ထိုင်ကြလေ၏။ ရေကျော်ပိုင်းကို လွန်မိသောအခါ ဒဂုံတင့်သည် ကားပေါ်မှဆင်း၍ စကော်ပူရပ်ကွက်အတွင်း အလွန်ရှုပ်ထွေး ကျဉ်းမြောင်း၍ ကွေ့ကောက်လှသော လမ်းကလေးတစ်လျှောက် လျှောက် သွားကြစဉ် ရန်ကုန်မြို့ကြီးအတွင်း၌ ဤမျှလောက် ရှုပ်ထွေး၍ ဤမျှ သောက်ချောင်ကျသော ရပ်ကွက်မျိုးလည်း ရှိသေးသည်ကို ဒဂုံတင့် သိမှ သိပါပေသည်ဟု အံ့ဩမိ၏။ နောက်ဆုံး၌ ကျဉ်းသည်ထက် ကျဉ်းမြောင်း၍ ရှုပ်သည်ထက်ရှုပ်၊ မှောင်သည်ထက် မှောင်မိုက်လှသော ချောင် တစ်ခုသို့ ရောက်သောအခါ ဒဂုံတင့်သည် တလိုင်း အိမ်တစ်ဆောင် ရှေ့တွင် ရပ်လျက် အိတ်ထဲမှသော့ကို ထုတ်ကာ အိမ်တံခါးကိုဖွင့်၍ ဝင်သွားသဖြင့် ကျွန်တော်လည်း ဝင်လိုက်သွားလေ၏။ ပတ်ဝန်းကျင် အရပ်တို့မှ ကြက်သံ၊ ဘဲသံ၊ ငန်းသံများ တစ်ချက် ပေါ်ထွက်လာသည်ကို ကြားရသဖြင့် အိမ်နီးပါးချင်းများမှာ ဘဲကြက်မွေးသူများ ဖြစ်သည်ဟု သိရှိရ၏။

ဒဂုံတင့်သည် ဓာတ်မီးခလုတ်ကို နှိပ်လိုက်၍ မီးရောင်လင်းလာသည့်အခါ အလုပ်သမား လူတန်းစား အခြေအနေဖြင့် ခင်းကျင်းထားသော အိမ်ထောင်ပစ္စည်း အနည်းငယ်တို့နှင့် တိုင်၌ ချိတ်ထားသော ၎င်း၏ အဝတ်အစားများကို တွေ့ရသည့်ပြင် အခန်းထောင့်တွင်လည်း ခလမီးဖို တစ်လုံးရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ မန်းတင့် ဘယ်သူ့အိမ် မှတ်နေသလဲ ခင်ဗျားက ကျုပ်အိမ် ခင်ဗျားကြီးရဲ့ . . . . တစ်ခါတလေ ကျဉ်းထဲကျုပ်ထဲကျလျှင် တိမ်းရှောင်ပြီး နေရအောင် လိုလိုမယ်မယ် ငှားထားတဲ့ အိမ်ဗျ။ တစ်လ ၁၅-ကျပ်ပေးရတယ်။ ဘယ်လောက် နေရာကျသလဲ ဟိုဘက်ကကုလား ဒီဘက်က ဂေါ်ရင်ဂျီ။ ကျုပ်ဘာသာကျုပ် လုပ်ချင်တာလုပ်နေ ဘယ်သူ ကမှ ကျုပ်ကို ဂရုမစိုက်ဘူး။ သူတောင်းစား ထင်ထင်၊ ကူလီ ထင်ထင် ကျုပ်ကလည်း ဘယ်သူ့မှ ဂရုစိုက်စရာ မရှိဘူး။ မဟုတ်ဘူးလားဗျာ ရန်ကုန်မြို့ကြီး ထဲမှာ ဒီလို ချောင်ကျပြီး လူသူအရောက်အပေါက် နည်းတဲ့ နေရာမျိုး ရှိလိမ့်မယ်လို့ ဘယ်သူ ထင်မှာလဲဗျာ၊ အိမ်ရှေ့က လမ်းပေါ် ထွက်ကြည့်လိုက်စမ်း တစ်ယောက်ဆို တစ်ယောက်မှ မရှိဘူး။ သိပ်တိတ် ဆိတ်တဲ့ အရပ်ပဲဗျ"

ယင်းသို့ ပြောရင်းဆိုရင်း ဒဂုံတင့်သည် ၎င်း၏ကိုယ်၌ ဝတ်ဆင် ထားသည့် ဟောင်းနွမ်းပေရေသော အဝတ်များကို ချွတ်ကာ ဝတ်နေကျ ဖြစ်သည့် သိုက်မြိုက်သော အဝတ်များကို လဲလှယ်ဝတ်ဆင်၍ မျက်နှာ၌ ခြယ်ထားသော ဆေးများကိုလည်း အရက်ပျံနှင့် ချွတ်လျက် ရှိ၏။

"ဒီလို ရုပ်ပြောင်းတာတွေ ဘာတွေကို ကျုပ်တောင် ပြောမပြ ဘူးဗျ"

"ပြောမပြဆို ကျုပ် ဝါသနာအတိုင်းပဲကိုးဗျ၊ စောရနက္ခတ်မို့လား မဆိုနိုင်ဘူး၊ ခြေသံ မကြားအောင်နင်းတယ်၊ စကား တီးတိုး ပြောတတ် တယ်။ ဘာမဆို တိတ်တဆိတ် လုပ်တတ်တယ်။ အဲဒါ ကျုပ်ရဲ့ တစ်သက် လုံး အကျင့်ပဲဗျ။ ခင်ဗျားတောင် မပြောဘူးဆိုရင် ဒိပြင် လူတော့ ဝေးရော့ ပေါ့။ ရုပ်ပြောင်းရုပ်လဲဆိုတာ သူ့နေရာနဲ့သူ သိပ်အသုံးကျတယ်ဗျ မတော်တဆ ကျုပ်လုပ်တာတွေကို ရဲမိသွားလို့ အပြစ်ပေးခံရလို့ ရှိတောင်





ဘရုကင်းလမ်း ဦးတင့်နာမည်နဲ့ မခံဘူးဗျ။ စက်ဘုပ္ပရုပ်က အထူး နာမည်နဲ့ ခံဖို့ စိတ်ကူးထားတယ်။ နို့ပေမယ့် ဆယ်ရှေးတစ်ရေး ပြောတာ ပါဗျ။ ကျုပ်လိုလူ ခိုးလို့ တိုက်လို့ ခင်ဗျားရဲ့တွေ ခြေရာ ကောက်နိုင်ဖို့ အဝေး ကြီးပါ. . . ."

"တကယ် တတ်နိုင်တဲ့ လူပါပဲဗျ"

"သြော်. . . . ဒါထက် မန်းတင့် ရုပ်ပြောင်းရုပ်လဲဆိုလို့ ပြောရဦး မယ်။ ခင်ဗျားဖို့လည်း နက်ဖြန်ခါ ရုပ်ပြောင်းရုပ်လဲလုပ်ဖို့ လိုလိမ့်မယ်ဗျို့"

"ဘာကြောင့်လဲဗျ၊ ဘယ်အတွက်လဲ"

"နိကလတ် ကိစ္စအတွက်ပေါ့ဗျ။ ကျုပ်ကခင်ဗျားဆီ အကြောင်း ကြားမလို့ စိတ်ကူးနေတုန်း ခင်ဗျားနဲ့ တွေ့ရတာ အဆင့်သင့်ပဲ"

"ဒါဖြင့် အားလုံး စီစဉ်ပြီးပြီပေါ့လေ"

"စီစဉ်ပြီးပြီ၊ ဒါပေမယ့် မဂိုလမ်း ကိစ္စတုန်းကလိုတော့ မလွယ်လှ ဘူး ဆရာရေ့နော်။ သို့သော် ဒီလိုပါဗျ၊ အဝင်တော့ ချောင်ပါတယ်၊ အထွက် ကလေးမှာ နည်းနည်းပါးပါး အကျပ်တွေ့မလားတော့ မဆိုနိုင် ဘူး၊ ဒါထက် ပြောရဦးမယ်ဗျ။ မနေ့ညတုန်းက ကျုပ်က နိကလတ် အိမ်ဝင်းကြီး ပြင်ဘက်က တစ်ညလုံး ချောင်းကြည့်နေတာ၊ ဘာတွေ့တယ် မှတ်သလဲ"

"ဆိုပါဦးဗျ"

"တကယ်ဗျ၊ နိကလတ်နဲ့ သူ့သက်တော်စောင့် ဂေါ်ရာမာကင် ဆိုတဲ့ လက်ဝှေ့သမားနဲ့ ဘိုင်စကုတ်က ပြန်လာပြီး ဥယျာဉ်ထဲမှာ တစ်ည လုံး သောက်ပွဲကျင်းပလိုက်တာ မိုးကို ထိန်ထိန်လင်းပါရောဗျား။ ပြော လိုက်ကြတဲ့ စကားတွေကလည်း စုံလို့၊ သူတို့ပြောတဲ့ စကားတွေထဲမှာ ကျုပ်တို့အဖို့ လိုလိုမယ်မယ် အသုံးချနိုင်တဲ့ စကားတွေလည်း ပါတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



နိကလတ်ကောင်ဟာ လူရိုးရိုး မဟုတ်ဘူးဗျို့၊ သူ ဘာလုပ်သလဲ သိလား"

"မသိဘူးပေါ့ဗျ"

"ဒီအကောင် သူလျှိုဗျ၊ ဘယ်အစိုးရက ဘယ်လိုက်စ္စအတွက် လွှတ်ထားကယ်တော့ မဆိုနိုင်ဘူး။ သူလျှို (စပိုင်)တော့ အမှန်ပဲ၊ သူတို့ပြော တဲ့စကားတွေထဲမှာ တစ်ချက်တစ်ချက် ဇာတိပေါ်ပေါ်လာတယ်။ မတော်တဆ ကျုပ်တို့ကို သူက သေနတ်နဲ့ ချိန်ဖို့ အခွင့်ရသွားလို့ရှိလျှင် 'စပိုင်' လို့သာ အော်လိုက်။ ခင်ဗျားလူ လက်တုန်ပြီး ဖြောင့်အောင် မပစ်နိုင်မှာ စကန္တာဘဲ"

"ခင်ဗျား အကြံက ဘယ်လိုလဲဗျ"

"သိပ်ကြီး နက်နက်နဲနဲ မဟုတ်ပါဘူးဗျ။ နက်ဖြန်ခါညမှာ သူတို့ မရှိတုန်း ကျုပ်တို့က အိမ်ထဲဝင်နေပြီး သူတို့သောက်မယ့် အရက်ကို ဆေးခတ်ဖို့ပါပဲ"

"အစေခံတွေ အပုံကြီးဆို"

"အို့ . . . အစေခံဆိုတာ အစေခံပါဗျ၊ သူတို့လောက်တော့ ထည့်ပြီး စဉ်းစားနေဖို့ မလိုပါဘူး၊ နိကလတ်လောက် အရေးကြီးတာပါ။ ကျုပ်စီစဉ်ထားတဲ့အတိုင်း မောင်မင်းကြီးသားတွေ အေးအေးဆေးဆေး မူးကြလျှင်တော့ ခင်ဗျားနဲ့ကျုပ်နဲ့ လူတစ်ကိုယ် စိန်နှစ်လုံး သုံးလုံးစီပဗျာ။ ဒါမှမဟုတ်ဘဲနဲ့ ခွေးမသားတွေ မမူးကြဘူးဆိုလျှင်တော့ ကိုယ့်အသက်ထက် သူ့အသက်ကို မသနားနိုင်ဘူး ဆရာရေ့။ ခင်ဗျား သေနတ်ယူခဲ့နော်၊ မတော်လို့ဆိုလျှင် အဖမ်းတော့ မခံနိုင်ဘူး။ လူသတ်တန် သတ်ရလိမ့်မယ် ဆရာကြီးရေ့"

ကျွန်တော့်မှာ ဒဂုံတင့်ပြောသော စကားမျိုးကို ယခု ရေးရသော အချိန်တွင် ကျောထဲမှ စိမ့်မိသော်လည်း ထိုသူ၏ပါးစပ်မှ ထွက်ခါစတွင်





ကြားရစဉ်ကမူကား လူသတ်ဖို့ဆိုသော အလုပ်မှာ အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်းစသော အလုပ်မျိုးတို့ထက် နက်နဲကြီးကျယ်သည်ဟူ၍ပင် မထင်မှတ်မိချေ။ ဤသည်ကား ဒဂုံတင့်၏ သတ္တိထူးတစ်ခုပေတည်း။ အမှန်ကိုဆိုသော် နက်ဖြန်တွင် ပုန်ကန်မည်ဟု ဒဂုံတင့်၏ ပါးစပ်မှ ထွက်ခဲ့လျှင်လည်း ကျွန်တော့်အဖို့မှာ ချိန်ဆနေဖို့မလိုဘဲ လိုက်နာလိမ့် မည်သာဖြစ်၏။

ထိုညဉ့်၌ ကျွန်တော်သည် ဒဂုံတင့်နှင့်ခွဲခွာ၍ အိမ်သို့ ပြန်ပြီးလျှင် အိပ်ရာသို့ ဝင်ပါသော်လည်း အိပ်ပျော်မည်နှင့် ဝေးလေသေး၏။ ဒဂုံတင့်နှင့် အတူနေရစဉ် ကျွန်တော့်မှာ ထိုသူ သတ္တိကောင်းသလောက် သတ္တိရှိနေ၍ ကြောက်စိတ် အလျှင်းကင်းနေသော်လည်း ကျွန်တော်၏သတ္တိမှာ ဇာတိမဟုတ်၊ ပဝတ္တိမျှသာ ဖြစ်လေရကား ခွဲခွာသည်နှင့် တစ်ပြိုင်နက် အဝတ်ကို ချွတ်ခွာလိုက်ဘိသကဲ့သို့ ရဲတင်းသော စိတ်တို့သည် ဒဂုံတင့်နှင့် အတူ ကျွန်ရစ်ခဲ့၍ ကျွန်ုပ်ထံအနည်းငယ်မျှ ပါလာတော့ဟန် မတူချေ။ သို့ရာတွင် နောက်ဆုတ်ဖို့ ဆိုသည်မှာ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း တစ်ခဏ တာအတွက်မျှ စိတ်ကူးမတည့်ချေ။ လက်ဖြောင့်သည် ဆိုသော နိကလတ်၏ သေနတ်ကျည်ဆန်များတွင် ကျွန်တော်၏ အသက်ပါ သွားလျှင်လည်း ပါသွားရွှေ။ ဒဂုံတင့်နှင့်အတူ သေရရင် မြတ်သော သေခြင်း ဖြစ်လိမ့်မည်ဟု အောက်မေ့လုမတတ် ရှိနေပေတော့၏။

နောက်တစ်နေ့ ည (၈)နာရီအချိန်တွင် ကျွန်တော်နှင့် ဒဂုံတင့်တို့သည် ချိန်းထားသည့်အတိုင်း တွေ့ဆုံကြ၍ နိကလတ်၏ ဝင်းခြံအုတ်တံတိုင်းနံဘေးမှ ချောင်းမြောင်းကြည့်ရှုနေကြလေ၏။ နိကလတ်၏ ဝင်းခြံနှင့် ဘယ်လျက်ရှိသော တိုက်ကြီးတစ်လုံးမှာ နေသူမရှိဘဲ အားလပ်နေသဖြင့် 'ငှားရန်' ဟူသော ဆိုင်းဘုတ်တစ်ခု ဆွဲချိတ်ထားရာ ကျွန်တော်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



၎င်း ခြံဝင်းအတွင်းသို့ လွတ်လပ်စွာ ဝင်သွား၍ လက်ခုပ်တစ်ဖောင်ခန့် မြင့်သော အုတ်တံတိုင်းအနီးတွင် အုတ်ခဲများကိုဆင့်လျက် တံတိုင်းပေါ်မှ ဦးခေါင်းပြူကာ နိကလတ်အိမ်ဘက်သို့ မျှော်ကြည့်နေကြလေ၏။ ထိုအချိန်တွင် စားပွဲခန်းအတွင်း၌ မီးထိန်ထိန်လင်းလျက် ဇွန်းခက်ရင်းသံများ ပုလင်းဖွင့်သံများနှင့် ရယ်သံမောသံ စကားသံများသည် ဆူညံစွာ ဖြစ်ပေါ်လျက်ရှိသည့်ပြင် ပြတင်းပေါက်၌ တပ်ဆင်ထားသော ခန်းဆီးပေါ်သို့လည်း ယောက်ျား၏အရိပ် မိန်းမ၏အရိပ်တို့သည် ရံဖန်ရံခါ ကျရောက်လာသည်ကို တွေ့မြင်ရလေ၏။ တစ်ခါတစ်ရံတွင် ပွဲကျ၍ လူအားလုံး ဝိုင်းဝန်းရယ်မောလိုက်ကြသော အသံများကို အကဲခတ်ရခြင်းအားဖြင့်လည်း ပရိသတ် အလွန်အမင်း မများလှသော အဖြစ်ကို သိနိုင်ပေ၏။

(၈)နာရီမှ စတင်စောင့်ကြည့်ကြ၍ (၉)နာရီထိုးသော်လည်း စားသောက်၍ ကောင်းကြတုန်းပင် ရှိကြလေရာ ကျွန်တော်တို့မှာ အုတ်ခဲများပေါ် ထွင့်ခြေဖျားထောက်၍ ကြည့်ကြရခြင်းဖြစ်သောကြောင့် ညောင်းညာလှလေပြီ။ (၉)နာရီခွဲလတ်သော် တိုက်ရှေ့မှ ကားတစ်စီးဆိုက်လာသဖြင့် ကျွန်တော်တို့သည် ဦးခေါင်းငုံ့ကာ စောင့်မျှော်ကြည့်ရှုကြလေရာ ကားပေါ်မှ မည်သူ ဆင်းလာသည်ကိုမျှ မတွေ့ရချေ။ တစ်ခဏမျှကြာသော် စားပွဲခန်းအတွင်းမှ ကုလားထိုင်များကို နောက်သို့ တွန်းရွှေ့လိုက်သော အသံများ ပေါ်ထွက်လာ၍ ခြေသံများလည်း ကြားကြရလေရာ ကျွန်တော်တို့သည် ခြေသံကြားရာအတိုင်း တိုက်ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်ကြသည်တွင် ရှေ့ဆုံးမှ နိကလတ်သည် လည်းကောင်း၊ ထို့နောက် သက်တော်စောင့် ဂေါ်ရာမာတင်သည် လည်းကောင်း၊ ထို့နောက် ဘိုကေညှပ်ထားသည့် ဘိုမတစ်ယောက်သည်လည်းကောင်း၊ ဆံပင်ရှည်နှင့် ဘိုမတစ်ယောက်သည် လည်းကောင်း၊ အစဉ်အတိုင်း တစ်ယောက်စီ ထွက်လာကြသည်ကို





တွေ့မြင်ကြရလေ၏။ ၎င်းနောက် နိကလတ်သည် မော်တော်ကားကို တံခါးဖွင့်ပေး၍ ဘိုမတစ်ယောက်စီ တက်ကြပြီးနောက် နိကလတ်နှင့် မာတင်ကိုယ်တိုင် ကားပေါ်သို့ တက်ကြသည်ကို တွေ့ရ လေ၏။

"ကောင်းတာပဲ မန်းတင့်ရေ့၊ ငနဲနှစ်ယောက် လိုက်သွားတယ်ဗျို့"

"ဟုတ်တယ်ဗျ၊ ကားကတော့ တက္ကစီပါလားဗျ၊ သူ့ကား မဟုတ်ပါသား"

ထိုခဏ၌ နိကလတ်က ဒရိုင်ဘာအား "ဆီနီမာဒီပဲရစ်" ဟု အမိန့်ပေးလိုက်ရာတွင် ကျွန်တော်ကလည်း "ကော်တာပဲဗျို့" ဟု ပြောလိုက်မိလေတော့သည်။

၎င်းနောက် မော်တော်ကားသည် ဝင်းကြီးထဲမှ ဟွန်းသံပေးလျက် မောင်းနှင်ထွက်သွားလေရာ ကျွန်တော်တို့သည် အသင့် ဆောင်ယူခဲ့ကြသော မျက်နှာဖုံးများကို မျက်နှာတွင် စွပ်ကြလေ၏။ ကျွန်တော့်မှာ ရင်ထဲ၌ တဒိန်းဒိန်း လှုပ်ခုန်လျက် ရှိ၏။ လက်များ တုန်ယင်နေသည့်အတွက် မျက်နှာတွင် အဝတ်နက်စည်းချည်သော အလုပ်ကလေးကိုပင် အလွဲလွဲအချော်ချော် ဖြစ်နေလေရာ ဒဂုံတင့်က ရယ်မောလျက် ကျွန်တော်၏ မျက်နှာတွင် ရှေးဦးစွာ ချည်နှောင်ပေးပြီးမှ ၎င်း၏မျက်နှာတွင် ချည်လုပ်ရလေတော့သည်။ ၎င်း၏လက်များမူကား အနည်းငယ်မျှ တုန်ယင်ခြင်း မရှိဘဲ ပကတိအတိုင်း ငြိမ်သက်စွာ ရှိနေလေ၏။

"ဟိုရောက်တော့ ခင်ဗျား ဘာမှမပြောနဲ့နော်၊ ကျုပ် အားလုံးလုပ်မယ်။ ခင်ဗျားက တည်တည်ခံ့ခံ့ကြီးသာ ရပ်နေ နားလည်လား"

"ဟုတ်ကဲ့"

"ပါးစပ်ပိတ်ဖို့ အဝတ်ပါရဲ့နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပါပါတယ်"

"သေနတ်ကော"

"ပါပါတယ်"

"ကိုင်း. . . ဒါဖြင့်လာ"

ကျွန်တော်တို့သည် အုတ်တံတိုင်းပေါ်မှကျော်၍ နိကလတ်၏ ဝင်းထဲသို့ ကူးဝင်ကြလေရာ တိုက်နံဘေးသို့ ရောက်ကြ၍ ပြတင်းတံခါး တစ်ခုကို ဒဂုံတင့်က တွန်းစမ်းကြည့်လိုက်သည်တွင် ကလန့်မထိုးသဖြင့် ပွင့်သွားလေ၏။

"ဟန်ကျလိုက်တာဗျာ၊ သိပ်ကံကောင်းတာပဲဗျို့ ကျုပ်တို့"

၎င်းနောက် ကျွန်တော်တို့သည် ပြတင်းပေါက်မှကျော်၍ တိုက်အတွင်းသို့ ဝင်သွားကြရာ တစ်တိုက်လုံး မှောင်လျက်ရှိသောကြောင့် လက်နှင့် တဖြည်းဖြည်းစမ်း၍ တရွေ့ရွေ့သွားကြရ၏။ လေးငါးလှမ်းမျှ သွားမိကြသောအခါ ချောက်ခနဲ အသံတစ်ချက်ကြားလိုက်ရ၍ ကျွန်တော်၏ရင်ထဲ၌ ဒိတ်ခနဲ တစ်ချက်ခုန်လှုပ်သွားရာမှ ဝင်းခနဲ ထိန်ထိန်လင်းသွားသည်တွင် ကျွန်တော်၏ရင်ဘတ်မှာ အဆက်မပြတ်အောင် စက်ခုတ်သကဲ့သို့ ခုန်လှုပ် နေလေတော့၏။ အလွန် မှောင်မိုက်လျက်ရှိရာမှ တစ်ခန်းလုံး ခေတ်မီးတွေ ထိန်သွားသဖြင့် ကျွန်တော်မှာ ရုတ်တရက် မကြည့်တတ်ဘဲ ဖြစ်နေစဉ် "မလှုပ်နဲ့နော် ပစ်လိုက်မယ်" ဟု အင်္ဂလိပ်လိုငေါက်၍ ပြောလိုက်သော အသံကို ကြားလိုက်ရလေ၏။ ကျွန်တော်၏ ရှေ့တည့်တည့်၌ကား ခြောက်လုံးပြူး နှစ်လက်တို့သည် ရင်ဝကို ချိန်လျက် ရှိကြရာ ငေါက်၍ပြော လိုက်သောသူမှာ အခြားသူမဟုတ် နိကလတ် ကိုယ်တိုင် ဖြစ်လေသည်။ နိကလတ်တို့ ဆရာတပည့်သည် ခြောက်လုံးပြူး ကိုယ်စီနှင့် ကျွန်တော်တို့ကို ချိန်ရွယ်လျက်ရှိစဉ် ဒဂုံတင့်ကို စိုက်ကြည့်လျက်. . .





"ဟေ့လူ မလှုပ်နဲ့ ပစ်လိုက်မယ်။ မင့်ကို ငါချောင်းနေတာ လေး-
င်းရက်ရှိပြီ၊ အိမ်နားမှာ မင်းလာပြီးရစ်နေတာ ငါ-မသိဘူးထင်သလား၊
င်းက. . မင်းကိုမင်း လူပါးကြီးထင်နေတာပေ့ါလေ. . သူတောင်းစား
သို့လို အရက်မူးလိုလိုနဲ့ မင်း. . လာချောင်းနေတာ ငါ-အားလုံးသိတယ်
ကွ"

"ကောင်းပါပြီ ဆရာကြီး. . ကျုပ်တို့ အရှုံးပေးပါပြီ၊ သေနတ်ကြီး
ချိန်မနေပါနဲ့တော့. . ကျုပ်တို့က မခုခံပါဘူး"

"မင်းက မင်းကိုယ်မင်း. . လူပါးကြီးပေ့ါလေ၊ မင်းထက်ပါးတဲ့
သူတွေ့ရပြီ မဟုတ်လားကွ"

ထိုအတောအတွင်း၌ ကျွန်တော်သည် နိကလတ်ကို ကျော်လွန်၍
င်း၏နောက်၌ရှိသော အခန်းထဲသို့ လှမ်းကြည့်လိုက်မိရာတွင် အဝတ်ဖြူ
နှင့် တဖွေးဖွေး ရှိနေသော ကုလားအစေခံများ၏ရှေ့တွင် တခစ်ခစ်
ယ်မောလျက်ရှိသော ဘိုမနှစ်ယောက်ကို တွေ့မြင်ရလေ၏။ တစ်
ယောက်မှာ ဘိုကေ၊ တစ်ယောက်မှာ ဆံပင်ရှည်နှင့် ရှိနေသဖြင့် ယခင်က
ော်တော်ကားပေါ်တွင် လိုက်ပါသွားကြသော ဘိုမနှစ်ယောက်ပင်
ဖြစ်ကြောင်း သိရ၏။

"ဝန်ခံပါတယ်ဗျာ။ ကျုပ်ထက် ပါးပါပေတယ်။ ဒါကြောင့်လည်း
ဒို့ အလုပ်လုပ်လို့ ဖြစ်ပေတာပေ့ါ"

"ဟေ့ကောင်၊ ဘာပြောတယ်ကွ"

နိကလတ် လက်အနည်းငယ် တုန်လျက်ရှိသည်ကို ကျွန်တော်
မြင်ရ၏။

"စပိုင်ဆိုတာ မပါးဘဲ ဘာဖြစ်မလဲဗျ"

"မင့် ဘယ်သူ ပြောသလဲ ငါ-စပိုင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလူ မာတင်ကို မေးကြည့်ပါလား"

ထိုခဏ၌ လက်ဝှေ့သမား ဝေါ်ရာမာတင်မှာ မျက်နှာများ နီလာ ပြီးလျှင် သူ၏ ဝါသနာအတိုင်း သေနတ်ကို အိတ်ထဲသို့ ထည့်ထားလိုက်၍ လက်သီးနှစ်ဖက်ကိုဆုပ်ကာ ဒဂုံတင့်ကို ထိုးသတ်မည်ဟု ချဉ်းကပ်လာလေ ရာ၊ ထိုသူသည် နီကလတ်၏ရှေ့မှ ဖြတ်လာရသဖြင့် နီကလတ်၏လက်မှ ချိန်ထားသောသေနတ်ကို သူ၏ကိုယ်ကြီးနှင့် ကွယ်လိုက်သည်နှင့်တစ်ပြိုင် နက် ဖျတ်လတ်၍ မျက်စိရှင်လှသော ဒဂုံတင့်သည် ပြတင်းပေါက်ဆီသို့ တစ်ခုန်တည်းနှင့် ရောက်အောင်လွှားသွား၍ ပြင်ဘက်သို့ ခုန်ထွက်လိုက် လေတော့၏။ မာတင်ကမူ ဒဂုံတင့်နောက်သို့လိုက်ဖို့ မကြိုးစားတော့ဘဲ နီးရာလူ ကျွန်တော့်ကို ထိုးလိုက်ရာ ကျွန်တော့်မှာ မီးပွဲအကြီးအကျယ် ကြည့်လိုက်ရပြီးနောက်၊ ဘာမျှ မသိရတော့ချေ။

သတိရလာ၍ ကြည့်လိုက်သောအခါ ကျွန်တော့်အနီးတွင် လူတ ယောက်မျှ မတွေ့ရဘဲ နီကလတ်နှင့် မာတင်တို့သည် ခြောက်လုံးပြူ ကိုယ်စီနှင့် အိမ်ဝင်းအတွင်း မွှေနှောက်ရှာဖွေကြလျက်၊ တစ်ယောက်ကို တစ် ယောက် ဝေါက်နေကြသော အသံများကို ကြားရလေ၏။

"ဟိုဘက်ပြေးတယ်ကွ လိုက်စမ်းပါ"

"မှောင်ကြီးထဲမှ ဘယ့်နှယ်လုပ် လိုက်မှာလဲဗျ ရဲကို တိုင်ပါတော့ လား"

"ဘာလုပ် ရဲတိုင်ရမှာလဲ၊ မိအောင် မဖမ်းနိုင်ဘူးလား"

"ဒီတစ်ကောင်နောက် လိုက်နေတုန်း၊ ဟိုတစ်ကောင်လွတ်ထွက် ပြေးဦးမယ်နော်"

ထိုအခါ ကျွန်တော်သည် အဖြစ်အပျက်အခြေအနေကို သဘော ပေါက်လာသည်နှင့် လဲနေရာမှထ၍ ဆင်းပြေးတော့မည်ပြုဆဲတွင် ဘို





စ်ယောက်သည် အခြားဘက်အပေါက်မှ ဝင်လာကြသည်ကို ရိပ်ခနဲမြင် ိုက်ရသဖြင့် အနီးရှိ မှန်ဗီရိုကြီးတစ်လုံးထဲသို့ ဝင်ပုန်းနေလိုက်၏။ ယင်းသို့ရှိစဉ် ကျွန်တော်သည် ဒဂုံတင့်၏အကြံအတိုင်း လိုက်နာမိသည် အတွက်ကြောင့် ဒုက္ခရောက်ရရုံမက ထောင်သို့ပင်ရောက်ဖို့ ရှိသေးသည် ဟု တွေးတောကာ မိမိ ညံ့ဖျင်းသောအဖြစ်ကို အပြစ်တင်နေမိလေတော့ သည်။

ဤနည်းအားဖြင့် နာရီဝက်ခန့် ကြာသွားသောအခါ ဗီရိုတံခါး သည် ရုတ်တရက်ပွင့်သွား၍ သေနတ်ဆွဲကိုင်ထားသော လက်ဝှေ့သမား မာတင်သည် ကျွန်တော်၏လည်ကုပ်ကို ဆွဲထုတ်ကာ အခြားအခန်းသို့ ခေါ်သွားလေ၏။ ကျွန်တော်၏မျက်နှာ၌ ဖုံးထားသော အဝတ်နက်မှာ ဘားသို့ ချော်ထွက်နေသည် ဖြစ်သောကြောင့်၊ မျက်နှာကို မဖုံးမိဘဲ ရွက်တစ်ခြမ်းကိုသာ ဖုံးအုပ်လျက်ရှိရာ ဘိုမနှစ်ယောက်တို့သည် ကျွန်တော်၏ အခြေအနေကို မြင်ရသည်နှင့်တစ်ပြိုင်နက် အူတက်တော့ မတတ် ရယ်မောကြလေ၏။ နီကလတ်ကမူကား မရယ်နိုင်ဘဲ ဒေါသဖောင်း ကားပင် ရှိနေသေး၏။

"ရဲခေါ် အပ်လိုက်ရင် မကောင်းဘူးလား"

"ဘာကြောင့် အပ်ရမှာလဲ ဒီအကောင်ကို ငါစီရင်မယ်"

"ကိုယ့်ဟာကိုယ် စီရင်လို့ဘယ်ဖြစ်မလဲ၊ ဒုက္ခရောက်ကုန်မှာ . . ."

"ဘာလုပ် ဒုက္ခရောက်ရမှာလဲ ငွေပေးလိုက် ပြီးတာပဲ"

"မလုပ်ပါနဲ့ရှင်"

"ဘာကြောင့် မလုပ်ရမှာလဲ၊ အို. . ကျွန်ုပ်အကြံရပြီ၊ သူ့ကိုထိ ောင်မပစ်ဘူး၊ လန့်အောင်ပစ်မယ်။ ဟေ့-မောင်မင်း နံရံမှာ ရပ်နေပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ လက်တွင်းသို့ ရောက်နေသူဖြစ်၍ မငြင်းနိုင်
တော့ဘဲ အုတ်နံရံတွင်မှီကာ ရပ်နေရလေ၏။ ထိုအခါ အရက်အတော်
အတန် မူးလျက်ရှိသေးသော နိကလတ်သည် ခြောက်လုံးပြူးသေနတ်ကို
မောင်းတင်လျက် ကျွန်တော်နှင့်ငါးတောင်ကွာလောက်မှ ရပ်ပြီးလျှင်
ပါးအနီးသို့ တစ်ချက်၊ ငယ်ထိပ်အနီးသို့တစ်ချက်၊ ပခုံးအနီးသို့တစ်ချက်
ပစ်စမ်းသည်တွင် ကျွန်တော် လန့်သွားတိုင်း ဘိုမနှစ်ယောက်
ရယ်မောကြလေ၏။ မိုက်မိသည်အတွက် ဝဋ်ခံရခြင်းဖြစ်သည်
ကိုယ့်ကိုယ်ကိုယ်အောက်မေ့မိ သော ကျွန်တော့်မှာမူ ရယ်လည်းမရယ်နိုင်
သနားလောက်အောင်လည်း မရှိလှချေ။

ယင်းကဲ့သို့ (၃)ချက်မျှ ပစ်ပြီးသောအခါမှ မာတင်သည် နိကလ
၏လက်မှ သေနတ်ကို အတင်းဆွဲလုလိုက်လေ၏။ ထိုအခါမှ ကျွန်တေ
မှာ အသက်ရှူနိုင်တော့သည်ဖြစ်၍ ဟီးချမိသည်နှင့်တစ်ပြိုင်နက် ရဲအရာ
တစ်ယောက်ဝင်လာသဖြင့် ဒိတ်ခနဲဖြစ်သွားရပြန်လေ တော့သည
ဌာနာအုပ်မှာ စကားနည်းသူတစ်ယောက်ဖြစ်၍ မည်သူနှင့်မျှ များ
စကားမပြောဘဲ ကျွန်တော်၏ လက်များကို လက်ထိပ်ခတ်ခြင်း အစ
သည့် ၎င်း၏ ဝတ္တရားများကို အေးအေးဆေးဆေး ဆောင်ရွက်လျက်ရှိ
နိကလတ်ကမူ၊ သူတစ်ပါး ဖမ်းဆီးထားပြီးမှ အချောင်လာ၍ သိမ်းသေ
ရဲဖြစ်သည် ဘာသည် ညာသည်နှင့် ရေရွတ်လျက် ရှိ၏။

နောက်ဆုံး၌ ဌာနာအုပ်သည် မာတင်ငှဲ့ပေးသော အရ
တစ်ခွက်ကို သောက်၍ ကျေးဇူးတင်စကား ပြောပြီးလျှင် ထွက်သွ
တော့မည်ပြုရာ မာတင်က အကူအညီလိုသေးလျှင် မိမိလိုက်ဖို့ အသ
ကြောင်း ပြော၏။ သို့ရာတွင် ဌာနအုပ်က " မလိုပါဘူးဗျ၊ 'ဒီတရားခံ
လောက်တော့ ကျွန်ုပ် နိုင်ပါတယ်၊" ဟု ပြော၍ လက်ထိပ်သံကြိုး





တိုင်ကာ ထွက်သွားလေရာ ကျွန်တော့်မှာလည်း နောက်မှ လိုက်သွားရ
သေတော့သည်။

ဝင်းကြီးအတွင်းမှ ထွက်လာကြ၍ ပြည်လမ်းကြီးပေါ်သို့ ရောက်
ကြသောအခါ အတော်ညဉ့်နက်ပြီဖြစ်၍ ကားအသွားအလာ နည်းစပြုပြီ
ဖြစ်ရာ . . . .

" တော်ပါပေ့ဗျာ၊ ခင်ဗျား ဘယ့်နှယ်လုပ်ပြီး ဒီအဝတ်တွေ ရလာ
သလဲ "

" တတ်နိုင်ဘူးဆရာရေ့ ကြံရတော့တာပဲ၊ သူငယ်ချင်းအင်စပိတ်
ာ်တစ်ယောက်ဆီ ပြေးပြီး အလောင်းအစားကလေး တစ်ခုလုပ်
ားမိလို့ ရဲယူနီဖောင်းတစ်စုံလောက် ရပါရစေပြောတော့ သူ့ခမျာမှာ
ပ် ဒီလို အသုံးချလိမ့်မယ်လို့ ဘယ်တော့ထင်မှာလဲလေ ပေးလိုက်
တာပေါ့ဗျ "

*   *   *



www.burmeseclassic.com

www.burmeseclassic.com

# လူသတ်မှု အရှုပ်အထွေး

ကျွန်တော်မန်းတင့်သည် ဒဂုံတင့်၏ တပည့်ဖြစ်၍ ၎င်းနှင့်အတူခိုးမှုများ ကျူးလွန်မိရာတွင် ထမြောက်အောင်မြင်သည်သာ များခဲ့၍ အသုံးအစွဲ အနေအထိုင် ချောင်ချိလျက်ရှိရာ များစွာသော ခိုးဝှက်မှုများမှာ ဒဂုံတင့်၏ ကြိုတင်စီမံမှုကြောင့် အခက်အခဲဆို၍ မတွေ့ရဘဲ ဈေးသို့သွား၍ ပစ္စည်းတစ်ခုဝယ်ယူရခြင်းကဲ့သို့ ချောချောချူချူ သပ်သပ်ရပ်ရပ်နှင့် အစီအစဉ်အတိုင်း ကိစ္စပြီးစီးခဲ့သည် ဖြစ်သောကြောင့် တဖွဲ့လောက်အောင်ပင် မရှိသဖြင့် ကျွန်တော်တို့ ခိုးဝှက်ခဲ့သမျှကို ဖော်ပြရလျှင် ငြီးငွေ့ဖွယ်ရာ ဖြစ်နေပေလိမ့်မည်။ သော့တူလုပ်၍ ဖွင့်ခြင်း၊ သံတိုင်ကို ဖြတ်ခြင်း၊ မှန်တံခါးကို စိန်နှင့် ဖြတ်ခြင်း၊ လူမနိုးလျှင် ခိုးရုံခိုး၍ လူနိုးခဲ့လျှင် အနုကြမ်းစီးခြင်း စသောအလုပ်များမှာ ကျွန်တော်တို့အဖို့၌ အထူးအဆန်း မဟုတ်ဘဲ ထပ်ခါတလဲလဲ ဖော်ပြခြင်းအားဖြင့် ငြီးငွေ့ဖွယ်ကောင်းလိမ့်မည် ဖြစ်သောကြောင့် သာမန်ခိုးဝှက်မှုများ ချန်လှပ်ထားခဲ့ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုးရာပါပစ္စည်းများကို ရောင်းချရလျှင်လည်း ကျွန်တော်သည် လုံးဝ အပါအဝင်မပြုဘဲ ဒဂုံတင့်အား အခါခပ်သိမ်း တာဝန်လွှဲထားခဲ့ရ ရောင်း၍ ရခဲ့သောငွေကို ဒဂုံတင့်သည် ကျွန်တော့်အား တစ်ဝက်တိတိ ခွဲဝေပေးလေ့ ရှိ၏။ ကျွန်တော်က နောက်လိုက်တစ်ယောက်မျှသာ ဖြစ်၍ သူ ခိုင်းသမျှအတိုင်း ဆောင်ရွက်ရန်သာ ရှိသော်လည်း ဒဂုံတင့်က "ဆရာစား"ဆို၍ အပိုနှုတ်ယူခြင်းမရှိဘဲ ရသမျှကို"သရက်စေ့ထက်ခြမ်းခွဲ ယူကြသည်သာ ဖြစ်၏။ ဒဂုံတင့်၏ သစ္စာရှိခြင်းနှင့် ပတ်သက်၍လည်း ယုံမှားသံသယ ဖြစ်ဖွယ်ရာ အလျှင်းပင် မရှိချေ။ ခိုးရာပါ ပစ္စည်းများ ရောင်းချရာ၌ ဒဂုံတင့်၏ စနစ်တစ်ခုမှာ ကောလိပ်ကျောင်းထွက် တစ်ယော ပီပီ အခါခပ်သိမ်း သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်လေ့ ရှိသော်လည်း ပစ္စည်းရောင်း သွားသောအခါများ၌ကား ဦးထုပ်စုတ်၊ ရှပ်လက်တိုတစ်ပ နွမ်း၊ လုံချည် ၂-ပတ်ရစ်နှင့် မော်တော်ကားတိုင်ယာ ဖိနပ်တို့ဖြင့် တရု ဘိန်းစားဂျပိုးတစ်ယောက်၏ စတိုင်အတိုင်း ဝတ်ဆင် သွားရော လေ့ရှိ၏။ ၎င်းပစ္စည်းများကို ဝယ်ယူသောသူတို့မှာ အိုက်ဇက်အမည် ရဟူဒီလူမျိုးတစ်ယောက် ဖြစ်လေရာ ထိုသူသည် ကြို့ကုန်းဘက် နေထိုင်သော်လည်း (၁၉) လမ်းထဲမှာ တိုက်ခန်းကလေးငှား၍ ရန်ကုန်မြို့ ပေါ်၌ ရှိသမျှ ခါးပိုက်နှိုက်များထံမှ ရသမျှသော ပစ္စည်းများကို နှုန်းချော နှင့် ဝယ်ယူ၏။ လူရည်လယ်သော ခါးပိုက်နှိုက်များသည် အပေါင်ဆိုင်သို့ မသွားဘဲ အိုက်ဇက်ထံသို့ သွား၍ ရောင်းကြ၏။ အပေါင်ဆိုင်မှာ ရဲမှ မွှေခြင်းခံရသော်လည်း ရဲနှင့်တည့်အောင် ပေါင်းထားသော အိုက်ဇ မှုကား အမွှေမခံရသဖြင့် သာ၍ ဘေးရန်ကင်းသည်ဟု ယူဆကြ၏ ရဲများကလည်း အိုက်ဇက်ထံမှ "လစဉ်ကြေး" ရကြသည့်ပြင် အရေးကြ သော အမှုများတွင် ၎င်းထံမှ "သတင်း" ရတတ်သည်ဖြစ်သောကြော





အနှောင့်အယှက် မပြုကြချေ။ အိုက်ဇက်သည် (၁) ကျပ်တန် ဖောင်တိန်မှ စ၍ သောင်းကိုးထောင်တန်သော စိန်ထည်၊ မြထည် တိုင်အောင် ဝယ်ယူ နိုင်သည် ဖြစ်သောကြောင့်၊ ခါးပိုက်နှိုက်နှင့် သူခိုး၊ ဓားပြများ၏ ဖောက် သည်ကြီးတစ်ယောက် ဖြစ်၏။ (၁၀၀) တန်ပစ္စည်းကို (၅၀) နှင့် ဝယ်ရလျှင် ဘယ်ကရခဲ့သည်၊ မည်သူ၏ ပစ္စည်းဖြစ်သည် စသည်ဖြင့် မေးလား မြန်းလား မပြုလုပ်ချေ။ အိုက်ဇက်သည် စိတ်ချလောက်သော ခါးပိုက်နှိုက် များနှင့် စာရေးစာချီစသော လခစားများအား အတိုးကြီးကြီး ရလျှင် ငွေချေးတတ်သေး၏။ သူ၏ စနစ်ကား ငွေ (၁၀၀) ချေးလျှင် (၂၀၀) သက်မှတ်ထိုးရလေသည်။

တစ်ခါက ကျွန်တော်သည် အိုက်ဇက်ကို မြင်ဖူးလိုသဖြင့် ဒဂုံတင့် နှင့်အတူ လိုက်သွားဖူးရာ၊ ဒဂုံတင့်မှာ ထုံးစံအတိုင်း ဂျပိုးဂိုက် ဝတ်ဆင် ထားသော်လည်း ကျွန်တော်မှုကား မိကောင်းဖခင် သားသမီးတစ်ယောက် အတိုင်း ဝတ်ဆင်ခဲ့၏။

အိုက်ဇက်သည် ကျွန်တော့်ကို မြင်သောအခါ ဦးခေါင်း အကြိမ် ကြိမ်ညွှတ်လျက် ကျိုးနွံ့ရှိသေသော အမူအရာနှင့် မျက်နှာချိုသွေးကာ ငွေကြေး အသုံးလိုခဲ့လျှင် အာမခံပစ္စည်းမပါဘဲ ချေးယူနိုင်ကြောင်းနှင့် ပြောသေး၏။ ထိုသူ၏ ရုပ်လက္ခဏာကို ကြည့်ရှု အကဲခတ်ရသော် သောကကြီးတွင် ငွေသာအရေးကြီး၍ ငွေမှတစ်ပါး ဘာမျှ တန်ဖိုးမထား ကြောင်းကို ၎င်း၏ မျက်နှာထားနှင့် တစ်ကိုယ်လုံးက သက်သေခံလျက် ရှိလေတော့၏။ အိုက်ဇက်၏ တိုက်ခန်း၌ရှိစဉ် ဒဂုံတင့်မှာ အဝတ်အစား တွင်သာမက ပြောပုံ၊ ဆိုပုံ၊ မျက်နှာထားပုံ၊ စီးကရက်သောက်ပုံ တို့ပါ ဘုတ်တန်း ဂျပိုးတစ်ယောက်၏ ဂိုက်ဆိုက်အတိုင်း ကျနလှပေတော့ သည်။ ငါးသုံးလုံး စီးကရက်မှလွဲ၍ မည်သည့် တံဆိပ်ကိုမျှ မသောက်သော



www.burmeseclassic.com

www.burmeseclassic.com



ဒဂုံတင့်သည် အိုက်ဇက်၏အခန်း၌ကား စီးကရက်အတိုမျိုးဖြင့် စုပေါင်း လိပ်ထား၍ ပိုက်ဆံတစ်ပြားလျှင် (၅)လိပ်ရသော စီးကရက်များကို လမ်းဘေး၌ ထိုင်ရောင်းသော တရုတ်မထံမှဝယ်၍ ကျွဲကော်ဘူးနှင့် ထည့်ကာ မြိန်ရှက်စွာ သောက်လေ၏။ အခါတိုင်းမှုကား . . . . ငွေ စီးကရက်ဘူးပင် ရှိင်းသည်ဆို၍ ပီအောတိုက်မှ ပလက်တီနန်ဘူးကို ဘီလပ်မှ တမင်မှာပေးရန် အော်ဒါပေး၍ သုံးစွဲသူတစ်ယောက် ဖြစ်လေသည်။ ပစ္စည်းအကောင်း ကြိုက်တတ်သည့် နေရာတွင် ထိပ်တန်း ကျသူတစ်ယောက် ဖြစ်ပေ၏။

တစ်နေ့သ၌ ကျွန်တော်သည် (၁၉)လမ်း အိုက်ဇက်ထံသို့ ခိုးရာပ ပစ္စည်းများ သွားရောက်ရောင်းချနေသော ဒဂုံတင့်ကို ကျွန်တော် တိုက်ခန်းမှ စောင့်မျှော်လျက် ရှိ၏။ အမှန်ကို ဆိုရလျှင် ကျွန်တော့် ပစ္စည်းရောင်းရန် ဒဂုံတင့်သွားတိုင်း တစ်စုံတစ်ခု ဖြစ်ချေမည်လော စိုးရိမ်မိသည်သာ ဖြစ်၏။ ခိုးရာ၌ မမိဘဲနှင့် ရောင်းသောအခါမှ ရဲ စောင့်ဖမ်းချေမည်လောဟု အခါခပ်သိမ်း စိုးရိမ်မိ၏။ ထိုနေ့၌ ဒဂုံတ သည် ညနေ (၄) နာရီလောက်ကတည်းက ထွက်သွားရာ နေဝင်သေ လည်း မပေါ်လာသဖြင့် ကျွန်တော့်မှာ အစိုးရိမ်ကြီးလျက်ရှိ၏။ နောက်ဆုံ ၌ လှေကားမှ တက်လာသော ဒဂုံတင့်၏ ခြေသံကို ကြားရသည် တွင် ကျွန်တော်သည် ထိုင်ရာမှ ထ၍ တံခါးဖွင့်ပေးလိုက်လေ၏။

" ဘာဖြစ်လို့လဲဗျာ. . . မီးမဖွင့်ဘဲ မှောင်မိုက်ကြီးထဲ ဘာလုပ်ထိ နေတာလဲ "

" ခင်ဗျားအတွက် စိုးရိမ်တာနဲ့ မီးကိုတောင် မဖွင့်ဝံ့ဘဲ ထိုင်စော နေတာပဲဗျ၊ ဘယ့်နှယ်လဲ နေရာကျခဲ့လား "

" ကျပါတယ် "





" ၅၀ဝိ-ရတယ်ဗျို့ "

" ကောင်းပါလေရဲ့ဗျာ . . ကျုပ်ဖြင့် ခင်ဗျားအတွက် သိပ်စိတ်မပူ နေတော့တာပဲ "

ကျွန်တော်သည် ဓာတ်မီးဖွင့်လိုက်သောအခါ ဒဂုံတင့်၏ ပြုံးပုံမှာ ခပ်ဆန်းဆန်း ရှိသည့်ပြင် ဆံပင်မှာလည်း ဖရိုဖရဲ ဖြစ်နေသည်ကို တွေ့ရ သဖြင့် . .

" ဘာဖြစ်လာတာလဲဗျာ ကိုယ့်ဆရာ "

" ဖြစ်တော့ဖြစ်တာပဲဗျို့၊ သို့သော် နောက်ဆုံးမှာ လွတ်လာခဲ့လို့ တော်ပါသေးရဲ့ဗျာ "

" ရဲလိုက်လို့လားဗျာ "

" ဟုတ်ရိုးလားဗျာ၊ အိုက်ဇက်လိုက်လို့ မနည်း ပြေးခဲ့ရတယ်ဗျ "

" ဘယ့်နှယ်လဲဗျာ အိုက်ဇက်က ခင်ဗျားကို ဘာလုပ် လိုက်ရတာ တဲ့တုန်း၊ ရောင်းတာလဲ သူ့ဆီ ရောင်းခဲ့တာပဲ မဟုတ်လား "

" သူ့ဆီ ရောင်းခဲ့တာပါပဲ "

" ဒါဖြင့် ဘာကြောင့် လိုက်ရတာလဲဗျာ "

" ဒီလိုဗျ ခွေးမသားကြီးက ကျုပ် ဂျပိုးလုပ်နေတာကို မယုံဘူးဗျ။ သူကိုယ်ထံထဲက ဖြစ်ရမယ်လို့ သူက မသင်္ကာနေတယ်၊ ဒါကြောင့် ကျုပ် နောက်က လိုက်ပြီး သူက ချောင်းနေတယ် "

" သိပ်ရှုပ်တဲ့ ကောင်ကြီးပါလားဗျာ၊ ဂျပိုး ဟုတ်ဟုတ် မဟုတ်ဟုတ် သူနဲ့ ဘာဆိုင်လို့လဲ "

" ဒီလိုဗျ ဒီကောင်ကြီးက သူခိုးနဲ့လည်း ပေါင်းတာပဲ၊ ရဲနဲ့လည်း အစ်ဖက်လှည့် ပေါင်းတာပဲဗျ။ ကျုပ်ဟာ ဘယ်သူဘယ်ဝါရယ်လို့ သိခဲ့လို့ရှိရင် ရဲဆီမှာ သတင်းပေးပြီး သူ့အဖို့ မျက်နှာရမယ်ပေါ့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ကိုက သိချင်တဲ့စိတ်လည်း ရှိလို့ ထင်ပါရဲ့၊ ဘယ်လို
အကြောင်းကြောင့် သိချင်သည်ဖြစ်စေ ကျုပ်ကို သူ လိုက်ချောင်းတာ
ကတော့ အမှန်ပဲဗျ "

" ပြောပြစမ်းပါဦးဗျာ "

"ကျုပ်ရောင်းတဲ့ စိန်လက်စွပ်ကို (၅၀၀ိ) နဲ့ ဝယ်လိုက်လို့ ကျုပ်က
ငွေယူပြီး ထွက်လာခဲ့တော့ ဘာကြောင့်ရယ်လို့ မဆိုနိုင်ဘူး၊ သူ့မျက်နှာ
ထားကို ကျုပ် သိပ်မကြိုက်ဘူးဗျ။ ဒါနဲ့ ကျုပ်က လက္ခာလမ်းထိပ်က
ဆိုင်တစ်ဆိုင်မှာ (၅) သုံးလုံး စီးကရက်ဘူးဝင်ဝယ်ရင်း (၁၉) လမ်းဘက်
ရုတ်တရက် လှည့်ကြည့်လိုက်တော့ ငနဲကြီးက ပြုန်းဆို ကွမ်းယာဆိုင်
ကလေးနောက်မှာ ကွယ်လိုက်တာကို ကျုပ် မြင်လိုက်ရတယ်။ ဒီတွင်
ကျုပ်က သူ့ကို မသင်္ကာ လာရောဗျို့၊ ဒါပေမယ့် ကျုပ်က သူ့ကို မြင်လိုက်
ကြောင်း အရိပ်အယောင်မသိစေဘဲ ဓာတ်ရထားတစ်စင်းပေါ်တက် ဆူးလေ
ဘုရားနားမှာဆင်း၊ နောက်တစ်ခါ ဘတ်(စ်)ကားတစ်စီးပေါ်တက်
ပုဇွန်တောင်ဘက်လိုက်၊ ဒီအတောအတွင်းမှာ ကျုပ်က လုံးဝ နောက်လှည့်
မကြည့်ဘူးဗျ။ နို့ပေမယ့် ကျုပ်နောက်စိမှာ မျက်လုံးပါသလိုပဲ၊ ငနဲကြီး
နောက်ကလိုက်နေတယ် ဆိုတာကို သိတယ်။ ဒါနဲ့ ကွမ်းခြံဘူတာရောက်
ဘတ်(စ်)ကားပေါ်ကဆင်း၊ တံတားကြီးပေါ်ကလျှောက်၊ ဘူတာရုံထဲဝင်
ဘောက်ထော်ရထား ထွက်မယ်လို့ အဆင်သင့် တွေ့တာနဲ့ မီးရထားပေါ်
တက်၊ ပုဇွန်တောင်လိုက်၊ မီးရထားပေါ်ကဆင်း၊ ခြေလျင်လျှောက်၊ စက်
အရပ်မှာ ကျုပ်ငှားထားတဲ့ အိမ်ကလေးထဲမှာ အဝတ်အစားကျ
နနလဲဝတ်၊ တုတ်ကောက်ကိုင်၊ လမ်းမကြီးပေါ်ထွက်လာတော့ ဘယ်
တွေ့မှတ်သလဲ၊ လားလားဗျ ဓာတ်မီးတိုင်မှီပြီး ဆေးလိပ်သောက်နေ
မောင်မင်းကြီးသား အိုက်ဇက်ကို မြင်ရပါရောဗျာ။ ကျုပ်က ဘာလုပ်မှ





သလဲ၊ သူ့အနားက ပွတ်ပြီး လျှောက်လာလို့ သူနဲ့ မျက်လုံးချင်း ဆိုင်မိတာတောင် လုံးဝ အသိမလုပ်ဘဲ တုတ်ကလေးရမ်းပြီး ကြွေမြွေမဖျက် လျှောက်လာခဲ့တာကိုးဗျ။ လူတူလို့ ဖြစ်ရမယ်ဆိုတဲ့ သဘောပေါ့ဗျာ "

" နို့ သူကကောဗျာ "

" ငနဲကြီးတော့ ငေးကျန်ရစ်တာပေါ့ဗျာ၊ သို့သော် ကျုပ်ပဲလို့တော့ ကေန္တ သူ သိမှာပါပဲ "

" ပြီးတော့ကောဗျာ "

" ပြီးတော့ ကျုပ်က ပုဇွန်တောင်ဘူတာ ခြေလျင်လျှောက်၊ သက်နှင်း ကျွန်းလော်ကယ်နဲ့ ကွမ်းခြံဘူတာလိုက်၊ ရောက်တော့ အင်းစိန်လော်ကယ် ပေါ်တက်၊ ကြည့်မြင်တိုင်ရောက်တော့ ရထားပေါ်ကဆင်း၊ ဘတ် (စ်)ကား နဲ့ ရန်ကုန်ဘက်ပြန်လာ၊ ဆူးလေဘုရားကို လန်ချားစီးပြီး ခုလာခဲ့တာပဲ ဗျ။ ကိုင်း ကျုပ်တော့ ဆာလှပြီဗျို့၊ (၂၉) လမ်းက တရုတ်ဟိုတယ် သွားပြီး ငါးမန်းတောင်တစ်ပွဲနဲ့ ဘီယာကလေး သောက်ချေကြဦးစို့ဗျာ "

" နေပါဦးဗျ၊ ခင်ဗျားနောက်က ငနဲကြီးပါမလာဘူးလို့ သေချာရဲ့ လားဗျာ . . . . "

" နေဦးလေ ကျုပ် ထွက်ကြည့်လိုက်ဦးမယ် "

၎င်းနောက် ဒဂုံတင့်သည် ပြတင်းပေါက်ကို ဖွင့်၍ လမ်းပေါ်သို့ ထိုမှ ဤမှ မျှော်ကြည့်ပြီးနောက် "မမြင်ပါဘူးဗျာ၊ ခင်ဗျားငနဲကြီး မျက်ခြည် ပြတ်သွားပါပြီ " ဟု ပြောလေ၏။

ကျွန်တော်တို့သည် တိုက်ပေါ်မှ ဆင်းလာကြ၍ လန်ချားတစ်စီး ပေါ်သို့ တက်ကြပြီး (၂၉) လမ်းရှိ တရုတ်ဟိုတယ်သို့ သွားကြစဉ် ဒဂုံတင့် သည် စကားတစ်ခွန်းမျှ မပြောဘဲ စဉ်းစားစိတ်ကူးသော အမူအရာနှင့် လိုက်ပါလာရာ ဆူးလေဘုရားအနီးသို့ ရောက်သောအခါမှ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



နေဖက်သူငယ်ချင်းဟောင်း ကိုသောင်းစိန်ကို မြင်ကြသဖြင့် ဦးခေါင်းညိတ်ကာ နှုတ်ဆက်လိုက်ကြ၏။ ကိုသောင်းစိန်ဆိုသူမှာ ကောလိပ်ကျောင်းထွက်ဖြစ်ပါလျက် အလုပ်အကိုင် ဟန်ရပန်ရမရှိဘဲ မြင်းပွဲ၌လည်းကောင်း၊ သဘော်ဆိပ်ပြင်၌ ရံခါရံခါ တာလီစာရေးအလုပ်ကလေးမျှနှင့် နေရသည့်ပြင် လူပေါင်းမှားသဖြင့် ဘိန်းစားဖြစ်၍ သူငယ်ချင်းများထံမှ တစ်မူး တစ်မတ်တောင်းရမ်း၍ ရှုရသော အခြေအနေသို့ ရောက်နေရှာလေတော့သည်။ ဒဂုံတင့်သည် ကိုသောင်းစိန်ကို မြင်လိုက်ရသည်တွင် မခံနိုင်သောစိတ် ဖြစ်ပေါ်လာ၍ . . .

" ကိုသောင်းစိန် တစ်ယောက်တော့ လူဖြစ်ရှုံးသွားရှာပါပြီဗျာ၊ တဖြည်းဖြည်းနဲ့ အောက်တန်းဆင်းသွားလိုက်တာ နောက်ဆုံးမှာ ဘိန်းစားဖြစ်နေရှာပြီကော။ ဟိုတုန်းက သူ့ခမျာ ဝင်ငွေကလေး တော်တော်မှန်မှန်တုန်းက အိုက်ဇက်ဆီမှာ အတိုးကြီးပေးပြီး ငွေချေးဖူးရှာတယ်။ ငွေကလေး (၁၈၀၀) ဆိုလား ယူသုံးမိတာ ငါးရာဆပ်လို့လည်း မပြေနိုင်၊ တစ်ထောင်ဆပ်လို့လည်းမပြေနိုင်၊ တစ်ခါတစ်ခါ ငွေကလေးရှင်လာလို့ အရင်းပါဆပ်မယ်လုပ်တော့လည်း မျက်နှာချိုသွေးပြီး မဆပ်ဖြစ်အောင် လုပ်သေးတယ်ဗျ။ လခစားတွေမှန်သမျှ အိုက်ဇက်ကို အခွန်ဆက်နေရတာနဲ့ကုန်ရှာကြတာပါပဲဗျာ။ သိပ် ဆိုးတဲ့ ညစ်တဲ့အကောင်ကြီးဗျ။ ဒီအိုက်ဇက်ဆိုတဲ့ ငနဲကြီးဟာ ကျုပ်တော့ ဒီကောင်ကြီးကို သုတ်သင်ပစ်လိုက်ရရင် အမျိုးသား ကြီးပွားရေးအတွက် ဆောင်ရွက်ရာရောက်တယ်လို့တောင်ထင်မိတာပဲဗျို့ "

၎င်းနောက် ဒဂုံတင့်သည် လန်ချားပေါ်၌လည်း စကားမပြောတရုတ်ဟိုတယ်သို့ ရောက်၍ ငါးမန်းတောင်နှင့် ကဏန်းကြော်တို့ဖြင့်ဘီယာများ သောက်ကြရာ၌လည်း စကားမပြော တုံဏှိဘောလုပ်၍ နေခဲ့





လေရာ နောက်ဆုံးတွင် ဟိုတယ်မှ ဆင်းလာကြ၍ ဘုရင်မပန်းခြံထဲ၌ ခုံရှည်ပေါ်တွင် ထိုင်မိကြသောအခါမှ ပါးစပ်ဟလေတော့၏။

" လောကမှာ တစ်ပိုင်းကြောင်သမားဟာ အခက်ဆုံးပဲဗျ။ ရှေးတုန်းက မင်းကြောင်ထိုးရာမှာ နှစ်ပေါင်လုံး အပြည့်မထိုးဘဲ တစ်ပေါင်တည်းထိုးတဲ့ လူများဟာ သိပ်ဝွကျဆိုတာလိုပေါ့ဗျာ "

" ဘာရည်ရွယ်ပြီး ပြောတာတုန်းဗျာ "

" ကျုပ် ပြောတာက မိုက်မယ့် မိုက်လျှင်လည်း ကျွတ်ကျွတ်လွတ်လွတ်မိုက်လျှင် ကောင်းတယ်ဗျ၊ သောင်မတင်ရေမကျ ဆိုတဲ့စကားလို တစ်ပိုင်းတစ်စဟာ မကောင်းဘူးဗျ "

" ခင်ဗျား အဖို့တော့ ပြောစရာ မရှိတော့ပါဘူးဗျာ၊ ခင်ဗျား မလုပ်လိုက်တာ ဘာများ ကျန်သေးလို့လဲဗျ "

" ဘာများ ကျန်သေးလို့လဲ ဆရာကြီးရယ်၊ ကျုပ်တို့ဖြင့် စုံနေကုန်ပါပြီ"

" ဘယ်မှာစုံသေးလို့လဲ၊ ကျုပ်တို့ ဘယ်သူ့သတ်ဖူးသေးလို့လဲ "

" မဟုတ်တာဗျာ၊ နောက်မနေစမ်းပါနဲ့ "

" နောက်တာမဟုတ်ဘူး၊ ကျုပ် အတည်ပြောနေတာ၊ လောကမှာ လူတစ်ယောက်နှစ်ယောက်သတ်ပြီး မမိအောင် တိမ်းရှောင်တတ်တဲ့လူမှ အဟုတ်ကြီးကျယ်တာဗျ။ လူသတ်မှုတစ်ခုအကြောင်းကို သူတစ်ပါးတွေနဲ့ ရောနှောပြောနေရပြီး ဟိုလူ ဒီလူတွေက ဟိုလိုတွေး ဒီလိုတွေး တွေးချင်သလို တွေးနေကြတဲ့အခါ ကိုယ်က ဝမ်းထဲက ပြုံးနေရတာ ဘယ်လောက်များ ဇိမ်ရှိလိုက်မလဲဗျာ၊ မတော်တဆ မိသွားပြန်ရင်ကောတဲ့ ထောင်ထဲမှာ သူတစ်ပါးအနှိပ်အစက်ခံပြီး ကြာရှည်ဝဋ်ခံမနေဘဲ ကြိုးစင်တက်လိုက်ရတယ်ဆိုရင် သတင်းစာ အထူးထုတ်တွေ ဘာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေဆာဆာ ရှိမလဲဗျာ . . . "

" တယ်စိတ်ကူးယဉ်တဲ့ လူတစ်ယောက်ပါပေဗျာ "

" စိတ်ကူးရုံကူးတာ မဟုတ်ဘူးဗျ ကျုပ်က တကယ် ကြံစည်နေတာ"

" မတော်တရော် ဆရာကြီးရယ် "

" အို-ခက်နေပါပြီ၊ ကျုပ်က အတည်ပြောနေတာဗျ "

" ဘာ အတည်ပြောတာလဲဗျ "

ထိုခဏ၌ ဒဂုံတင့်မှာ ခုံတန်းလျှားရှည်တွင် မှီလျက်ထိုင်ကာ စီးကရက်တစ်လိပ်သောက်ရင်း ကျွန်တော်၏ မျက်နှာကို အကဲခတ်လျက်ရှိရာ၊ ကျွန်တော်သည် ၎င်း၏ မျက်နှာကို အံ့ဩစွာနှင့် လှမ်းကြည့်လိုက်သောအခါ၌ တင်းမာခက်ထန်ခြင်းတည်းဟူသော အခြင်းအရာကို တွေ့မြင်လိုက်ရလေ၏။

" ဘယ်သူ့ကိုလဲဗျာ. . . အိုက်ဇက်ကိုလား "

" အစစ်ပေါ့ "

" ဘာကြောင့်လဲဗျာ. . . ခင်ဗျားနောက်ကို သူလိုက်ပေမယ့် နောက်ဆုံးကျတော့ မျက်ခြည်ပြတ်ကျန်ရစ်ဆို မဟုတ်လားဗျ "

" အဲဒါ ကျုပ် လိမ်ပြောတာ "

" ဘယ်ပုံ လိမ်တာလဲဗျာ "

" ခင်ဗျား တိုက်ခန်း ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်တော့ သူမရှိတော့ဘူးလို့ ကျုပ် ပြောမိတယ်မဟုတ်လား . . . . အဲဒါက ခင်ဗျား ထမင်းစားပျက်မှာစိုးလို့ လိမ်ပြောတာဗျို့ "

" ဒါဖြင့် သူ ရှိတယ်လား "

" ရှိတာမှ ဓာတ်မီးတိုင်အောက်မှာ ရပ်လို့ဗျား "





" ဒီနောက်တော့ကော "

" ဟိုတယ်ကျတော့ သူ မပါလာဘူး၊ ဆူးလေဘုရားနားရောက်အောင် သူ လိုက်လာသေးတယ်ဗျား "

" လိုက်ချင်လိုက်ပါစေဗျာ၊ သူ ဘာတတ်နိုင်တာမှတ်လို့လဲ "

" ဒီလိုမဟုတ်ဘူး သူငယ်ချင်း . . . . ကျုပ် ဇာစ်မြစ်ကို သူ သိသွားပြီဗျ၊ ကျုပ်ကို သူက ပုလိပ်နဲ့ ခြောက်ပြီး ငွေညှစ်တော့မယ် ဧကန်ပဲ၊ ဒီတော့ကာ လူ့ပြည်မှာ ဒီကောင်ရှိနေသမျှ ကာလပတ်လုံး ကျုပ်တော့ တစ်မိနစ်မှ အေးတော့မှာ မဟုတ်ဘူး။ ဒါကြောင့် သူ့ကို သုတ်သင်ပစ်မှ ဖြစ်တော့မယ် "

" သူ ဘယ်နေသလဲ ခင်ဗျား သိသလား "

" သိတယ် ကြို့ကုန်းမှာ နေတယ် သူ့လိပ်စာကို ကျုပ် စုံစမ်းထားတာ ကြာလှပြီ၊ နေတာမှ သူတစ်ယောက်တည်း နေတာဗျား "

" သို့သော် တစ်ခါတည်း မသုတ်သင်ဘဲနဲ့ ခြောက်ရုံလှန့်ရုံနဲ့ မပြီးနိုင်ပေဘူးလားဗျာ "

" ဟင့်အင်း . . . နည်းနည်းမှ စိတ်ချရတဲ့ ငနဲကြီးမဟုတ်ဘူး၊ ဒီလိုဆိုရင် ကျုပ်ကို သူက ရဲလက် အရင်အပ်လိုက်လိမ့်မယ် "

" ဝွကျလိုက်တာဗျာ "

" ဝွမကျနဲ့ သူငယ်ချင်း . . . . သူ့သချိုင်း သူတူးတဲ့ လူပဲ . . . တိုင်း . . . ကျုပ် အလုပ်လုပ်ချေဦးမယ်၊ ဆုမွန်တောင်းပြီးသာ နေရစ်ပေတော့ဗျား "

" ဒီလိုဆို ကျုပ်လည်း လိုက်မှာပေါ့ဗျာ "

" ခင်ဗျားကို ကျုပ် မလိုပါဘူး "

" မလိုချင်နေ လိုက်မှာပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲ နှောင့်ယှက်ရအောင်လား "

" မဟုတ်ပေါင်ဗျာ "

" ဒါပဲနော် ကိုမန်းတင့် ကျုပ်ကို ယီးတီးယားတား မလုပ်နဲ့နော် ကျုပ်ဓာတ်ကို ခင်ဗျား သိပြီး မဟုတ်လား "

" သိပါတယ်ဗျ နှောင့်ယှက်ရင် ကျုပ်ကို အရင်ဆုံး ပစ်သတ်လိုက်ဗျာ "

" စိတ်ချဆရာရေ့. . . ပစ်သတ်မှာတော့ ဧကန္တဘဲ၊ ကိုင်း. . . လိုက်မှာဖြင့်လာဗျာ၊ ကျုပ် အိမ်ကို ဝင်စရာကိစ္စကလေး ရှိသေးတယ် အချိန်တန်နေပြီ "

ကျွန်တော်တို့သည် ဘုရင်မပန်းခြံမှထ၍ ဘရဒ်ကင်းလမ်းရှိ ဒဂုံတင့်၏နေအိမ်သို့ လျှောက်လာကြရာ အိမ်သို့ ရောက်သောအခါ ဒဂုံတင့် သာလျှင် အပေါ်သို့ တက်သွား၍ ကျွန်တော်မှုကား မှောင်ရိပ်၌ စောင့်နေရစ်လေ၏။ ကျွန်တော်၏ အကြံမှာ အကယ်၍ ဒဂုံတင့်၏ နေအိမ်တိုက်ခန်းကို ချောင်းနေသော အိုက်ဇက်ကို တွေ့ခဲ့လျှင် ကျွန်တော် ကိုယ်တိုင် ရိုက်နှက်ဆုံးမလိုက်ခြင်းအားဖြင့် လူတစ်ယောက် အသက်မသေ တန် မသေပါစေနှင့်ဟု ကြံရွယ်မိသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် မည်သည့် အိုက်ဇက်ကိုမျှ မတွေ့ရသည်နှင့် ဒဂုံတင့် ဆင်းလာသောအခါ တွင် ကျွန်တော်တို့သည် ကွမ်းခြံဘူတာသို့ သွားကြလေရာ ထိုခေတ် အခါက အင်းစိန်သို့ သွားသော နောက်ဆုံးလော်ကယ်ရထားမှာ (၁၂) နာရီတိတိတွင်မှ ထွက်သည် ဖြစ်သောကြောင့် ကျွန်တော်တို့သည် နာရီဝက်ခန့် မီးရထားတွဲပေါ်တွင် ထိုင်နေကြလေ၏။

ကြို့ကုန်းဘူတာသို့ မီးရထားဆိုက်သောအခါ၌ (၁၂) နာရီခွဲပြီးပြီ ဖြစ်ရာ ကျွန်တော်တို့သည် ဘိုင်စကုတ် နောက်ဆုံးပတ်ကြည့်ခဲ့သော ခရီး





သည်များနှင့်အတူ ဘူတာရုံမှ ထွက်လာကြ၍ သူ့လမ်း ကိုယ့်လမ်း အသီး သီး ခွဲခွာသွားကြသည်တွင် နောက်ဆုံး၌ ကျွန်တော်တို့နှစ်ယောက်တည်း သာ လမ်းပေါ်၌ ကျန်လေတော့၏။ ဒဂုံတင့်မှာ အင်္ဂလိပ်သင်္ဘောသား တစ်ယောက်ထံမှ တိတ်တဆိတ် ဝယ်ယူထား၍ လိုင်စင်မရှိသော (၆) ချက်ပြူးသေနတ်တစ်လက် ပါရှိလေရာ ကျွန်တော့်မှာ ဒဂုံတင့်က ကျွန်တော့ အတွက် ယူလာခဲ့သည့် တုတ်ခေးတစ်လက်ကို ကိုင်ဆောင်လျက် ရှိ၏။

ကျွန်တော်တို့သည် လူနေစည်ကားသော ရပ်ကွက်များတစ် လျှောက် ဖြတ်သွားကြစဉ် အများအားဖြင့် အိမ်များမှာ မည်းမှောင်လျက် ရှိကြ၍ လော်ကယ်မီးရထားမှ ဆင်းလာသည့် ခရီးသည်များကို စောင့်မျှော် နေကြသည့် တစ်အိမ်တလေမျှသာလျှင် မီးရောင်ကလေး တလက်လက် တွေ့မြင်ကြရလေ၏။ ကျွန်တော်သည် ဒဂုံတင့်နောက်မှ လိုက်သွား၍ အိမ်ခြေစည်ကားသော ရပ်ကွက်များကို ကျော်လွန်ပြီးနောက် အိမ်များ အတော်အတန်ကျဲသော လမ်းကလေးသို့ ရောက်ကြသောအခါ ထိုနေရာ မှာ လမ်းသစ်ကွက်သစ်ဖြစ်၍ တောင်တစ်အိမ် မြောက်တစ်အိမ် ဆောက်လုပ်ပြီးခါစ ရှိနေလေ၏။ အိမ်များ လုံးဝ ပြတ်သွားသောနေရာသို့ ရောက်ကြသောအခါ " ကိုယ့်လူတော့ အိပ်ရာထဲကိုဝင်ပြီး အိပ်ပျော် နေတာ တွေ့ရလိမ့်မယ် ထင်ပါလား ဒဂုံတင့်ရယ် "

" ဒီလို မျှော်လင့်တာပဲဗျာ "

" တကယ်ဆိုရင် အိမ်ထဲဖောက်ပြီး ဝင်မလား "

" ဖောက်မဝင်လို့ ဘယ်လို ဝင်ရမှာလဲဗျ "

" သူ့မှာ သေနတ်တို့ ဘာတို့ ရှိလိမ့်မယ်ထင်တယ်ဗျ "

" ရှိလေ ကြိုက်လေပဗျာ၊ အမှန်ပြောရရင် ကျုပ်စိတ်က ဘိုခပ် ဆန်ဆန်ပဲ၊ အချောင်ဝင်သတ်ရတာမျိုး မကြိုက်ဘူးဗျ။ သူသေ ကိုယ်သေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးကို စွန့်စားပြီး အလုပ်လုပ်ရရင် သာကြိုက်တာပဲ၊ ကျုပ်ကတော့ ဘယ်နည်းနဲ့ သူသေသေ၊ မသေ သေအောင်တော့ သတ်ရတော့မှာပဲ၊ နို့မဟုတ်ရင် ကျုပ်တို့ကို သူက တစ်သက်လုံး ဒုက္ခပေးနေတော့မှာပဲ"

"သူပေးနိုင်တဲ့ဒုက္ခထက် ဒီလိုလုပ်ရတာက သာမဆိုးပေဘူးလား ဗျ"

"ဟော လုပ်လာပြန်ပြီ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်မလိုပါဘူး မလိုက်ခဲ့ပါနဲ့လို့ ပြောသားပဲဗျာ။ ဒါဖြင့် ခင်ဗျား ဒီမှာ နေရစ်ပေတော့ဗျာ ကျုပ်တစ်ယောက်တည်း လုပ်ချေမယ်၊ မလိုက်ခဲ့နဲ့တော့ ရောက်လည်း ရောက်ပါပြီ"

ရောက်ပါပြီ ဆိုသောကြောင့် ကျွန်တော် ကြည့်လိုက်ပါသော်လည်း မည်သည့်အဆောက်အဦကိုမျှ မမြင်ရဘဲ ဖန်ကွဲများ စိုက်ထောင်ထားသည့် အုတ်တံတိုင်းကြီးတစ်ခု၏ ထောင့်စွန်းကိုသာလျှင် လမ်းနံဘေးတွင် မြင်ရလေ၏။ လပြည့်ကျော် (၈)ရက် လမင်းသည် ထိုအချိန်တွင် ကောင်းကင်၌ အတော် မြင့်တက်နေပြီ ဖြစ်သောကြောင့် တံတိုင်းပေါ်၌ စိုက်ထောင်ထားသော ဖန်ကွဲမှန်ကွဲများပေါ်သို့ လရောင်ထိုးသဖြင့် တပြောင်ပြောင် တလက်လက် ရှိနေလေ၏။ ၎င်းအုတ်တံတိုင်း တစ်လျှောက် မျှော်ကြည့်လိုက်သောအခါ ဆေးစိမ်းသုတ်ထားသော သံတံခါးကြီးကို တွေ့ရပေရာ အဖျား၌ကား ထက်မြက်သော သံချွန်များ တပ်လျက် ရှိ၏။

ကျွန်တော့်မှာ နေရစ်ဖို့ ပြောသည့်အတိုင်း ထိုနေရာ၌ရပ်လျက်ပင် ကျန်ရစ်ခဲ့၍ ဒဂုံတင့် လုပ်ပုံကိုင်ပုံများကို မျှော်ကြည့်လျက်ရှိရာ အလုံးစုံ အသင့်ပြင်ဆင်ခဲ့ပြီးဖြစ်သော ဒဂုံတင့်သည် ဘီယာပုလင်းမှ ဖော့ကလေးများကို တံခါးသံချွန်များပေါ်တွင် တစ်ခုစီ စိုက်ပေးလေ၏။ ၎င်းနောက် လက်မောင်းပေါ်တွင် တင်လျက်ပါလာသော မိုးကာအကျႌကို





ခေါက်၍ ဖော့များပေါ်၌ တင်ပြီးလျှင် ဒဂုံတင့်သည် သံတံခါးကို ကျော်ဝင်လေရာ ကျွန်တော်သည် ထိုအခါမှ အနီးသို့ ပြေးသွား၍ သူ လုပ်သည့်အတိုင်း ပြုလုပ်လေ၏။

"ဘာလဲဗျ၊ လိုက်မှာလား"

"လိုက်မှာပေါ့ဗျ"

"ကိုင်း-ဒါဖြင့် သတိနဲ့ ဝင်ခဲ့နော်၊ သံကြိုးတန်းတွေ ပြည့်နေတာပဲ"

ကျွန်တော်တို့ ထိုဝင်းထဲသို့ ရောက်ကြ၍ ဖြည်းညင်းစွာ လျှောက်သွားကြသောအခါ ဤနေရာ ထိုနေရာတို့၌ မြေကြီးပေါ်တွင် ကြေးနန်းကြိုးများ တန်းလျက်ရှိသည်ကို တွေ့ကြရလေ၏။ သို့ရာတွင် အလွန်ကြည်လင်၍ မျက်စိလျင်လှသော ဒဂုံတင့်သည် သံကြိုးဟူသမျှကို မထိစေရအောင် ကျော်သွား၍ ကျွန်တော့်အားလည်း သတိပေးလေ၏။

"ဒီသံကြိုးတွေဟာ အလကား မဟုတ်ဘူးဗျ၊ သူခိုးဝင်မိလို့ရှိရင် သူ့အခန်းထဲမှာရှိတဲ့ နှိုးစက်နာရီက ဆူညံသွားအောင် မြည်ပြီး အချက်ပေးမှာဗျ"

"ခင်ဗျား ဘယ့်နှယ်သိသလဲ"

"ကျုပ်က နေ့ခင်းလာပြီး သေသေချာချာ လှည့်ပတ်ကြည့်ထားလို့ သိတာပေါ့ဗျ၊ ဟောဒီမှာလည်း ကြိုးတန်းတစ်ခုဗျား။ သတိထားနော်-အလို .. ဘာလဲဗျို့ ဒါက"

"ဘာဖြစ်လို့လဲဗျာ"

"အိမ်အောက်ထပ်မှာ မီးရောင်တစ်ချက် လက်ခနဲ မြင်လိုက်ရတယ်ဗျို့"

ကျွန်တော်သည် အိမ်ဘက်သို့ ကြည့်လိုက်သောအခါ၊ မှောင်မည်း



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိရာမှ တံခါးတစ်ခု၏ အောက်မှ အလင်းရောင်တန်းတစ်ခုသည် လက်ခနဲ ပေါ်လာ၍ မည်းခနဲ ပျောက်သွားပြန်သဖြင့် ဒဂုံတင့်က " မော... မြင်လိုက်ရလား " ဟုမေးလေ၏။ လက္ခဏာမှာ အခန်းထဲ၌ တစ်ချက် တစ်ချက် လင်းလာသော မီးရောင်ကို တံခါးအောက်မှ တစ်ချက်တစ်ချက် မြင်လိုက်ရခြင်း ဖြစ်ဟန်တူပေ၏။ ထိုခဏ၌ လှေကားပေါ်တွင် ဖြည်းညင်းစွာ နင်းသွားသော ခြေသံများကို ကြားရပြီးနောက် ခြေသံလည်း ပျောက်သွားလေ၏။ ထို့နောက် ကျွန်တော်တို့သည် မြက်ခင်းပေါ်မှရပ်လျက် နားစွင့် နေကြပါသော်လည်း မည်သည့်အသံကိုမျှ မကြားရဘဲ တစ်အိမ်လုံး ဆိတ်ငြိမ်လျက် ရှိလေ၏။

" ကိုင်း . . . ဆရာရေ့၊ ကျုပ် ဝင်ကြည့်စမ်းမယ်၊ ကျုပ်တို့ကို သူ မြင်ဟန်မတူပါဘူး၊ ကျုပ်ကတော့ မြင်စေချင်တယ်။ မြင်မြင်ထင်ထင် သူ့သေသေ ကိုယ်သေသေ အလုပ်လုပ်ရရင်လည်း ကောင်းသား... လာဗျို့ ဒီလမ်းက "

ကျွန်တော်တို့သည် မြက်ခင်းပေါ်မှ လျှောက်သွားကြ၍ မှန်တံခါးတစ်ခုကို တွေ့ကြလေရာ ဒဂုံတင့် ရှေးဦးစွာ မြင်လိုက်ရသော အလင်းရောင်မှာ ၎င်းမှန်တံခါးဆီမှ ပေါ်လာဟန်တူ၏။ ၎င်းနောက် ဒဂုံတင့်သည် အိတ်ထဲ၌ အပြည့်အစုံဆောင်ယူလာခဲ့သော ကိရိယာတန်ဆာများကို ထုတ်၍ မှန်တံခါးကို ဖွင့်ရန် ပြင်ဆင်လေ၏။ ဒဂုံတင့်သည် စက္ကူတစ်ချပ်ကို ကော်ရည်နှင့် သုတ်လိမ်း၍ ကျွန်တော့်အား လှမ်းပေးလိုက်သဖြင့် ကျွန်တော်သည် ကော်သုတ်ထားသော စက္ကူကို မှန်တစ်ချပ်တွင်ကပ်လျက် ဖိနှိပ်ထားရလေရာ ဒဂုံတင့်က စိန်သွားတပ်ထားသော လက်နက်ကလေးဖြင့် မှန်ကို ရစ်ဝိုင်းလိုက်သဖြင့် အစနှင့်အဆုံး ဆက်မိသည်နှင့် တစ်ပြိုင်နက် မှန်ဝိုင်းရော စက္ကူပါ ကျွန်တော်၏ လက်ထဲသို့ ဖြည်းညင်းစွာ ပြုတ်





ကျလာလေ၏။ ထိုအခါ၌ကား မှန်တံခါးတွင် အပေါက်ဝိုင်းကလေးတစ်ခု ဖြစ်နေလေရာ ဒဂုံတင့်သည် ၎င်းအပေါက်မှ လက်လျှို၍ မင်းတုန်းကို ဖြုတ်လိုက်သည်တွင် တံခါးလည်း ပွင့်သွားလေ၏။

ဒဂုံတင့်သည် ပွင့်သွားသော တံခါးကို တွန်းလိုက်ပါသော်လည်း အတွင်းဘက်၌ တစ်စုံတစ်ခု ခုခံလျက်ရှိသည့်လက္ခဏာနှင့် တွန်းမရဘဲ ရှိသည်တွင် ကြမ်းပေါ်သို့ နှိုက်စမ်းလိုက်သဖြင့် မျက်မှန်တစ်လက်ကို တွေ့ရလေ၏။ မျက်မှန်သည် တံခါးအောက်တွင် ခုခံလျက်ရှိသောကြောင့် တံခါးကို ရုတ်တရက်တွန်းမရဘဲရှိခဲ့ရာ ကျွန်တော်သည် ဒဂုံတင့် လှမ်းပေးသော မျက်မှန်ကိုယူ၍ ကြေမွလျက်ရှိသော မှန်များနှင့် တွန့်လိမ်နေသော ရွှေကိုင်းတို့ကို ကြည့်နေမိစဉ် ဒဂုံတင့်လည်း မှန်တံခါးကိုတွန်း၍ ရှေ့သို့ဝင်သွားလေ၏။ သို့ရာတွင် အတွင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် "အလိုလေး ဘာကြီးပါလိမ့်" ဟု လွတ်ခနဲ အော်လိုက်သဖြင့် တီးတိုးပြောဖို့ ကျွန်တော်က သတိပေးရသေး၏။ နောက်တစ်ခဏ၌ ဒဂုံတင့်သည် အလင်းရောင် မစူးလွန်းစေရန် လက်ကိုင်ပဝါနှင့် အုပ်ထားသော လက်နှိပ်ဓာတ်မီးဖြင့် ကြမ်းပေါ်သို့ ထိုးကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မှောက်လျက်လဲနေသော အိုက်ဇက်ကို တွေ့ရလေ၏။ ဒဂုံတင့်သည် အိုက်ဇက်ကို ပက်လက်လှန်ပေး၍ ၎င်း၏ ရင်ဘတ်ကို လက်နှင့် စမ်းကြည့်ပြီးနောက် " ဟိုက် အသက်မရှိတော့ဘူးဗျို့ မန်းတင့်ရေ " ဟု ပြောလိုက်လေ၏။ အိုက်ဇက်၏ နဖူးမှာ လေးလန်သော လက်နက်တစ်ခုဖြင့် ပြင်းထန်စွာ ရိုက်နှက်ထားဘိသကဲ့သို့ အတွင်းသို့ ပိန်ဝင်လျက် ရှိသည့်ပြင် နှာခေါင်း၊ ပါး၊ မေးစေ့စသော နေရာများ၌လည်း ဒဏ်ရာများ ရရှိထားသည် ဖြစ်သောကြောင့် တစ်မျက်နှာလုံး ရစရာမရှိအောင် ပေါက်ကွဲကြေမွလျက် ရှိလေတော့၏။ အနီး၌ကား ဂေါ်ဖ်ရိုက်ရာ၌ အသုံးပြုသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံး အလေးဆုံးသော တုတ်ကြီးတစ်ချောင်းရှိရာ အဖျားဌ်ရှိသော သံပြားကြီးတွင်လည်း သွေးများ ပေကျံလျက် ရှိလေ၏။ တစ်စုံတစ်ယောက် သောသူသည် အိုက်ဇက်အား ၎င်းလက်နက်ဖြင့် ရိုက်သတ်ထားခြင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။ အခန်းထောင့်၌ကား စားပွဲကြီးတစ်လုံးရှိရာ အံဆွဲများမှာ ဆွဲထုတ်မွှေနှောက်ထားသည့် လက္ခဏာနှင့် ကြမ်းပေါ်တွင် ပစ္စည်းများ ပြန့်ကျဲလျက် ရှိ၏။ စားပွဲပေါ်၌ကား စားပွဲတင်နာရီတစ်လုံး သည် တချက်ချက်နှင့် ဆူညံစွာမြည်လျက်ရှိရာ အချိန်မှာ နာရီပြန် တစ်ချက်ထိုးပြီးနေလေပြီ။

ဒဂုံတင့်သည် အိုက်ဇက်၏ ခြေရင်းတွင် မတ်တတ်ရပ်လျက် အလောင်းကို ငေးကြည့်နေရင်း ၎င်း၏ မျက်နှာထားမှာ မှောင်မိုက်ထ ၌ အရမ်းလျှောက်လာပြီးနောက် မီးခြစ်နှင့် ခြစ်ကြည့်လိုက်သောအခါ ချောက်ကြီးတစ်ခု၏ အစွန်းသို့ ရောက်နေသည်ကို တွေ့ရသောသူကဲ့သ ရှိနေပေတော့၏။

" ခုနင်က ကျုပ်တို့ မြင်လိုက်ရတဲ့ အလင်းရောင်ဟာ သူ့ကို သတ် တဲ့လူရဲ့ လက်က မီးရောင် ဖြစ်မှာပဲဗျို့ " ဟု ကျွန်တော်က ပြောလိုက်သည် နှင့် တစ်ပြိုင်နက် ဒဂုံတင့်သည် ကြက်သေသေလျက်ရှိရာမှ ကျွန်တော ဘက်သို့ ရုတ်တရက်လှည့်၍ " ဟုတ်သားပဲဗျာ၊ ကျုပ်က လုံးလုံး မေ့နေ တယ်ဗျို့၊ ဒီလိုဆိုရင် ဒီကောင်ဟာ ဒီအိမ်ထဲမှာ ရှိဦးမှာပဲ၊ လှေခါးပေါ်မှာ ခြေသံလည်း ကြားလိုက်ရတယ်၊ အိမ်ပေါ်မှာ ရှိလိမ့်မယ် လာဗျို့ "

" ဘာလုပ်ဦးမလို့လဲဗျ၊ ဒဂုံတင့်ရဲ့ "

" ဖမ်းရအောင်လေ "

ဟာ ကြံကြံစည်စည်ဗျာ ကျုပ်တို့က သူ့သတ်ဖို့လာကြတယ်။ ကျု တို့က မသတ်ရဘဲ သူများက သတ်သွားရင်လည်း ပြီးရောမဟုတ်လား





ကျုပ်တို့က ကျေးဇူးတောင် တင်ရဦးမယ်၊ ဘာကြောင့် ဖမ်းပေးရမှာလဲဗျ၊ လာပါ သွားကြပါစို့ ....ကြာကြာနေရင် ကျုပ်တို့ပါ ဒုက္ခရောက်ကုန် လိမ့်မယ် "

ယင်းသို့ ပြောပြောဆိုဆိုနှင့် ကျွန်တော်သည် ဒဂုံတင့်၏ လက်ကို ဆွဲခေါ်လေရာ " ခင်ဗျားက ဒီလောက်ပေါင်းနေလို့ ကျုပ်အကြောင်း မသိ သေးဘူးလားဗျ။ ကျုပ်ဆိုတဲ့ အကောင်က ကျုပ်လုပ်မယ်ဆိုရင် ကျုပ်လုပ် မှ ကျေနပ်တယ်။ သူများ လုပ်ပေးတာကို သဘောမကျနိုင်ဘူး။ ကျုပ် အလုပ်ထဲ ဝင်ရှုပ်တဲ့အကောင် ဖမ်းပို့ရမယ်။ လာဗျာ ကိုင်း-ဒါဖြင့် ခင်ဗျား လိုက်ချင်နေရစ်တော့ "

ဒဂုံတင့်သည် ကျွန်တော်နှင့် အလောင်းကို ပစ်ထားခဲ့၍ အပေါ် ထပ်သို့ တက်သွားလေရာ ကျွန်တော့်မှာ ပထမ၌ ဤမျှလောက် ရှုပ်ချင် သော လူတစ်ယောက်ကို ပစ်ထားခဲ့တော့မည်ဟူ၍ပင် အောက်မေ့မိ သဖြင့် ငေးကြည့်နေရစ်မိသေး၏။ သို့ရာတွင် နောက်ဆုံး၌ မှန်အတူ- အတူ သဘောထား၍ လိုက်လာခဲ့ခြင်းဖြစ်သောကြောင့် လှေကား ဆုံးအောင် ဒဂုံတင့် မတက်ရသေးမီ ကျွန်တော်လည်း သူ့နောက်မှ ကပ်လျက် ရောက်သွားလေတော့၏။

အိမ်ပေါ်သို့ ရောက်၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်ကြ သောအခါ တံခါးသုံးခု တွေ့ကြလေရာ နံပါတ် (၁)တံခါးမှာ ပွင့်လျက်ရှိ၍ အတွင်း၌ အိပ်ရာခင်းထားသည့် ကုတင်တစ်လုံး ရှိ၏။ နံပါတ်(၂)တံခါးကို တွန်းကြည့်လိုက်သောအခါ အခန်းတွင်း၌ အိမ်ထောင်ပစ္စည်း ဗလာနတ္ထိ ဖြစ်၍ ရှင်းလျက် ရှိ၏။ နံပါတ်(၃)တံခါးမှာ ပိတ်လျက်ရှိ၍ တွန်းကြည့် သော်လည်း မပွင့်ချေ။

ဒဂုံတင့်သည် တတိယတံခါးကို လက်နှိပ်ဓာတ်မီးနှင့် ထိုးထား၍



www.burmeseclassic.com

www.burmeseclassic.com



၆-လုံးပြူးသေနတ်နှင့် လက်တစ်ဖက်ဖြင့်ချိန်လျက် " ကျုပ်တို့လူတော ဒီအခန်းထဲမှာ ရှိရမှာပဲ၊ ကိုင်း-လာလေ့ကွာ " ဟု ပြောပြောဆိုဆို တံခါးကို ခြေထောက်နှင့်ဆောင့်ကန်လိုက်လေ၏။ တံခါးလည်း မရွေ ရှိရာတွင် ကျွန်တော်သည် အခြားဘက်မှချဉ်းကပ်၍ ဒုတိယအချက်တွ ဒဂုံတင့်နှင့် အတူ တစ်ပြိုင်နက်တည်း ဖြည့်စွက်ကန်ကြောက်လိုက်ရကာ နှစ်ယောက်အားဖြစ်သောကြောင့် မင်းတုံးပြုတ်ထွက်၍ တံခါးပွင့်သွာ လေ၏။ ဒဂုံတင့်သည် လက်နှိပ်ဓာတ်မီးဖြင့် အခန်းတွင်းသို့ သွားကြ လိုက်သောအခါ ရေချိုးခန်း ကိရိယာတန်ဆာများကို ရှေးဦးစွာ မြင်ရ သွပ်စည်ချောင်ကြီးအနီး၌ ကုပ်ကုပ်ကလေး ဝပ်လျက်ရှိသော လူတ ယောက်ကို မြင်ကြရလေ၏။ ထိုသူသည် ကျွန်တော်တို့ဘက်သ နံဘေးတိုက်လှည့်၍ ဆောင့်ကြောင့် ထိုင်လျက်ရှိစဉ် နက်ပြာရော သက္ကလပ်အင်္ကျီအနွမ်းအောက်မှ စုတ်ဖွာလျက်ရှိသော ရှပ်အင်္ကျီကော်လ နှင့် ဟောင်းနွမ်းသော ရွှေတောင်လုံချည်တို့ကို ကျွန်တော်တို့ မြင်ကြ ဖေ၍ရှာ ကျွန်တော်တို့ဘက်သို့ မျက်နှာလှည့်လိုက်သော အခါတွင် "အလို့ . . ကိုသောင်းစိန်ပါကလား " ဟု ဒဂုံတင့် က အလန့်တကြ ပြောလိုက်လေ၏။

ကျွန်တော့်မှာလည်း ခပ်စောစောအချိန်က ဆူးလေဘုရားအန တွင် ဤလူအား မြင်ခဲ့သော အခြင်းအရာကို သတိရ၍ အံ့သြစွာန ငေးကြည့်နေစဉ် ကိုသောင်းစိန်လည်း ဒဂုံတင့်၏အသံကို မှတ်မိဟန်န ပုန်း၍နေရာမှထလာ၍ " ဩော်-လက်စသတ်တော့ ဒဂုံတင့်နဲ့ မန်းတင့် ပါကလား" ဟုဆိုကာ အံ့သြစွာနှင့်ပြူးကြည့်နေလေ၏။

စိန် ။ ။ " ခင်ဗျားတို့နှစ်ယောက် ဝင်းတံခါးကို ကျော် ကတည်းက ကျုပ်က မြင်ပါတယ်။ ခင်ဗျားတို့မှန်းတော့ မသိဘူးပေ





ခင်ဗျားတို့ ဘာလို့လာကြတာလဲ "

ဂုံ ။ ။ " ခင်ဗျားကော ဘာလို့လာတာလဲ "

စိန် ။ ။ " ကျုပ်လား ကျုပ်တော့ ခင်ဗျားတို့ မြင်ခဲ့တဲ့ အတိုင်းပဲ၊ ကျုပ်ကို တစ်သက်ပတ်လုံး နှိပ်စက်နေတဲ့ သွေးစုပ်ကောင်ကြီး ကို သတ်ရအောင်လာတာပဲ၊ သတ်လည်း သတ်ခဲ့ရပြီ။ ခင်ဗျားတို့ လုပ်ချင် တာလုပ်၊ ဖမ်းပို့ချင်ပို့ကြ၊ ခင်ဗျားတို့ မပို့ရင်လည်း ကျုပ်ဘာသာ အဖမ်းခံ လို့ဘဲ။ တော်ပြီဗျာ လောကကြီးမှာ နေလည်းမနေချင်ဘူး၊ သူ့ကိုသတ်ရ လို့ ကျုပ်အလုပ်ပြီးပြီ ကျေနပ်ပြီ ကိုင်း- ဂါတ်တဲပို့ကြတော့ "

၎င်းနောက် ကိုသောင်းစိန်သည် ကျွန်တော်တို့ နှစ်ယောက်ကို အရေးမကြီးသော မျက်နှာထားမျိုးနှင့် ကြည့်နေလေ၏။

ဂုံ ။ ။ " နေစမ်းပါဦးဗျ ကိုသောင်းစိန်ရဲ့၊ ဖြစ်ပျက်ပုံကို ပြောပြစမ်းပါဦးဗျ "

ထိုအခါ၌ကား ကျွန်တော်တို့သည် ကုလားထိုင်တစ်စုံခင်းထား သော ဧည့်ခံစားပွဲကလေးအနီး၌ ကျကျနန ထိုင်လျက် ရှိကြ၏။

စိန် ။ ။ " ခင်ဗျားတို့က ကြားချင်လို့လား "

ဂုံ ။ ။ " ကြားချင်ပြီလားဗျာ၊ သို့သော် ကျုပ်တို့အတွက်တော့ ဘာမှ မစိုးရိမ်နဲ့နော်။ ခင်ဗျားကို ဘယ့်နှယ်မှမလုပ်ဘူး၊ မှန်မှန်သာပြော"

စိန် ။ ။ " ခင်ဗျားတို့ တတ်နိုင်လှရင် ကျုပ်ကို ဖမ်းပို့ကြရုံရှိတာ ပေါ့ဗျာ၊ ကျုပ် မကြောက်ပါဘူး၊ သေဖို့ အဆင်သင့်ပါပဲ "

ကျွန် ။ ။ " မလုပ်ပါဘူးဆိုမှပဲဗျာ ကိုယ့်လူကလည်း၊ ကိုင်း- ပြောပြစမ်းပါဗျ "

စိန် ။ ။ " ဒီကနဲ့ကြီးက ကျုပ်ကို ညှဉ်းလာခဲ့တာ သုံးလေးနှစ်ရှိ သွားပြီဗျ။ ကျုပ်ရသမျှ လခကလေးဟာလည်း သူ့ဆပ်လို့ပဲ မလောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး။ ဒီကနေ့ညတော့ ဆူးလေဘုရားနားမှာ သူနဲ့ကျုပ်နဲ့ တွေ့ကြတယ်၊ ခင်ဗျားတို့နှစ်ယောက်နဲ့ တွေ့လိုက်ပြီးတဲ့နောက်ပေါ့လေ။ လက်စသတ်တော့ သူက ခင်ဗျားတို့နောက်က လန်ချားတစ်စီးနဲ့ လိုက်နေတာခင်ဗျ၊ ခင်ဗျားတို့လည်း လွှန်သွားကြရော သူက ရောက်လာပြီး ခင်ဗျားတို့နဲ့ ကျုပ်နဲ့ နှုတ်ဆက်တာ သူ မြင်လိုက်တယ်တဲ့။ ခင်ဗျားတို့ ဘယ်သူတွေလဲတဲ့ မေးတယ်ဗျ။ ဘာကြောင့်လဲတော့ မဆိုနိုင်ဘူး။ ဒဂုံတင့် (လန်ဘားဆပ်) အကြောင်းကို သိချင်လိုက်တာ သေရတော့မလောက် ဖြစ်နေတာပဲ။ ဒါနဲ့ သူကမေးတော့ ကျုပ်ကလည်း အကြံကလေးတစ်ခုရှိတာနဲ့ သိတော့ သိတယ် ဒီနေရာမှာ ပြောလို့တော့ မဖြစ်ဘူး၊ တစ်နေရာရာကို ခေါ်သွားလို့ ပြောရတယ်ဗျ။ ပထမတော့ သူက ငြင်းနေတယ်၊ နောက်ဆုံးကျတော့ ခင်ဗျားတို့ကို မျက်ခြည်ပြတ်သွားတာနဲ့ ကျုပ်ကို ခေါ်ပါတော့မယ်လို့ သူက သဘောတူတယ်၊ ကျုပ်ကလည်း ပြောပြစရာရှိတဲ့စကားက ရှည်တယ်၊ ဒီပြင်နေရာခေါ်သွားလို့ မဖြစ်ဘူး။ သူ့ အိမ်ကို ခေါ်သွားမှ ပြောနိုင်မယ်လို့ အကျပ်ကိုင်လိုက်တော့၊ ဒါပေါ့လေဗျာ သူက ဘယ်လိုငြင်းပေမယ့် ကျုပ်က ဒီလိုမှ မပြောရလျှင် မပြောနိုင်ဘူးလို့ ဇွတ်လုပ်နေလေတော့ သိချင်လွန်းအားကြီးတာနဲ့ သူ ကျုပ်ကို ဒီအိမ် ခေါ်လာခဲ့တယ်ဗျ။ ၉-နာရီခွဲ ရထားနဲ့လား မဆိုနိုင်ဘူး၊ ဒါနဲ့ ဒီအိမ် ရောက်လာကြတော့ ကျုပ်က အချိန်ဆွဲပြီး စားစရာတောင်း သောက်စရာတောင်း၊ ဟိုဟာတောင်း ဒီဟာတောင်းနဲ့ အချိန်ကုန်အောင် လုပ်နေတာပေါ့လေဗျာ။ ဒီအတော အတွင်းမှာ သူ့အိမ်မှာ ဘယ်သူများ အိပ်သလဲလို့ ကျုပ်က အကဲခတ်နေ တာပေါ့။ သူ့မေးကြည့်တော့ တပည့်တွေ ပြည့်လို့တဲ့ဗျ။ သို့သော် ကျုပ်က သူညာမှန်းသိတယ်။ ကျုပ်တို့ ရောက်လာကြပြီးကတည်းက ဝင်းတံခါးတွေ ဘာတွေ ပိတ်ထားတာ ကျုပ် မြင်သားပဲ။ လူသံလည်း တစ်ယောက်မှ





မကြားဘူး။ ကေန္တ ငနဲကြီးတစ်ယောက်တည်း အိပ်တာပဲလို့ ကျုပ် ရိပ်မိတယ်။ သို့သော် ကျုပ်က သေချာသည်ထက် သေချာအောင် သူ သိချင်တာတွေ ပြောပြပြီး အသံပြု စမ်းကြည့်တယ်ဗျ။ ဒီလမ်းက လမ်းသစ်ဖြစ်လေတော့ သူ့တစ်အိမ်တည်း ဆောက်ရသေးတယ်။ ကျွန်တော်က ခေါ် စမ်းကြည့်ပေမယ့် ဘယ်သူကမှ ထူးသံ မကြားရဘူး၊ ဒီတော့ သေချာပြီလို့ အောက်မေ့တယ်။ ကျုပ်က ခေါ်စမ်းတော့ သူက ဘာလုပ် တာလဲတဲ့ မေးတယ်။ ကျုပ်က ဒီတော့ ဘာမှ အဖြေပေးမနေတော့ဘဲ အိမ်ပေါ် ရောက်ကတည်းက မျက်စပစ်ထားတဲ့ ဂေါ်ဖ် တုတ်တံကြီးကို ထ, ကိုင်တာ ပေါ့လေဗျာ။ လက်ထဲမှာ တုတ်ကြီးလည်းရရော ကျုပ်က တစ်သက်လုံး သူ့အညှဉ်းခံ လာခဲ့ရတာတွေကို တစ်လုံးစီ ထုတ်ပြောပြီး ကျုပ်ဆီမှာ ကြွေးမြီ တစ်ပြားတစ်ချပ်မှ မရှိကြောင်း လက်မှတ် ထိုးရင်ထိုး မထိုးရင် သေပေတော့လို့ ကြိမ်းတာကိုးဗျ။ ဒီတော့ သူက လက်မှတ် ထိုးပါတော့မယ် ဆိုပြီး စာရေး မည်ဟန်နဲ့ စားပွဲဆီထသွားပြီး အံဆွဲထဲက ဓားမြှောင် တစ်လက်ကို ဖျတ်ခနဲ ဆွဲထုတ်တာကိုးဗျ။ သူ့လက်ထဲ ဓား ရောက်ကာရှိသေး သေပေတော့ ခွေးမသားတဲ့။ ကြုံးဝါးတဲ့ပြီး ကျွန်တော့် ဆီပြေးလာ၊ ဘာမှ မပြောနဲ့တော့ ကျွန်တော်က ဂေါ်ဖ်တုတ်ကြီးနဲ့ မျက်နှာကို ဆီးရိုက်လိုက်၊- ယိုင်ခနဲ ဖြစ်သွားလိုက် နောက်တစ်ခါ ပြေးလာလိုက် တစ်ချက်ထပ်ရိုက်လိုက် ဒိုက်ခနဲကျသွားလိုက်၊ နောက်ဆုံးမှာ နဖူး တည့် တည့်ကြီး ခွပ်ခနဲ ချလိုက်တော့မှ ကြမ်းပေါ် ထိုးကျသွားပြီး တစ်ခါတည်း ငြိမ်သွားပေတော့တယ်ဗျာ။ ဒီတော့မှ ဆွဲအံထဲမှာ စာချုပ်တွေ မွှေရှာပြီး ကိုယ့် စာချုပ်ရွေးယူမယ် လုပ်တုန်း ခင်ဗျားတို့က ဝင်းတံခါးပေါ် ကျော်တက်နေကြတာ မြင်လေတော့ အိမ်ပေါ် တက်ပြေးပြီး ပုန်းနေမိတာ ပါပဲဗျာ။ ကိုင်း ဒါပါပဲ ခင်ဗျားတို့ လုပ်ချင်ရာ လုပ်ကြပါတော့ "



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းစိန်သည် မိမိ၏ အဖြစ်အပျက်ကို ပြောပြပြီးနောက် ကုလားထိုင်ပေါ်၌ ဦးခေါင်းငိုက်စိုက်နှင့် ထိုင်လျက်ရှိရာ ဒဂုံတင့်သည် ထိုသူ၏ ပခုံးကို ပုတ်လျက် " အားမငယ်ပါနဲ့ သူငယ်ချင်း၊ ကျုပ်တို့က ခင်ဗျားကို ဖမ်းပို့မလို့ လာကြတာ မဟုတ်ပါဘူး၊ ခင်ဗျား လိုချင်တဲ့ အကူအညီရှိရင် ကျုပ်တို့က ဆောင်ရွက်ပေးဖို့ အဆင်သင့်ပါပဲ။ ယောက်ျားကပဲ ကိုယ့်လူရယ်၊ လူသတ်တာ သတ်တာပေါ့။ သတ်မိလို့ မိသွားရင်လည်း ခံစရာရှိ ခံရုံပေါ့။ သို့သော် ဖမ်းမမိရအောင် ကိုယ်လွတ်ရုန်းဖို့တော့ ကိုယ့်မှာ တာဝန်ရှိတယ် ကိုယ့်လူရဲ့။ ကိုင်း-ထဗျာ ငိုင်မနေစမ်းနဲ့၊ ရှေ့ကလည်း ကျောင်းနေဖက်၊ အခုလည်း အကောင်းဆုံး မိတ်ဆွေနှစ်ယောက် တွေ့ထားပြီလို့ အောက်မေ့လိုက်ပေတော့။ ငွေရေးကြေးရေးရော မကျန် ကျုပ်တို့ အားလုံး ကူညီပါ့မယ်ဗျ "

စိန် ။ ။ " ကျုပ်ကို ရဲက မသင်္ကာစရာ မရှိပေဘူးလား "

ဂုံ ။ ။ " ဘာကြောင့် ခင်ဗျားကို မသင်္ကာရမှာလဲ၊ ခင်ဗျားမှာ ရှေးက ဘာပြစ်ချက်များ ရှိဖူးလို့လဲ "

စိန် ။ ။ " ပြစ်ချက်ဟောင်းတော့ မရှိဘူးပေါင်ဗျာ၊ ဘိန်းစားမိတာပါပဲ "

ဂုံ ။ ။ " ဟာ. . . . ဒါ ဘာဆိုင်လို့လဲဗျ "

စိန် ။ ။ " ဒါဖြင့် ခင်ဗျားတို့က ကျုပ်ကို တိုင်ချက် မပေးဘူးပေါ့လေ . . . . "

ဂုံ ။ ။ " အို. . . ခက်မှ ခက်ရပလေ၊ ကျုပ်တို့က ဒီငနဲကြီးကို မထားချင်လို့ လိုက်ချောင်းနေတာ ခင်ဗျားကြီးရဲ့ "

ထိုအခါ ကိုသောင်းစိန်မှာ အတန်ငယ်ရွှင်ပျသော မျက်နှာထားဖြစ်ပေါ်လာလေရာ ကျွန်တော်နှင့် ဒဂုံတင့်တို့သည် ကိုသောင်းစိန်၏





လက်များကို တစ်ယောက်တစ်ဖက်စီ ဆွဲကြ၍ အိမ်ပေါ်မှ ဆင်းလာကြပြီးနောက် အိမ်ပြင်သို့ ထွက်ကြ၍ ဝင်းတံခါးကို ကျော်ကာ အပြင်သို့ ရောက်ကြလေ၏။ ထိုအခါ၌ကား နာရီပြန် ၂-ချက် ထိုးပြီးပြီဖြစ်ရာ ကျွန်တော်တို့သည် ကိုသောင်းစိန်ကို အလယ်မှ ထား၍ တွဲယူလျက် အင်းစိန်ဘူတာသို့ ခြေလျင်လျှောက်လာခဲ့လေ၏။ ဘူတာရုံသို့ ရောက်ကြသောအခါ၌ နံနက် အစောဆုံးထွက်သော အင်းစိန်လော်ကယ်ရထားသည် ဥဩတစီစီနှင့် မှုတ်နေပြီဖြစ်ရာ ကျွန်တော်တို့သည် နွားနို့သည် ကုလားများနှင့်အတူ ကျွမ်းခြံဘူတာသို့ စီးနင်းလိုက်ပါခဲ့ကြလေ၏။

ကြို့ကုန်းလူသတ်မှုအကြောင်းကို သတင်းစာများတွင် ဖော်ပြသောအခါ၌ ထိုညဉ့်က လူနှစ်ယောက်သည် အပျော်လွန်သဖြင့် လမ်းလျှောက် နိုင်အောင် မူးယစ်နေသော တတိယလူတစ်ယောက်အား တွဲခေါ်သွားသည်ကို နွားနို့သည်တစ်ယောက် မြင်လိုက်ရသည်ဟု အစစ်ခံကြောင်းနှင့် ဖော်ပြပါရှိသည်ကို ဖတ်လိုက်ရပေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တန်ပတ္တမြား

တစ်နေ့သ၌ ကျွန်တော်သည် ကမ်းနားလမ်းဘက်မှ လမ်းလျှောက် အပြန်တွင် ဘရုကင်းလမ်းရှိ ဒဂုံတင့်၏ တိုက်ခန်းသို့ ဝင်၍ကာဖီတစ်ခွက် သောက်မည်ဟု တက်လာရာ ဒဂုံတင့်မှာ ၎င်း၏ ထုံးစံအတိုင်း ကာဖီ သောက်အပြီးတွင် လက်ဖက်ရည်ကြမ်းကို သတင်းစာ "အမြီး" နှင့် သောက်လျက်ရှိလေ၏။ ကျွန်တော့်ကို မြင်သောအခါ ဒဂုံတင့်သည် ဘပည့်ကျော်အား ကာဖီတစ်ခွက် ထပ်မံဖျော်ယူခဲ့ရန် အမိန့်ပေး၍ ၎င်းဖတ်ရှုလျက် ရှိသော သူရိယသတင်းစာဟောင်းကို ကျွန်တော့်အား ညွှန်းပေးပြီးလျှင် "ဘယ့်နှယ်လဲဗျို့ . . . မန်းတင့်၊ မဆန်းလိုက်ဘူးလား ဗျ. . ." ဟု ဆိုကာ . . ကြော်ငြာစာ တစ်ခုကို ထောက်ပြလေ၏။

ကျွန်တော်သည် ဒဂုံတင့်ပြသော ကြော်ငြာကို ကြည့်လိုက်သော အခါ အောက်ပါအတိုင်း တွေ့ရှိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



> **ဆုငွေ ၂၀၀ဝိ-ပေးမည်**
>
> သတ္တိကောင်း၍ စွန့်စွန့်စားစား ဆောင်ရွက်ဖို့ အသင့်ရှိပါသည်ဟု တာဝန်ယူနိုင်သည့် မည်သူ့အား မဆို ဆုငွေ (၂၀၀ဝိ/-) ချီးမြှင့်မည်ဖြစ်ကြောင်း လျှောက်ထား လိုသူများသည် ဤသတင်းစာမှ ကျေးဇူးပြု၍ "ဆေသချာပေါက်" ထံသို့ ကြေးနန်းဖြင့် လျှောက်ထားနိုင်ကြောင်း။

ကျွန် ။ ။ " သိပ်ဆန်းတဲ့ ကြော်ငြာပဲဗျ၊ ကျုပ်ဖြင့် တစ်ခါမှ မတွေ့ဖူးပါဘူး"

ဂုံ ။ ။ "ငွေကလည်း ၂၀၀ဝိ-တောင်ပဲဗျ"

ကျွန် ။ ။ "ပြီးတော့လည်း လျှောက်လွှာကို ကြေးနန်းနဲ့ ပို့ရမတဲ့ဗျ။ ဒါက ဘယ်လိုသဘောပါလိမ့် "

ဂုံ ။ ။ "ဒါကတော့ တွေးဖို့ ဒါလောက် မခက်ပါဘူး ကျုပ်တို့ ရန်ကုန်မှာ ပညာတတ် အလုပ်လက်မဲ့တွေ တော်တော်များ နေတယ်ဗျ၊ ဒီလူတွေက ဘာလုပ်သလဲဆိုတော့ လျှောက်လွှာတွေကို အများကြီး ရေးထားပြီး သတင်းစာတွေထဲမှာ ကြော်ငြာတဲ့အလုပ် လစ်လပ်တဲ့ တိုက်တွေ ဟူသမျှကို တစ်စောင်စီလိပ်တပ်ပြီး ပို့ကြသတဲ့ဗျ စာတိုက်ခေါင်း ဖိုးလောက် အကုန်ခံပြီး "မလျှောက်ရပြန်ရို" ဆိုတဲ့ သဘော မျိုးနဲ့ အစိုးရ ရုံးတွေရော၊ ကုမ္ပဏီတိုက်ကြီးတွေရော၊ တစ်ခုမကျန် ပို့ကြ ဆိုကိုးဗျ. . . . ဒီကြော်ငြာရှင်က အဲဒီလို သဗ္ဗရကံပေါင်း လျှောက်လွှာ တွေကို မလိုချင်တဲ့အတွက် ကြေးနန်းခ အကုန်ခံနိုင်တဲ့ လူများဆီက လျှောက်လွှာကိုသာ လိုချင်တဲ့ သဘောပေါ့၊ ကျုပ်တောင် လျှောက်လွှာ





လိုက်တဲ့အတွက် ၃-ကျပ်၊ ၇-ပဲ ကုန်သွားလေရဲ့ဗျား"

ကျွန် ။ ။ "ခုလေ. . . ခင်ဗျားက လျှောက်ပြီးပြီလား"

ဂုံ ။ ။ "လျှောက်ပြီလားဗျ၊ ငွေ ၂၀၀ဝိ-မလိုချင်တဲ့လူ ဘယ်မှာရှိမလဲ"

ကျွန် ။ ။ "ခင်ဗျားက နာမည်အတိုင်း ဖော်ပြပြီး လျှောက်လိုက် သလား"

ဂုံ ။ ။ "ဘယ်မဟုတ်မလဲဗျ၊ သူ့ကြော်ငြာဖတ်ရပုံက ဥပဒေ ငြိစွန်းတဲ့ အလုပ်မျိုး ဖြစ်ချင်ဖြစ်နေမယ်လို့ ကျုပ် အကဲခတ်မိတယ်၊ ကြောင့် ကျုပ် လိပ်ကိုမထည့်ဘဲ ကျုပ် ဆံပင်ညှပ်တဲ့ဆိုင်က လိပ်ကို ေးထားပြီး ဘလှသန်းတင်ဆိုတဲ့ နာမည်နဲ့ ကြေးနန်းတစ်စောင် ရောက် ာရင် ကျုပ် ဆီကို လူလွှတ်ပို့လိုက်ဖို့ ဆိုင်ရှင်ကုလားကြီးကို ကျုပ် မှာ ားတယ်။ ဒီကုလားကြီးနဲ့ ကျုပ်နဲ့က ကျောင်းသားကတည်းက ဖောက် ည်ဖြစ်လာခဲ့ လို့မို့ အသုံးလိုတဲ့အခါမှာ ငွေသုံးလေးဆယ် လှည့်လို့ ဆွဲလို့ ည်အထိ အကျွမ်းတဝင် ဖြစ်နေတယ်ဗျ"

ကျွန် ။ ။ "ဆန်းလည်း ဆန်းတဲ့ လူတစ်ယောက်ပါပဲဗျာ၊ လူ ဆန်းနဲ့ ကြော်ငြာဆန်းတော့ တွေ့နေကြပြီကော"

ဂုံ ။ ။ "ကျုပ်အကြောင်းတော့ ခင်ဗျားသိတဲ့ အတိုင်းပဲလေ။ ထက် ကျုပ် လျှောက်လွှာအကြောင်း ကြားချင်ရင် နေ့လယ်လောက် ာ့ တစ်ခေါက် လျှောက်ခဲ့ဦးလေဗျာ ရက်တွက်ကြည့်တော့ ဒီနေ့ ဲစာရလိမ့် မယ်ထင်တယ်"

ကျွန် ။ ။ "ဟုတ်ကဲ့ အားလပ်ရင် လျှောက်ခဲ့တာပေါ့ဗျာ"

ကျွန်တော်သည် "အားလပ်ရင်" ဆိုသော စကားကလေး ခံခဲ့သော် ည်း အမှန်အားဖြင့် ဒဂုံတင့်၏ လျှောက်လွှာနှင့် ပတ်သက်၍ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားနေပြီ ဖြစ်သောကြောင့် ၎င်းနေ့ နေ့လယ်တွင် ဒဂုံတင့်၏ တိုက်ခန်းသို့ တစ်ခေါက်ရောက်လာခဲ့ပြန်လေ၏။ ကျွန်တော်၏စိတ်သဘောကို ရိပ်မိ ဖြစ်သော ဒဂုံတင့်ကလည်း ကျွန်တော့်ကိုပဲ မျှော်လင့်လျက် ရှိနေ၏။

ကျွန် ။ ။ “ဘယ့်နှယ်လဲဗျို့. . . ပြန်စာရပြီးပြီလား”

ဂုံ ။ ။ “ခုနင်က ကလေးတွင် ရောက်လို့ ကျုပ်သွားမလို့ဟာ ခင်ဗျားမပေါ်လာသေးလို့ မျှော်နေဆဲပဲ”

ကျွန် ။ ။ “ဘာတဲ့လဲဗျ”

ဂုံ ။ ။ “သေချာပေါက်ဆိုတဲ့ ကြော်ငြာရှင်က တခြား လူဟုတ်ရိုးလားဗျ၊ အထက်တန်း ရှေ့နေဦးသာဂဒိုးပဲကိုး၊ သူက ကျုပ်ထံ ချက်ချင်း တွေ့ချင်ပါတယ်တဲ့”

ကျွန် ။ ။ “ခင်ဗျား သူ့ကို သိလို့လား”

ဂုံ ။ ။ “လူချင်းတော့ သိရိုးလားဗျ၊ သူ့အကြောင်းကြားဖူး တာပေါ့၊ လူက ရခိုင်သားဗျ၊ ရန်ကုန်က ရှေ့နေတွေထဲမှာ အရှုပ်ဆုံး အလည်ဆုံး၊ အမှတ်ဆုံး လူတစ်ယောက်ပဗျာ၊ တံဆိပ်တော် ခေါင်းလို လည်မှုတုန်းက သူ့အပေါ်မှာ သံသယမကင်းလောက်အောင် ဖြစ်နေ ကံကောင်းလို့ လိုင်စင်မပြုတ်တဲ့ ရှေ့နေဟာပေါ့။ ရုံးမှာတော့ တကယ့် နာမည်ကြီးတစ်ယောက်ပဗျာ၊ ဘယ်ဝတ်လုံမှ သူက မကြောက်ဘူး၊ သူ့မှာ က ရိုးရိုးဖြောင့်ဖြောင့်နဲ့ စခန်းသွားရင် သူက ကောက်ကောက် ကွေ့ကွေ့ ဖြတ်လမ်းကကျိတ်တဲ့ လူပေါ့ဗျာ၊ ရှေ့နေတိုင်းက သူ့ကို ကြောက်ကြတယ် အမှုဆင်တဲ့နေရာ၊ လည်ဆယ်တဲ့ နေရာမှာ နှစ်ယောက် မရှိအောင် တော်တဲ့ လူတဲ့ဗျ၊ ဘာသောညာသော အပြောနဲ့ နိုင်ရင်ပြီး ရောဆိုရ ဦးသာဂဒိုးကိုသာ ငှားပေတော့လို့ ပြောကြရတဲ့လူပဲ၊ ကျုပ်တောင် တစ် တစ်ခါ စိတ်ကူးမိတယ်။ ကျုပ်တို့ မဟုတ်တရုတ် လုပ်ခဲ့တာ က လေးတွေ





ခံတော်တဆ ပေါ်ပေါက်များသွားရင် ဦးသာဂဒိုးဆီ ပြေးရမှာပဲလို့၊ ဆွတ်ဆွတ်ဖြူကို မည်းအောင်လည်း တတ်နိုင်တယ်၊ လက်နှီးစုတ်ကို ရွှေအောင်လည်း တတ်နိုင်သတဲ့ဗျာ”

ကျွန် ။ ။ “တကယ့်လူပါလားဗျာ၊ ဒါနဲ့တောင် ခင်ဗျားက သူနဲ့ သွားတွေ့ဦးမယ်”

ဂုံ ။ ။ “ကျုပ်တစ်ယောက်တည်း မဟုတ်ဘူးဗျာ ခင်ဗျားပါ တွေ့ရမှာ”

ကျွန် ။ ။ “ ဟုတ်မှ လုပ်ပါ ဆရာကြီးရယ်”

* * *

ကျွန်တော်တို့သည် ဘားလမ်းသို့ ရောက်ကြ၍ ဝတ်လုံနှင့် ရှေ့နေများ၏ ဆိုင်းဘုတ်များ တသီတတန်းကြီး ရှိနေသော အဆောက်အဦကြီးတွင် ဦးသာဂဒိုး၏ အခန်းကို ရှာဖွေကြရာ ဦးသာဂဒိုး၏ အခန်းမှာ အချို့သော ဝတ်လုံများ၏ အခန်းထက် ကျယ်ဝန်း၍ အသုံးအဆောင် ပရိဘောဂများမှာလည်း သစ်လွင်တောက်ပြောင်လျက် ရှိသည်ကို တွေ့ရလေ၏။ ကျွန်တော်တို့ ရောက်သွားသောအချိန်၌ ဦးသာဂဒိုးမှာ ရုံးသို့ တက်နေခိုက် ဖြစ်သည်နှင့် ခေတ္တမျှ စောင့်ဆိုင်းနေကြရာတွင် ဦးသာဂဒိုးသည် အလွန်ထူထပ်ကြီးမားသော ဥပဒေစာအုပ်ကြီးကို ဒရဝမ် တစ်ယောက်က နောက်မှပွေ့ပိုက်ကာ လိုက်ပါလျက် အလုပ်ခန်းထဲသို့ ဝင်လာလေ၏။ ဦးသာဂဒိုးမှာ နှာခေါင်းချွန်းချွန်း မေးချွန်းချွန်းနှင့် အလွန်အကင်း ပါး၍ ဖက်မြက်သော ရုပ်လက္ခဏာရှိပေရကား ရွှေ မျက်မှန်ကိုတပ်လျက် ကျွန်တော်တို့နှစ်ယောက်ကို ကြည့်လိုက်လျှင်ပင် “ ဦးဘလှသန်းတင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ခင်ဗျား မဟုတ်လား " ဟု ဒဂုံတင့်အား တစ်ချက်တည်
မေးလိုက်လေတော့၏။

ဂုံ ။ ။ " မှန်ပါတယ်၊ ကျွန်တော်ပါပဲ-'သေချာပေါက်' ဆီ
ပြန်စာရလို့ လာခဲ့ခြင်း ဖြစ်ပါတယ် "

ဒိုး ။ ။ (ဒဂုံတင့်၏ မျက်နှာကို စိုက်ကြည့်လျက်) "နေပါ
ခင်ဗျားကို ကျုပ် မြင်ဖူးပါတယ်။ ဪ-တန်တော့ . . . . သတိရ
တရုတ်အော်လန်ပစ် ဘောလုံးအသင်းလာတုန်းက ဖရင်းယူနီယန်အသင်
က ဝင်ကစားတာ ခင်ဗျားမဟုတ်လား၊ ကျုပ်က မျက်နှာကို တစ်ကြိမ်တွေ
ဖူးရင် မှတ်မိတဲ့လူဗျ "

စင်စစ်မှာ ကျွန်တော်၏မိတ်ဆွေ ဒဂုံတင့်သည် ကောလိပ် ဘော
လုံးအသင်းတွင် ကစားဖူး၍ ကျောင်းမှ ထွက်သောအခါ၌လည်း စံလ
- ပတ်စလေတို့နှင့်အတူ ဖရင်းယူနီယန် ဘောသင်း၌ ကစားခဲ့ဖူးေ
သည်။

ဒဂုံတင့်သည် ဦးသာဂဒိုးက မိမိအား မှတ်မိသည်ကို သိသည်န
တစ်ပြိုင်နက် ဒေါသထွက်သော မျက်နှာထား ဖြစ်ပေါ်သွားသော်လည်
ချက်ချင်းပင် သွားကို ဖြဲလိုက်၍ လူပါးကြီးတစ်ယောက်ကို လှည့်ဖြား
အကျိုး မရှိကြောင်းသိသည့် အမူအရာမျိုးဖြင့် ပြုံးရယ်လိုက်လေ၏။

ဂုံ ။ ။ "သိပ် မျက်စိစူးတဲ့ ဆရာကြီးပေကိုးဗျာ၊ မှတ်မိတ
ထားပါတော့၊ အသုံးအစွဲ ပြတ်လပ်တဲ့အခါ နှာမည်ကလေးပြောင်းပြ
သုံးဖို့ စွဲဖို့ရအောင် အလုပ်လုပ်လို့ ဖြစ်နိုင်မလားလို့ လာခဲ့တာပါဘဲ။ ၁၀၀
ဆိုတဲ့ ငွေဟာလည်း မနည်းပဲကိုးခင်ဗျ"

ဒိုး ။ ။ "၂၀၀၀ိ မိတ်ဆွေရဲ့ ၂၀၀ိ-ဗျ။ ကျုပ်ကလည်
ကိုယ့်နာ မည်နဲ့ပြောင်လုပ်ဝံ့တဲ့ လူစားမျိုးလည်း မလိုချင်လှဘူး





အရုက်မရှိဘူး ဆိုရင် လူညံ့ထဲက ဖြစ်မှာပဲ၊ ခုပုံတော့ ကျုပ် လိုချင်တာနဲ့
ခင်ဗျားနဲ့ ကိုက်နေတော့တာပဲဗျို့၊ ဆောင်ရွက်ရမည့်အလုပ်ကလည်း
အင်မတန် သိမ်မွေ့လို့မို့ လူမသိ၊ သူမသိ အလုပ်လုပ်တတ်မှ ဖြစ်မယ်"

ယင်းသို့ ပြောပြီးနောက် ဦးသာဂဒိုးသည် ကျွန်တော့်ကို စိုက်၍
ကြည့်နေလေ၏။

ဂုံ ။ ။ "မှန်ပါတယ်၊ မှန်ပါတယ်။ စွန့်စွန့်စားစား ဆောင်
ရွက်ဖို့လည်း လိုတယ်မှတ်ပါတယ်"

ဒိုး ။ ။ "ဟုတ်ကဲ့ မတော်တဆ နေရာမကျရင် တစ်ခုခု
ဖြစ်ချင် ဖြစ်နိုင်တဲ့ အလုပ်မျိုး ဆိုပါတော့ဗျာ"

ဂုံ ။ ။ "ဒီလိုဆိုရင် တစ်ဦးခေါင်း - တစ်ပညာ ဆိုတာလို
များလေကောင်းလေ ဆိုရမှာပေါ့၊ ကျွန်တော် ပြောလိုတာက ခက်ခဲတဲ့
အလုပ်ဆိုရင် ခင်ဗျားနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်း ဆောင်ရွက်
တာထက် သုံးယောက် ဆောင်ရွက်ရရင် သာကောင်းလိမ့်မယ်ထင်ပါ
တယ်။ ဒါကြောင့် ဟောဒီက ကျွန်တော့်မိတ်ဆွေနဲ့ တွဲလုပ်ဖို့ ရည်မှန်းပြီး
တစ်ကိုယ် ၁၀၀၀ိ- စီယူကြဖို့ အကြံရှိတဲ့အတွက် ခုနင်က ၁၀၀၀ိ-လို့
ကျွန်တော် ပြောလိုက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ နှစ်ယောက်စလုံး
ငွေပြတ်နေတယ်ခင်ဗျ။ ဒီတော့ လုပ်ရရင်လည်း နှစ်ယောက်တွဲပဲ။
လုပ်ရရင် လည်း အရှင်းပဲ၊ အဲဒါ ခင်ဗျား ဆုံးဖြတ်ပါတော့"

ထိုအခါ ဦးသာဂဒိုးသည် ကျွန်တော့်အား အတန်ကြာအောင် ထပ်
မံ၍ စိုက်ကြည့်ရင်း စဉ်းစားစိတ်ကူးနေသော အမူအရာဖြင့် စားပွဲကို
လက်ချောင်းကလေးများနှင့် တခေါက်ခေါက် ခေါက်လျက် ရှိလေ၏။

နောက်ဆုံး၌ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒိုး ။ ။ "ဒီလိုဗျာ . . . ကျွန်တော့်မှာ အခက်အခဲကလေး တစ်ခုရှိနေလို့ သတင်းစာထဲမှာ ကြော်ငြာပြီး စမ်းလိုက်တော့၊ ခင်ဗျား တစ်ယောက်ဆီကပဲ လျှောက်လွှာတစ်စောင်ရတယ်။ ကျွန်တော့် စိတ်ကူးကလည်း ဘာ မဟုတ်တဲ့လူတွေ ဝိုင်းပြုပြီး လျှောက်တာကိုလည်း အလိုမရှိဘူး။ ဒါကြောင့် တစ်ဆိတ်လူသန့်သွားအောင် ကြေးနန်းရဲ့ လျှောက်ရမယ်လို့ စည်းကမ်းသတ်လိုက်ခြင်း ဖြစ်တယ်။ သို့သော် ခင်ဗျား တို့လို ဂုဏ်သရေရှိ ခေတ် ပညာတတ်ထဲက လျှောက်ကြလိမ့်မယ် လို့တော့ မမျှော်လင့်မိပေဘူးပဗျာ။ အမှန်ပြောရရင် တွေ့ကရ အလုပ်မျိုး လုပ်ဖို့တဲ့ ခပ်တေတေ လူစားထဲက လျှောက်ကြလိမ့်မယ်လို့ မျှော်လင့်မိပေတာ ကိုးဗျ"

ဂုံ ။ ။ "ကျွန်တော်တို့လည်း တေစရာရှိ တေဖို့တဲ့ လူတွေပေါ့ ခင်ဗျာ"

ဒိုး ။ ။ "နို့ပေမယ့် ခင်ဗျားတို့က ဥပဒေကို ကျူးကျော်တဲ့ အလုပ်မျိုး မလုပ်ဝံ့ကြပေဘူးမှတ်တယ်"

ဂုံ ။ ။ "ဟုတ်ကဲ့ ကျွန်တော်တို့ကတော့ ဥပဒေကို ဖောက်ဖျက်ပြီး အသက်မွေးဝမ်းကြောင်းရှာတဲ့ လူစားမျိုးတွေတော့ မဟုတ်ဘူး ခင်ဗျ။ သို့သော် ယခုလို ပြတ်လပ်နေတဲ့ အလှည့်အပတ်မျိုးမှာ တော့ တန်ရာ တန်ဖိုးရရင် ဖောက်ဖျက်တန် ဖောက်ဖျက်ရလိမ့်မယ် ခင်ဗျ"

ဒိုး ။ ။ "ဒါဖြင့် ခင်ဗျားတို့ ဘာမဆို လုပ်မယ်လား"

ဂုံ ။ ။ "ကျွန်တော်ပြောတဲ့ အတိုင်းပါပဲ တန်လောက် အောင်ရရင် ဘာမဆို လုပ်မယ် ထားလိုက်ပါတော့"

ဦးသာဂဒိုးလည်း စားပွဲကို လက်နှင့် တခေါက်ခေါက် ခေါက်ကာ အတန်ကြာ စဉ်းစားနေပြီးနောက် . . .





ဒိုး ။ ။ "ကိုင်းပါလေ . . . ကျွန်တော် လုပ်ချင်တာ ပြောပြပါဦးမယ်၊ ခင်ဗျားတို့ နားထောင်ပြီး သဘောတူရင်လုပ်။ မတူရင်လည်း မလုပ်ကြရုံ ရှိတာပေါ့၊ အဲဒါကြောင့် စွန့်စားဖို့လိုတယ်လို့ ကျွန်တော် ထည့်ကြော်ငြာလိုက်တာ။ ခင်ဗျားတို့ တာဝန်က သူခိုင်းတဲ့ အတိုင်း ဆောင်ရွက်ရုံ ရှိတာပဲ၊ အကယ်၍ အထမမြောက်စေကာမူ အချည်းနှီးမဖြစ်စေရပါဘူးလို့ ကျွန်ုပ်အမှုသည်က အာမခံပါတယ်၊ အမှုသည်က တခြားလူ မဟုတ်ဘူးဗျ . . . ပွဲစားကြီး ဦးဘိုးတာပဲ"

ကျွန် ။ ။ "သူ့သားတော့ ကျွန်တော် သိသားပဲ"

ဦးဘိုးတာ၏သား ကိုလုံးမှာ ကျွန်တော်တို့နှင့် ကျောင်းနေဖက် ဖြစ်၍ ဒဂုံတင့်လည်း သိသည်ဖြစ်ရာ သူက မည်သို့မျှ မပြောဘဲနှင့် ကျွန် တော်က ဝင်၍ပြောမိသည်အတွက် ကျွန်တော့်မှာ ဒဂုံတင့်၏ စောင်းကြည့် ခြင်းခံရသေး၏။ ကျွန်တော်၏စကားကို ကြားသောအခါ ဦးသာဂဒိုးသည် ကျွန်တော့ဘက်သို့ ရုတ်တရက်လှည့်လျက် . . .

ဒိုး ။ ။ "ဒါဖြင့် ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကိုလုံးဆိုတဲ့လူက အင်မတန်သုံးတဲ့ ဖြုန်းတဲ့ လူတစ်ယောက်ပဲဗျ၊ သူ့အဖေက သူဌေးဆို တဲ့ အလျောက် သူ့သားကို တစ်လ ၅၀၀-ပေးထားတယ်-ဒါနဲ့တောင် . . . လောက်အောင် မသုံးနိုင်တဲ့ လူရမ်းကလေးတစ်ယောက်ပေါ့ . . . "

ကျွန်တော့်မှာ ကျောင်းသားဘဝကတည်းက ကိုလုံး၏ သုံးဖြုန်း ခြင်းအကြောင်းများကို ကြားရဖူးသော်လည်း ဒဂုံတင့်၏ မျက်လုံးကို အကဲ ခတ်မိသဖြင့် မည်သို့မျှ ထောက်ခံခြင်း၊ စွက်ဖက်ခြင်း မပြုဘဲ၊ ဆိတ်ဆိတ် သာ နေခဲ့လေ၏။ ဦးသာဂဒိုးလည်း ဆက်လက်၍ . . .

ဒိုး ။ ။ "သူဌေးဦးဘိုးတာဆိုတဲ့ လူကြီးက လူဆန်းကြီးတစ် ယောက်ဗျ၊ ကျောက်သံပတ္တမြားဆိုရင် ဘယ်လိုများ နှစ်သက်တယ် မပြော



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ မိုးကုတ်မြို့ကထွက်တဲ့ ပတ္တမြားကောင်းဆိုသမျှ၊ နီလာကောင်းဆို သမျှ၊ နိုင်ငံခြားကလာတဲ့ ကောင်းပေ့ဆိုတဲ့ မြကောင်းဆိုသမျှ၊ မိုးကောင်း ကထွက်တဲ့ ကျောက်စိမ်းကောင်းဆိုသမျှ ဈေးကြီးပေးဝယ်ပြီး မနက်တစ်ခါ ညတစ်ခါ ထုတ်ထုတ်ကြည့်သတဲ့။ အဲဒီ ရတနာတွေကို လက်စွပ်တန် လက်စွပ်၊ ဘယက်တန်ဘယက်၊ နားကပ်တန်နားကပ် စသည်ဖြင့် အထည် ဖြစ်အောင်လုပ်ပြီး ရင်းအထည်တွေနဲ့ တူအောင် အတုတွေလည်း တစ်ခု လုပ်ထားသတဲ့၊ အတုတွေကိုတော့ မီးခံသေတ္တာထဲမှာထည့်၊ အစစ်တွေကို တော့ ဘယ်ဆီမှာ သိမ်းတယ်ကို ဘယ်သူမှ မသိဘူးတဲ့။ သူ့ အကြံက ဘယ်လိုလဲဆိုတော့ သူခိုး, ဓားပြများ ကြံစည်လို့ရှိရင် အစစ်တွေ မပါဘဲ ရဘဲ အတုတွေ ပါသွားအောင် ဆိုကိုးဗျ၊ တစ်နေ့သ၌တော့ သူ့သား ကိုလုံးက တစ်လ ၅၀၀ိ-မသုံးလောက်ဘူးဆိုပြီး ဦးအိုးတာဆီ ပိုက်ဆံ တောင်းတော့ ဦးဘိုးတာက မပေးနိုင်ဘူးလို့ ငြင်းရာမှာ ဘာမှမပြော ချက်ကောင်းချောင်းပြီး သူ့အဖေရဲ့ရတနာသေတ္တာထဲက ငမောက် ပတ္တမြား လက်စွပ် တစ်ကွင်း ခိုးယူသွားပြီး တရုတ်သူဌေးတစ်ယောက်ဆီ မှာ ငွေ ၅၀၀၀ိ- နဲ့ အပြီးအပိုင် ရောင်းလိုက်ပါရောဗျား . . "

ဂုံ ။ ။ " လက်စွပ်က ဘယ်လောက်တန်သတဲ့လဲ "

ဒိုး ။ ။ " တန်တာတော့ မပြောနဲ့တော့လေ သိပေါဘူး လက်ဝယ် မှာပါသွားတဲ့ ငမောက်ရယ် ဒီပတ္တမြားရယ်ဟာ ညီနောင် ဆိုကိုးဗျ၊ ဒါကြောင့်မို့ မိုးကုတ်ကထွက်တဲ့ ပတ္တမြားတွေထဲမှာ အကောင်း ဆုံး နှစ်လုံး ဆိုကိုးဗျ၊ သူဝယ်ထားတာတော့ ငါးသောင်းနဲ့တဲ့၊ သို့သော်. . သူ့စိတ်မှာ ပြည်တန်တယ်လို့ ယူဆထားတယ်၊ ငါးသိန်းပေးလို့ တော မရောင်းနိုင်ဘူးတဲ့ဗျ "

ဂုံ ။ ။ " ဟိုက်. . တော်တော်ဂွကျနေတာပဲကိုး၊ ဒါထ





ဝယ် တဲ့လူကတော့ ဘယ်သူတဲ့လဲဗျ "

ဒိုး ။ ။ " ထောင်ကဲ. . တစ်ယောက်ပါပဲဗျာ၊ သူက တရုတ် ပြည်သွားပြီး မဒမ်ချန်ကေရှိတ်က အမေရိကန်ပြည်သူတွေနဲ့ ပေါင်းသင်း နေလေတော့ လက်ဝတ်, လက်စား, တော်တော်ခင်မင်သတဲ့၊ ဒီတော့ကာ ဒီလောက် ပတ္တမြားကို မဒမ်ချန်ကေရှိတ် ပေးလိုက်ရရင် သူ့အဖို့ ရာထူး အကြီးအကျယ် တစ်ခုခု ရပြီးသားပဲလို့ သူက တွက်ကိန်း ထုတ်နေတယ်၊ အမှန်ကတော့ ငမောက်ပတ္တမြားကို ကိုလုံးခိုး ယူတယ် ဆိုတာ အစ်ချ မတ်ချ ဘယ်သူမှ မသိရဘူးဗျ၊ သူ့အဖေက ကျွန်တော့်ကို ခိုင်းလို့ ကိုလုံး နောက် ကိုလိုက်ပြီး ချော့ချော့မော့မော့ မေးတော့မှ ကိုလုံးက ကိုယ့်အဖေ ပစ္စည်းကိုယ်ယူတာ ဘာဖြစ်တတ်သလဲတဲ့ဗျ၊ ပြောင်ပြောင်ကြီး ဝန်ခံတယ်၊ ဝန်ခံပြီးသည့်နောက်တောင် ဘယ်သူ့ကိုရောင်းလိုက်တယ် ဆိုတာ သူက မပြောလို့ ကျွန်တော့်မှာ အများကြီးဒုက္ခခံပြီး ခြေရာကောက် ယူရတယ်ဗျ။ ဒါနဲ့ ဝယ်တဲ့ တရုတ်သူဌေးကြီး ချန်ဆူးလိုင်. . ရှိုင်ရယ် ဟိုတယ်မှာ တည်းခိုနေကြောင်း သိရကတည်းက ကျွန်တော့်မှာ မြန်မာ သူဌေး ဦးဘိုးတာနဲ့ တရုတ်သူဌေး ချန်ဆူးလိုင်နဲ့ နှစ်ယောက်အကြား မှာ အောင်သွယ်လုပ်ပြီး ကူးလိုက်- သန်းလိုက်ရတာ. . တစ်နေ့တည်း လေးငါးရှစ်ခေါက် ကျတယ်ခင်ဗျ. . ဦးဘိုးတာရဲ့ သွန်သင်ချက်အရ ကျွန်တော်က ချန်ဆူးလိုင်ကို ချောက်ချည်တစ်ခါ ချော့ချည်တစ်လှည့်၊ တောင်းပန်ချည်တစ်မျိုးနဲ့ အနည်းနည်းအဖုံဖုံ ကြိုးစားလိုက်ရတာဗျ. . ဘယ်လိုနည်းနဲ့မှ မရတော့ပါဘူး "

ဂုံ ။ ။ " ဘာကြောင့်လဲ ခင်ဗျ၊ မတရားအရောင်းအဝယ်ဖြစ် ကြောင်း ထင်ရှားသားပဲ၊ ရုံးတော်မှ တရားစွဲရင် သူ့ငွေပြန်ပေးပြီး ကိုယ့် လက်စွပ် ကိုယ်ပြန်ရရမှာပေါ့ ခင်ဗျ "



www.burmeseclassic.com

www.burmeseclassic.com



ဒိုး ။ ။ " ဒီလိုတော့ ဟုတ်သားပေါ့ဗျ၊ နို့ပေမယ့် ဒီလို လုပ်ပြန် တော့လည်း ကိုယ့်သားကို ခိုးမှုနဲ့ စွပ်စွဲရမလို ဖြစ်နေလို့ ဝှကျနေတာပေါ့ဗျ လက်စွပ်ကို နှမြောတယ်ဆိုပေမယ့် သားတစ်ယောက်လုံးရဲ့ အသရေကို ဆယ်ဖို့ကိစ္စက ရှိသေးတာကိုးဗျ၊ ဦးဘိုးတာက သူ့လက်စွပ် ဆုံးတန် အဆုံးခံရမယ်၊ ဒီလိုတော့လည်း မလုပ်ရက်ဘူးတဲ့ဗျ၊ ဒါကြောင့် ဦးဘိုးတာ က ကျုပ်ခေါ်ပြီး သူ့လက်စွပ်ကို တစ်နည်းနည်းနဲ့ ပြန်ရအောင်လုပ်ပေးဖို့ နိုင်းထားတယ်၊ ငွေဆိုတာတော့ အရေးမဟုတ်ပါဘူးတဲ့၊ ကုန်ချင် သ လောက်ကုန်ပါစေတဲ့။ ချန်ဆူးလိုင်ကိုလည်း ငွေယူဖို့ကျွန်တော် ပြောထား ပါသေးတယ်၊ သူကလည်း တစ်မျိုးခေါင်းမာတာပဲဗျ။ တတ်နိုင်လို့ ငွေတိ တောင်လို ပုံပေးတောင် ဒီလက်စွပ်ကိုတော့ ပြန်မပေးဘူးတဲ့ဗျ၊ သိပ်ကျပ် တဲ့ လူကြီးနှစ်ယောက်ပါပဲဗျာ. . "

ဂုံ ။ ။ " ဒါကြောင့်မို့ ဦးသာဝဒိုးက ဟိုကြော်ငြာတ သတင်းစာ ထဲမှာ ထည့်လိုက်တယ် ဆိုပါတော့. . "

ဒိုး ။ ။ " အကြံကုန် ဂဠုန်ဆားချက်ဆိုတဲ့ သဘောမျိုး စမ်းကြည့်လိုက်တာပဲဗျ "

ဂုံ ။ ။ " ဒီတော့ကာ ခင်ဗျားက ဒီလက်စွပ်ကို ချန်ဆူးလိုင် ဆီက ကျွန်တော်တို့ ခိုးပေးစေချင်တယ် ဆိုပါတော့ "

ဒိုး ။ ။ (မျက်နှာနီမြန်းသွားလျက်) " ခင်ဗျားတို့ကို မဆိုလို ဘူး၊ ခင်ဗျားတို့လိုလူက ဒီအလုပ်မျိုး မလုပ်ပေးဘူးဆိုတာ ကျွန်တော် သိပါတယ်။ သို့သော်- ဒီလိုရှိပါတယ်ဗျာ။ စင်စစ်တော့ ခိုးတာမဟုတ်ပါဘူး မတရားသဖြင့်ယူထားတဲ့ ပစ္စည်းတစ်ခုကို ပြန်ရအောင် ယူပေးတယ် လည်း ဆိုနိုင်ပါတယ်။ ပြီးတော့လည်း ဦးဘိုးတာက ဆုငွေ ၂၀၀၀ိ ပေး အပြင် ချန်ဆူးလိုင်လည်း သူ့ငွေ ၅၀၀၀ိ သူ့ပြန်ပေးဖို့ အဆင်သင့်ပါ





ခင်ဗျားတို့ သိတဲ့အတိုင်း ချန်ဆူးလိုင်ကလည်း သူ့လက်ထဲ ဒီပစ္စည်း ရောက်ခြင်းဟာ စင်စင်ကြယ်ကြယ် မဟုတ်လေတော့ တစ်ယောက် ယောက်က သုတ်သွားရင် ဆူဆူပူပူ လုပ်ဝံ့မည့်လက္ခဏာ မရှိပါဘူး၊ ညောင်မြစ်တူးတော့. . ပုတ်သင်ဉပေါ် ဆိုတာမျိုးပေါ့ဗျာ၊ ကျွန်တော့် အယူအဆကတော့ ခင်ဗျား တို့ ဆောင်ရွက်ပေးမည့် အလုပ်ဟာ ခိုးဝှက်တဲ့ အဓိပ္ပာယ် မရောက်ပါဘူး၊ ပိုနေမြဲကျားနေမြဲဆိုတဲ့ စကားလို ပစ္စည်းတစ်ခု သူ့ဥစ္စာရှင်ထံ ပြန်ရောက်အောင် ဆောင်ရွက်ပေးတဲ့ သဘောပါပဲ "

ဂုံ ။ ။ " ဥပဒေနဲ့ မကင်းလွတ်ဘူးလို့ ခင်ဗျားပဲ ပြောတာပဲ"

ကျွန် ။ ။ " စွန့်စားရမယ်ဆိုတဲ့ စကားလည်း ရှိသေးဗျား "

ဒိုး ။ ။ " ဒီအတွက် ကျွန်တော်တို့က တန်ရာတန်ဖိုး ပေးရမှာ ပေါ့ဗျ "

ဂုံ ။ ။ (ဦးခေါင်းကိုရမ်းလျက်) " တန်ရာတန်ဖိုးလို့ မဆိုနိုင်ပါ ဘူးဗျာ။ နည်းလွန်းပါတယ်။ မတော်တဆ မိသွားရင် တရားသူကြီးက ဒီ အတ္တုပ္ပတ္တိကို နားထောင်နေမှာ မဟုတ်ဘူးဗျ။ ခိုးမှုဆိုပြီး ထောင်ချ လိုက်မှာပဲ။ ငွေပြတ်နေကြတာတော့ ဟုတ်ပါရဲ့။ သို့သော် အကျိုးနဲ့ ဒုက္ခနဲ့ မျှပါဘူးဗျာ"

ဒိုး ။ ။ " ဒါဖြင့် ခင်ဗျားတို့ ဘယ်လောက် လိုချင်သလဲ "

ဂုံ ။ ။ " တစ်ယောက် ၅၀၀၀ိ-စီ၊ တစ်သောင်းထားလိုက်ဗျာ။ ဒီလို မြက်မြက်ကလေးရရင်ဖြင့် စွန့်လုပ်တန် လုပ်ရလိမ့်မယ် "

ဦးသာဝဒိုးလည်း ကျွန်တော်တို့နှစ်ယောက်ကို တစ်လှည့်စီကြည့် ပြီး စားပွဲကို လက်ချောင်းများနှင့် တဒေါက်ဒေါက်ခေါက်လျက် ရှိ၏။

ကြို့နောက်မှ. .



www.burmeseclassic.com

www.burmeseclassic.com



ဒိုး ။ ။ "တစ်သောင်းရရင်ဖြင့် ရအောင် လုပ်ပေးမယ်လား"

ဂုံ ။ ။ "အာမတော့ မခံနိုင်ဘူးဗျ၊ တတ်နိုင်သလောက်တော့ ကြိုးစားမှာပဲ"

ဒိုး ။ ။ "ခင်ဗျားတို့က လုပ်နေကျလည်း မဟုတ်"

ဂုံ ။ ။ "ဒါတော့မှန်တယ်၊ လုပ်နေကျတော့ မဟုတ်ပေဘူး"

ဒိုး ။ ။ "ငွေ ဒီလောက်ရမယ် ဆိုရင်တော့ ခင်ဗျားတို့ စွန့်မယ် ပေါ့လေ"

ဒဂုံတင့်လည်း ဦးခေါင်းညိတ်၍ ကျွန်တော့်အား လှမ်းကြည့်လိုက်သဖြင့် ကျွန်တော်ကလည်း "ဒီလောက်ရရင်တော့ ဖြစ်ချင်တာဖြစ် စွန့် လုပ်မယ်ဗျာ" ဟု ထောက်ခံလိုက်လေ၏။

ဒိုး ။ ။ "တစ်သောင်းတောင် ထုတ်ပေးဖို့တော့ ပြောမဖြစ်ပေ အား မှတ်တယ်"

ဂုံ ။ ။ "ဒါဖြင့်လည်း ဒိပြင်လူ ရှာပေဦးတော့ခင်ဗျာ"

ဒိုး ။ ။ "ခင်ဗျားတို့က တကယ် ပြောနေတာလား"

ဂုံ ။ ။ "တကယ်ကိုမှ တကယ်ပါ ခင်ဗျာ"

ဒိုး ။ ။ "တစ်ယောက် ၂-ထောင်စီ လောက်ဆို တော်ရော ပေါ့ဗျာ"

ဂုံ ။ ။ "မိသွားတော့ ခင်ဗျား ခံမှာလား"

ဒိုး ။ ။ "၃-ထောင်စီ ယူကြဗျာ"

ဂုံ ။ ။ "မလုပ်ရ အရှင်းဘဲ၊ တစ်ပြားမှ မလျှော့နိုင်ဘူး"

ဒိုး ။ ။ "ဒါဖြင့် မတော်တဆ အထမမြောက်ရင် တစ်ပြား မပေးဘူးနော်"

ဂုံ ။ ။ "တစ်ပြားမှမပေးနဲ့ လက်စွပ်ရလာခဲ့မှ ပေးပါ"





ဒိုး ။ ။ "ကိုင်း . . ဒါဖြင့် စိန်လိုက်ဗျာ"

ဤနောက် ဦးသာဂဒိုးသည် ကျွန်တော်တို့နှစ်ယောက်ကို ရိုမာနိ ဟိုတယ်ကလေးသို့ ခေါ်သွား၍ ချောင်ကျသော အခန်းကလေးထဲသို့ ဝင်ကြပြီးလျှင် အစားအသောက်များဖြင့် ဝတ်ပြုလေရာ ဦးသာဂဒိုးနှင့် ကျွန်တော်တို့မှာ ဘီယာတစ်လုံးပြီးတစ်လုံး သောက်ကြသော်လည်း ဒဂုံတင့် မူကား တစ်ခွက်တလေမျှသာ အဖော်ရရုံလောက် သောက်၍ အာလူးကြော်နှင့် စီးကရက်ကိုသာ စားရင်း-ဖွာရင်းနှင့် ငေးစိုက်နေလေ တော့၏။ နောက်ဆုံး၌ ဒဂုံတင့်သည် သူဌေး ဦးဘိုးတာ၏ နေအိမ်သို့ သွားဦးမည် ဆို၍ ထိုင်ရာမှထပြီးလျှင်-

ဂုံ ။ ။ "ကျွန်တော် စကားနည်းနေတာက တခြားကြောင့် မဟုတ်ပါဘူး ခင်ဗျာ။ စိတ်ကူးကလေးတစ်ခု ပေါ်လာလို့ ဖြစ်ပါတယ်၊ ကျွန်တော့် စိတ်ကူးကိုလည်း ခုချက်ချင်း ထုတ်ပြီး မပြောပါရစေနဲ့ဦး၊ ဘတ်ချင်မှ ဟုတ်မှာမို့ပါ။ ကျွန်တော့် ဝါသနာက စိတ်ကူး တစ်ခုခုပေါ်ရင် ပြီးခင် မပြောတတ်တဲ့ ဝါသနာရှိလို့ပါ။ ကိုင်း. . . ကျွန်တော် ဦးဘိုးတာနဲ့ သွား တွေ့ချင်လို့ ဦးသာဂဒိုးက စာကလေးတစ်ကြောင်းလောက် ရေးပေးလိုက် ပါ။ ခင်ဗျားကိုယ်တိုင် လိုက်ချင်လည်း လိုက်ခဲ့ပေါ့ ခင်ဗျာ။ သို့သော် ကိုယ်တိုင် လိုက်လို့ သိပ်အကြောင်းမထူးသေးပါဘူးလို့ ကျွန်တော် ထင်ပါတယ်"

ဦးသာဂဒိုးမှာ ဒဂုံတင့်၏ အပြုအမူကို ကျေနပ်ဟန်လက္ခဏာ မရှိသော်လည်း ဒဂုံတင့် (ဘလှသန်းတင်)ပြောသည့်အတိုင်း စာကလေး ရေးပေးလိုက်ရုံမျှနှင့် နစ်နာနိုင်စရာနည်းလမ်း မမြင်သည့်ပြင် အနည်းငယ် ကားပြောကြည့်ရုံမျှနှင့်ပင် ထင်သလိုလုပ်ရမှ ကျေနပ်ပုံရမည့်ဝါသနာကို သဘောပေါက်မိသည်နှင့် ဒဂုံတင့် တောင်းခံသည့်အတိုင်း ဦးဘိုးတာထံသို့



www.burmeseclassic.com

www.burmeseclassic.com



စာတစ်စောင် ရေးပေးလိုက်လေ၏။ ၎င်းစာတွင် လက်စွပ်ပြန်ရမှုအတွက် ကြိုးစားပေးမည့်လူတစ်ယောက် ဖြစ်ကြောင်းမျှထက်ပို၍ ထောက်ခံချက်လည်း မပါရှိချေ။

ဒဂုံတင့် ထသွားသောအခါ ကျွန်တော်ကိုယ်တိုင်မှာ ဒဂုံတင့်၏ ပြုမူပုံကို ဦးသာဂဒိုးကဲ့သို့ပင် မကျေမနပ်ရှိနေသော်လည်း 'ဘလှသန်းတင်' ၏ ခေါင်းမာခြင်းနှင့် လျှို့ဝှက်စွာ ဆောင်ရွက်တတ်ခြင်းတည်းဟူသော ဝါသနာအကြောင်းကို ထိုသူနားလည်စေရန် ပြောပြရလေ၏။ သို့ရာတွင် ကျွန်တော်၏မိတ်ဆွေမှာ အလုပ်တစ်ခုကို လုပ်တော့မည်ဆိုလျှင် အထေ မြောက်မချင်း လက်မလျှော့တတ်သည့် ဖွဲ့သတ္တိလည်း ရှိကြောင်းနှင့် ထောက်ခံပြောပြရလေ၏။ နောက်ဆုံး၌ ရွှေနေ ဦးသာဂဒိုးသည် မယုံ တစ်ဝက်ယုံတစ်ဝက်ဆိုသော မျက်နှာထားမျိုးနှင့် ကျွန်တော့်အား နှုတ် ဆက်၍ အကြံအစည်အောင်မြင်စေဖို့ ဆုတောင်းပြီးလျှင် ခွဲခွာသွားကြ လေတော့၏။

ထိုနေ့တစ်နေ့လုံး ကျွန်တော်သည် ဒဂုံတင့်နှင့် ထပ်မံတွေ့ဆုံခြင်း မရှိဘဲ ညနေခင်းအချိန်တွင်မှ တယ်လီဖုန်းဖြင့် ချိန်းဆိုလိုက်သည်ကို ကြား ရလေ၏။ ဒဂုံတင့်က "နက်ဖြန် ၁၂-နာရီလောက်မှာ ခင်ဗျားအိမ်က စောင့် နေပါ" ဟူသော မှာထားချက်မှတစ်ပါး တစ်စုံတစ်ရာ မေးမြန်း၍ မရတော့ ဘဲ တယ်လီဖုန်းကို ဖြတ်ပစ်လိုက်ရာ ကျွန်တော့်မှာ ၎င်း၏ဝါသနာကို သိပြီး ဖြစ်၍သာ အောင့်အည်းသည်းခံလိုက်ရလေတော့သည်။

နောက်တစ်နေ့၌ ကျွန်တော်သည် နံနက်စာ စားပြီးကတည်းက ပြတင်းပေါက်အနီးတွင် ထိုင်ကာ ဒဂုံတင့်ကို စောင့်မျှော်လျက်ရှိရာ ၁၂ နာရီခွဲသည်နှင့် တစ်ပြိုင်နက် တိုက်ရှေ့တွင် တက္ကစီတစ်စီး ဆိုက်လာ၍ ကားပေါ်မှ ခုန်ဆင်းချလာခဲ့သော ဒဂုံတင့်ကို တွေ့မြင်ရလေ၏။ အခန်း





ထဲသို့ ဝင်လာ၍ "၅-မိနစ်ပဲ အချိန်ရှိတယ် မန်းတင့်ရေ" ဟု ဆိုကာ လားထိုင်တစ်လုံးပေါ်သို့ ပစ်လှဲ၍ ထိုင်ပြီးနောက် ဒဂုံတင့်သည် ဆေးလိပ်ကရက်မီးခိုးများအကြားမှ ၎င်း၏ အစီအစဉ်များကို ကျွန်တော့်အား ရှင်းလင်းပြောပြလေ၏။

ဂုံ ။ ။ "ကျုပ်တော့ ဖုတ်ပူမီးတိုက်ချည်း စိမ်လိုက်ရတာ ခြေလည်သွားတာပဲ မန်းတင့်ရေ၊ မနေ့က ရိုမာနီဟိုတယ်မှာ ခင်ဗျားတို့ အတူ စားသောက်ရင်း ကျုပ် ကြံစည်ထားတဲ့ စိတ်ကူးအတိုင်း ပထမ အလုပ်က တရုတ်သူဌေး ချန်ဆူးလှိုင်နဲ့ တွေ့အောင် ဘယ်လိုလုပ်ရပါ့မလဲ စဉ်းစားဖို့လိုတယ်။ သူ တည်းခိုတဲ့ ရှိုင်ရယ်ဟိုတယ်ဆိုတဲ့ နေရာမျိုးဟာ အပြင်ဘက်က ကြံစည်လို့ မဖြစ်နိုင်ဘူးဗျ၊ အတွင်းက ပူးပြီး ကြံစည် ဖြစ်နိုင်မယ်၊ သူနဲ့တွေ့ဖို့ ကြံစည်ပြီးတဲ့နောက် ဒီငမောက် ပတ္တမြားကို ဘယ်လိုနေရာမှာ သူ ဝှက်ထားတယ်ဆိုတာ သိရအောင် ဥပါယ်တံမျဉ်နဲ့ အလုပ်လုပ်ဖို့လိုတယ်။ ပတ္တမြားကို အပျင်းပြေ ကြည့်ပါရစေ ဆိုလို့လည်း မဖြစ်နိုင်ဘူး။ ဦးဘိုးတာဆီက လွှတ်လိုက်တဲ့လူဆိုရင်လည်း သာပြီးဝေး တော့မှာပဲ။ ဒီဟာ စဉ်းစားနေတဲ့အတွက် ရိုမာနီဟိုတယ်မှာ ခင်ဗျားတို့နဲ့ စားတုန်းသောက်တုန်းက ကျုပ် ဒါလောက် နှုတ်ဆိတ်နေတာ ပေါ့ဗျ။ နောက်ဆုံးမှာ ကျုပ် ဘယ်လို အကြံတစ်ခုရသလဲဆိုတော့ ကျောက်နီ (ပတ္တမြား)လက်စွပ် ကောင်းကောင်းတစ်ကွင်း ရနိုင်လို့ရှိရင် ချန်ဆူးလှိုင် ရဲ့ လက်စွပ်နဲ့ ယှဉ်ကြည့်ဖို့ အခွင့်ကောင်းရရင် ဖြစ်နိုင်လောက်တယ်လို့ ကျုပ် စဉ်းစားမိတယ်၊ ပစ္စည်းအစစ် အကောင်းတစ်ခု လက်ကိုင်ပြုထားတဲ့ ပိုင်ရှင်တစ်ယောက်ဟာ ကိုယ့်ပစ္စည်းစစ်ကြောင်း၊ မှန်ကြောင်းကို ပြချင် တတ်တဲ့ ဝါသနာရှိတတ်တာကိုးဗျ။ ဒါနဲ့ တခြားလူဆီမသွားဘဲ ဦးဘိုးတာ ဆီသွားပြီး ကျောက်နီ လက်စွပ်တစ်ကွင်း ငှားရတာပေါ့ဗျ။ ဦးဘိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့ငမောက်ပြန်ရအောင် လုပ်ပေးမယ့်လူဆိုတော့ ဝမ်းသာအား
ရ လက်သင့်ခံစကားပြောပြီး တတ်နိုင်သမျှ အကူအညီပေးပေတာကိုး။
ဦးသာဂဒိုးပြောတဲ့အတိုင်း သူ့ဆီမှာ မတော်တဆ ခားပြတိုက်ခဲ့လို့ရှိရင်
ထုတ်ပေးရအောင်လုပ်ထားတဲ့ အတုတွေ အများကြီးရှိတယ်ဗျ။ လူကြီးက
တော်တော်ဉာဏ်သွားတယ်။ အစစ်တစ်ခုရှိရင် အတုတစ်ခုလုပ်ပြီးသား
ရှိတော့တာပဲ။ ဥပမာ မြဘယက် အသစ်တစ်ခုရှိရင် ၎င်းနဲ့ ဆင်တူယိုးမှား
အတုတစ်ခုလည်း ရှိတော့တာပဲ။ နီလာရော၊ မြရော၊ ပတ္တမြားရော
အားလုံး တစ်ခုစီတစ်ခုစီ အတုတွေနဲ့ချည်းပဲဗျ။ သူ့အကြံက သတင်း
ထားတဲ့ ခားပြက လာတိုက်လို့ရှိတောင် အစစ်ကို မပေးဘဲ အတုတွေ
ထုတ်ပေးမယ်ဆိုတဲ့ သဘောဗျ။ ဒါနဲ့ တိုတိုပဲပြောတော့မယ်။ ချန်ဆူးလှိုင်
ကို ရောင်းလိုက်တဲ့ ငမောက်ပတ္တမြားလက်စွပ်ကို တစ်တိုင်းတည်းလုပ်ထား
တဲ့ လက်စွပ်တစ်ကွင်း ကျုပ်တွေ့ခဲ့ရတာကိုး ဗျ"

ကျွန် ။ ။ "ဒါနဲ့ အဲဒီလက်စွပ်နဲ့ ခင်ဗျားက ချန်ဆူးလှိုင်ဆီ
သွားပြီး မိတ်ဆွေဖွဲ့ရော ဆိုပါတော့ဗျာ"

ဂုံ ။ ။ "အစစ်ပဲ ကျုပ်က ခင်ဗျားသိတဲ့အတိုင်း လိမ်စရာ
ရင် ယုတ္တိယုတ္တာရှိအောင် ဖြီးတဲ့သန်းတဲ့အတတ် တတ်ထားလေတော့
ချန်ဆူးလှိုင်က ကျုပ်နဲ့ စကားပြောရပြောရချင်း ကျုပ်ကို သိပ်သဘော
နေတာပေါ့ဗျာ။ ကျုပ်က ဘယ်လို ပြောသလဲဆိုတော့ မိုးကုတ်မြို့
'ငမောက်'ဆိုတဲ့ ပတ္တမြားနှစ်လုံးထွက်ဖူးကြောင်း။ ၎င်းနှစ်လုံးအနက်
တစ်လုံးဟာက သီပေါဘုရင်နဲ့ အတူပါသွားလို့ ဗြိတိသျှပြတိုက်ထဲ ရော
နေကြောင်း။ ကျန်တစ်လုံးဟာက ပွဲစားကြီး တစ်ယောက်လက်ထဲ ရော
သလိုလို ဆွေတော်မျိုးတော်တစ်ပါး (မက္ခရာမင်းသား)ဆိုလား လက်
ရောက်သလိုလို အငြင်းအခုံဖြစ်နေကြောင်း။ အကယ်၍ တစ်ယောက်တ





လုံးစီရှိနေကြရင် တစ်ယောက်ယောက်ရဲ့ ပစ္စည်းသာ အစစ်အမှန်ဖြစ်နိုင်
ကြောင်း။ ဒါကြောင့် တစ်လုံးနဲ့တစ်လုံး ယှဉ်ကြည့်ရအောင် မင်းသားဆီ
က ပတ္တမြားကို ယူလာခဲ့ကြောင်း ပြောပြတာကိုးဗျ။ ဒီလိုပြောလိုက်ရင်ပဲ
ချန်ဆူးလှိုင်က 'ဒေါစ' ကြီးပြီး သူ့လက်ထဲရောက်နေတဲ့ လက်စွပ်ကို
ထုတ်ပြတော့တာကိုးဗျ။ လက်စွပ်ကို တစ်မိုက်လောက်ရှိတဲ့ သံမဏိ
သေတ္တာကလေးထဲထည့်ပြီး ခရီးဆောင် ဂုံးသေတ္တာကြီး တစ်လုံးထဲ
ထည့်ထားတယ်ဗျ။ ဒါနဲ့ သူက သေတ္တာကလေးယူပြီး လက်စွပ်ကိုထုတ်၊
ကျုပ်မှာပါသွားတဲ့အတုနဲ့ နှိုင်းယှဉ်ပြီး ကြည့်နေတုန်း ကျုပ်က ဘာလုပ်
တယ်သလဲ၊ သူ့ ခရီးဆောင်သေတ္တာကြီးမှာ ခတ်ထားတဲ့ အာမခံ
(Chabb's) သော့ခလောက်ကို မယောင်မလည်ကိုင်ပြီး လက်ထဲမှာ ကပ်
ပါလာတဲ့ ဖယောင်းနဲ့ သော့ပုံစံယူတာကိုးဗျ။ ချန်ဆူးလှိုင်ကတော့
လက်စွပ်နှစ်ခု ယှဉ်ကြည့်တဲ့ပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်လေဗျာ။
ဘယ်ဒင်းက အစစ်၊ ဘယ်ဒင်းက အတုလို့ ငြင်းနေရအောင် ဘယ်
လောက်များ တူလို့လဲတဲ့။ စိန်တွေရံပြီး မျက်ခြယ်ကွင်းထားပုံ တူပေမယ့်
ပတ္တမြားချင်း ဘယ်လောက် ကွာသလဲတဲ့။ ကျုပ်မျက်စိ အောက်မှာ သူ
ဘယ်တိုင် ယူပြသေးတယ်။ ကျုပ်ကို နှစ်ကွင်းလုံးယှဉ်ကြည့်ဖို့ အပ်လိုက်
ရင်တော့ ကျုပ်က လက်လည်လည်နဲ့ လဲယူဖို့ စိတ်ကူးသေးတယ်။
ဒါပေမယ့် ပေါက်ဖော်ကြီးက ပါးလွန်းလို့ ကျုပ်လက်ထဲကို နှစ်ကွင်းလုံး
မအပ်ဘူးဗျ။ သူ့ဟာသူ ယှဉ်ပြပြီး အတုကို ကျုပ်လက်ထဲပြန်ထည့်တယ်"

ကျွန် ။ ။ "နေပါဦးဗျ၊ ချန်ဆူးလှိုင်က ဘယ်လို ထောင်ကဲလဲ"

ဂုံ ။ ။ "ဒီလိုတဲ့ဗျ၊ ဒီတရုတ်ကြီးက မြန်မာပြည်မှာ နှစ်ပေါင်း
(၂၀)ကျော် (၃၀)လောက် စီးပွားရှာပြီး သူဌေးဖြစ်လို့ ပြည်ကြီးပြန်သွားတဲ့
နောက် မြန်မာပြည်ကို တစ်ခေါက်နှစ်ခေါက် အလည်လာရာမှာ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



က ထောင်ကဲတွေနဲ့ ပုလဲနံပ မသင့်လေတော့ ရှိုင်ရယ်ဟိုတယ်မှာ တည်း နေတုန်း ကျုပ်တို့ ကိုလုံးနဲ့ ဆုံမိကြလို့ လက်စွပ်ကို ဝယ်ယူ လိုက်တာဆိုကိုး ကိုလုံး ဆိုတဲ့လူကလည်း ကျောက်နီလက်စွပ်တစ်ကွင်း ငွေ ၅၀၀၀-ရတယ် ဆိုတော့ ဟုတ်လှပြီဆိုပြီး ရောင်းလိုက်တဲ့ လက္ခဏာပဲ"

ကျွန် ။ ။ " ဒီကိစ္စမှာ ကျုပ်တာဝန်က ဘာလဲဗျာ "

ဂုံ ။ ။ " ခင်ဗျား တာဝန်က ဒီကနေ့ည ချန်ဆူးလိုင်နဲ့ ရှိုင်ရယ်ဟိုတယ်မှာ ညစာထမင်းစားဖို့ အလုပ်ရှိတယ် "

ကျွန် ။ ။ " အလိုလေးဗျာ ဘယ့်နှယ်လုပ်တာတုန်း ကျုပ်နဲ့ မသိဘဲနဲ့ "

ဂုံ ။ ။ "ပေါက်ဖော်ကြီးက ကျုပ်စကားပြောကောင်းတေ တော့ လေစပ်တည့်ပြီး ထမင်းစားဖို့ဖိတ်ရာမှာ ကျုပ်က တစ်ယောက်တည်း လာလို့ မဖြစ်အူး၊ သူငယ်ချင်းတစ်ယောက် ရှိပါသေးတယ်ဆိုတာနဲ့ ခင်ဗျား ကိုပါ ခေါ်ခဲ့ပါတဲ့ ဖိတ်လိုက်တယ်၊ ဒါပေမယ့် ကျုပ် မလိုက်နိုင်ဘူးဗျ ခင်ဗျား တစ်ယောက်တည်း သွားစားရလိမ့်မယ် "

ကျွန် ။ ။ " မဟုတ်တာဘဲဗျာ. . ကျုပ်နဲ့မှ မသိဘဲနဲ့ ကျုပ် တစ်ယောက်တည်းသွားလို့ ဘယ့်နှယ် ဖြစ်နိုင်ပါ့မလဲဗျ "

ထိုအခါ ဒဂုံတင့်သည် ကျွန်တော်၏စကားကို အဖြေမပေးဘဲ ပြုံး စိစိမျက်နှာထားနှင့် ကြည့်နေလေ၏။ ထို့နောက်မှ. . .

ဂုံ ။ ။ " ထောင်ကဲကြီးက စားပွဲစားတော့ အများစားတဲ့ အခန်းမကြီးထဲ ဆင်းမစားဘူးတဲ့ဗျ၊ သူ့အိပ်ခန်းနဲ့ ကပ်နေတဲ့ ဧည့်ခန်းထဲ မှာ ပြင်ကျွေးရသတဲ့။ စားတော့လည်း ဟိုတယ်ကဟာ မစားဘူးတဲ့ တရုတ်ဟိုတယ်က စားစရာတွေ မှာစားသတဲ့။ ဒီတော့ ခင်ဗျားက စကား တွေ လေမပြတ်အောင် ခုနစ်စဉ်အမျှင်တန်း လျှောက်ပြောပေတော့ ကြား





လား"

ထိုအခါ ကျွန်တော့်မှာ ဒဂုံတင့်၏ အကြံအစည်ကို ရိပ်မိလေတော့ ၏။ ၎င်းကား အခြားမဟုတ်၊ ကျွန်တော်နှင့်ထောင်ကဲကြီးတို့ စားပွဲစားနေ ခိုက်တွင် ဒဂုံတင့်က အိပ်ခန်းထဲမှ လက်စွပ်ကို အလစ်သုတ်ရန်ဖြစ်လေ သည်။

ကျွန် ။ ။ " မတော်လို့ သိသွားရင် ဘယ့်နှယ် လုပ်ပမယ်ဗျာ. . "

ဂုံ ။ ။ " မသိရစေပါဘူးဗျ စိတ်သာချပါ "

ကျွန် ။ ။ " ခင်ဗျားဟာ လွန်လွန်းလှချေလားဗျာ ဇက်ရဲလွန်း အားမကြီးဘူးလား "

ဂုံ ။ ။ " တစ်ယောက် ငါးထောင်စီဆိုတဲ့ အလုပ်ဟာ ဘယ်မှာ သိပ်ချောင်နိုင်မှာလဲဗျ။ စွန့်ရတဲ့အချက်တော့ ပါပေမှာပေါ့. . "

ကျွန် ။ ။ " ဟိုဘက်အခန်းမှာ တစ်ယောက်က သူ့ပစ္စည်းကို အလစ်သုတ်နေခိုက် ဒီဘက်အခန်းမှာ သူ့စိမ်းတစ်ယောက်နဲ့ စကား ည်ဆွဲပြီး ပြောနေဖို့အလုပ်က ခဲယဉ်းလိုက်တာဗျာ "

ဂုံ ။ ။ " ခဲယဉ်းပေမယ့် တစ်ယောက် ၅၀၀၀-စီကိုး ဆရာ ကြီးရဲ့"

ကျွန် ။ ။ " ကျုပ်ဖြင့် မျက်နှာမထားတတ်တာနဲ့ ပေါ်ကုန်ပါလိမ့် မှာ "

ဂုံ ။ ။ " ခင်ဗျား ဒါလောက် မညံ့ပါဘူး. . ကျုပ် သိပါတယ်။ ဒီယ့်ကိုယ်ကိုယ် အထင်မသေးပါနဲ့"

ကျွန် ။ ။ " ဘယ်အချိန်လောက် ကျုပ် သွားရမှာတဲ့လဲ "

ဂုံ ။ ။ " (၇) နာရီတိတိ ရောက်အောင် သွားပေတော့၊ ဒီရောက်တော့ ကျုပ်က လွှတ်လိုက်တယ်လို့ပြော ခင်ဗျား ရောက်ပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက် ကျုပ်မလာနိုင်တဲ့အကြောင်းကို တယ်လီဖုန်းနဲ့ ပြောလိုက်မယ် မကြောက်ပါနဲ့ဗျ၊ ပေါက်ဖော်ကြီးက သိပ်စကားများတဲ့ လူကြီးပါ။ ခင်ဗျား က တစ်ခွန်းတလေလောက် တစ်ချက်တစ်ချက် ထောက်ပေးရင် သူဟာ သူ လျှောက်ပြောပါလိမ့်မယ်၊ သို့သော်. . ငမောက်ပတ္တမြား အကြောင်း ဆီ စကားမရောက်အောင် တတ်နိုင်သမျှ ခင်ဗျားက လမ်းလွှဲပေးနော် မတော်လို့များ သူက ခင်ဗျားကို သူ့လက်စွပ်ပြပါရစေများ လုပ်နေရင် ခင်ဗျားက မအားလပ်ပါဘူးဆိုပြီး အတင်းသာ ထ,လာခဲ့ပေတော့ "

ကျွန် ॥ ॥ " ဒီပြင် ဧည့်သည်တွေများ ဖိတ်ထားရင်ကောဗျ "

ဂုံ ॥ ॥ " မဖိတ်ပါဘူး. . ခင်ဗျားရယ်၊ ကျုပ်ရယ်၊ သူရယ် (၃) ယောက်ထဲ စကားဆွေးနွေးကြဖို့ တမင်စီစဉ်ထားတာပါဗျ "

ကျွန် ॥ ॥ " နောက်ပြီးတော့ ကျုပ် ဘယ်လာခဲ့ရမှာလဲ "

ဂုံ ॥ ॥ " ဦးဘိုးတာရဲ့ တိုက်ကို လာခဲ့ပေတော့၊ ကျုပ် အဲဒီ စောင့်နေမယ် "

ဒဂုံတင့်လည်း ထိုင်ရာမှထ,၍ သွားတော့မည် ပြုသည်တွင်. . .

ကျွန် ॥ ॥ " (၇) နာရီဆိုတော့ အချိန်တွေ ရှိပါသေးတယ် ကျုပ်ကို စည်းဝါးကိုက်အောင် သင်ပေးနိုင်ပါသေးတယ်၊ နောက်ထပ် တစ်ခေါက်လောက် မတွေ့ရတော့ဘူးလားဗျ၊ ကျုပ် သိပ်ပြီး စာမကျေ ဘူးဗျနော်၊ တော်တော်ကြာ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ပါလိမ့်မယ် ကျုပ်အသည်းထိတ်လှချေရဲ့ဗျ. . "

ဂုံ ॥ ॥ " ကိုယ့်ဟာကိုယ် အထင်မသေးပါနဲ့လို့ ဆိုဗျ၊ ခင်ဗျား ဒီလောက် မညံ့ပါဘူးဗျ။ ကျုပ်နဲ့ နောက်ထပ်တွေ့ဖို့ မဖြစ်တော့ဘူး ဆ ရေး၊ ကျုပ်မှာ လုပ်စရာတွေ အပုံကြီး ရှိတယ်။ ကိုင်း. . နားလည် နော် ကိစ္စပြီးရင် ပွဲစားဦးဘိုးတာရဲ့တိုက်ကို လာခဲ့ပေတော့၊ ကျုပ် မရော





သေးတောင် စောင့်သာနေ. . ဦးဘိုးတာကို ခင်ဗျားအကြောင်း ကျုပ်ပြော ပြီးသားပဲ. . တာ့တာ "

ဒဂုံတင့်လည်း ကျွန်တော့်ကို နှုတ်ဆက်၍ ဆင်းသွားလေရာ ကျွန်တော့်မှာ ဆောင်ရွက်ရမည့် အလုပ်အတွက် မျက်နှာကို မရဲသည်နှင့် နှင်ထဲတွင် တနွေးနွေး ရှိနေလေ၏။ အမှန်ကို ဆိုရလျှင် တစ်ယောက် တစ်ဝက်ယူရမည့် အလုပ်တစ်ခု၌ ကျွန်တော်၏တာဝန်မှာ ဒဂုံတင့်၏ တာဝန်ကို နှိုင်းစာလျှင် ပြောပလောက်အောင် မရှိဘဲ တစ်ခါမျှ မတွေ့ဘူး သော ထောင်ကဲတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ထိုင်၍ စကားပြောရ ခြင်း တည်းဟူသော အလုပ်မျှသာ ဖြစ်ပေရကား ညည်းတွားခြင်းငှာ ထိုက်ပေ။ သို့နှင့်ပင် ကျွန်တော့်မှာ ငွေ ၅၀၀၀ိ-ကို မက်မောမိသော်လည်း သက်မခံမိလျှင် ကောင်းလေစွ ဟူ၍ မကြာခဏ အကြံဖြစ်ပေါ်မိလေ၏။

ကျွန်တော်သည် ထိုနေ့ညနေတွင် ချန်ဆူးလိုင်နှင့်တွေ့ရမည့် အရေးအတွက် စိတ်ထဲ၌ ပြင်ဆင်လျက် အဆက်မပြတ်စေရအောင် စကားပြောနိုင်စေရန် မြန်မာနှင့်အင်္ဂလိပ် ပုံတိုပတ်စ,မျိုးကို တွေးတော ကြံကူးနေမိ၏။ ကျွန်တော်၏အလုပ်မှာ ချန်ဆူးလိုင်အား အိပ်ခန်းဆီသို့ ခြင်စေ၊ ငမောက်ပတ္တမြား အကြောင်းသို့ဖြစ်စေ စိတ်အာရုံမရောက်စေ ခြင်းငှာ စိတ်ဝင်စားလောက်သော စကားတို့ဖြင့် ဆွဲငင်ထားရန် ဖြစ်ပေရ ား၊ အထိုက်အလျောက် စကားပြောတတ်သည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မိစေကာမူ၊ တမင်ပြောရမည် ဆိုသောကြောင့် ဖြစ်မှုဖြစ်ပါမည် လောဟု ပူပန်မိ၏။ ထိုအတောအတွင်း၌ တရုတ်ပြည်မန်ချူးဘုရင်ဆက် ဒေါက်တာဆွန်ယက်ဆင်တို့၏ အတ္ထုပ္ပတ္တိများကိုလည်း အင်္ဂလိပ် အုပ်များတွင် မွှေနှောက်ဖတ်ရှုထားသေး၏။

(၆) နာရီခွဲသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ရေချိုးအဝတ်



www.burmeseclassic.com

www.burmeseclassic.com



လဲ၍ ရှိုင်ရယ်ဟိုတယ်သို့ ထွက်လာခဲ့သဖြင့် (၇) နာရီတိတိတွင် ဟိုတ
သို့ ဆိုက်ရောက်လေရာ ဟိုတယ်မန်နေဂျာနှင့်လည်း မျက်နှာ တန်း
သည်နှင့် တရုတ်ညှေ့သည် ချန်ဆူးလှိုင်၏ ဖိတ်ခေါ်ချက်အရ လာရော
ရခြင်း ဖြစ်သည်ဟု ပြောပြသည်တွင် မန်နေဂျာသည် ဘွိုင်တစ်ယော
ကိုခေါ်၍ ချန်ဆူးလှိုင် ရှိသော အထက်ထပ်သို့ လိုက်ပို့စေ၏။ ချန်ဆူးလှိုင်
၏ ညှေ့ခန်းသို့ ရောက်၍ ၎င်းနှင့် တွေ့ဆုံမိရာတွင် အသက် (၅၀)ကျော်
အရွယ်ရှိ ယပ်တောင်ကလေးကိုကိုင်ကာ ပိုးဘောင်းဘီပွကြီးနှင့် ပြည်ကြီး
သား အမူအရာရှိသော ချန်ဆူးလှိုင်သည် ကျွန်တော့်အား နေရာထိုင်ခင်း
ပေး၍ ဦးဘလှသန်းတင်တစ်ယောက် မပေါ်လာသေးသည့် အကြောင်း
ဖြင့် စကားစ,လေတော့၏။

လှိုင် ။ ။ "ကျောက်စိမ်းလက်ကောက် ကောင်းကောင်း ရှိတယ်
.. သူကိုယ်တိုင် ယူလာမယ်ဆိုလို့ ကျွန်တော် စောင့်နေတယ်။ လာလုပ်
ထင်တယ် ထိုင်ပါထိုင်ပါ "

ကျွန်တော်သည် ဒူးများ မတုန်စေရန် သတိထားလျက် စားပွဲအနီး
၌ရှိသော ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်နှင့် ထောင်ကဲကြီး
အတွက် တယ်လီဖုန်းလာသည် ဆိုသဖြင့် ထောင်ကဲကြီးသည် နေရာ
ထသွားလေရာ၊ မကြာမီ မသာယာသော မျက်နှာထားနှင့် ပြန်ဝင်လာ
လေ၏။

လှိုင် ။ ။ "အားကြီး ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားမိတ်ဆွေ ဦးဘလှ
သန်းတင်က မလာနိုင်ဘူးတဲ့ တယ်လီဖုန်း ဆက်လိုက်တယ်။ ဆွေမျိုး
တစ်ယောက် အားကြီးနေမကောင်းဘူးတဲ့၊ ချက်ချင်း လိုက်သွားရပါတယ်
တဲ့ သူ့ဆွေမျိုး ဘယ်သူလဲဗျ "

ကျွန် ။ ။ "ကျွန်တော် မသိဘူးဗျ "





လှိုင် ။ ။ "ဘယ့်နှယ် ခင်ဗျားနဲ့ သွေးချင်းဆို "

ကျွန် ။ ။ "သွေးချင်းပေမယ့် ဆွေမျိုးတွေတော့ ကျွန်တော် မသိဘူး ခင်ဗျ "

လှိုင် ။ ။ "ခင်ဗျားတို့ မြန်မာလူမျိုးက တစ်မျိုးပဲ၊ ကျွန်တော်တို့ ဘရုတ်လူမျိုးဟာ သွေးချင်းဆိုရင် အဖေ အမေ အဘိုး အဘွားတောင် သိရတယ်ဗျ "

ကျွန် ။ ။ "မြန်မာများလည်း တောမှာတော့ ဒီလိုပါပဲ။ မြို့မှာတော့ သွေးချင်းဆိုပေမယ့် တစ်ယောက်ချင်း သိကြတာပဲ ခင်ဗျ"

လှိုင် ။ ။ "သူမလာရင်လည်း မတတ်နိုင်ဘူးလေ၊ ကျွန်တော်တို့ ဘားကြရုံပေါ့။ တရုတ်ဆိုရင် စားပြီးမှ သွားမှာပဲ။ မြန်မာဆိုတော့ မစားဘဲ သွားတယ် အားကြီးထူးဆန်းတာပဲ .. ဦးဘလှသန်းတင် လူကောင်း ဘစ်ယောက်ပဲ။ ကျွန်တော် အားကြီးစဘောကျတယ်။ ကောင်းကောင်း ဘားစရာ ကျွေးချင်တယ် သူမလာဘူး ကျွန်တော် မတတ်နိုင်ဘူး "

၎င်းနောက် ချန်ဆူးလှိုင်သည် တရုတ်ဟိုတယ်မှ ပို့လိုက်သော ဘားစရာများကို တရုတ်အစေခံတစ်ယောက်အား စားပွဲတွင် တည်ခင်းစေ၍ အင်္ဂလိပ်အရက် တရုတ်အရက်များနှင့်တကွ ပြင်ဆင်ပေးခဲ့ပြီးလျှင် အစေခံလည်း အခန်းပြင်သို့ ထွက်သွားလေ၏။

ကျွန်တော်တို့ စားသောက်ကြစဉ် ချန်ဆူးလှိုင်သည် မြန်မာပြည်၌ ဗီးပွားရှာခဲ့ပုံ အခြင်းအရာများ အကြောင်းကို ပြောပြ၍ တစ်ခွက်ထက်တစ်ခွက် အရက်မူး၍-မူး၍ လာသည်တွင် မြန်မာပြည်၌ စီးပွားရှာရခြင်း အလုပ်မှာ လူသေလက်မှဖြေ၍ ယူရခြင်းကဲ့သို့ ပြည်ကြီးသားများအဖို့၌ သွယ်ကူချောင်ချိလှသည် ဆိုရကား ကျွန်တော့်မှာ မြန်မာကို လူညံ့ထား၍ ပြောသောစကားများအတွက်ကြောင့် ၎င်းထံမှ ခိုးယူရန် အကြံပြုမိသည်

www.burmeseclassic.com



အတွက် အားနာမိသောစိတ်တို့သည် တစ်ခဏထက်တစ်ခဏ ကွယ်ပျောက်သွားလေတော့၏။ ထိုထက် မူးယစ်လာပြန်သောအခါ . . .

လှိုင် ။ ။ " ခင်ဗျားတို့ မြန်မာပြည်က ပြည်ကလေး။ ကျွန်တော်တို့ တရုတ်ပြည်က ပြည်ကြီး။ မြန်မာကုန်သည်က လူကလေး၊ တရုတ်ကုန်သည်က လူကြီး။ ဒီတော့ ကျွန်တော်တို့တရုတ်များ ဒီပြည်မှာ အလုပ်လုပ်ရတာ အားကြီးလွယ်ကူတယ် မိတ်ဆွေ . . . ဟီး,ဟီး,ဟီး, ကျွန်တော်တို့ကို ခင်ဗျားတို့ ဘာနိုင် နိုင်မလဲ . . . ဟီး,ဟီး,-ဟီး,ဟီး, တရုတ်လူမျိုးတစ်ယောက် ပြည်ကြီးက ရောက်လာတယ်။ ဘာလုပ်သလဲ. . . ခေါက်ဆွဲရောင်းတယ်၊ တို့ဟူးရောင်းတယ်။ (အညာမှာ) မြီးရှေရောင်းတယ်၊ ပိုက်ဆံနည်းနည်း စုတယ်၊ တော်တော်ကြာ ဆိုင်ကလေး ဖြစ်လာတယ်။ လေးနှစ် ငါးနှစ်ကြာရင် ဆိုင်ကြီးဖြစ်တယ်၊ ဆယ်နှစ် ဆယ့်ငါးနှစ် ကြာရင် ကုန်စုံဆိုင်ကြီး ဖြစ်လာတယ်။ ဒီနောက် သောင်ကဲကြီး ဖြစ်တယ်၊ ဘယ်က ပိုက်ဆံလာသလဲ ပြည်ကြီးက မဟုတ်ပါဘူး၊ ခင်ဗျားတို့ မြန်မာပြည်က ပိုက်ဆံပါပဲ ဟီး,ဟီး, ဟီး,ဟီး. . . "

ကျွန်တော်သည် တရုတ်၏ လုံ့လဝီရိယနှင့် မြန်မာ၏ လက်ဖွာခြင်းနှင့်ပတ်သက်၍ ဋီကာဖွင့်နေသည့် အထက်ပါစကားမျိုးတို့ကို ကရားရေသွန် ပြောလျက်ရှိသည်ကို နားထောင်လျက်ရှိစဉ် မခံချင်သောစိတ်ထက် ကျွန်တော်တို့၏ အကြံပျက်မည့် စိုးရိမ်မှုက ပိုမိုလျက်ရှိသည်နှင့် ချန်ဆူးလှိုင်၏ အိပ်ခန်းဆီသို့သာလျှင် နားတစွင့်စွင့် ရှိနေမိလေ၏။ တစ်ခါက ၎င်းအခန်းထဲမှ ချောက်ခနဲ အသံကြားလိုက်ရသည် ထင်သဖြင့် ဒိတ်ခနဲ ဖြစ်သွား၍ အရက်ငှဲ့သောလက်သည်ပင် ဆတ်ခနဲ တုန်သွားသေး၏။ သို့သော် ချန်ဆူးလှိုင်က ဂရုမထားဘဲ အတွင်သာ စကားပြောသည်တို့ တွေ့ရသဖြင့် သက်သာရာ ရသွားလေတော့၏။





၎င်းနောက် မိနစ်အနည်းငယ်ကြာပြန်သောအခါတွင်မူကား ချန်ဆူးလှိုင်သည် ထိုင်ရာမှ ရုတ်တရက်ခုန်ထ၍ အိပ်ခန်းဝသို့ သွားကြည့်လေရာ ကျွန်တော့်မှာ ဘုရားကိုသာ တသ,နေမိတော့၏။ သို့ရာတွင် ချန်ဆူးလှိုင်သည် စိတ်ကျေနပ်သော အမူအရာနှင့် ထိုင်မြဲတိုင်းပြန်၍ ထိုင်သောအခါတွင်မှ ကျွန်တော့်မှာ ဟီးချမိတော့၏။ သို့နှင့်ပင် စိတ်အေးသည် မဟုတ်ဘဲ တငွေးငွေး တဆတ်ဆတ် ခုန်လှုပ်သော ရင်ဘတ်ရှိသေးသည်သာ ဖြစ်၏။

လှိုင် ။ ။ (နေရာတွင်ပြန်ထိုင်လျက်) " ကျွန်တော်က ချောက်ခနဲ ကြားလိုက်သလိုလို ရှိလို့ဗျာ။ ကိုယ့်စိတ်က ကိုယ့်ခြောက်တာ ထင်ပါရဲ့၊ အခန်းထဲမှာ အဖိုးတန်ပစ္စည်း ရှိတယ်ဗျ၊ ဦးဘလှသန်းတင်က ခင်ဗျားကို ပြောမပြဘူးလား "

ကျွန်တော်သည် ငမောက်ပတ္တမြားဆီသို့ စကားစပ်မရောက်စေခြင်းငှာ မြန်မာပြည်အကြောင်း၊ တရုတ်ပြည်ကြီးအကြောင်း၊ တရုတ်ကုန်သည်ကြီးများအကြောင်း စသည်တို့ဖြင့် စကားလမ်းလွှဲ၍ပေးခဲ့ရာ အချိန်သို့ တိုင်အောင် ထမြောက်အောင်မြင်ခဲ့သော်လည်း ထိုခဏမှစ၍ကား ချန်ဆူးလှိုင်သည် ငမောက်ပတ္တမြား အကြောင်းဆီသို့ စကားဦးလှည့်လာလေတော့၏။ ကျွန်တော်က မဒမ်ချန်ကေရှိတ်နှင့် အမေရိကန်လူသူတို့ လက်ဝတ်လက်စား ယှဉ်ပြိုင်ကြပုံ အခြင်းအရာများဖြင့် စကားလွှဲ၍ ပြောပါသော်လည်း သောင်ကဲကြီးသည် ကျွန်တော်၏ မေးခွန်းများကို အတိုဆုံး အကျဉ်းရုံးကာ ဖြေဆို၍ သူပြောလိုသော ငမောက် ပတ္တမြားအကြောင်းသို့ ချက်ချင်း ပြန်လှည့်လေတော့၏။

လှိုင် ။ ။ " ခင်ဗျား ပြောတာမှန်တယ်။ မဒမ်ချန်ကေရှိတ်က ရှုံးရဆိဘဲ့ သွားရည်ကျလောက်အောင်၊ ငမောက်ပတ္တမြားကြီးဝတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက် ဆောင်ပေးလိုက်ရင် တရုတ်ပြည်အတွက် အမေရိကန်အစိုးရ ဒေါ်လာသန်းတစ်ထောင်လည်း ထုတ်ချေးရော ကျုပ်လည်း ကုဒိုမင်တ အစိုးရ ဆီမှာ ဘဏ္ဍာရေးဘက် လက်ထောက်အတွင်းဝန် ဖြစ်ရော၊ နေ မကျဘူး လားဗျာ။ ဒီပတ္တမြားကို ကျုပ်ဝယ်တာဗျ။ ဘယ်လောက်ကော တဲ့ ပတ္တမြားလဲ ခင်ဗျား ကြည့်ချင်ရင် ကျုပ်ပြမယ် နေဦးခဏ"

ကျွန် ။ ။ " ဒုက္ခမရှာပါနဲ့ ထောင်ကဲကြီး၊ ကိစ္စမရှိပါဘူ ကျွန်တော်လည်း ကောင်းကောင်း နားမလည်ပါဘူး "

လှိုင် ။ ။ " ဘယ့်နှယ် နားမလည်ရသလဲ၊ ဦးဘလှသန်းတင် ပြောတော့ ခင်ဗျားဟာ ဒီဘက်မှာ အိစပတ်ဆို "

ကျွန် ။ ။ " အရပ်သားတွေနဲ့ နှိုင်းရင်တော့ နည်းနည်းပါး ခေါက်မိတယ်လို့ ခေါ်နိုင်ပါရဲ့။ သို့သော် နေပါစေ ထောင်ကဲကြီး၊ ဒုက္ခမ ပါနဲ့ခင်ဗျား. . . "

လှိုင် ။ ။ " ပြချင်တဲ့လူကို ပြရတာ ဒုက္ခ မဟုတ်ပါဘူး လာပါ လိုက်ကြည့်လှည့်စမ်းပါ "

ချန်ဆူးလှိုင်သည် ထိုအချိန်တွင် အတော်ဝင် မူးယစ်နေပြီဖြ ကျွန်တော်၏လက်ကို ကိုင်ဆွဲကာ အိပ်ခန်းတွင်းသို့ ခေါ်သွင်းသွားလေ ကျွန်တော့်မှာလည်း မရုန်းသာသဖြင့် လိုက်ပါသွားရလေတော့ ကျွန်တော်၏စိတ်ထဲ၌ ဒဂုံတင့်ကို အလုပ်တန်းလန်းနှင့် တွေ့နေရ မည်ကိုပင် ပူပန်မိသော်လည်း ဤမျှလောက် ထူနသော လူတစ်ယော မဟုတ်နိုင်ဟူ၍ ဖြေဆည်ရ၏။ အခန်းတွင်းသို့ ရောက်ကြသော ကျွန်တော် မျှော်လင့်သည့်အတိုင်းပင်၊ ကျွန်တော်တို့ နှစ်ယောက်မှတ မည်သူမျှ မရှိပေရာ ချန်ဆူးလှိုင်သည် ခရီးဆောင်သေတ္တာကြီးမှ အ (Chubb's) သော့ခလောက်ကို ခါးမှ သော့တွဲနှင့် ဖွင့်၍ သံမဏိ သေ





တ္တာကလေးကို ထုတ်လိုက်လေ၏။

ငင်းနောက် ချန်ဆူးလှိုင်သည် သံမဏိသေတ္တာကလေးကို ဖွင့်လိုက်သောအခါ ကျွန်တော့်မှာ ငမောက်ပတ္တမြားကို ဒဂုံတင့် ထုတ်ယူ သွားပြီ ဖြစ်သဖြင့် အလန့်တကြား ဖြစ်သွားသော ထောင်ကဲကြီး၏ မျက်နှာ ကို မြင်ရချေတော့မည်ဟု ပြင်ဆင်ထား၏။ သို့ရာတွင် ဝါဂွမ်းများ စုပုံလျက် ရှိသော သေတ္တာကလေး၏ထောင့်မှ ကျောက်နီလက်စွပ်တစ်ကွင်း ပေါ်ထွက်လာသည်ကို မြင်ရသောအခါ ကျွန်တော့်မှာ ဒဂုံတင့်အဖို့ ခဲလေ သမျှ သဲရေကျ ဖြစ်ရချေပြီဟု သနားမိလေတော့သည်။

ထောင်ကဲကြီးသည် လက်စွပ်ကို ထုတ်ယူ၍ " ကြည့်လိုက်စမ်း တ်ဆွေ၊ ဒီပတ္တမြားမျိုးဟာ အင်္ဂလန်ပြည် ဗြိတိသျှမြူဇီယံမှာ တစ်လုံး၊ ျပ်လက်ထဲမှာ တစ်လုံး၊ ဒီနှစ်လုံးက လွဲပြီး ကမ္ဘာပေါ်မှာ ဘယ်မှ မရှိဘူး၊ ငွေဘယ်လောက်ပေးလို့လည်း မရဘူး၊ ပြည်တန်တယ်လို့ စူတို့ ပြောတယ်။ ျပ်အဖို့တော့ ပြည်တစ်ခု မလိုချင်ပါဘူး၊ ရာထူးတစ်ခုရရင် တော်ပါပြီ၊ ည်ဆိုတာ ဘာလုပ်ဖို့လဲ၊ အားကြီး ဒုက္ခများတယ်၊ ရာထူးတစ်ခုရရင် တော်ပြီ၊ ရလည်းရမှာပဲ ဟီ,ဟီ . . . ဟီ,ဟီ. . . "

ထောင်ကဲကြီးသည် ကျွန်တော်နှင့် အကျွမ်းတဝင် မဟုတ်ကြသေး သော်လည်း အရက်အရှိန်ကြောင့် ရုတ်တရက် အကျွမ်းဝင်ဟန်နှင့် ရယ် ငမောရင်း ကျွန်တော်၏ ခါးကိုပင် လက်ဖြင့် တို့လိုက်ချေသေး၏။ ကြောင့်လည်း အရက်အတူသောက်လျှင် အကျွမ်းဝင်လွယ်သည်ဟု ပြာကြခြင်း ဖြစ်လေသည်။ ကျွန်တော့်မှာ လက်စွပ်ကို ဒဂုံတင့်ရသွားပြီဟု ော်လင့်နေခဲ့ရာမှ သူ့နေရာ၌ပင် ရှိသေးကြောင်း တွေ့ရသည်နှင့် ခုပ် တွေ ရှိနေလေရာ ချန်ဆူးလှိုင်ကမူ သူ၏ပတ္တမြား အရည်ကောင်းလှ ည့်အတွက်ကြောင့် အံ့ဩတွေဝေလျက်ရှိသည် ထင်မှတ်သဖြင့် "ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လိုလူက ဒီလောက် သဘောကျနေရင် ကျုပ်တို့ တရုတ်ပြည်က သူဌေးဌေ
တော့ ခေါင်းချင်းရိုက်နေပြီးသားပါဗျ ” ဟု အားရပါးရ ပြောလျက် ရှိ

ကျွန်တော့်ကို အားရလောက်အောင် ပြသပြီးနောက် ချန်ဆူးလို
က နက်ဖြန်တွင် သဘော်သို့ ဆင်းတော့မည်ဖြစ်၍ တရုတ်ပြည်
မရောက်မီ ဤအကြိမ်သည် နောက်ဆုံး ကြည့်ခြင်းပေတည်းဟု ပြောလျ
ဂုံးသေတ္တာကြီးထဲသို့ ပြန်ထည့်လိုက်လေ၏။ ၎င်းနောက် ကျွန်တော်
သည် ဧည့်ခန်းသို့ ထွက်လာ၍ ဆက်လက်သောက်စားကြရာ ကျွန်တေ
မှာ ဒဂုံတင့် အထမမြောက်သော ကိစ္စတစ်ခုတွင် ကျွန်တော်ကိုယ်တို
ထမြောက်အောင် ဆောင်ရွက်ပြခြင်းဖြင့် ဒဂုံတင့်အား အလန့်တကြ
ဖြစ်စေလောက်အောင် ပြုလုပ်ဖို့ စိတ်ကူးမိျုးဖြင့် ပြည့်လျက် ရှိလေတော့
ထောင်ကဲကြီးသည် အနောက်တိုင်းမှ အရက်များကို အဖော်ရလော
ရုံမျှသာသောက်၍ မြေအိုးနှင့်ထည့်သော တရုတ်အရက်များကို တစ်ခွ
ပြီး တစ်ခွက်သောက်လျက်ရှိရာ ၎င်း၏ လေသံမှာ တဖြည်းဖြည်း ပြော
လဲ၍ လျှာလေးသော အထိမ်းအမှတ်မျိုး တွေ့နေလေပြီ။ ကျွန်တော်မှုက
ဟန်လုပ်ရုံမျှသာ အနည်းငယ်တို့၍ အတင်းတိုက်တွန်းသော အခါမျ
ထွေးခံထဲသို့ အမှတ်မဲ့သွန်ပစ်လိုက်၏။

(၉) နာရီခွဲလတ်သော် ထောင်ကဲကြီးမှာ အလွန်မူးနေပြီဖြစ်
မျက်စိများ တစ်ချက်တစ်ချက် မှိတ်သွားပြီးလျှင် အတန်ငယ်ကြာမှ သတိ
လာသဖြင့် ပြတ်သွားသော စကားကိုဆက်၍ ပြောနိုင်လေတော့
ထိုနောက်၌မူကား သောက်ထားသော အရက်ကို စားထားသော အ
များက ပေါင်းထည့်ဖြည့်စွက်၍ ဝမ်းဗိုက်ပြည့်သည်ထက် ပြည့်တင်းလာ
ရာတွင် ထောင်ကဲကြီးသည် ကုလားထိုင်တွင်မှီလျက် စကားပြောနေရာ
လစ်ခနဲဖြစ်ကာ ဦးခေါင်းငိုက်ဆိုက်နှင့် တစ်ခါတည်း အိပ်ပျော်သွ





လေတော့၏။

ထိုအခါ ကျွန်တော်သည် ဟိုတယ်မှဆင်းလာ၍ မန်နေဂျာအား
နှုတ်ဆက်ပြီးလျှင် ကျွန်ုပ်၏ တိုက်ခန်းသို့ တက္ကစီနှင့် ပြန်သွား၍ ဒဂုံတင့်
နှင့်အတူ လိုလိုမယ်မယ် ဝယ်ထားသော ' ကလိုရိုဖောင်း ' (မေ့ဆေး)
ပုလင်းကို ယူခဲ့ပြီးမှ ဟိုတယ်သို့ ပြန်သွားလေ၏။ ဤတစ်ခေါက်တွင်
မူကား ကျွန်တော်သည် ဟိုတယ်အပေါ်ထပ်သို့ အထင်အရှား မတက်ဘဲ
အစေခံများအလစ်ကို ချောင်း၍ ချန်ဆူးလိုင်၏ အခန်းသို့ တက်သွား
လေရာ ထောင်ကဲကြီးမှာ ကျွန်တော် ထားခဲ့သည့်အတိုင်း ကုလားထိုင်ပေါ်
၌ ကျကျနန ဟောက်လျက် အိပ်ပျော်နေတော့၏။ ကျွန်တော်သည်
မေ့ဆေးပုလင်းကိုထုတ်၍ လက်ကိုင်ပဝါ၌ ဆွတ်ပြီးလျှင် ထောင်ကဲကြီး၏
နှာခေါင်းနှင့် ပါးစပ်အဝသို့ တစ်ခဏမျှ ထိထားလိုက်သည်နှင့် တစ်ပြိုင်
နက် ထောင်ကဲကြီးလည်း အနည်းငယ်လှုန့်၍ ငြိမ်သက်သွားလေတော့၏။

ထို့နောက် ထောင်ကဲကြီး၏ အိတ်ထောင်ထဲမှ သော့တွဲကို နှိုက်၍
ခနီးဆောင် ဂုံးသေတ္တာကြီးကိုဖွင့်ခြင်း၊ သံမဏိသေတ္တာကလေးကို ထုတ်၍
အတွင်း၌ရှိသော လက်စွပ်ကို ထုတ်ယူခြင်း၊ သေတ္တာငယ်ကို ပြန်ထည့်၍
သေတ္တာကြီးကိုပိတ်ခြင်း၊ သော့တွဲကို ထောင်ကဲကြီး၏ အိတ်တွင်းသို့ ပြန်
ထည့်ခြင်း၊ လှေကားမှ အလစ်ကိုချောင်း၍ ဆင်းလာခဲ့ခြင်းတည်းဟူသော
အလုပ်များမှာ ကျွန်တော့်အဖို့၌ စုစုပေါင်း ၅-မိနစ်ခန့်ထက် ပိုမိုကြာ
ခဲ့သည် မထင်ပေ။

ကျွန်တော်၏ စိတ်ထဲ၌ ဒဂုံတင့် နေရာမကျခဲ့သော ကိစ္စတစ်ခုတွင်
ကျွန်တော် နေရာကျအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒဂုံတင့်
အပေါ်၌ အသားယူလိုဇောဖြင့် ပွဲစားဦးဘိုးတာ၏ နေအိမ်သို့ အပြေး
အလွှား လာခဲ့ရာ ဆိုက်ရောက်သောအခါ၌ ဒဂုံတင့်၏ ပြုံးရွှင်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ရှေးဦးစွာ မြင်လိုက်ရလေ၏။ သို့ရာတွင် ဤလူမှာ အကြံ့
အစည် မအောင်မြင်သောအခါများတွင် ပြုံးရွှင်သော မျက်နှာ ထားတတ်
သည့် ၎င်း၏ ဝါသနာကို ကျွန်တော် ရိပ်မိသည်ဖြစ်၍ အနီးသို့ ချဉ်းကပ်ပြီး
လျှင် . . .

ကျွန် ॥ ॥ " အားမငယ်ပါနဲ့ဗျာ၊ ကျုပ်ရအောင် ယူလာခဲ့ပါတယ်"

ဂုံ ॥ ॥ (အံ့ဩသော မျက်နှာထားနှင့်) " ဘာများ ယူလာခဲ့
တာလဲဗျ. . . "

ကျွန် ॥ ॥ " လက်စွပ်လေဗျာ . . .၊ ငမောက်ကောဗျ. . .
ငမောက်လေ . . .'

ဂုံ ॥ ॥ (သာ၍အံ့ဩစွာနှင့်) " ဘယ့်နှယ်ပြောတယ်. . . "

ကျွန် ॥ ॥ " နားဝေးလိုက်တဲ့လူဗျာ၊ ငမောက်ပတ္တမြား ပြောတာ
နေပါဗျ။ သူ့က ကျုပ်ကို ပြလေတော့ ခင်ဗျား ရမသွားမှန်းသိတာနဲ့
ကျုပ်ကိုယ်တိုင် ယူလာခဲ့တယ် ဟောဒီမှာဗျ . . . "

ကျွန်တော်သည် အတွင်းအိတ်ထဲတွင်ထည့်၍ ယူလာခဲ့သော
လက်စွပ်ကို ထုတ်၍ ပြနေစဉ် ပွဲစားကြီး ဦးဘိုးတာလည်း အခြားအခန်းမှ
ထွက်လာ၍ အလွန်အံ့ဩသော မျက်နှာနှင့် ကြောင်တောင်ငေးလျက်
ကြည့်နေလေ၏။

ဂုံ ॥ ॥ (ကျွန်တော်၏ ပခုံးကိုပုတ်လျက်) " ဩော်. . .
မန်းတင့် မန်းတင့် ဖြစ်မှဖြစ်ရပလေဗျာ၊ ကျုပ်က မသိမသာနှင့် ကိစ္စပြီးရင်
လည်း ပြီးပါစေတော့ဆိုပြီး အစစ်နဲ့ အတုနဲ့လဲပြီး ယူလာခဲ့ပါတယ်။ ခင်ဗျား
က အတုကို ထပ်ပြီး လစ်လာခဲ့ပြန်ရတာကိုးဗျ "

ဤတွင် ဦးဘိုးတာနှင့် ဒဂုံတင့်တို့လည်း ကျွန်တော်၏ စိတ်ပျက်
သော မျက်နှာကိုကြည့်၍ ရယ်မောကြလေရာ ကျွန်တော့်မှာ ခဲလေသမျှ





ခဲရေကျ ဖြစ်ရတော့သည်နှင့် စိတ်ပေါက်လှ၍ " တော်ပြီဗျာ ခင်ဗျားနဲ့
တွယ်တော့မှ အလုပ် မလုပ်ချင်တော့ဘူး ခင်ဗျာ့ဟာက ဖွင့်ပြောတာလည်း
မဟုတ်ဘဲနဲ့ လူတစ်ဖက်သားက ဘယ့်နှယ်လုပ်ပြီး အကဲခတ်နိုင်ပါ့မလဲ
. . . "

ဂုံ ॥ ॥ " စိတ်မရှိပါနဲ့ မိတ်ဆွေ၊ ကျုပ်က အလုံးစုံ ရှင်းပြော
ဖို့ အချိန်မရှိလို့ပါဗျာ။ တစ်ခုတော့ ရှိပါရဲ့လေ၊ ချန်ဆူးလှိုင်က နက်ဖြန်
သင်္ဘော ဆင်းမှာဆိုတော့ သူ့ပစ္စည်းပျောက်တာကို သေတ္တာဖွင့်ကြည့်မိမှ
သိမှာပါ။ တကယ်လို့ သိပြန်တော့လည်း မတရားသဖြင့် ဝယ်ထားတဲ့
ပစ္စည်းဖြစ်လေတော့ တိုင်လားတန်းလား လုပ်ဝံ့မှ လုပ်ဝံ့မှာပါ၊ စိတ်မရှိပါနဲ့
မန်းတင့်ရယ်။ နောက်နောင်ကို ဒီလို မဖြစ်စေရပါဘူးဗျာ စိတ်ချပါ . . . "

ကျွန် ॥ ॥ " တော်စမ်းပါဗျာ၊ နောက်နောင်ကိုလည်း ဒီအလုပ်မျိုး
ကျုပ် မလုပ်တော့ပါဘူး။ တစ်ခါတည်း ဖြတ်လိုက်ပါပြီဗျာ "

ဂုံ ॥ ॥ " ငွေကလေး (၅၀၀ဝိ/)- လက်ကိုင်ဖို့ ပြင်ထားခိုက်
တော့ ဒီလို ပြောသေးတာပေါ့ဗျာ . . . "

ချန်ဆူးလှိုင်မှာ နောက်တစ်နေ့ ထွက်ခွာသော သင်္ဘောဖြင့်
တရုတ်ပြည်သို့ လိုက်ပါသွားလေရာ ဘာသံမျှ မကြားရသည်ကို ထောက်
ခြင်း အားဖြင့် ဒဂုံတင့် တွေးထင်သည့်အတိုင်း ဖြစ်ဟန်တူပေတော့
သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ပျိုကြီးမှူး စိန်ကြီးအကြောင်း

ကျွန်တော်မန်းတင့်မှာ ဒဂုံထွင့်နှင့် ပေါင်းမိ၍ မတရားသော နည်းလမ်းဖြင့် စီးပွားရှာခြင်းအားဖြင့် အတော်အတန် ပစ္စည်းလက်ကိုင် ရရှိရာတွင် ဒဂုံတင့်ကို ရှောင်ကွင်း၍ ရိုးသားသော သမ္မာအာဇီဝနည်းဖြင့် အသက်မွေးရန် အတန်တန် ကြိုးစားခဲ့ပါ၏။ ကျွန်တော်က ရှောင်ကွင်းသည့်အခါတိုင်းလည်း ဒဂုံတင့်သည် ကျွန်တော်၏ ရည်ရွယ်ချက်ကို ရိပ်မိဟန်လက္ခဏာနှင့် ကျွန်တော့်အား ဖြားယောင်းသွေးဆောင်ခြင်းလည်း ပြု၊ ကျွန်တော်နှင့် တစ်ခါတစ်ရံ တွေ့ဆုံဖို့ပင် မကြိုးစားဘဲ သူ့ဘာသာ နေထိုင်လေ့ ရှိ၏။

နောက်ဆုံးအကြိမ် ဒဂုံတင့်နှင့် ကျွန်တော်တို့ ကွဲကွာနေရသည်မှာ (၉) လကျော် (၁၀) လခန့် ရှိလတ်သော် ကျွန်တော်၏ ဝေစုမှာ (၄) သခန့် ကတည်းက ကုန်ရှုံးသဖြင့် ကုန်ခန်းခဲ့ပြီဖြစ်၍ ဝတ္ထုတိုရှည်များ ရေးသားပေးပို့ခြင်း၊ သတင်းစာတိုက်ကြီးများသို့ သတင်းထူး သတင်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဓာတ်ပုံများ ပေးပို့ခြင်းအားဖြင့် ဝမ်းစာရှာဖို့ ကြိုးစားခဲ့၏။ သို့ရာတွင် သတင်းစာနှင့် ဓာတ်ပုံများအတွက် ရရှိသော ငွေများမှာ မဖြစ်စလောက် ရှိသည့်ပြင် ဝတ္ထုများမှာလည်း (နာမည်ရရှိပြီး ပုဂ္ဂိုလ်မဟုတ်သည့်အတွက်) ရာခိုင်နှုန်း ၁၀-မျှ စွံသည်မရှိဘဲ တစ်ပုဒ်တလေ စွံပြန်လျှင်လည်း ပိုက်ဆံရဖို့ မမျှော်လင့်ဝံ့ဘဲ မိမိရေးသားသောစာကို ပုံနှိပ်စာလုံးဖြင့် မြင်ရခြင်းအတွက်ပင်လျှင် ကျေးဇူးတင် ဝမ်းမြောက်ဖွယ်အခြင်းအရာတစ်ခုကဲ့သို့ မှတ်ယူရတော့သည် ဖြစ်လေသောကြောင့် တစ်ခါတစ်ရံ ရရှိသော ဆုငွေသည် မစွံသော ဝတ္ထုများ ရေးသားရသော စက္ကူနှင့် မင်ဖိုးအတွက်လောက်ပင် အနိုင်နိုင် လုံလောက်ပေတော့သည်။

သို့ဖြစ်၍ ဒဂုံတင့်နှင့် (၁၀) လခန့် ကွဲကွာသောအချိန်တွင် ကျွန်တော့်မှာ ခါး၌ရှိသော အဝတ်တစ်စုံမှတစ်ပါး ကြွင်းကျန်သော အဝတ်အစားများမှာ စက္ကူအထိမ်းအမှတ်အဖြစ်သို့ ရောက်သွားကြလေပြီ။ အချို့မှာ (၅) လကျော်၍ (၅) လပြည့်လုဆဲဆဲ ရှိနေသော်လည်း ဒဂုံတင့်ထံ ရှောင်ကွင်းသော ကျွန်တော်သည် ဒဂုံတင့်ထံမှ အကူအညီတောင်းရန် (သို့မဟုတ်) ချေးငှားရန် မဖြစ်နိုင်ပေ။ တောင်းဝံ့လျှင် ရမည်ဟု မုချသိသော်လည်း ကျွန်တော့်မှာ သူစိမ်းတစ်ယောက်ထံမှ တောင်းလျှင်သာ တောင်းရတော့မည်။ ဟန်ကြီးပန်ကြီးလုပ်၍ မိမိက တမင်ရှောင်ကွင်းနေသော သူငယ်ချင်းထံမှ အကူအညီတောင်းတော့မည် မဟုတ်ချေ။

ပထမတွင် ကျွန်တော်သည် ရွှေတောင်လမ်းတွင် တိုက်တစ်ခန်းကို လခ (၁၀ဝိ)- ပေး၍ နေထိုင်သည်အထိ ဟန်ကြီးပန်ကြီး လုပ်ခဲ့၏။ ထိုအချိန်မှုကား ၎င်းတိုက်ခန်းကို လခ (၁၅ဝိ) နှင့် တစ်ဆင့်ငှားထားပြီးလျှင် မြတ်စွန်းသော ငွေ (၅ဝိ) ဖြင့် ဝိုင်-အမ်-စီ-အေ အဆောက်အဦတွင် ဖြစ်တတ်သလို ကြံဖန်စားသောက်နေရလေတော့သည်။ ဒဂုံတင့်နှင့် ပေါင်း





သင်းရ၍ နေရာတကာ အကောင်းကြိုက်တတ်သော ကျွန်တော်သည် တစ်လ (၅ဝိ) မျှသောငွေဖြင့် ခန္ဓာကိုယ်နှင့်ဝိညာဉ် အိုးစားမကွဲစေရအောင် အလွန်ခဲယဉ်းစွာနှင့် ဖန်တီးရလေသည်။

တစ်ခါတစ်ရံတွင် ညနေစာအတွက် ဘရာကြော် တစ်မူးဖိုးသောက်မှုကို ရေနှင့် ကျိုက်ချကာဖြင့် ကျေနပ်ခဲ့ရပြီးနောက်၊ ဘီဒီကိုဘာလျက် ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ စဉ်းစားမိသည်။ ဤကဲ့သို့ အငတ်အပြတ်ခံ၍ လူရိုးကြီးလုပ်နေမည့်စား ဒဂုံတင့်ဆီသို့သွား၍ သူလုပ်သလို လုပ်ပါတော့မည်ဟု ဝန်ခံလိုက်လျှင်ပင် ချက်ချင်းလက်ငင်း ဗိုက်ကားအောင်စား၍ ရေခဲစိမ်ဘီယာကလေးများပင် သောက်ရ ချေဦးမည်ဟု အောက်မေ့မိ၏။

ပြတ်လပ်သော ကျွန်တော့်အဖို့၌ အပြတ်လပ်ဆုံးသော တစ်နေ့တွင် ကျွန်တော်သည် တရုတ်ထမင်းဆိုင်၌ ဆယ်ပြားတန် ညစာစား၍ ၂-ပြားတန် ရှာလဘတ်ရည်ကို သောက်ပြီးလျှင် (နောက်ဆုံးကျန်သော မတ်စေ့အနက်) ဘီဒီတစ်ပဲဖိုး ဝယ်ယူခဲ့၍ ဝိုင်-အမ်-စီ-အေ အခန်း၌ ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ ရှူဖွာလျက်ရှိစဉ် ဒဂုံတင့်သည် ခေါ်စဖူး ပေါ်လာလေ၏။ ကျွန်တော်က နေရာထိုင်ခင်းပေး၍ ထွေရာသေးပါး ပြောနေကြစဉ် . . .

ဂုံ ။ ။ "ခင်ဗျား ရေးတဲ့ ဝတ္ထုကလေး မဂ္ဂဇင်းထဲမှာ ဖတ်လိုက်ရတယ်ဗျို့၊ တော်တော်လွမ်းပေသဗျာ၊ ဘယ်လောက်ရသလဲ ခင်ဗျား "

မန်း ။ ။ " မရပေါင်ဗျာ၊ မေတ္တာလက်ဆောင်လိုလိုပါပဲ-တစ်ပုဒ်နှစ်ပုဒ် အရွေးခံရပြီးတဲ့နောက်မှ ဥက္ကာပျံဇော်ခ စကားပြောဝံ့တယ်ဗျ။ ကလောင်သစ်ဆိုတော့ အရွေးခံရလျှင် ကျေးဇူးတင်ရသေးတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဂုံ ။ ။ " ဟုတ်ကဲ့လားဗျာ . . . . ကျုပ်က ဝတ္ထုတစ်ပုဒ်ဆို တော်တော်ရမယ်ဆိုလားလို့ "

မန်း ။ ။ " အနောက်တိုင်းပြည်မျိုးတော့ ဟုတ်ပါလိမ့်မယ်၊ ကျုပ်တို့ဆီမှာတော့ မရပြန်တော့လည်းအရှင်း၊ ရပြန်တော့လည်းတစ်ကွင်း ပါပဲဗျာ . . . "

ဂုံ ။ ။ " ဘာတစ်ကွင်းလဲဗျ၊ လက်စွပ်တစ်ကွင်းလား"

မန်း ။ ။ " ဟုတ်လိမ့်မယ်ဗျား. . . လုံချည်တစ်ကွင်းပြောတာ"

ဂုံ ။ ။ " နေစမ်းပါဦး။ ခင်ဗျား ဟိုတုန်းက တေးထပ်ကလေး သဖြန်ကလေး၊ လေးချိုးကလေးတွေ ရေးတတ်ပါတယ်၊ အဲဒါတွေ ဘာကြောင့် မရေးသလဲ "

မန်း ။ ။ " ကဗျာဘက်ကလား၊ အဲဒီဘက်က သာဆိုးသေးဗျာ ဘယ်သူကမှ ပိုက်ဆံပေးမဝယ်ဘူး၊ မဟုတ်မချည်း ဝတ္ထုကလေး ဘာ ကလေးကမှ မတောက်တခေါက်ရတတ်သေးတယ်၊ ကဗျာဆိုလျှင် သာဓုကိန်းများတယ်ဗျ "

ဂုံ ။ ။ " ဒါဖြင့် ဟိုတစ်နေ့က ဗြိတိသျှအစိုးရက မြန်မာပြည် ဘုရင်ခံမှတစ်ဆင့် ချင်းစော်ဘွားကို တစ်သိန်းတန် စိန်ကြိုးတစ်လုံး လက်ဆောင်ပေးလိုက်တဲ့အကြောင်းကို ဂန္ထလောကထဲမှာ တေးထပ် တစ်ပုဒ် ခင်ဗျား ရေးထည့်လိုက်တာ ဘယ်လောက်ရသလဲဗျာ "

မန်း ။ ။ "အယ်ဒီတာက အမျှားကြီး ကျေးဇူးတင်ပါတယ်တဲ့."

ဂုံ ။ ။ " ဒါပဲလားဗျာ၊ ဖြစ်မှဖြစ်ရလေ။ ဒါထက် တစ်သိန်း တန်တယ်လို့ ခင်ဗျား ဘယ်က ကြားသလဲ "

မန်း ။ ။ " အတွင်းဝန်ရုံးက စာရေးတစ်ယောက်ဆီက သိရ တယ်. . . "





ဂုံ ။ ။ " ငွေတစ်သိန်းဆိုတာ မနည်းဘူးဗျနော် - မန်းတင့်"

ကျွန်တော်သည် ဒဂုံတင့်၏ မျက်နှာကို မော့ကြည့်လိုက်ရာ ...ဝိဝိမျက်နှာထားရှိသည်ကို တွေ့ရသဖြင့် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွား ...သည်။ အမှန်မှာ ကျွန်တော်သည် ထမင်းကောင်း ဟင်းကောင်း မစားရ ...သည်မှာ အတန်ကြီး ကြာခဲ့ပြီဖြစ်၍ ဒဂုံတင့်နှင့် ပြန်ပေါင်းရလျှင် ကောင်း ...သဉ္ဇဟု ရံဖန်ရံခါ စဉ်းစားမိဖူးသော်လည်း ဒဂုံတင့်နှင့် တကယ်တွေ့၍ ...ခင်အလုပ်မျိုးကို တကယ်လုပ်ဖို့ အခွင့်ပေါ်လာသောအခါတွင်မူကား ...ထဲ၌ တုန်လှုပ်မိ၏။ သို့ရာတွင် ဒဂုံတင့်သည် ကျွန်တော့်အား ပြောင် ...ောင်ခြင်းမပြုဘဲ ကျွန်တော်၏ မျက်နှာကို အကဲခတ်ချည်တစ်ခါ စဉ်းစား ...ည်တစ်လှည့်ဖြင့် ထိုင်နေ၍ ကျွန်တော်ကလည်း ကိုယ့်စိတ်ကူးဖြင့် ...ယ်ထိုင်နေသဖြင့် အတန်ကြာ တိတ်ဆိတ်စွာ နေကြပြီးနောက် ဒဂုံတင့် ...သည် ကျွန်တော့်အား နှုတ်ဆက်၍ တိုက်ပေါ်မှ ဆင်းသွားလေ၏။ ...တော်၏ စိတ်ထဲ၌ ဒဂုံတင့်သည် ကျွန်တော့်ထံသို့ နောက်ထပ်၍ ...တော့မည်မဟုတ်ဟူ၍လည်း တွေးထင်မိ၏။

သို့ရာတွင် ကျွန်တော်သည် ဒဂုံတင့်ကို တိုက်အောက်သို့ လိုက်ပို့ ...ဟု ၎င်းနှင့်အတူ ဆင်းလိုက်လာ၍ လမ်းနံဘေး၌ ခုတ်ရထားစောင့် ...သျက် ရှိကြစဉ်. . .

ဂုံ ။ ။ " မန်းတင့်ရယ် ခင်ဗျား ကြည့်ရတာ အသားအရေပါး ...ိုက်တာဗျာ၊ မျက်နှာကလည်း ဖြူဖပ်ဖြူရော် ဖြစ်လို့ပါကလားဗျ . . "

မန်း ။ ။ " စားလို့ သောက်လို့တော့ ကောင်းပါတယ်ဗျာ "

ဂုံ ။ ။ (ဦးခေါင်းရမ်း လျက်) " ဟုတ်သေးပါဘူးဗျာ၊ ကျုပ်တို့ ...မှာတော့ အလေ့အကျင့် မရှိလို့ သတိမထားမိကြဘူးပေါ့။ ဦးနှောက် ...သံပြီး အသုံးချပြီဆိုမှဖြင့် တစ်ခါတစ်ရံ အနားပေးတဲ့သဘောနဲ့ ဟိုဟို



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီ လျှောက်လည်တဲ့အလေ့ဟာ သိပ်ကောင်းတယ်ဗျ ”

မန်း ။ ။ “ ကောင်းပေမယ့် တတ်နိုင်ဦးမှကိုးဗျ ”

ဂုံ ။ ။ “ သူငယ်ချင်းချင်းပဲဗျာ တစ်ယောက် မတတ် တစ်ယောက်ကူညီကြရတာပေါ့။ ကိုင်း ဒီလိုလုပ်ရအောင်၊ မြစ်ကြောင်း စာပို့ သင်္ဘောနဲ့ မန္တလေးလိုက်၊ မန္တလေးကနေ ကလောတက် ဟိုမှာတစ် လောက်နေ ဘယ့်နှယ်လဲဗျ . . . မကောင်းပေဘူးလား ”

မန်း ။ ။ “ ကောင်းတာတော့ ဘာပြောစရာရှိသလဲဗျာ . . အလွန်ပေါ့ ”

ဂုံ ။ ။ “ ကိုင်း . . . . ဒါဖြင့် ကျုပ်က အလုံးစုံ စရိတ်ခံမ . . . ခင်ဗျား လိုက်နိုင်ပါ့မလား ”

မန်း ။ ။ “ မလိုက်နိုင်စရာ ဘာမှ မရှိပေါင်ဗျာ၊ ဝမ်းမြောက် ပေါ့ ”

ဂုံ . ။ ။ “ ကိုင်း . . . . စိန်လိုက်ကြစို့၊ ကျုပ်မှာ ကိစ္စက တစ်ခုရှိသေးတယ်။ အဲဒါ ဆောင်ရွက်ပြီး ခင်ဗျားဆီ အကြောင်းကြားလို မယ်။ အလွန်ဆုံး တစ်ပတ်နှစ်ပတ်အတွင်းပဲ အသင့်သာ ပြင်ထား တော့ ”

ငင်းနောက် ဓာတ်ရထားရောက်လာ၍ ဒဂုံတင့် လိုက်ပါ သဖြင့် ကျွန်တော်သည် တိုက်ပေါ်သို့ ပြန်တက်လာခဲ့ရာ စိတ် အတည်ပြောသည်မထင်ဘဲ စကားစပ်မိ၍ တော်သလို ပြောဆိုသွားခြ သာဖြစ်သည်ဟု အောက်မေ့သည်နှင့် ကျွန်တော့်မှာ ဒဂုံတင့်ထံမှ စကား များစွာ မျှော်လင့်ချက် မထားမိချေ။

ဆယ်ရက်ခန့်ကြာသောအခါ ကျွန်တော်သည် ပြည်မြို့မှ လိပ် ပေးသည့် ဒဂုံတင့်၏ စာတစ်စောင်ကို ရရှိ၍ အောက်ပါအတိုင်း ဖ





နေလေ၏။

မိတ်ဆွေကြီးမန်းတင့် ခင်ဗျား . . . .

ကိစ္စတစ်ခုနှင့် ပြည်မြို့သို့ ခေတ္တဆိုသလို ရောက်နေပါသည်၊ စနေ နေ့ထွက်မည့် “ ဆိုင်းယမ်း ” စာပို့သင်္ဘောကြီးနှင့် လိုက်နိုင်အောင် ပြင်ဆင်ထားပါလေ . . . နံနက် ၈-နာရီမှ ထွက်မည်ဖြစ်သောကြောင့် သင်္ဘောသို့ ဆင်းအိပ်ရန် မလိုပါ . . . နံနက်စောစော ဆင်းလာလျှင် အချိန်ကောင်းကောင်းရပါသည်။ ပထမတန်း (ဦးပိုင်း) အစွန်းတွင် လိုက် ကြဖို့ စီမံထားပါသည်၊ ရှုံ့မဲ့မသွားပါနှင့်၊ ခင်ဗျားအတွက် ဝတ်ပြုလိုသော စေတနာကြောင့် တစ်ခါတစ်ရံ ငွေကုန်ခံခြင်းဖြစ်၍ ချွေတာဖို့ မလိုပါ။

တင့်

စင်စစ်မှာ ကျွန်တော်သည် ပထမတန်း ဆိုသောကြောင့် တာဖတ် နင်း ရှုံ့သွားမိပါ၏။ ကျွန်တော်တို့ အဖို့မှာ ဒုတိယတန်း (ပဲ့ပိုင်းအခန်း) ဆိုလျှင် လုံလောက်သင့်ပါလျက် အထက်တန်း အရာရှိကြီးများနှင့် ကုမ္ပဏီကိုယ်စားလှယ်ကြီးများသာ စီးနင်းလိုက်ပါလေ့ရှိသော ပထမတန်း ဦးပိုင်းခန်းက လိုက်ပါရမည်ဆိုလျှင် အဝတ်တစ်စုံတည်းရှိသော ကျွန်တော့် အဖို့ အလွန်ဝကျနေသဖြင့် ပျော်ရွှင်မည့်အစား လိုက်ချင်သော စိတ်ပင် သတ်လျော့သွားတော့၏။ သို့သော် ကတိထားပြီးဖြစ်သော ကိစ္စကို ဖျက်ခဲ့ လျှင် အလွယ်တကူအဖြစ် ခွင့်လွှတ်လေ့မရှိသော ဒဂုံတင့်၏ ဝါသနာကို သိသည်နှင့် မလိုက်ဘဲနေဖို့ စိတ်ကူးမထည့်ဝံ့ပေ။

သို့ဖြစ်၍ ကျွန်တော်သည် မဂ္ဂဇင်းအယ်ဒီတာထံမှ ဝတ္ထုတစ်ပုဒ် အတွက် ငွေ (၂၅) ကျပ်ကို မဂ္ဂဇင်းမထွက်မီ ထုတ်ပေးရန် ရှိခိုးဦးတင် တောင်းပန်ထုတ်ယူ၍ ဒဂုံတင့် ကြိုက်တတ်သော ငါးသုံးလုံးစီးကရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘူးနှင့် ဒန်းဟီးလ် ဆေးတံသောက်ဆေးတစ်ဘူး ဝယ်ယူခဲ့၏။

( ယခုခေတ်တွင် ၅-သုံးလုံးစီးကရက် တစ်ဘူး ၅-ကျပ်၊ ၆-ကျ
ပေး၍ လူတိုင်း သောက်နေကြသော်လည်း ထိုခေတ်ကမူ ၅-သုံးထ
တစ်ဘူးဆိုလျှင် ၁-ကျပ် ၄-ပဲမျှလည်းကောင်း၊ ဒန်းဟီးလ်ဆေးတံသော
ဆေးတစ်ဘူးလျှင် ၃-ကျပ် ၈-ပဲမျှလည်းကောင်း၊ တန်ဖိုးရှိစေကာမူ အလွ
အကောင်းကြိုက်သော လူသရမ်းများသာလျှင် သုံးခဲ့ကြလေသည်။)

ဎင်းနောက် ကျန်သောငွေဖြင့် ဖိနပ်တစ်ရန်နှင့် လုံချည်တစ်ထ
ဝယ်ယူ၍ ကျွန်တော်သည် စနေနေ့ နံနက်စောစောတွင် ဗိုလ်တထော
ဘက်ရှိ မန္တလေးသင်္ဘောဆိပ်သို့ ဆင်းလာခဲ့လေ၏။ " ဆိုင်းယမ်း
သင်္ဘောကြီးမှာ ထိုနေ့နံနက်တွင် ထွက်မည်ဖြစ်၍ မီးခိုးတလူလူနှင့် ရှိ
ရာ ကျွန်တော်သည် သင်္ဘောပေါ်သို့ တက်သွား၍ သင်္ဘောစာရေးထံ
ပထမတန်းခရီးသည်စာရင်းကို ကောက်ယူကြည့်သည်တွင် ကျွန်တော်
အမည်နှင့် ဒဂုံတင့်၏အမည် (တင့်နှစ်,တင့်) တို့ကို စာရင်းထဲတွင် တွေ့
သော်လည်း ကိုယ့်သိက္ခာကိုယ် မလုံသည်နှင့် ဒဂုံတင့်မပါဘဲ ပထမတ
ဘက်သို့ မဝင်ဝံ့သဖြင့် ဎင်းအား လိုက်လံရှာဖွေလေ၏။

တစ်သင်္ဘောလုံး နှံ့ခဲ့သော်လည်း ဒဂုံတင့်ကို မည်သည့် အပိုင်
မတွေ့ဘဲရှိသည်တွင် ကျွန်တော့်မှာ အိတ်ထဲ၌ အကြွေအနည်းငယ်
တပါး၊ တစ်ကျပ်ပြည့်အောင် မပါသည်နှင့် ဦးပိုင်းသို့ သွားဝံ့မည်လေ
ကုန်းပတ်ပေါ်တွင် လျှောက်ရခြင်းပင်လျှင် မရဲတရဲ ရှိနေလေတော့
ပိုက်ဆံမပါခြင်းကား အလကားနေရင်း အားငယ်သည်
အောက်မေ့မိ၏။ ဦးခန်းထဲသို့ အဝမှ လှမ်းကြည့်ပါသော်လည်း အင်
အရာရှိနှင့်တူသော မျက်နှာဖြူ လေးငါးယောက်နှင့် အဖြူဝတ်စုံဝတ်ထ
သော သင်္ဘောအရာရှိတို့မှတစ်ပါး မည်သူ့အားမျှ မတွေ့ရသည်





စိတ်ထဲတွင် ပူနွေးနွေး ရှိလာခဲ့လေပြီ။

ထိုအချိန်ကား . . . . ၇-နာရီခွဲသဖြင့် သင်္ဘောထွက်ရန် နာရီ
ဝက်ခန့်မျှသာ လိုသည်ဖြစ်သောကြောင့် ကုန်တင်သော ကူလီများသည် အထုပ်ကြီး၊ သေတ္တာကြီးနှင့် တောင်းကြီးများကို သင်္ဘောဝမ်းခေါင်းထဲသို့ အပြေးအလွှား သယ်ချထားလျက်ရှိရာ ကျွန်တော့်မှာ သင်္ဘောတစ်စင်းလုံးပေါ်တွင် မည်သည့်နေရာတွင်မျှ ဒဂုံတင့်မရှိသည်နှင့် ဆိပ်ကမ်းတွင် ရှိချေမည်လောဟု ကုန်းပေါင်တစ်လျှောက် ဆင်းလာ ခဲ့လေ၏။ ဆိပ်ကမ်း၌လည်း ဝန်စည်စလယ်များနှင့် ကူလီများမှတစ်ပါး ခရီးသည်ဆို၍ တစ်ယောက်တလေမျှသာ ရှိတော့လေရာ ကျွန်တော်သည် ငြီးရိမ် သည်ထက် စိုးရိမ်ပူပန်လာ၍ ကမ်းပေါ်သို့တက်ကာ သင်္ဘောသို့ လှည့်ကြည့်လိုက်သည်တွင်မှ သင်္ဘောအမိုးပေါ်၌ ကပ္ပတိန် လမ်းလျှောက်သော တံတားလေးပေါ်တွင် သင်္ဘောအရာရှိတစ်ယောက်နှင့် စကားပြောနေသော ဒဂုံတင့်ကို တွေ့မြင်ရလေ၏။ ဎင်းတို့ နှစ်ယောက်နှင့်အတူ ကပြားမနှင့် သဏ္ဌာန်တူသော မိန်းကလေးတစ်ယောက်လည်း ရှိလေရာ သင်္ဘောအရာရှိနှင့် ဒဂုံတင့်တို့သည် ဎင်းကပြားမကလေးကို ကြက်ရစ်သကဲ့သို့ ရစ်လျက်ရှိသည်ကိုလည်း တွေ့ရလေ၏။

ဒဂုံတင့်၏ ထူးခြားသောအရည်အချင်းတစ်ခုမှာ မည်မျှလောက်ကြီးကျယ်သော မျက်နှာဖြူပရိသတ်ဖြစ်စေ ဤလူ မဝင်ဝံ့ မရောဝံ့သော ပရိသတ်ဟူ၍ မရှိသည့်ပြင် ရောနှောမိသောအခါတွင်လည်း ဓာတ်သိ ဟုတ်သော ပရိသတ်ဖြစ်ခဲ့လျှင် ဝတ်လုံတစ်ယောက်ပေလော၊ သို့တည်း ဟုတ် အိုင်စီအက် အရာရှိကလေးတစ်ယောက်ပေလောဟု မှတ်ထင်သောက်အောင် ဝတ်ပုံစားပုံနှင့် ပြောပုံဆိုပုံ ကိုယ်ဟန်အမူအရာတို့ ဂိုဏ်းဆိုက်ပြည့်ဝလှပေ၏။ ခရီးသည်များနှင့် လုံးဝ မသက်ဆိုင်သည့် သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



အမိုးပေါ်သို့ ဒဂုံတင့်သည် မည်သည့်နည်းဖြင့် ရောက်အောင်သွားသည်ကို
မတွေးတတ်နိုင်သဖြင့် ကျွန်တော့်မှာ သင်္ဘောပေါ်သို့ ပြန်တက်လာသော်
လည်း ဒဂုံတင့် ရှိသောနေရာသို့ မလိုက်ဝံ့ဘဲ အမိုးပေါ်မှဆင်းသော လ
ကလေး ပတ်ဝန်းကျင်၌သာလျှင် တရစ်သီသီနှင့် စောင့်နေရပေတော့၏
များမကြာမီ ဒဂုံတင့်သည် ကပြားမကလေးနှင့်အတူ ဆင်းလာသဖြ
ကျွန်တော်က- "လိုက်ရှာလိုက်ရတာ ဆရာကြီးရယ် သင်္ဘောတစ်စင်းလုံး
နှံ့နေပါရောလား" ဟု ပြောလိုက်သော်လည်း ဒဂုံတင့်သည် ကျွန်တေ
ပြောလိုက်သော စကားကိုလည်းမကြား။ ကျွန်တော်နှင့် ရုတ်တရက် ရှေ
တခွင်တွေ့ရသည့်အတွက်လည်း အံ့ဩဟန်ဆောင်လျက် "အလို မန်းတ
ဘာလားဗျ၊ ဘယ်ဆီကများ ပေါက်လာပါလိမ့်" ဟု ပြောကာ ဘိုဆ
ဆန်နှင့် ကျွန်တော်၏လက်ကို ဆွဲခါလှုပ်ရမ်းရင်း လက်ဖဝါးကို ကု
လျက် အချက်ပေးလိုက်၏။ ကျွန်တော့်မှာလည်း မည်ကဲ့သို့ ပြန်ပြောရမည
ဖြစ်ကာ ထစ်ထစ်ငေါ့ငေါ့ ရှိနေဆဲတွင် ဒဂုံတင့်က "ခင်ဗျားလည
ဒီသင်္ဘောနဲ့ လိုက်မလို့ပဲဟုတ်လား၊ ကောင်းပါလေ့ဗျာ၊ ဒီလိုဆိုရ
အတူတူခရီးသွားကြရုံပေ့ါ။ ဟောဒီမှာ မစ္စဂွန်ဆင် ကျွန်တော့် သူငယ်ချ
ပါပဲ"

ဒဂုံတင့်သည် ကျွန်တော်နှင့် ကပြားမကလေးကို မိတ်ဆက်ပေး
ရင်း ကျွန်တော့်မှာ နှစ်ပေါင်းအတော်အတန်ကြာ ကွဲကွာနေခဲ့သော ငေ
လိပ်ကျောင်းနေဖက် တစ်ယောက်ဖြစ်ကြောင်းနှင့် ပြောပြ၍ ကျွန်တေ
အတွက် 'ရေလာမြောင်းပေး' စကားမျိုးတို့ဖြင့် ရှေ့မှခင်းကျင်းကာ ပြော
လျက်ရှိသော်လည်း ကျွန်တော့်မှာ သူကဲ့သို့သော ရုတ်တရက်ဉာဏ
မကောင်းသည် ဖြစ်သောကြောင့် အူကြောင်ကြောင် ဖြစ်နေလေတော့
ယခင်ကတည်းက ကြိုတင်ပြောထားခဲ့ပါမူ ကျွန်တော်သည





အထိုက်အလျောက် စည်းဝါးကိုက်အောင် ပြောတတ်မည်ဖြစ်သော်လည်း
တွေ့မှတွေ့ပါတော့မည်လောဟု စိတ်ပူလျက် ရှိခိုက်တွင် စည်းဝါး မညှိ
ရသေးသော ဇာတ်လမ်းကို က,ပြဖို့ မူကား ကျွန်တော့်အတွက် အလွန်
ခရာခဲယဉ်းလှသဖြင့် ဒဂုံတင့် ရှေ့မှလမ်းကြောင်းပေးသော စကားများမှ
ာစ်ပါး၊ ကျွန်တော် တစ်လုံးတစ်ပါဒမျှ ဖြည့်စွက်ပြောဆိုရန် မတတ်နိုင်ဘဲ
လူအ, ကြီးတစ်ယောက်သဖွယ် ဖြစ်နေလေတော့၏။ ဒဂုံတင့်မူကာ
ကျွန်တော်၏ ဝကျခြင်းကို မိန်းကလေး မရိပ်မိစေရန် စကားများကို ကရာ
ခရသွန် ပြောဆိုလျက် ရှိ၏။

ဂုံ ။ ။ "ကျုပ် နာမည်ကို ခရီးသည် စာရင်းထဲမှာ မြင်လိုက်
သို့ ကျုပ်ကို လိုက်ရှာနေတယ်လား၊ နေရာကျလိုက်လေ မန်းတင့်ရယ်
. . . ဒါထက် ခင်ဗျားဖို့ နေရာရပြီလားဗျို့၊ ကျုပ်နဲ့ တစ်ခန်းတည်းစီးကြ
သားဗျာ၊ သူစိမ်းတစ်ယောက်နဲ့ တွဲစီးရတာထက် ကိုယ့်အချင်းချင်းဆိုတေ
သာ ကောင်းတာပေါ့ဗျာ. . . . ဟုတ်ဘူးလား. . . . ကိုင်း-လာ
ခစ္စဂွန်ဆင်သင်္ဘောထွက်တော့မယ်ထင်တယ်၊ ကုန်းပေါင်တွေနုတ်နေ
ပြီ လာကြဗျို့ . . . လာကြ"

ဒဂုံတင့်သည် မစ္စဂွန်ဆင်ကို ပထမတန်းဘက်ရှိ သင်္ဘောဦး
ားပွဲကြီးသို့ ပို့လိုက်၍ ကျွန်တော့်အား ကျွန်တော်တို့အတွက် သတ်မှတ်
ားသော အခန်းထဲသို့ သွားပြီးလျှင် လက်ချာပေးလေတော့၏။

ဂုံ ။ ။ "မန်းတင့်ရာ ခင်ဗျားကို ကျုပ်က လူလည်ကြီးတစ်ဦး
ယ်လို့ ဘယ်တုန်းကမှ အထင်မကြီးခဲ့တာကတော့ မှန်ပါတယ်။ နို့ပေမယ့်
ဒီလောက် ထူလိမ့်, အ, လိမ့်မယ်လို့တော့ မထင်မိခဲ့ဘူး၊ ခင်ဗျား အပြစ်
ကြောင့် ကျုပ်ဟာတွေ ပေါ်လောပေါ် ကုန်ပြီကောဗျ"

မန်း ။ ။ "ကျုပ်အပြစ်က ဘာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဂုံ ။ ။ "အပြစ်က ဘာလဲတဲ့ မေးများ မေးနေလိုက်သေး တယ်။ တောကြီးခေါင်ခေါင်က ခုချက်ချင်း ရောက်လာတဲ့ တောသား တစ်ယောက်တောင်မှ ခင်ဗျားနဲ့ကျုပ် မတော်တဆ ဆုံမိလေဟန် ပြုမူ စေချင်တယ်ဆို တာလောက်တော့ ရိပ်မိနိုင်လောက်ပါရဲ့ ထင်ပါလားဗျာ"

မန်း ။ ။ "ခင်ဗျားက ကျုပ်အတွက်ပါ နေရာတွေ ဘာတွေ ယူပြီးတဲ့နောက်မှလားဗျာ"

ဂုံ ။ ။ "နေရာယူထားတာတွေ သူတို့မှ သိတာ မဟုတ်ဘဲဗျာ ပြီးတော့လည်း နေရာယူပြီးတော့တောင် ကျုပ်က ဆုံးဖြတ်ရသေးတာ မဟုတ်ဘူးဗျ"

မန်း ။ ။ "ဆုံးဖြတ်ပြီးတဲ့ နောက်တော့ကော ဘာကြောင့် ကျုပ် ကိုမပြောနိုင်ရတာလဲဗျ. . . . ခင်ဗျား ဘာသာ ခင်ဗျား. . . . အစီအစဉ် တွေလုပ် ကျုပ်ကိုလည်း တစ်ခုမှ မတိုင်ပင်၊ ပြီးတော့မှ ကျုပ်က မတော် တဆ ဆုံမိလေဟန် ပြုမူရမှာဆိုကိုး. . . .။ ခင်ဗျားက ဘယ်သူနဲ့ ဘယ်လို အကြံအစည် ရှိတယ်ဆိုတာကို ကျုပ်က ဘယ့်နှယ်လုပ်ပြီး သိနိုင်မှာလဲဗျ"

ဒဂုံတင့်သည် ကျွန်တော်၏ စကား နည်းလမ်းကျသည်ကို သိသဖြင့် မငြင်းဘဲ ငြိမ်နေ၏။ ထို့နောက်မှ. . . .

ဂုံ ။ ။ "ခင်ဗျားကို အသိမပေးတာကတော့ ဒီလိုဗျ. . . . ခင်ဗျားက သူတော်ကောင်းလုပ်ချင်တဲ့ လူတစ်ယောက်မို့လို့ မတိုင်ပင်ဝံ့တာ ပါဗျာ"

မန်း ။ ။ "ခင်ဗျားက ကျုပ်ကို ဖွင့်ပြီး တိုင်ပင်လျှင် ကျုပ်လည်း ပါရမှာပါဗျာ၊ ဒီလောက် သူတော်ကောင်းသေးတဲ့ လူတစ်ယောက် မဟုတ် ပါဘူးဗျ. . . ."

ဂုံ ။ ။ "ကျုပ်လည်း အခန်းထဲကစောင့်ပြီး ခင်ဗျားလာတော့ ပြော ပါ တိုင်ပင်ဖို့ စိတ်ကူးထားတာပါခင်ဗျာ၊ သို့သော်လည်း. . . ."





မန်း ။ ။ "သို့သော်လည်း မစ္စဂျွန်ဆင်နဲ့စကားပြောနေတာနဲ့ အချိန်ကုန်သွားလို့ ဆိုပါတော့. . ."

ဂုံ ။ ။ "တယ်ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ဗျာ. . . ."

မန်း ။ ။ "အဟမ်း. . . . ကျုပ် သိရဖူးသလောက်တော့ ချစ် စရာကောင်းတဲ့ မိန်းကလေးတိုင်းနဲ့ ခင်ဗျားက လေကုန်ခံပြီး စကားပြော တာ မတွေ့ဘူးပေါင်ဗျာ"

ဂုံ ။ ။ "ဒီသူငယ်မက ရိုးရိုးနဲ့ သိပ်ချစ်စရာကောင်းတယ်ဗျ၊ သူ့အဖေက ပခုက္ကူ အရေးပိုင်ပဲ၊ အမေက မန္တလေးသူတဲ့ ကွန်ဗင့် ကျောင်းမှာနေတာ ကျောင်းပိတ်လို့ မိမိရပ်ထံ ပြန်မယ်လို့တဲ့. . . ."

မန်း ။ ။ "ဒါထက် နေစမ်းပါဦးဗျ၊ မစ္စဂျွန်ဆင်အတွက် ဘာကြောင့် ခင်ဗျားနဲ့ ကျုပ်နဲ့ အခုမှ တွေ့ကြသလို ဟန်ဆောင်စေချင်တာ လဲ ကျုပ် သဘောမပေါက်သေး မထင်ပေါင်ဗျာ၊ ဒီပြင် အကြောင်းတစ်ခု ရှိသေးထင်ပါ့လား ဗျာ. ."

ဂုံ ။ ။ "ဒါတော့ ရှိချင်လည်း ရှိမပေါ့လေဗျာ"

မန်း ။ ။ "ဒီလိုဆိုရင် ကျုပ်ကို ဖွင့်ပြောမှ ကောင်းလိမ့်ထင်ပါ့ ဗျာ"

ဂုံ ။ ။ (ကျွန်တော်၏ မျက်နှာကို အတန်ကြာအောင် စိုက်ကြည့် နေပြီးမှ) "ဖွင့်ပြောလိုက်ရင် အနီးဆုံးဆိပ်ကမ်းက ပြန်ဆင်း သွားမှာလားဗျာ"

မန်း ။ ။ "စိတ်ချပါဗျာ၊ ဆင်းမပြေးပါဘူး"

ဂုံ ။ ။ "ဒါဖြင့် ဟိုတစ်ခါတုန်းက ဂန္ဓာလောကထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား စပ်ထည့်လိုက်တဲ့ တေးထပ်ကလေးကို မှတ်မိသေးလား ဟို. . . . တစ်သိန်း တန်စိန်ကြီး ဆိုတာလေဗျာ၊ 'ကိုဟိုးနွေး'ရဲ့ ညီ 'ပို့ကြီးမူး' ဆိုလား. . . . "

မန်း ॥ ॥ "ဘာဖြစ်သလဲဗျ အဲဒါ ခင်ဗျား လစ်လာခဲ့လို့လား"

ဂုံ ॥ ॥ "ဒီလောက်တော့ မဟုတ်သေးဘူး. . . . ဒါပေမဲ့ ပခုက္ကူမြို့ မရောက်ခင် အဲဒီစိန်ကြီး ကျုပ်လက်ထဲ ရောက်စေရမယ်ဗျ"

မန်း ॥ ॥ "ဒီသင်္ဘောပေါ်မှာ ပါလာတယ်လား"

ဂုံ ॥ ॥ "ဟုတ်ကဲ့"

မန်း ॥ ॥ "ဘယ်မှာလဲဗျာ ဘယ်သူ့လက်ထဲမှာလဲ"

ဂုံ ॥ ॥ "ဘိုလိုဝတ်ထားတဲ့ ချင်းဝန်ကြီးလက်ထဲမှာ သူလည်း ပထမတန်း ခရီးသည်တစ်ယောက်ပဲ"

မန်း ॥ ॥ " ဩော် . . . . . နေစမ်းဦးဗျို့၊ ခင်ဗျားကို ကျု လိုက်ရာတန်းက အရာရှိကြီးတွေနဲ့ စကားပြောနေတဲ့လူမှတ် တယ်. . . . အရပ်ခပ်ပျပ်ပျပ်၊ အသားဖြူဖြူ၊ မီးခိုးရောင်အဝတ်စုံ ဝတ်လို့ မဟုတ်လား"

ဂုံ ॥ ॥ " အစစ်ပဲဗျ၊ အဲဒီလူဟာ ချင်းစော်ဘွားရဲ့ ဝန်ကြီး ခင်ဗျာ့၊ ဘိလပ်မှာတောင် ပညာသင်ခဲ့တဲ့လူတဲ့၊ ဘုရင်ခံက ဗြိတိသျှအစိုးရ ရဲ့ ကိုယ်စား ချင်းဝန်ကြီးလက်ထဲမှာ " ပို့ကြီးမူး " စိန်ကြီးကို ပေးအပ် လိုက်လို့ ချင်းစော်ဘွားဆီကို သူက ဆောင်ကြဉ်းခဲ့ရတယ်ဗျာ "

မန်း ॥ ॥ " ခင်ဗျားက ဘယ့်နှယ်သိလဲ "

ဂုံ ॥ ॥ " ခင်ဗျားနဲ့ ဟိုနေ့က တွေ့ပြီးတဲ့နောက် ဒီအကြောင်း ကို ကျုပ် လိုက်ပြီးစုံစမ်းလို့ ပခုက္ကူတို့၊ ဖားအံတို့၊ ပြည်တို့တောင် ရောက်ခဲ့ သေးတယ်ဗျ "

မန်း ॥ ॥ " အောင်မယ်လေး . . . . ဆရာကြီးရယ် . . . .





ပြောပဲပြောပါတော့ ဟိုနေ့ညကတည်းက ကျုပ်ကို ခင်ဗျားက တစ်ခုခု ပြောလိမ့်မလားလို့ မျှော်လင့်နေတာပါဗျ၊ ကျုပ်ကိုများ ရှက်နေရသေး သေးသလားဗျာ "

ဂုံ ॥ ॥ " ခင်ဗျားက မျှော်လင့်နေတယ်လား၊ ဖြစ်မှဖြစ်ရလေ ဘူး၊ ကျုပ် ခင်ဗျားကို ကြောက်နေတာဗျို့. . . . ဒီလိုမှန်းမှ မသိရပါလေ ဘူ "

မန်း ॥ ॥ " ကျုပ်ကသာ စပြီး မပြောဝံ့တယ်၊ ခင်ဗျား ပြော သေးလို့တော့ မျှော်လင့်နေတာဗျို့ "

ဂုံ ॥ ॥ " ကျုပ်ပြောရင် ခင်ဗျား ပါမယ်လား "

မန်း ॥ ॥ " ပါလှချေပေါ့ ဆရာကြီးရယ် . . . . သမ္မာ အာဇီဝနည်းနဲ့ အသက်မွေးဖို့ ကြိုးစားတော့ ကြိုးစားတာပဲ၊' နို့ပေမယ့် ကောင်းရောင်းကောင်းဝယ်နည်းနဲ့ အကျိုးပေးတဲ့ ကံမပါဘူး ထင်ပါရဲ့ ဘူး တစ်ခုမှ အပေါက်အလမ်း မတည့်ဘူး "

ကျွန်ုပ်တော်သည် ဒဂုံတင့်နှင့် ကွဲကွာနေခဲ့သည့်အခိုက်တွင် ဝမ်း ရေးအတွက် အမျိုးမျိုးသောနည်းဖြင့် ကြိုးစားခဲ့ပုံအခြင်းအရာများကို အသေးစိတ်ပြောပြလေ၏။ သို့ရာတွင် ဒဂုံတင့်သည် လူကောင်း တစ် ယောက်ဖြစ်အောင် ကျွန်တော် ကြိုးစားသော်လည်း ကံမရှိ၍ မဖြစ်ဆို သော စကားကို လက်မခံချေ။

ဂုံ ॥ ॥ " ဒီလိုဟုတ်ပါရိုးလား မန်းတင့်ရယ် ပုထုဇဉ်သတ္တဝါ တစ်ယောက်ရဲ့ စိတ်သဘောဆိုတာ ကျားကွက်လိုပဲ အဖြူကွက်ပေါ် ရောက်တဲ့အခါ ရောက်လိုက်၊ အနက်ကွက်ပေါ် ရောက်တဲ့အခါ ရောက် လိုက်ပေါ့။ ကျုပ်တို့ ဂေါတမ မြတ်စွာဘုရားအလောင်းတော်ကို ကြည့်ဦး လေ၊ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှာ ဗျာဒိတ်ခံယူပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာတောင် တစ်သမတ်တည်း အဖြူကွက်ပေါ်သွားနိုင်ရဲ့လား . . . မသွားနိုင်ဘူးဗျ။ တိရစ္ဆာန်ဖြစ်တဲ့အခါ ဖြစ်လိုက်၊ စကြဝတေးမင်း ဖြစ်တဲ့ အခါဖြစ်လိုက်၊ ဘုရားဖြစ်မယ့်ဆဲဆဲ ဒီကမ္ဘာမှာတောင် (၅၅၀) အဖြစ် တော်ကို ကြည့်လေဗျာ . . . . တိရစ္ဆာန်အဖြစ် ဘယ်နှစ်ဘဝပါနေသလဲ ဟိုနုစဉ်အခါတုန်းကဆိုလျှင် ဘာပြောစရာရှိမလဲဗျာ၊ သူ့သဘာဝကိုက ဖြူချည်မည်းချည် တစ်လှည့်စီ ဖြစ်ရမှာပါဗျာ။ အပါယ်ကလွတ်အောင် ကျုပ်တို့ အလောင်းတော်ထက် ဘယ်သူက ကြိုးစားနိုင်ဦးမှာလဲဗျာ . . . ဒါနဲ့တောင် လွတ်ရဲ့လားဗျ၊ အရိယာဖြစ်လို့ ပုထုဇဉ်အန္တရာယ်က မဂ်စိတ္တုပ္ပါဒ်နဲ့ မဖြတ်နိုင်သေးသမျှ ကာလပတ်လုံး ဖြူချည်မည်းချည် ခရီးသွားကြရဦးမှာပေါ့ဗျ၊ ဒါလောက်တောင် အကြောင့်ကြ စိုက်မနေပ နဲ့ မိန်းတင့်ရယ် ”

မန်း ॥ ॥ “ နို့ ဒါဖြင့် မကြိုးစားရတော့ဘူးလားဗျာ ”

ဂို ॥ ॥ “ ဒီလိုလည်း ကျုပ် မဆိုဘူးလေ၊ ကျုပ်ကိုယ်တိုင် လည်း အကွက်ကောင်းတစ်ခု ကိုင်မိသည်နှင့် တစ်ပြိုင်နက် ဒီအကျင့်တွေ ဖျောက် ပြီး ဥပုသ်သီတင်းဆောက်တည်နေဖို့ အမြဲ အားခဲနေပါတယ်ဗျာ ”

မန်း ॥ ॥ “ နေပါဦးဗျာ၊ တစ်ခု မေးစမ်းပါရစေဦး၊ အကယ်၍ “ ပိျုကြီးမူး ” စိန်ကြီး ရပြီဆိုပါတော့ ရောင်းဖို့ မခက်ဘူးလားဗျ ”

ဂို ॥ ॥ “ ဘာလဲဗျ . . . အိုက်ဇက် မရှိတော့လို့ မေးနေတာ လား၊ ကိစ္စမရှိပေါင်ဗျာ . . . တစ်သိန်းတန်ကို နှစ်သောင်းအရှုံးခံပြီး ရောင်းလျှင် ဒိန်းမတ်ပြည်ပို့ပြီး ပြင်သွေးရောင်းမည့် ဘာဘူတွေ ပေါလွန်း လို့ပါဗျာ ကျုပ် သိပါတယ် ”

မန်း ॥ ॥ “ ဒါထက် ချင်းဝန်ကြီးဆိုတဲ့ လူအကြောင်းကို ခင်ဗျား သိရပြီလား ”





ဂို ॥ ॥ “ သိတန်သလောက် သိရပြီးပါပြီ၊ တော်တော် ...န်ချင်တဲ့ ငနဲတစ်ယောက်ဗျ။ သို့သော် သူ ထန်ချင်ထန် ပျော့ချင်ပျော့၊ ...ူ့ ချော့ပေါင်းနေမှာ မဟုတ်ဘဲ၊ အရေးမကြီးပါဘူးဗျာ ”

ထိုခဏ၌ မီးခိုးရောင် သက္ကလပ်ဝတ်စုံ ဝတ်ထားသော လူတစ် ...ယောက်သည် ကျွန်တော်တို့၏ အခန်းပေါက်မှ ကပ်၍ ဖြတ်လျှောက် ...ားလေရာ ရေမွှေးဝါသနာပါသော သူတစ်ယောက်ဖြစ်၍ ကျွန်တော်တို့ ...ခန်းတွင်း၌ ထောင်းခနဲ မွှေးသွားလေတော့၏။

မန်း ॥ ॥ “ ပိျုကြီးမူးကို သူ ယူလာတာ ဟုတ်ပါပြီ၊ ဘယ်လို ...ပ် ယူခဲ့သလဲတဲ့ဗျာ၊ ကပ္ပတိန်ရဲ့ မီးခံသေတ္တာထဲမှာ အပ်မထားဘူးလား”

ဂို ॥ ॥ “ အပ်မထားပါဘူးဗျ၊ ကျုပ် သိပါတယ်၊ တစ်သင်္ဘော ...း ဘယ်သူမှ ဒီအကြောင်းကို မသိပါဘူး၊ ကပ္ပတိန်ကိုယ်တိုင်ကလည်း ...သိပါဘူး ”

မန်း ॥ ॥ “ ဒါဖြင့် သူ့လက်ထဲမှာ ရှိတယ်ပေါ့လေ ”

ဂို ॥ ॥ “ ရှိရမယ်ဗျ ”

မန်း ॥ ॥ “ ဒီလိုဆိုရင် သူ့တစ်ယောက်တည်း အလုပ်လုပ်ဖို့ ...ာပေါ့ ”

ဂို ॥ ॥ “ အစစ်ပါပဲ ”

* * * * *

ထိုခေတ်အခါက တံ့တေးတူးမြောင်းကြီး မပြီးသေးသည်ဖြစ်၍ ...ို့သင်္ဘောသည် သခ္ခပ်ပင်ဝမှ လှည့်ရလေရာ ကျွန်တော့်မှာ ဤခရီးတွင် ...ာ်လင့်သလောက် မပျော်ရွှင်ရဘဲ ပျင်းရိရသောအချိန်များပင် ပါဝင်



www.burmeseclassic.com

www.burmeseclassic.com



သေး၏။ အဘယ်ကြောင့်ဆိုသော် ဒဂုံတင်သည် အခန်းထဲတွင် ကျွန်တေ နှင့် အထက်ပါအတိုင်း တိုင်ပင်ပြီးသော အချိန်မှစ၍ ကျွန်တော့်ဘက် လှည့်၍ပင် မကြည့်တော့ဘဲ ကပြားမလေး မစ္စဂွါန်ဆင်နှင့် တပူးတွဲ လုပ်နေသောကြောင့်ပေတည်း။

နံနက် အိပ်ရာမှထ၍ လက်ဖက်ရည်သောက်သော အချိန်မှစ ည (၁၁)နာရီ အိပ်ရာဝင်သော အချိန်တိုင်အောင် ဒဂုံတင်သည် မ ဂွါန်ဆင် နောက်သို့ တကောက်ကောက်လိုက်လျက် ကျယ်ကျယ် ပြောချ တစ်ခါ တိုးတိုးပြောချည် တစ်လှည့်ဖြင့် တပွတ်သပ်သပ်နေကြ မစ္စဂွါန်ဆင်ကလည်း ဒဂုံတင့် ပြောသောစကားများကို နှစ်သက်သဘော ကျ နှင့် တဟီးဟီးတဟားဟား ရှိနေလေတော့၏။

ဒဂုံတင့်မှာ မိန်းမများနှင့် ပတ်သက်၍ အလွန်ကျင်လည် ဆက်ဆံတတ်သည့်အလျောက် အဟုတ်တကယ် စိတ်လက်ပါပိုးပန်းခဲ့ "မ"သော မိန်းမ, မရှိသလောက် အစွမ်းကောင်းကြောင်းကို ကျွန်တေ သိပြီး ဖြစ်သော်လည်း ထိုကဲ့သို့ ပိုးပန်းသည်ဟူ၍ အလွန်နည်းခဲ့၏။

တရုတ်ကပြားမလေး တစ်ယောက်နှင့်လည်းကောင်း၊ ဇေဒဘာ မကလေး တစ်ယောက်နှင့်လည်းကောင်း လူစွမ်းပြသော အနေ ကျွန်တော့်မျက်စိအောက်၌ ပိုးပန်းသည်ကို ကျွန်တော်မြင်ခဲ့ရဖူးရာ ယ တစ်ဖန် ဘိုကပြားမကလေးကို ဤကဲ့သို့ ပူးပူးကပ်ကပ် နှူးနှပ်နေ နေရာကျပုံပေါ်သည်ကို တွေ့ရသောအခါ၌ ဤလူသည်ကား မည်သ မိန်းမကိုမဆို တကယ်ကြိုက်၍ တကယ်ကြိုးစားလျှင် တကယ်နေရာ အောင် တတ်နိုင်သည့် လူပေတည်းဟု အောက်မေ့မိ၏။

ဥရောပရာဇဝင်၌ အလွန်နာမည်ကြီးခဲ့သော 'ဒွန်ဂွမ်' အကြော ကိုလည်းဖတ်၊ ဘိုင်စကုပ်တွင်လည်း ကြည့်ခဲ့ရ၍ ထိုသူ၏ ရဲတင်းသေ





အပြုအမူများကို ကျွန်တော် အံ့ဩခဲ့မိဖူးရာ ကျွန်တော်၏ မိတ်ဆွေ ဒဂုံတင့်၏ အမူအရာများကို မြင်ရသောအခါ၌ ဘိုင်စကုပ်ထဲတွင် 'ဒွန်ဂွမ်' နေရာ၌ အသုံးခံသော 'ဂွါန်ဘယ်ရီမိုး' ၏ အက်တင်များသည် ကျွန်တော် ၏ စိတ်ထဲတွင် ပေါ်လာလေတော့သည်။

မိန်းမနှင့် ပတ်သက်၍ ထမြောက်အောင်မြင်ကြသော ပုဂ္ဂိုလ်များ၏ ထူးခြားသော အမူအရာတစ်ခုမှာ ၎င်းတို့သည် ဟန်မှ ဟန်ပါမည်လောဟူသော ဒွိဟသံသယမျိုး လုံးဝ မရှိဘဲ သေချာပေါက်ထား၍ စိတ်ခုလက်ချ အေးအေးဆေးဆေး ပိုင်ပိုင်နိုင်နိုင် ပြုမူဝံ့ကြခြင်းပင်ဖြစ်လေသည်။ ထိုခေတ်တွင် ဘိုကပြားမကလေးတစ်ယောက်ကို ပထမတန်း သင်္ဘောဦးပိုင်း၌ ဘိလပ်သား အရာရှိများ၏ မျက်စိအောက်တွင် ပိုးပန်းဝံ့သော သတ္တိမှု သေးငယ်လှသည် မဟုတ်သဖြင့် မြန်မာယောက်ျား (၁၀၀)အနက်တွင် တစ်ယောက်မျှပင် စိတ်ကူးဝံ့လိမ့်မည် မထင်ပေ။

မစ္စဂွါန်ဆင်က ဖယ်၍ မချသမျှ ကာလပတ်လုံး ဒဂုံတင့်သည် အခြားသော မျက်နှာဖြူအရာရှိ ခရီးသည်များ၏ မျက်စောင်းထိုးခြင်း၊ ချက် မှောင်ကြုတ်ခြင်း၊ ကျောခိုင်းခြင်း၊ မထီမဲ့မြင်ပြုခြင်း စသည်တို့ကို အလျှင်း ဂရုမစိုက် သတိမမူဘဲ သင်္ဘောကြီးပေါ်တွင် သူနှင့် မစ္စဂွါန်ဆင်တို့ နှစ် ယောက်တည်းသာ ရှိနေဘိသကဲ့သို့ နေချင်သလို နေထိုင်သည်များကို တွေ့မြင်ရသောအခါ ပထမတန်း စီးရခြင်းအတွက်ပင် ရှုံ့တွန့်တွန့်ဖြစ်နေသော ကျွန်တော့်မှာ ကျောတစိမ့်စိမ့် ဖြစ်နေရလေတော့၏။ ဤအတောအတွင်း ကိုယ့်လူက ကိုယ့်အား ဂရုမစိုက်သလို ပစ်ထားသဖြင့် လည်းသာ၍ ပကျေမချမ်း ဖြစ်ရသေး၏။

ကျွန်တော်သည် ကျွန်တော်၏ သူငယ်ချင်း ဒဂုံတင့်ကို ကျွန်တော်နှင့် မပေါင်းမိအောင် ခွဲထားသည်ဆို၍ မစ္စဂွါန်ဆင်အပေါ်၌ မနာလို



www.burmeseclassic.com

www.burmeseclassic.com



ဝန်တိုသောစိတ် ဖြစ်မိသည့်နည်းတူ ဒဂုံတင့်အပေါ်၌ မနာလိုဝန်တိုသော စိတ်ဖြစ်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦးလည်း ရှိသေး၏။

ထိုသူမှာ အခြားမဟုတ် ချင်းဝန်ကြီးဆိုသူပင် ဖြစ်လေသည်။ ချင်းဝန်ကြီးသည် သင်္ဘော ထွက်ခါစ အချိန်၌ မစ္စတ္ထွန်ဆင်ကို " ရစ် " ကြိုးစားသေး၏။ သို့သော် သင်္ဘောထွက်လာမိ၍ (၂)နာရီကျော် (၃)နာရီခန့် ကြာရှိသည်တွင် ဒဂုံတင့်သည် မိမိအပေါ်၌ "လူရည်သာ" သည့်အဖြစ်ကို ရိပ်မိသည်ဖြစ်၍ ချင်းဝန်ကြီးသည် အမျိုးမျိုးသောနည်းဖြင့် ကြိုးစားသေး၏။ ပခုက္ကူနယ်သားချင်း ဖြစ်သည့်အလျောက် တစ်ယောက်နှင့်တစ်ယောက် အတန်ငယ် သိကျွမ်းပြီးဖြစ်၍ ချင်းဝန်ကြီးသည် ဒဂုံတင့်နှင့် မစ္စတ္ထွန်ဆင်တို့ နေထိုင်ကြသော စားပွဲတွင် တစ်ဖက်မှ အတင်းဝင်၍ ထိုင်သေး၏။ သို့ရာတွင် ဒဂုံတင့် စားပွဲမှထ၍ လာခဲ့၍ မစ္စတ္ထွန်ဆင်က ဒဂုံတင့်နောက်သို့ ထလိုက်သွားသောအခါတွင်မူကား ချင်းဝန်ကြီးမှာ တစ်ဆင့်တက်၍ နှောင့်ယှက်ရန် မတတ်တော့သည်ဖြစ်၍ မျက်မှောင်ကြီးကြုတ်ကာ ကျန်နေရစ်ခဲ့ရလေတော့သည်။

သင်္ဘောသည် သခွပ်ပင်အနီးတွင် ဒီရေစောင့်နေခဲ့ရသည့် အတွက် တစ်နေ့ပတ်လုံး ခုတ်နှင်လာခဲ့ပါသော်လည်း ထိုညဉ့်တွင် တွံတေးအနီး၌ပင် အိပ်ရလေ၏။ ထိုညဉ့်၌ အိပ်ရာသို့ ဝင်ကြသောအခါ ...

မန်း ။ ။ " ခင်ဗျားကိုတော့ ဦးပိုင်း တစ်ပိုင်းလုံးက မုန်းကုန်ပြီဗျာ "

ဂုံ ။ ။ " တစ်ပိုင်းလုံး ဆိုပေမယ့် ချင်းဝန်ကြီးဆိုတဲ့ လူတစ်ယောက်ပါဗျာ "

မန်း ။ ။ " ဒီပြင် ဘိုကြီးတွေကလည်း အမြင်ကပ်ကြတာ ထားလိုက်ပါတော့ဗျာ "





ဂုံ ။ ။ " ကျုပ်က တမင်လုပ်နေတာဗျ "

မန်း ။ ။ " ဗျာ ... တစ်သင်္ဘောလုံးက မုန်းအောင် တမင်လုပ်ရတယ်လို့ဗျာ"

ဂုံ ။ ။ " ဒီပြင်လူတွေကို ကျုပ် ဂရုမစိုက်ပါဘူး၊ ချင်းဝန်ကြီးပြောတာပါ။ ကျုပ် အကြံအစည်အတိုင်းဆိုလျှင် သူနဲ့ ကျုပ်နဲ့ ပလူးပလဲလုပ်လို့ မကိုက်ဘူးဗျ။ ကျုပ်ကို ချဉ်လေလေ ကျုပ်အကြံ နေရာကျလေလေပဲ ... "

မန်း ။ ။ " နို့ ... ခင်ဗျား အကြံအစည်ဆိုတာ မစသေးဘူးလားဗျ "

ဂုံ ။ ။ " အချိန်တွေ ရှိပါသေးတယ်၊ ပြည်မြို့မှာ သင်္ဘောဆိုက် လောက်မှ ကျုပ်အစီအစဉ် နေရာကျမယ်ဗျ။ စောလွန်းလျှင် နေရာမကျဘူး "

မန်း ။ ။ " ခင်ဗျားက ဖွင့်ပြီး တိုင်ပင်တာမဟုတ်တော့ ခင်ဗျားဟာခင်ဗျား ကြည့်သာ လုပ်ပေတော့ဗျာ ... "

နောက်တစ်နေ့ နေ့လယ်၌ ဒဂုံတင့်သည် ထုံးစံအတိုင်း မစ္စတ္ထွန်ဆင်နှင့် 'တဂူကူးကူး' နေကြသဖြင့် ကျွန်တော်တစ်ယောက်တည်း ထိုင်ရှိသည်နှင့် စာဖတ်ရင်း အိပ်ပျော်သွားလေ၏။ အိပ်ရာမှ နိုးလာသောအခါ ဒဂုံတင့်သည် အိပ်စင်နံဘေးရှိ ခုံကလေးပေါ်၌ ထိုင်လျက် ရှိသည်ကို တွေ့ရလေ၏။

ဂုံ ။ ။ " ပျင်းနေပြီလားဗျ မန်းတင့် "

မန်း ။ ။ " ပျင်းပြီလားဗျာ၊ ခင်ဗျားတို့လို အဖော်မရှိဘဲဟာကိုး ... "

ဂုံ ။ ။ " ကျုပ်မှာ ဒီကနေ့ တော်တော် အလုပ်များနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျ"

မန်း ။ ။ "ဟုတ်ပေမှာပေါ့ဗျာ"

ဂုံ ။ ။ "ခင်ဗျားက မငေါ့ပါနဲ့၊ ကျုပ်က အတည်ပြောတာ ကျုပ်က တခြားနေရာမှာ အလုပ်ရှုပ်နေတုန်း ချင်းဝန်က ကော်ပေါ တွေ့သွားတယ်ဗျ။ ဒါထက် နက်ဖြန်ခါ ပြည်မှာ သင်္ဘောအိပ်လိမ့်မယ် ကျုပ်တို့ကိစ္စ နက်ဖြန်ည ပြီးအောင် ဆောင်ရွက်မှ ဖြစ်မယ်ဗျို့. . ."

မန်း ။ ။ "ခင်ဗျားက တကယ် လုပ်ဦးမှာလား . . . ."

ဂုံ ။ ။ "ဘယ့်နှယ်ပြောပါလိမ့် မန်းတင့်ရယ်. . .၊ လုပ် ပေါ့ဗျ . . ."

မန်း ။ ။ "နက်ဖြန်မှလုပ်ခြင်းက အကြောင်းဘယ်လိုကြော လဲဗျ"

ဂုံ ။ ။ ဒီလိုဗျ၊ မတော်တဆ အသာတကြည်နဲ့ နေရာမကျ အကြမ်းနည်းနဲ့ အလုပ်လုပ်ရလို့ရှိရင် ပြည်မြို့ဆိုတော့ တိမ်းလို့ ရှောင် လွယ်ကူတာပေါ့ဗျ။ မီးရထားနဲ့ ရှောင်တန် ရှောင်ဖို့ နည်းလမ်းတစ်ခုလည် ရှိတာပေါ့ . . . ."

မန်း ။ ။ "အကြမ်းနည်းဆိုပေမယ့် သေလောက်ပျော လောက်တော့ မဖြစ်တန်ကောင်းဘူး ထင်ပါလားဗျ"

ဂုံ ။ ။ "စိတ်ချပါ မန်းတင့်၊ ခင်ဗျားနဲ့ အလုပ်လုပ်ခဲ့ကြတ အကြိမ်ပေါင်း တော်တော်များပြီ၊ ကျုပ်က အကြမ်းနည်းသုံးတယ် တစ်ခါမှ မကြုံဖူးသေးဘူး ဟုတ်လား"

မန်း ။ ။ "နေပါဦးဗျာ၊ ချင်းဝန်ကြီးက စိန်ကြီးကို သူ့အခ ထဲမှာ သူနဲ့အတူ ထားတယ်ဆိုပါတော့၊ ခင်ဗျားက ဘယ့်နှယ်လုပ် ဝင်မှာလဲဗျ"





ဂုံ ။ ။ "ကိုင်း-လာခဲ့၊ ခင်ဗျား တက်ကြည့်စမ်း"

ကျွန်တော်တို့ အိပ်ခန်း၌ အိပ်စင်နှစ်ခုရှိရာ အောက်ထပ်အိပ်စင် တွင် ကျွန်တော် အိပ်၍ အထက်ထပ်အိပ်စင်၌ ဒဂုံတင့် အိပ်ခဲ့၏။ ကျွန်တော်သည် အိပ်စင်နှစ်ခုလုံးကို ဖုံးလွှမ်းထားသည့် ခန်းဆီးအဝတ်ကြီး ကို ဖယ်ရှား၍ ဒဂုံတင့်၏ ဇာခြင်ထောင်ကလေးကို ဒဂုံတင့်က ပင့်တင် ထားသည်တွင် လေဝင်ရန်အတွက် တပ်ထားသော ပြတင်းပေါက်ငယ်ကို တွေ့မြင်ရလေ၏။ အလျားတစ်တောင် အနံတစ်ထွာခန့်ရှိ၍ ခပ်လျော လျောရှိသော တံခါးကလေးဖြစ်၍ အပြင်ဘက်မှ ကလားသဖွယ် ပြုလုပ်ထား သည်ကို တွေ့ရ၏။ ယခုအတိုင်း ၎င်းအပေါက်မှ လူတစ်ယောက် ထွက်ခဲ့ သော် ကလားတံခါးကြောင့် မဖြစ်နိုင်သော်လည်း ၎င်းကလားတံခါးကို နည်းငယ် မြှောက်တင်လိုက်ပါမူကား အဆိုပါ ပြတင်းပေါက်မှာ လူတစ် ယောက် ဝင်ထွက်ရန်အတွက် ဖြစ်နိုင်လောက်ပေ၏။

ဂုံ ။ ။ "ဒီလိုဗျ မန်းတင့်ရဲ့၊ ချင်းဝန်ကြီးရဲ့ အခန်းက ကျုပ် တို့အခန်းရဲ့ ဟိုဘက်မှာ ကပ်လျက် ရှိတယ်။ ခရီးသည်လည်း သူတစ် ယောက်တည်းပဲ၊ သူ့အခန်းမှာ ဒီလို ပြတင်းပေါက်ကလေး ရှိတယ်။ ပြတင်းပေါက်ဟာက ခုအတိုင်းတော့ ခပ်ကျဉ်းကျဉ်းပဲ၊ သို့သော် ဝက်အူ လှည့် တစ်ချောင်းနဲ့ ပြင်ပေးလိုက်လျှင် ကလားတံခါးဟာ ခုထက် ကျယ် လာမယ်၊ ဒါကြောင့် ကျုပ်တို့အခန်းက သင်္ဘောနံဘေးရောက်အောင် ဒီအပေါက် ကလေးကထွက်ပြီး ဒီလို အပေါက်ကလေးမျိုးကကူးမှ သူ့အခန်းထဲ လူဝင်လျှင် ဖြစ်နိုင်တာပေါ့ဗျ"

မန်း ။ ။ "ပြင်ဘက်မှာ ဘာရှိသလဲ"

ဂုံ ။ ။ "သံတိုင်လက်ရမ်းကြီး ရှိတယ်၊ သံတိုင်ပေါ်နင်းပြီး ဝက်အူလှည့်နဲ့ သူ့ဘက်က ကလားတံခါးကို ဖွင့်ဖို့ဟာ သိပ်ခဲယဉ်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ် မဟုတ်ပါဘူးဗျ ”

မန်း ॥ ॥ “ အပြင်ဘက်ကနေပြီး တစ်ယောက်ယောက် လှမ်း ကြည့်လျှင် မမြင်ရပေဘူးလားဗျ ”

ဂုံ ॥ ॥ “သဘော် ကမ်းမှာ ဆိုက်တဲ့အခါ ဒီဘက် မြစ်ဘက်ဗျ၊ ကမ်းဘက်ဆိုလျှင် စိုးရိမ်ရတယ် ထားပါတော့၊ မြစ်ဘက် ကတော့ ညဥ့်နက်လျှင် လူရှိမှာ မဟုတ်ပါဘူးဗျာ၊ အရေးကြီးတာ ဘာလဲဆိုတော့ ညဥ့်အချိန်သဘော်ဦးပိုင်းမှာ အစောင့်ထားတယ် ကျုပ်တို့က ကျုပ်တို့ အခန်းထဲ ဝင်ပြီးတဲ့နောက် အပြင်ဘက်မှ မျက်နှာမပြလျှင် ကျုပ်တို့ အပေါ် ထင်စရာ မရှိတော့ဘူးပေါ့ ”

မန်း ॥ ॥ “ နေပါဦးဗျ၊ ချင်းဝန်ကြီးက နိုးနေလျှင်ကော ”

ဂုံ ॥ ॥ “ စိတ်သာချ မန်းတင့်၊ ခင်ဗျားလူက အင်မတ အိယာသောက်တဲ့လူပဲ၊ ဘိယာသမားဟာ ဘယ်တော့မှ အအိပ်မဆ ဘူး၊ အိပ်ခံပျော်မိလျှင်တုံးပဲ။ နဂိုကတည်းက အအိပ်ကြီးတဲ့ လူ ယောက်ကို မေ့ဆေးပေးလိုက်လျှင် ဘယ်တော့ နိုးနိုင်မှာလဲဗျ. . . ”

မန်း ॥ ॥ “ ကျုပ်အလုပ်က ဘာလဲဗျ ”

ဂုံ ॥ ॥ “ ခင်ဗျားကတော့ ဒီအပေါက်နေပြီး ကျုပ်လို လှမ်းပေးရုံ ရှိတာပါပဲ၊ လိုရင်းတော့ အားပေးဖို့ပါပဲဗျာ။ ကျုပ်ဆိုတဲ့ကော က ခင်ဗျားလိုလူက အားပေးမှ လုပ်ဝံ့ကိုင်ဝံ့ ရှိတာဗျ. . . ”

ချင်းဝန်ကြီးသည် ၎င်း၏ အခန်းတံခါးကို မင်းတုတ်ချ၍ အိပ် ဖြစ်ရာ ဒဂုံတင့်က မင်းတုတ်ကို ဖွင့်ထားခဲ့ခြင်းအားဖြင့် ထင်ယော ထင်မှားဖြစ်အောင် ပြုလုပ်ရန်လည်း စိတ်ကူးပြီး ဖြစ်၏။ အကြောင်းမူက အခြားသော နေရာများ၌ ခြေရာလက်ရာမပျက်ဘဲ အခန်းတံခါးပွင့်ေ သည်ကို ပုလိပ်များ တွေ့ရသည့်အခါ ချင်းဝန်ကြီးက တံခါးကို မပိတ်





ဘဲ မေ့ထားခဲ့ခြင်း ဖြစ်ရမည်ဟု ယူဆကြဖို့ ရှိပေသောကြောင့်တည်း။

မန်း ॥ ॥ “ နေပါဦးဗျ၊ ဝင်တာတော့ ဟုတ်ပါပြီ။ စိန်ကြီးကို ဘယ်လိုနေရာမှာ ဝှက်ထားသတဲ့လဲ ”

ဂုံ ॥ ॥ “ သူ့ကိုယ်ထဲမှာ ရှိပါတယ်ဗျ ”

မန်း ॥ ॥ “ ခင်ဗျားက ဘယ့်နှယ်ကြောင့် အတပ်သိနိုင်သလဲ ဗျ ”

ဂုံ ॥ ॥ ဗျို့ - မန်းတင့် သိပ်တော့ မေးမနေနဲ့ဗျာ၊ ကျုပ်က သိတယ်ဆိုလျှင် သိတယ်လို့သာ မှတ်ပေတော့ . . . ”

ကျွန်တော့်မှာ ဒဂုံတင့်၏ မျက်နှာထားကို အကဲခတ်လိုက်သည် တွင် အချို့ယောက်ျားများကဲ့သို့ ဤကိစ္စမျိုးတွင် ‘လှိုင်း’ ချင် ‘ဝါ’ ချင်သော အမူအရာမရှိသည့်ပြင် စကားများစွာ ပြောခြင်းကိုပင် မကြိုက်ဟန်ရှိ ကြောင်း ရိပ်မိသည်နှင့် မစွက်ဖက်ဆင်သည်ပင်လျှင် သူ၏ သူလျှိုဖြစ်သည်ဟု ထင်းစားမိလေ၏။ သို့ရာတွင် လက်ပမ်းပေါက်ခတ်၍ ကြွားတတ်သော သူတစ်ယောက် မဟုတ်သည်ကို သိသဖြင့်လည်း မသိဟန်ပြု၍ နေလိုက် ရပေတော့သည်။

* * * * *

ဒဂုံတင့် စွမ်းဆောင်ခဲ့သမျှသော ဖောက်ထွင်းမှုများအနက်တွင် တနင်္လာနေ့ည သန်းခေါင်ကျော်အချိန်၌ ပြည်ဆိပ်ကမ်း “ဆိုင်းယမ်း” တပို့သဘော်ကြီးအပေါ် ထပ်တွင် ပြုလုပ်ခဲ့သော အလုပ်သည်ကား အခက် ခဲဆုံး အသိမ်မွေ့ဆုံးနှင့် အကျင်လည်ဆုံးဖြစ်သည်ဟု ဆိုလောက်ပေ၏။ ဒဂုံတင့်သည် ၎င်းကို နာရီသံပတ်သဖွယ် တိတိ, ရိရိ, ချောချော, မောမော



www.burmeseclassic.com

www.burmeseclassic.com



ရှိလှ၍ မူလကြိုတင်စီမံထားသည့်အတိုင်း တစ်သဝေမတိမ်းအောင် နေရာတကျ ရှိလှပေသည်။

ဒဂုံတင့်သည် နာရီပြန်တစ်ချက်အချိန်တွင် အဝတ်ဆို၍ တစ်ထွာခန့် မပါဘဲ ဝါဂွမ်းပိတ်ဆို့ထားသည့် ဖန်ဘူးငယ် တစ်လုံးကို ပါးစပ်တွင် ကိုက်လျက် ဝက်အူလှည့်တစ်ချောင်းကို နားရွက်ကြားတွင် ညှပ်ပြီးလျှင် ပြတင်းပေါက်မှ အပြင်သို့ လျှိုထွက်သွားခဲ့ရာ နာရီပြန်တစ်ချက်ခွဲတိတိအချိန်တွင် အဆိုပါ ဖန်ဘူးကလေးကို ကိုက်လျက် ပြတင်းပေါက်မှ လျှိုးဝင်လာခဲ့လေသည်။

ချင်းဝန်ကြီး၏ ပြတင်းပေါက် ကလားတံခါးကို ဝက်အူလှည့်ဖြင့် ကျပ်ခဲ့ပြီးမှ ဒဂုံတင့်သည် ဖန်ဘူးတွင် ထိုးထားသော ဝါဂွမ်းကို ထုတ်၍ လက်ဖဝါးပေါ်သို့ မှောက်ချလိုက်သည်တွင် ချိုးဥပမာဏရှိ၍ ဖြာလဲ့လဲ့ အရောင်တဖျပ်ဖျပ် ထွက်လျက်ရှိသော " ပိုကြီးမူး " စိန်ကြီးကို တွေ့မြင်ရလေ၏။

" ပိုကြီးမူး " ဟူသော အမည်မှာ ကမ္ဘာကျော် " ကိုဟီးနူး " စိန်ကြီးအလိုက် ကျွန်ုပ်တော် ရေးစပ်သော တေးထပ်တွင်မှ မှည့်ခေါ်လိုက်ခြင်းဖြစ်သော်လည်း အစိုးရအရာရှိများသည် ၎င်းအမည်ကို သဘောကျ၍ လက္ခဏာနှင့် ကျွန်ုပ်တော် တေးထပ်ပေါ်ထွက်ပြီးသည့်နောက်တွင် ၎င်းအမည်ဖြင့် ခေါ်တွင်ကြလေသည်။

ချင်းဝန်ကြီး၏ အခန်းတွင်းသို့ ဝင်သွားသည်။ နောက် ဘီယာအရှိန်ကြောင့် တစ်ဝက်မက ;သတိလစ်လျက်ရှိသော ချင်းဝန်ကြီးကို မေ့ဆေးဖြင့် လုံးဝ သတိလစ်အောင် ပြုလုပ်ရန်မှာ မခဲယဉ်းကြောင်း၊ ၎င်းနောက် ခါးပတ်ထဲ၌ ညှပ်ထားသော စိန်ကြီးကို နှိုက်ယူရန်မှာ အလွန်လွယ်ကူကြောင်း၊ အခဲယဉ်းဆုံးသော အလုပ်မှာ သံချေးကိုက်နေသော





ဘာဝိန္နစ်ချောင်းကို ဝက်အူလှည့်ဖြင့် လှည့်ဖွင့်ရသောအလုပ်ပင်ဖြစ်ကြောင်း၊ ချင်းဝန်ကြီးနိုးမည့် အရေးကို လုံးဝ စိုးရိမ်ခြင်း မရှိခဲ့ကြောင်းများနှင့် ဒဂုံတင့် ပြောပြလျက်ရှိစဉ် ကျွန်ုပ်တော်သည် သူ့ကို (အထူးသဖြင့် ခိုန်းမ များ) အလွန်တရာမက်မောသော ကာဗွန်ဓာတ် (မီးသွေး) တုံးကြီးကို ကိုင်တွယ် ကြည့်ရှုလျက် ရှိလေသည်။ ၎င်းနောက် ကျွန်ုပ်တော်တို့သည် ခပ်စောစောကတည်းက အသင့်ဝယ်ယူထားကြသည့် ဝီစကီတစ်ပုလင်းနှင့် ဆိုဒါတို့ဖြင့် အောင်မြင်သော အထိမ်းအမှတ်ပွဲ ကျင်းပကြသေး၏။

နံနက်လင်းသောအခါ ကျွန်ုပ်တော်တို့သည် လက်ဖက်ရည်သောက်ရန်အတွက် ဘုံစားပွဲကြီးသို့ ထွက်လာကြ၍ အခြားခရီးသည်များနှင့် အတူတို့ (စ) များကို စားသောက်ကြရင်း အခြေအနေကို အကဲခတ်ကြရာ ချင်းဝန်ကြီးတစ်ယောက် မပေါ်လာသည်မှတစ်ပါး ထူးခြားခြင်း ရှိသည်ကို မတွေ့ရချေ။ ချင်းဝန်ကြီးမှာ ယခင်နေ့ကလည်း ဘီယာလွန်ထားသည့်အတွက် မထွက်လာဘဲ နေခဲ့သဖြင့် ထိုသူ မပေါ်လာခြင်းအတွက် အထူးတလည် ပူပန်ခြင်း မရှိခဲ့ချေ။ စိန်ကြီးကို ဝှက်ထားရန်မှာ အလွန်ကျင်လည်လှသော ဒဂုံတင့်က တာဝန်ယူ၍ ဆောင်ရွက်သည်ဖြစ်သောကြောင့် ကျွန်ုပ်တော်က မေးမြန်းခြင်းပင်မပြုဘဲ စိတ်ချလက်ချနေခဲ့၏။

သဘော်ထွက်ချိန် နီးလတ်သော် ကျွန်ုပ်တော်တို့သည် စားပွဲကြီးတွင် ဝိုင်းဖွဲ့ကာ စားသောက်နေကြရာမှ ကမ်းဘက်သို့ လှမ်းကြည့်လိုက်သည်တွင် ကုန်းပေါင် ပျဉ်ပြားကြီးများ ဖြုတ်ပြီးကာမှ သမ္ဗန်ကလေးနှင့် ဆိုက်ကပ်ကာ သင်္ဘောပေါ်သို့ တက်လာသော မြန်မာအဘိုးကြီးတစ်ယောက်ကို တွေ့မြင်ရလေ၏။ အဘိုးကြီးသည် ဖွေးဖွေးဖြူသော ဆံပင်တွင် မျက်နှာသုတ်ပဝါနှင့် ရစ်ပတ်ထား၍ ဖျင်ကြမ်း လွယ်အိတ်ကြီးတစ်လုံးကို ပခုံးတွင် လွယ်လျက် ခုံဖိနပ်ဟောင်းတစ်ရန်ကို ခါး၌ထိုးကာ



www.burmeseclassic.com

www.burmeseclassic.com



သမ္မန်မှ သင်္ဘောသို့ ကူးတက်ပြီးနောက် ပိုက်ဆံ ငါးမူးအတွက် သမ္မန်သမားနှင့် စကားများနေသေးသဖြင့် သင်္ဘောအရာရှိများက ဝိုင်းဝန်းဆူပွက်ကြသည်တွင် ငွေ (၁)ကျပ် ပေးခဲ့၍ တတိယတန်း ခရီးသည်များရှိသည့် ကုန်းပတ်ပေါ်သို့ တက်သွားလေ၏။

သင်္ဘောထွက်လာပြီးနောက် ဒဂုံတင့်သည် အခန်းထဲသို့ ဝင်သွား၍ ပြန်လည်ထွက်ပေါ်လာခြင်း မရှိသည်နှင့် ကျွန်တော်လည်း အခန်းတွင်းသို့ ဝင်သွားလေရာ ဒဂုံတင့်မှာ အကြံအစည် အထမြောက်သောလူတစ်ယောက်၏ ရွှင်ပျသော အမူအရာမျိုးမရှိဘဲ စီးကရက်ပြာများခြံရံလျက် တစ်လိပ်ပြီး တစ်လိပ် သောက်ရှူနေသည်ကို တွေ့မြင်ရလေ၏။

မန်း ။ ။ " ဘာလုပ်တာလဲဗျ . . . . သဲမြည္ဘာရယ်လေ. . . ခွဲရမှာ တဖေက လွမ်းပါဘိ ဆိုတဲ့ အပူတိုက်ခန်းရောက်နေလို့လား "

ဂုံ ။ ။ (ကြွေခြေကြီးနှင့်) " ဗျို့ . . . မန်းတင့် "

မန်း ။ ။ " ဗျား . . . "

ဂုံ ။ ။ " ခင်ဗျား ရေကူးတတ်ရဲ့လား "

မန်း ။ ။ " နည်းနည်းပါးပါးတော့ တတ်ပါရဲ့ "

ဂုံ ။ ။ " မြစ်တစ်ဖက်ကမ်းရောက်အောင် ကူးနိုင်ရဲ့လား "

မန်း ။ ။ " ဟာ. . . . ဒီလောက်တော့ ဘယ်ဖြစ်မလဲဗျာ "

ဂုံ ။ ။ " ရေအောက်မှာကော ငုပ်ပြီး ထိုးတတ်ရဲ့လား "

မန်း ။ ။ " မတတ်ပေါင်ဗျာ. . . ဘာကြောင့် မေးတာလဲဗျ "

ဂုံ ။ ။ " လိုလို မယ်မယ်, မေးထားရတာပဗျာ "

မန်း ။ ။ " ဘာကြောင့် လိုလိုမယ်မယ် မေးရတာလဲဗျ "

ဂုံ ။ ။ " ဒီလိုလေဗျာ၊ ကျုပ်တော့ သိပ်ပြီး စိတ်မအေးလှဘူး ကျုပ်တို့ ခတ်ဘက်ကြီးတစ်ယောက် သင်္ဘောပေါ်ရောက်လာပြီဗျ "





မန်း ။ ။ " ဘယ်သူလဲဗျ၊ ကျုပ်တို့ ခတ်ဘက် "

ဂုံ ။ ။ " သင်္ဘောထွက်ခါနီးမှ လွယ်အိတ်ကြီးနဲ့ တက်လာတဲ့ အဘိုးကြီးဟာလေ "

မန်း ။ ။ " အဲဒါ ဘယ်သူမို့လဲဗျ "

ဂုံ ။ ။ " စုံထောက်ဦးသိန်းဟန်လေ၊ ထောင်ထွက်ချစ်တူးတို့စုတုန်းက သူ့ကို ကျုပ်တို့ တစ်ပတ်ရိုက်ခဲ့တာကို မကျေနပ်ဘူးဗျ။ ဒီပြင်လည်း ကျုပ်တို့အကြောင်း သတင်းရထားတာကလေးတွေ ရှိဟန်တူတယ်"

မန်း ။ ။ " ဘာကြောင့် ခင်ဗျားက ဒီလို တွေးနိုင်သလဲ "

ဂုံ ။ ။ " ရန်ကုန်မှာတုန်းက သူက ကျုပ်ကို အမြဲစောင့်ကြည့်နေဘာ။ ကျုပ် ရိပ်မိနေတယ်ဗျ။ ကျုပ်တို့လည်း ပျောက်သွားရော ပိုကြီးမှူး' စိန်ကြီးလည်း `သင်္ဘောပေါ် ပါသွားရောဆိုတော့ အကျိုးအကြောင်း ဆက်စပ်ကြည့်ပြီး ကျုပ်တို့ဟာ ဒီစိန်ကြီးနောက်ကို လိုက်ကြတာပဲဆိုတာ ရိပ်မိဟန်တူတယ်။ ဒါကြောင့် ပြည်ကို မီးရထားနဲ့ ဖြတ်လိုက်လာပြီး သင်္ဘောပေါ် သူ ရောက်လာတာပေါ့ဗျ. . . . "

မန်း ။ ။ " မြွေမြွေချင်း ခြေမြင်ဆိုတာလို မြင်လည်းမြင်တတ်ကြပါပေ့ဗျာ "

ဂုံ ။ ။ " ရာဇဝတ်ကောင်နဲ့ စုံထောက်နဲ့ဆိုတာ စိတ်ခြင်းဆက်နေ ထင်ပါရဲ့ဗျာ။ တစ်ယောက်က ဘာလုပ်လိမ့်မယ်ဆိုတာကို တစ်ယောက်က ကြိုတင်ပြီး သိနိုင်သလောက်ပါပဲ။ သို့သော်လည်း ဒီကိစ္စမှာတော့ ခင်ဗျားလူ ထင်ခြေလောက် ရှိပါတယ်။ လက်ဆုပ်လက်ကိုင်ရယ်သို့ ဘာတစ်ခုမှ ပြစရာ မရှိပါဘူး။ ဟောဟိုမှာ မြင်ရဲ့လားဗျို့ ကပ္ပတိန်နဲ့ချင်းဝန်ကြီးနဲ့ တိုင်ပင်နေကြတယ်၊ မကြာခင်ဘူးဗျို့ တစ်သင်္ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



ဆူပွက်သွားဦးတော့မှာပဲ. . . . "

သို့ရာတွင် ဒဂုံတင့် တွေးထင်သည့်အတိုင်း ဆူပွက်ခြင်းလည်း မရှိ ရှာဖွေခြင်းလည်း မရှိ။ ပစ္စည်းပျောက်ကြောင်းကို မည်သူမျှ ပြောဆိုသံ မကြားရဘဲ အထူးတိတ်ဆိတ်စွာ ရှိနေလေရာ စုံထောက် ဦးသိန်းဟန်၏ အကြံပေးချက်အရ ကျိတ်၍ ကြံစည်ကြမည့် လက္ခဏာ ရှိ၏။ ဦးသိန်းဟန်မှာ အဘိုးကြီးယောင်ဆောင်၍ သင်္ဘောပေါ်သို့ ဘက်လာပြီးနောက် တစ်ခါတည်း ပျောက်ကွယ်လျက်ရှိလေရာ ကပ္ပတိန်၏အခန်းထဲ၌ တိုင်ပင် နေကြောင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။ နေ့လယ်စာ လက်ဖက်ရည်သောက် ချိန်တွင်လည်း ချင်းဝန်ကြီး မပေါ်လာခြင်းမှ တစ်ပါး အခြားခရီးသည်များ မှာ မည်သို့မျှ ထူးခြားခြင်း မရှိဘဲ စားမြဲတိုင်း စားသောက်နေကြ၏။

ကျွန်တော်နှင့် ဒဂုံတင့်တို့သည် သင်္ဘောအောက်ထပ်သို့ ဆင်းလာ၍ စက်ကြီးခုတ်နှင်သည်ကို ကြည့်ရင်း တိုင်ပင်ရန် စကားများကို တိုးတိုး ပင်ပြောပြီးနောက် ကျွန်တော်သည် ဒဂုံတင့်၏ အိပ်စင်ပေါ်သို့ မေ့ကျန်ရစ် ခဲ့သော စာအုပ်ကို ဝင်ယူသည်တွင် ဒဂုံတင့်၏ အိပ်ရာမှာ ခပ်နွေးနွေး ရှိသည်ကို တွေ့ရသဖြင့် တစ်စုံတစ်ယောက်သောသူသည် အခန်းတွင်းသို့ ဝင်၍ လှန်လှောမွှေနှောက် ရှာဖွေသွားသည်ဟု အောက်မေ့သဖြင့် ဒဂုံတင့် အား ဤအကြောင်းကို ပြောပြ၏။

ဂုံ ။ ။ " ရှာချင်တိုင်း ရှာပါစေဗျာ၊ ခင်ဗျားလူတွေရှာလို့ တွေ့လျှင် ကျုပ်က ထောင်ထဲတန်းပြေးလိုက်ပါ့မယ် "

မန်း ။ ။ " ခင်ဗျားက လွှင့်ပစ်လိုက်ပြီမို့လား . . . . "

ဂုံ ။ ။ " ဒီမေးခွန်းတော့ ကျုပ်မဖြေပါရစေနဲ့ဗျာ "

ဒဂုံတင့်သည် ပခုက္ကူဆိပ်ကမ်း၌ ဆင်းတော့မည်ဖြစ်သော မစ္စ





ထွန်းဆင်နှင့် အချိန်ရသလောက် အတူနေလိုသည့် လက္ခဏာနှင့် တပူးတွဲ တွဲရှိနေကြပြန်လေရာ ကျွန်တော့်မှာ 'ပျိုကြီးမူး' အတွက်ကြောင့် စိတ်ထဲ ၌ တနွေးနွေး ရှိနေသော်လည်း ဒဂုံတင့်နှင့် တိုင်ပင်ခွင့်မရဘဲ တကွဲတပြား စိတ်ကူးနေရလေတော့၏။ ကျွန်တော်သည် အောက်ထပ်ပဲ့ပိုင်း၌ ကြိုး ချည်သော သံဘုကြီးနှစ်ခုပေါ်တွင် အတူထိုင်၍ စကားပြောနေကြသော ဒဂုံတင့်နှင့် မစ္စထွန်းဆင်တို့အနီးမှ လျှောက်သွားပြီးလျှင် စိုးရိမ်မကင်းဖွယ် ဖြစ်နေသော သတင်းတစ်ခုကို ဒဂုံတင့်အား ပြောပြလိုသဖြင့် ၎င်းနှင့် မျက်လုံးချင်းဆိုင်မိအောင် ကြိုးစားသော်လည်း ဒဂုံတင့်သည် ကျွန်တော့် ကို တမင်တကာ မျက်နှာလွှဲရှောင်ထားသောကြောင့် နောက်ဆုံး၌ လက်လျှော့၍ ကျွန်တော်တို့၏ အခန်းသို့ ဝင်နေလိုက်လေတော့၏။

ညနေ (၅)နာရီ အချိန်ခန့်တွင် သင်္ဘောအရာရှိ (မာလိန်) တစ်ယောက်သည် အခန်းတံခါးကိုခေါက်၍ ကပ္ပတိန်က တွေ့လိုကြောင်း ပြောသည်နှင့် ကျွန်တော်လည်း တထိတ်ထိတ်နှင့် ထလိုက်သွားလေရာ ကပ္ပတိန်၏ အခန်းတွင်းသို့ ရောက်သောအခါ ကပ္ပတိန်၊ ချင်းဝန်ကြီး၊ သင်္ဘောအရာရှိ တစ်ယောက်နှင့် ဦးသိန်းဟန်တို့၏ရှေ့တွင် ဒဂုံတင့်က ပြုံးရွှင်သော မျက်နှာထားနှင့် ကျွန်တော့်ဘက်သို့လှည့်လျက် အင်္ဂလိပ် ဘာသာဖြင့် " ရယ်စရာကောင်းလိုက်တာ မန်းတင့်ရယ်၊ ကြည့်စမ်း ဦးတော့ဗျာ၊ ကြံလည်း ကြံရတတ်တယ်။ ဂန္ထလောကမဂ္ဂဇင်းထဲမှာ ခင်ဗျား က " ပျိုကြီးမူး " လို့ နာမည်ပေးပြီး တေးထပ်တစ်ပုဒ်စပ်လိုက်တဲ့ စိန်ကြီးကို မှတ်မိသေးလား၊ အဲဒီဗျာ. . . အဲဒီ စိန်ကြီးဟာ အခု ပျောက် သွားပြီတဲ့ဗျ။ ပျောက်တဲ့ခရီးသည်က ပထမတန်းခရီးသည်၊ ကျုပ်တို့ ကလည်း ပထမတန်းစီးလာကြလေတော့ ကျုပ်တို့ကို မသင်္ကာနိုင်ဘူးတဲ့ဗျ။ ဘယ်လောက်နေရာကျသလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟန် ။ ။ " ခင်ဗျားယူတာ ကျုပ် သိပါတယ်ဗျ "

ဂုံ ။ ။ " ဒါက ကျုပ်တို့ မိတ်ဆွေဟောင်းကြီး ဦးသိန်းဟန် ပေါ့ မန်းတင့်ရဲ့"

ကပ္ပတိန် ။ ။ " ပထမတန်းခရီးသည် ဖြစ်တဲ့အတွက် သာမန် ရာဇဝတ်ကောင်လို ဖမ်းလားဆီးလား မပြုလုပ်ဖို့ ကျုပ်က တာဝန်ယူ ထားပါတယ်၊ ခင်ဗျားတို့က အသာတကြည် အရှာခံမှာလား၊ အတင်းရှာ ရမှာလား "

ဂုံ ။ ။ " ရှာတာကတော့ ရှာနိုင်တာပေါ့ ကပ္ပတိန်၊ သို့သော် တစ်ညလုံး အခန်းထဲက မထွက်တဲ့ လူတစ်ယောက်ဟာ အခြားတစ်ခန်းက ပစ္စည်းတစ်ခုကို ဘယ်လို ယူနိုင်ဖို့ရှိပါသလဲ၊ ကျွန်တော်တို့ မထွက်ကြောင်း ကို ဦးပိုင်းစောင့်တဲ့ သင်္ဘောသားက သက်သေခံနိုင်ပါတယ် "

မန်း ။ ။ " ကျွန်တော်လည်း မထွက်ရပါဘူး၊ ကျိန်ဝံ့ပါတယ် "

ဟန် ။ ။ " ဒီဘက်က မထွက်ဘူး၊ ဟိုဘက်က ထွက်တယ် ပြတင်းပေါက်ကို ကျုပ်ကြည့်ခဲ့ပြီးပြီ ဆရာတင့်ရေ့၊ ကိုင်း-ထုံးစံအတိုင်း လက်ထိပ်ခတ်ပါတော့ ကပ္ပတိန် "

ဂုံ ။ ။ (မကြုံဖူးဘူးအောင် ဒေါသကြီးသော မျက်နှာထား နှင့်) "မလုပ်ကြနဲ့ဗျနော် မတရားသဖြင့် မလုပ်ကြနဲ့၊ ပစ္စည်းလည်းမတွေ့ ဝရမ်း လည်းမပါဘဲနဲ့ ပထမတန်းစီး ခရီးသည်တစ်ယောက်ကို လက်ထိပ်ခတ်ပြီး ဖမ်းဖို့ထုံးစံရှိပါသလား ကပ္ပတိန်၊ ဘယ်သူ ဘာပြောပြော ဒီသင်္ဘောပေါ်မှာ ခင်ဗျား ရှင်ဘုရင်ပါ၊ ခင်ဗျား အမိန့်ကလွဲလို့ ဘယ်သူ့ အမိန့်ကိုမှ ကျွန်တော် မလိုက်နာနိုင်ဘူးဗျ"

ယင်းသို့ ပြောပြောဆိုဆိုနှင့် ဒဂုံတင့်သည် ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်ရာ ကပ္ပတိန်က ရိပ်မိသည်နှင့် စမ်းသပ်ရှာဖွေသည်တွင်





ယမ်းတောင့်ထိုးထားသည့် ၆-လုံးပြူးကြီး တစ်လက် ထွက်လာလေ၏။ ထိုအတောအတွင်း မာလိန်နှင့် အခြားသင်္ဘောအရာရှိသည် ဒဂုံတင့်၏ လက်များကို တစ်ဖက်စီ ကိုင်ထားကြလေရာ ကပ္ပတိန်က သေနတ်ကို ကောက်ယူ၍ စားပွဲပေါ်သို့ တင်ထားလိုက်သောအခါ ဒဂုံတင့်သည် သင်္ဘော အရာရှိများအား " ကိုင်း . . . . တော်လောက်ပါပြီ၊ လက်ကို လွှတ်ကြ ပါတော့၊ နောက်ထပ် သေနတ် မရှိတော့ပါဘူး။ ဒါထက် ဦးသိန်းဟန် ကျွန်တော့်ကို ဖမ်းဖို့ ဝရမ်းပါသလား "

ဟန် ။ ။ " ခင်ဗျားလိုလူကို ဝရမ်းမပါဘဲ ကျုပ် ဖမ်းဝံ့ပါ့မလား ဗျ "

ဂုံ ။ ။ " ဘယ်မှာလဲ ကြည့်ပါရစေလားဗျာ "

ဟန် ။ ။ " ယီးတီးယားတား မလုပ်နဲ့ဗျ "

ဂုံ ။ ။ " မလုပ်ပါဘူးဗျာ - စိတ်ချပါ "

ထိုအခါ ဒဂုံတင့်သည် ဦးသိန်းဟန် ထုတ်ပြသော ဝရမ်းစာရွက် ရာဇဝတ်တရားသူကြီး၏ လက်မှတ်နှင့်တကွ အပြည့်အစုံ ပါရှိသည်ကို တွေ့ရသဖြင့် ပြန်ပေးလိုက်ပြီးနောက် . . .

ဂုံ ။ ။ " ဥပဒေအရ ဖမ်းနိုင်တာကတော့ ကျွန်တော် ခံပါပြီ။ သို့သော် ကျွန်တော်တို့ဟာ ရေလယ်ခေါင် သင်္ဘောပေါ်က ဘယ်နည်း နဲ့မှ ထွက်မပြေးနိုင်ပါဘူး။ ကျွန်တော်တို့မှာရှိတဲ့ ပစ္စည်းအားလုံး ထုတ်ပြပါ့မယ်။ ပရိသတ်ရှေ့မှာ လက်ထိပ်ကြီးတွေ ခတ်လား ဘာလား အရှက်မခွဲဖို့ကိုတော့ ကျွန်တော်တို့ တောင်းပန်ပါတယ်ဗျာ "

ဟန် ။ ။ " ခင်ဗျား တောင်းပန်တဲ့အတိုင်း လက်ထိပ်မခတ်ဘဲ ထားလို့ရှိရင် ခင်ဗျားယူထားတဲ့ ပစ္စည်းကို ပြန်ပေးမလား "

ဂုံ ။ ။ " ပေးမယ်ဗျာ၊ လက်ထိပ်သာ မခတ်နဲ့ ပြန်ပေးမယ် "



www.burmeseclassic.com

www.burmeseclassic.com



မန်း ။ ။ " ကောင်းပြီ ဒါဖြင့် ဘယ်မှာလဲ ပြန်ပေးလေ "

ဂုံ ။ ။ "အဲဒီ စားပွဲပေါ်မှာလေ. . ."

ထိုအခါ ကျွန်တော်နှင့်တကွ အခန်းတွင်းရှိ လူအားလုံးသည် စားပွဲပေါ်သို့ လှမ်းကြည့်လိုက်ကြရာ ကျွန်တော်တို့ အိပ်ထဲမှ ထုတ် ထားသည့် စီးကရက်ဘူးများ၊ ဖောင်တိန်များ၊ မှတ်စုစာအုပ်များနှ ဒဂုံတင့်၏ သေနတ်မှတစ်ပါး မည်သည့်အရာကိုမျှ မတွေ့ကြရချေ။

ဤတွင် ဦးသိန်းဟန်သည် ငွေစီးကရက်ဘူးကိုဖွင့်၍ စီးကရ များကို ထုတ်ပြီးလျှင် တစ်လိပ်စီကြည့်ရှုသေး၏။

မန်း ။ ။ "ဘယ်မှာရှိလို့လဲ. . . ."

ဂုံ ။ ။ "ရှိပါတယ် ကျွန်တော် မလိမ်ပါဘူး. . . ."

ဦးသိန်းဟန်လည်း သေနတ်ကို စုံစမ်းပြန်ရာ ဒဂုံတင့်က. . .

"ပေးပါ ကျွန်တော် ယူပေးပါ့မယ်၊ စုံထောက်လုပ်ပြီး ပစ္စည်းမှုလည် မရှာတတ်ဘဲကိုးဗျ" ဟု ပြော၍ ဦးသိန်းဟန်၏ လက်ဝါးပေါ်သို့ သွ ထားသော ယမ်းတောင့်များအနက် အနက်တစ်တောင့်ကို ရွေးယူပြီးလျှ ထိပ်၌ရှိသော ကျည်ဆန်ကို ကိုက်ထုတ်လိုက်သည်တွင် 'ပိုကြီးမှူး' စိန် ထွက်လာသဖြင့် ဒဂုံတင့်က စားပွဲပေါ်သို့ မျက်လှည့်ဆရာတစ်ယောက် အမူအရာမျိုးနှင့် တင်ထားလိုက်လေ၏။ ထို့နောက်. . . .

ဂုံ ။ ။ "ဦးသိန်းဟန်နှင့် ကပ္ပတိန်ခင်ဗျား၊ အပြစ်ကို ဝန်ခံ ပြင် ပစ္စည်းကိုလည်း လက်ထိလက်ရောက် ပြန်အပ်ပြီးပါပြီ။ ဒီအတွ ခင်ဗျားတို့မှာ အများကြီး ဒုက္ခသက်သာသွားပါပြီ။ ဒီလို တရားခံမျိုး ခင်ဗျားတို့ ကျေးဇူးသိထိုက်ပါတယ်. . . ."

ဟန် ။ ။ "ဘယ်လို ကျေးဇူးသိရဖို့လဲဗျာ. . . ."

ဂုံ ။ ။ "ခင်ဗျားတို့အဖို့ မခဲယဉ်းပါဘူး၊ သင်္ဘောပေါ်မှာ အ





းလာကြရင်း မစ္စဂျွန်ဆင်နဲ့ ကျွန်တော် အင်မတန် ခင်မင်ကြပါတယ်။ ါကြောင့် ကျွန်တော်တို့ နှစ်ယောက်ကို ခေတ္တကလေး နှုတ်ဆက်ခွင့်ပေး ါခင်ဗျား "

ဤတောင်းခံချက်ကို ချင်းဝန်ကြီးက ကန့်ကွက်လိုသော်လည်း ဦးသိန်းဟန်နှင့် ကပ္ပတိန်တို့က ဤမျှလောက် အလိုက်သိစွာနှင့် ပစ္စည်း ကို ပြန်ပေးသော တရားခံတစ်ဦးအား ဤကဲ့သို့ ကျေးဇူးပြုခြင်းအားဖြင့် လွန်နိုင်ဟု သဘောရကြသည်ဖြစ်၍ မစ္စဂျွန်ဆင်နှင့် ဒဂုံတင့်တို့ နှုတ် ဆက်သောနေရာအနီးတွင် ဦးသိန်းဟန်နှင့် ကပ္ပတိန်တို့က သေနတ်ကိုယ် စီနှင့် စောင့်ကြပ်နေကြရန် စီမံပေးပြီးလျှင် ကျွန်တော်တို့အားလုံးသည် မစ္စဂျွန်ဆင်ထံသို့ လျှောက်လာကြလေ၏။ တွေ့ဆုံရမည့်နေရာမှာ သင်္ဘောအောက်ထပ်ဦးပိုင်း၌ ဖြစ်လေရာ မာလိန်သည် မစ္စဂျွန်ဆင်ကို သွားခေါ်ခိုက်အတွင်း ဒဂုံတင့်သည် ကျွန်တော်၏လက်ကို ဆွဲညှစ်လျှက် ကိုယ့်လူတော့ ကိုယ့်ကြောင့် ဒုက္ခရောက်ရရှာပြီဗျာ၊ သိပ်ဝမ်းနည်းတယ် ၊ သို့သော် ခင်ဗျားတော့ သိပ်မကြာတန်ကောင်းပါဘူးဗျာ၊ ထောင်ကျချင် ကျမှာပေါ့။ သို့သော် ဘာပဲဖြစ်ဖြစ် တစ်ယောက်ကိုတစ်ယောက် အစမှ အဆုံးတိုင် သစ္စာရှိတဲ့ သူငယ်ချင်းနှစ်ယောက်ပဲလို့ စိတ်ထဲမှာ မှတ်တမ်း ဆင်စေချင်တယ်ဗျာနော်" ဟုပြောရာ ကျွန်တော့်မှာ ခံရမည့် အပြစ်ဒဏ် ကို ကြောက်သောကြောင့်လည်းမဟုတ်၊ သတိပင်မရဘဲ ဒဂုံတင့်နှင့် ခွဲခွာ ရမည့်အရေးကို တွေးမိသည်နှင့် ရင်ထဲ၌ဆို့တက်လာ မိ၏။

မကြာမီ မာလိန်သည် မစ္စဂျွန်ဆင်ကို ခေါ်လာခဲ့ရာ အချိန်မှာ နေဝင်လုပြီ ဖြစ်သော်လည်း ကပ်နေကျဖြစ်သော ဆိပ်ကမ်းသို့ မရောက် ချင်း မီးထွန်း၍ ခုတ်မောင်းမည်ဖြစ်သဖြင့် ဆတ်(ချ)လိုက်များ ပြင် ဆင်လျက် ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒဂုံတင့်သည် မစ္စဂျွန်ဆင်နှင့် အတူရပ်လျက် နှုတ်ဆက်စကား
ပြောနေသည့်အတွင်း ကပ္ပတိန်နှင့် ဦးသိန်းဟန်တို့လည်း သေနတ်ကိုယ်
ကိုင်လျက် မနီးမဝေးမှ စောင့်နေကြလေ၏။ ဒဂုံတင့်သည် မစ္စဂျွန်ဆင်
လက်ကို နောက်ဆုံးအကြိမ် နှုတ်ဆက်သော အမူအရာနှင့် ဆွဲကိုင်လို
ရာမှ တစ်ကိုယ်လုံးပွေ့ဖက်၍ ကပ္ပတိန်နှင့် ဦးသိန်းဟန်တို့ရှိရာသို့ အ
ကုန် တွန်းလိုက်ပြီးလျှင် သံတိုင်လက်ရန်းဆီသို့ တစ်ဟုန်ထိုးပြေးသွ
သည်တွင် မာလိန်လည်း ဒဂုံတင့်၏နောက် လိုက်ပြေး၍ ကျွန်တေ
ကလည်း မာလိန်နောက်မှ လိုက်ပြေးလေ၏။ သေနတ်သမားများမှ
မစ္စဂျွန်ဆင်၏ ကိုယ်လုံးကွယ်လျက်ရှိသောကြောင့် ပစ်ခတ်ခြင်းငှာ မ
ချေ။ ဒဂုံတင့်သည် သံတိုင်လက်ရန်းကို လွှားကျော်ဆဲတွင် မာလိန်
မီတော့မည့်ဆဲဆဲရှိနေရာ ဒဂုံတင့်က "ဖက်ထားပါ သူငယ်ချင်း မလွှတ်
စေနဲ့" ဟု အော်ပြောလိုက်သဖြင့် ကျွန်တော်လည်း မာလိန်၏ ခါ
ဖက်ထား၍ ဒဂုံတင့်လည်း ရေထဲသို့ ဝုန်းခနဲ ခုန်ချလိုက်လေ၏။ နော
တစ်ခဏ၌ ကျွန်တော်သည် သင်္ဘောနံဘေးရှိ ရဟတ်ကြီးများနှင့် လွတ်
လေစဟု သတိရသည်နှင့် စက်မောင်းဆီသို့ မျှော်ကြည့်လိုက်ရာ ဒဂုံတ
လည်း တစ်ချက်နှစ်ချက်မျှ အပြင်းအထန် ယက်ကူးကာမျှနှင့် ရဟတ်
အစွန်းကို ကျော်လွန်လေ၏။

ဤတွင် သင်္ဘောကို ချက်ချင်း စက်ရပ်၍ သမ္ဗန်ချကာ ရှာ
ကြပါသော်လည်း ရေအောက်သို့ အတန်ကြာအောင် ငုပ်ထိုးနိုင်သည်
ကျင်လည်သော ဒဂုံတင့်ကို ရှာဖွေရန် မတတ်နိုင်သည်နှင့် နာရီဝက်
အချိန်ဖြုန်းပြီးနောက် လက်လျှော့ကြရလေတော့သတည်း။

* * *



## ပြန်ဆုံမိခြင်း

ကျွန်တော်သည် "ပျိုကြီးမူး" စိန်ကြီးကို ခိုးယူမှုနှင့် ထောင်ဒဏ် (၂)နှစ်ကျခံရပြီးနောက် လွတ်မြောက်လာသောအခါ သတင်းစာတိုက်များသို့ ဝတ္ထုတိုများ၊ ဆောင်းပါးများနှင့် သတင်းအထူးအဆန်းများ ရေးသားပေးပို့ခြင်းအားဖြင့် အသက်နှင့် ခန္ဓာကိုယ် အိုးစားမကွဲရုံမျှ အနိုင်နိုင် နေခဲ့ရစဉ် အောက်ပါ ကြော်ငြာတစ်စောင်ကို လက်ခံရရှိလေသည်။

"သူရိယ သတင်းစာတိုက်တွင် ဦးစိန်ဘူး၏ ကြော်ငြာကို ကြည့်ပါလေ။ ကျွန်ုပ်ကိုယ်တိုင် ကူညီပြောပေးနိုင်သည်. . . . လျှောက်ထားဖြစ်အောင် လျှောက်ထားပါ"

ငင်းကြေးနန်း၏ အောက်၌ပါရှိသော အတိုကောက် နာမည်မှာ ကျွန်ုပ်၏ ဦးလေးတစ်ယောက်၏ နာမည်ဖြစ်၍ ပေငါးဆယ်လမ်းတွင် ဆေးတိုက်ကြီး ဖွင့်ထားသည့် ဆရာဝန် ဒေါက်တာကျော်မြင့် ပင်ဖြစ်လေသည်။ ကျွန်ုပ်သည် ထောင်မှ လွတ်မြောက်လာပြီးနောက် ခိုကိုးရာမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်နှင့် ဦးလေးဒေါက်တာကျော်မြင့်၏ ဆေးတိုက်သို့ သွားရောက် တွေ့ဆုံလေရာ မိခင်၏ မောင်တစ်ဝမ်းကွဲတော်စပ်သဖြင့် ကျွန်တော့် အ တွင် အရင်းချာဆုံးသော ဆွေမျိုးတစ်ယောက်ဖြစ်သော်လည်း ကောလိ ကျောင်းထွက် ဖြစ်ပါလျက် ခိုးမှုနှင့် ထောင်ကျရချေမည် လောဆို ကျွန်တော့်အား 'တူ'အဖြစ်နှင့် အသိအမှတ်မပြုလိုသည် ဖြစ်သောကြော တစ်ဆယ်တန် စက္ကူတစ်ချပ်ပေးလိုက်ပြီးလျှင် ၎င်း၏ ဆေးတိုက်အရိပ် နောက်နောင်အခါတွင် ဘယ်အခါမှ မနင်းစေလိုသော အဓိပ္ပာယ်မျိုးနှ ပြော၍ လွှတ်လိုက်ဖူး၏။ ကျွန်တော်သည် ငွေစက္ကူကို မယူချင့်ယူချ အောင့်သက်သက်နှင့် ယူခဲ့ရပြီးနောက် ဦးလေးမှာလိုက်သည့်အတိုင ဆိုင်ရိပ်ကို မနင်းရုံသာမက သူသေလျှင်လည်း သွားတော့ မည်မဟုတ် ၍ သန္နိဋ္ဌာန်ချကာ ထွက်လာခဲ့ဖူး၏။ ၎င်းဦးလေးသည် အရင်းအချာ ဖြစ်သောသူအား ဤကဲ့သို့ စိမ်းစိမ်းကားကား ပြောလိုက်မိသည့်အတွ နောင်တ,ရသည့် လက္ခဏာနှင့် အထက်ပါကြေးနန်းကို ကျွန်တော့် ရိုက်ကြားလိုက်ဟန် တူပေ၏။

သတင်းစာတိုက်သည် ကျွန်တော်၏ ဆောင်းပါးများအတွက် တ ရာတန်ဖိုး မပေးသော်လည်း ထောင်မှထွက်လာ၍ အလုပ်ပြုတ်လ လျက်ရှိသော ကျွန်တော့်အဖို့မှာ ငါးကျပ်တစ်ဆယ်ဆိုသော ငွေသည်ပ လျှင် လဝက်စာခန့်မျှ ရိက္ခာမပြတ်လပ်ရအောင် ဖန်တီးနိုင်သည်ဖြစ် အယ်ဒီတာအား ရှိခိုးရတော့မလောက် ကျေးဇူးတင်ရ၏။

ကျွန်တော်သည် ထိုနေ့ထုတ် သူရိယသတင်းစာတစ်စောင်ကို ထ ယူ၍ ကျွန်တော်၏ ဦးလေးက ညွှန်းလိုက်သော ကြော်ငြာကို ရှာကြ ရာတွင် မကျန်းမမာရှိနေသော လူကြီးတစ်ယောက်အတွက် သူနာပြု ယောက်ျားတစ်ယောက် အလိုရှိကြောင်း။ လျှောက်ထားသူများမှာ (တ





င်လျှင်) ကောလိပ်ကျောင်းထွက် ဖြစ်ရမည့်အကြောင်း၊ သင့်တော်သော သူကို နေ့ထိုင်စားသောက်ရန်အပြင် လခ (၅၀)- ပေးမည့်အကြောင်း ကြော်ငြာတစ်ခုကို တွေ့ရလေ၏။ ကျွန်တော်သည် ထူးဆန်းသော ၎င်း ကြော်ငြာကို ဖတ်ရှုပြီးနောက် စဉ်းစားဆင်ခြင်ရာတွင် မည်သည့် ကော လိပ်ကျောင်းထွက်ကမျှ သူနာပြုယောက်ျားအဖြစ် လုပ်ကိုင်လိုလိမ့်မည် မဟုတ်သောကြောင့် ကျွန်တော် လျှောက်ထားလျှင် ဧကန်မုချရလိမ့်မည် ဟု ယုံကြည်မိ၏။ သို့ရာတွင် လူနာပြုစုသော အလုပ်မှာ ကျွန်တော်၏ ကျွမ်းကျင်ခြင်းကိုပင် အပထားပြီး အလွန်တရာ ပျင်းစရာကောင်း၍ ရှုံချာလှသည်ဟု အောက်မေ့သဖြင့် လျှောက်ထားရန် နှောင့်နှေးခြင်း ဖြစ် နေ၏။

သို့သော်-ကျွန်တော့်ဦးလေးက ဒုက္ခခံ၍ ကြေးနန်းဖြင့် ညွှန်ကြား ထားသည်ကို ပယ်ခဲ့လျှင် နောက်နောင်အခါတွင် ၎င်းထံမှ အကူအညီ ရဖို့ မျှော်လင့်ဖွယ် ရှိတော့မည် မဟုတ်သည်တစ်ကြောင်း၊ ကြည့်မြင်တိုင် ရပ်ကွက်ထဲတွင် ချောင်ခန်းကလေးတစ်ခန်းအတွက် အိမ်လခ (၁၂-ကျပ်) ကို မှန်ကန်စွာ မပေးနိုင်သဖြင့် အကြွေးတင်လျက် ရှိသည်တစ်ကြောင်း၊ ယသမျှ အဝတ်အစားများလည်း အပေါင်ဆိုင်သို့ ပို့ထားသဖြင့် တစ်ထည်စို ခြုံမျှ တစ်ထည်လဲလှယ်ဖို့ မရှိသည်ကတစ်ကြောင်း၊ စာရေးရသော အလုပ် မှာလည်း သုံးခုမှ တစ်ခု လေးခုမှ တစ်ခု လက်ခံသဖြင့် ဝင်ငွေအလွန်နည်း သည်ကတစ်ကြောင်း၊ ကျွန်တော်၏ ဦးလေးမှာ ဒေါက်တာတစ်ယောက် ဖြစ်၍ သူနာပြုဖို့ အလုပ်ဆိုလျှင် ၎င်း၏ ထောက်ခံချက်သည် အရေးပါ အရာရောက်ရမည်တစ်ကြောင်း၊ ထို့ကြောင့် ၎င်းကြော်ငြာ၌ လျှောက်ထား ရန် ဆုံးဖြတ်လိုက်လေ၏။ ၎င်းကြော်ငြာ၌ လျှောက်ထားလိုသူများသည် ဒေးလဘုရားလမ်းနှင့် ဖရေဇာလမ်းထောင့်ရှိ လေးထပ်တိုက်အထက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ထပ် အရှေ့အစွန်ဆုံး အခန်းသို့ လူကိုယ်တိုင် လာရောက် လျှောက်ထား
နိုင်ကြောင်း ဖော်ပြပါရှိသည်ဖြစ်၍ ကျွန်တော်သည် အချိန်မကုန်လွန်စေ
ခြင်းငှာ ၎င်းနေ့ ညနေ၌ပင် ညွှန်ကြားထားသည့် လိပ်စာအတိုင်း အိမ်မှ
ရန် ထွက်ခဲ့၏။

ကျွန်တော် ထောင်မှလွတ်လာခဲ့သော နေ့မှစ၍ သိဟောင်း
ကျွမ်းဟောင်းများကို မတွေ့လိုသဖြင့် လူစည်ကားသော ရန်ကုန်လမ်း
ကြီးများကို တတ်နိုင်သမျှ ရှောင်ကွင်းလာရာ ကျွန်တော် လျှောက်လ
ရမည့်ဌာနမှာ ရန်ကုန်မြို့ပေါ်တွင် အစည်ကားဆုံးလမ်းကြီး နှစ်လမ်း
ထောင့်၌ တည်ရှိသောကြောင့် ကွမ်းခြံဘူတာရုံမှ ဆင်း၍ ၎င်းနေရာ
လျှောက်လာသောအခါတွင် နေ့အချိန်၌ ထွက်မိသော ဇီးကွက်ကဲ့
ပြုံးတူးပြဲတဲ ဖြစ်နေကာ အသိအကျွမ်းများနှင့် ဆုံမိမည်ကို စိုးရိမ်လှသ
နှင့် တောင်ကြည့် မြောက်ကြည့်ဖြင့် အလွန်ရွံ့ကြောက်လျက် ရှိသေ
လှည်း၊ နာရီစင်ကြီးမှ မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်လမ်း) အတိုင်
အနောက်သို့ လျှောက်၍ ဆူးလေဘုရားလမ်းသို့ ရောက်သည်တွင် တော
သို့ ချိုးခဲ့ ပြီး ဖရေဇာလမ်းထောင့်သို့ ရောက်သည့်တိုင်အောင် အသ
တစ်ယောက်မျှ မတွေ့သည်ကိုတောက်သော် ကျွန်တော့်အဖို့ အလွ
ကံကောင်းသော နေ့ဖြစ်၍ ကျွန်တော်လျှောက်ထားမည့် အလုပ်ကိုလည်
ဧကန်မုချ ရလိမ့်မည်ဟု ယုံကြည်မိ၏။

ကျွန်တော်သည် လှေကားမှ တက်သွား၍ တတိယအထပ်
ကျော်လွန်လာရာ စတုတ္ထအထပ်မှ ဆင်းလာသော လူတစ်ယောက်
လှေကားပေါ်၌ တွေ့ဆုံမိရာ ထိုလူ၏ ညှိုးငယ်ငေးမှိုင်သော မျက်နှာထ
ကို မြင်ရခြင်းအားဖြင့် ကျွန်တော် လျှောက်ထားမည့် အလုပ်ကိုလျှောက်
၍ မအောင်မြင်ခဲ့သော လူပင် ဖြစ်ရမည်ဟု အကဲခတ်မိ၏။ စတု





အထပ်၌ ရှိသော တံခါးကို ထုခေါက်လိုက်သောအခါ ရန်ကုန်ဆေးရုံကြီးမှ ဆရာ ဝန်များ ဝတ်ထားသကဲ့သို့ အဝတ်ဖြူကြီးကို ဝတ်ထားသော လူတစ်ယောက်သည် တံခါးကို ဖွင့်ပေးလေ၏။

" ဦးစိန်ဘူးဆိုတာ ဒီမှာ နေသလား "

" နေတယ်၊ ရှိတယ်၊ ဘာကိစ္စလဲ "

" သတင်းစာထဲမှာ ကြော်ငြာတွေ့လို့ လျှောက်ထားဖို့ ကျွန်တော် လာပါတယ် "

" ဪ . . . ဟုတ်လား၊ ဒီကနေ့ဆိုရင် ခင်ဗျားပါ (၁၃)ယောက် ရှိပြီ၊ လှေကားပေါ်မှာ ခင်ဗျား တွေ့လိုက်တဲ့သူဟာ လျှောက်ထားသူ နံပါတ်(၁၂) ပဲ၊ နေဦးဗျ၊ ကျုပ်မေးဦးမယ် ကြော်ငြာစည်းကမ်းအတိုင်း ညီညွတ် ရဲ့နော် "

" ညီညွတ်ပါတယ် "

" ကိုင်း-ဒါဖြင့်လာ ဝင်ခဲ့ပေတော့ "

ကျွန်တော် ဝင်သွားသောအခန်းမှာ လေးထပ်တိုက်တို့၏ ထုံးစံ အတိုင်း မီးဖိုခန်း ဖြစ်လေရာ ထိုလူသည် ထိုင်ခုံကလေး တစ်ခုပေါ်တွင် ကျွန်တော့်အား ထိုင်စေပြီးလျှင် ကျွန်တော်၏ မျက်နှာကို စေ့စေ့ကြည့် လျက် အောက်ပါအတိုင်း မေးခွန်းများ ထုတ်လေ၏။

" ကောလိပ်ကျောင်းထွက် ဟုတ်ကဲ့နော် . . . . "

" ဟုတ်ပါတယ် "

" ဘီ-အေလား "

" ဘီ-အေ တော့ မဟုတ်ပါဘူး၊ အိုင်-အေ သင်ခဲ့ဖူးပါတယ် "

" စီနီယာလား - ဂျူနီယာလား "

" ဂျူနီယာအောင်ပြီး၊ စီနီယာရောက်ခဲ့ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ကျောင်းက နှင်ထုတ်ခံရသလား "

" မဟုတ်ပါ၊ ကျွန်တော့်သဘောနဲ့ ထွက်ခဲ့ပါတယ်၊ ခင်ဗျားက ဦးစိန်ဘူးသားလား "

" မဟုတ်ပါဘူး၊ ကျုပ်က ဒေါက်တာစံထွန်းပါတဲ့၊ တတိယအထင် မှာ ကျုပ်ဆိုင်းဘုတ်ရှိတယ် "

" ခင်ဗျားက ဦးစိန်ဘူး ကုတဲ့ဆရာဝန်လား "

" ဟုတ်ပါတယ်၊ ကျုပ်လူနာက လူဆန်းပဲ၊ လူနာပြုဖို့ ဆရာ မလိုချင်ဘူး ယောက်ျားလိုချင်တယ်တဲ့၊ ပြီးတော့ ခေတ်ပညာလည်း တတ် ဦးမှတဲ့။ အတော်အတန် တတ်ရုံနဲ့တောင် မပြီးဘူး၊ ကောလိပ်ကျောင်း ထွက်မှတဲ့၊ တော်တော်ကြာတော့ သူ့ကို ခင်ဗျား မြင်ရပါလိမ့်မယ်။ လာ လျှောက်တဲ့ လူ (၁၂)ယောက် အနက် (၂)ယောက်ပဲ ခေါ်ကြည့်တယ် ဒီမြို့ လူတွေကတော့ ကောလိပ်ကျောင်းထွက်လည်း မဟုတ်ဘူး ခေါ်တောင်မှ မကြည့်ဘူး "

" ကောလိပ်ကျောင်းထွက် မဟုတ်ဘဲ လျှောက်ကြသေးသလား "

" တတ်နိုင်လျှင်ဆိုတဲ့ စကားလုံးထည့်ထားတာနဲ့ ကောလိပ် ကျောင်းထွက် မဟုတ်ပေမယ့် သဘောကျလျှင် ရွေးကောင်းပါရဲ့ ဆိုပြီး မျှော်လင့်ချက်နဲ့ လာလျှောက်ကြတယ်။ ကျုပ်က လူပုံပန်းပြောပြတာ ဦးစိန်ဘူးက ခေါ်လို့တောင် မကြည့်ဘူး-ကိုင်း . . . ကိုင်း . . . နေရစ်ဦး ကျုပ် သွားပြောပြချေဦးမယ် "

ဒေါက်တာသည် အခန်းတွင်းသို့ ဝင်သွားလေရာ ကျွန်တော်သည် သူတို့ တီးတိုးပြောဆိုကြသော စကားများကို အနည်းငယ်ကြားရသည် နောက်ဆုံး၌ ဒေါက်တာစံထွန်းသည် ကျွန်တော်ရှိရာသို့ ပြန်ထွက်လာ သည်။





" ခင်ဗျားကို ခေါ်ကြည့်ဖို့ ပြောတော့ထားခဲ့ပြီ သို့သော်-သိပ်တော့ အထင်မကြီးနဲ့နော် - ကျုပ်လူနာက အင်မတန်ဆန်းတယ်ဗျ၊ စိတ်တို လိုက်တာလည်းလွန်ရော၊ တကယ်လို့ ခင်ဗျား အလုပ်ရရင်လည်း သက်သက်သာသာနဲ့ လခ ရလိမ့်မယ်လို့များတော့ မမျှော်လင့်နဲ့ဗျား "

" သူက ဘယ်လို ဖြစ်တာလဲခင်ဗျ "

" အဲဒါက ခုမမေးပါနဲ့ဦး၊ အလုပ်ရတော့မှ မေးပါ "

၎င်းနောက် ဒေါက်တာစံထွန်းသည် ကျွန်တော့်ကို ခေါ်သွား သဖြင့် အတွင်းခန်းသို့ ဝင်လိုက်ရာ လူနာခန်းမှာ ပြတင်းပေါက်များ ပိတ် ထားသည် ဖြစ်သောကြောင့် မှောင်လျက်ရှိနေသဖြင့် အလင်းထဲမှ ဝင်လာ သော ကျွန်တော့်အဖို့မှာ ရုတ်တရက် ဘာမျှ မမြင်ရချေ။ အတန်ငယ် ကြာမှ ကြွက်လျှောက်ပေါ်တွင် ဖန်ဘူး - ဖန်ခွက်နှင့် ဆေးပုလင်းများ စီတန်းလျက် တစ်ခုသော သံခုတင်ပေါ်တွင် လဲလျောင်းလျက်ရှိသော လူနာကို တွေ့မြင်ရလေ၏။

ကျွန်တော် ရောက်သွားသည်နှင့် တစ်ပြိုင်နက် လူနာသည် သေးငယ်စူးရှသောအသံဖြင့် -

" မှန်းစမ်း . . . . ပြတင်းပေါက်နား သွားရပ်စမ်း၊ တံခါးကို နည်းနည်း လှပ်လိုက်စမ်း၊ နည်းနည်းဆို၊ နဲနဲလုပ်ပါ။ အို . . . ခက်နေပါပြီ . . . ဘာကြောင့် ဒီလောက်ကြီး ဖွင့်ထားရသလဲ၊ ဂွကျတဲ့ ဆရာဝန်ပဲ"

ကျွန်တော်သည် ဒေါက်တာအား အမိန့်ပေးနေသော လူနာ၏ အသံနှင့် ပြောပုံ ဆိုပုံ တို့ကို ကြားရခြင်းအားဖြင့် ဤလူနာအား ပြုစု သောအလုပ်မှာ လွယ်ကူသော အလုပ်၊ မဟုတ်မည့် အကြောင်းကို ရိပ်မိ ၏။ လူနာဦးစိန်ဘူးမှာ မှောင်လုမတတ် ဖြစ်နေသော ချောင်၊ ဖြူဖွေးသော အိပ်ရာပေါ်တွင် လဲလျောင်းလျက်ရှိစဉ် ၎င်း၏ အထက်နှုတ်ခမ်းသည် အနည်းငယ် လန်တက်နေသည် ဖြစ်သောကြောင့် ဖွေးဖွေးဖြူသော သွား



www.burmeseclassic.com

www.burmeseclassic.com



များသည် မပြုံးရယ်ဘဲနှင့် အစဉ်အမြဲ ပေါ်ထွက်နေရကား ရွှင်ပျခြင်းမရှိသဖြင့် ကိုက်စားတော့မည်ဟု သွားဖြဲနေခြင်းနှင့် တူလှပေ၏။ ဦးစိန်ဘူးသည် ပြတင်းပေါက်အနီး၌ ရပ်နေသော ကျွန်တော့်အား မှောင်ထဲမှ သွားဖြဲကြီးနှင့် ကြည့်နေရာတွင် ကျွန်တော့်ကျောထဲမှ စိမ့်လာသလို ဖြစ်ဖြစ်သွားမိ၏။

" ခင်ဗျား ကျုပ်ကို ပြုစုနိုင်ပါ့မလား "

" ပြုစုနိုင်ပါတယ် "

" တစ်ယောက်တည်းရယ်နော်-ဒါပဲ၊ ခင်ဗျား ထမင်းလည်း ခင်ဗျား ချက်စားရမယ်၊ ကျုပ်ကိုလည်း ဆန်ပြုတ်ပေးရမယ်၊ အဲဒါတွေ လုပ်နိုင်ပါ့မလား"

" လုပ်နိုင်ပါတယ် ခင်ဗျာ "

" ဒီအလုပ်မျိုး ခင်ဗျား လုပ်ဖူးလို့လား "

" မလုပ်ဖူးပါဘူးခင်ဗျာ "

" ဒါဖြင့် ဘယ့်နှယ်ကြောင့် ခင်ဗျား အာမခံရဲတာလဲ"

" တတ်နိုင်သမျှ ကြိုးစားပါ့မယ်လို့ ပြောခြင်းပါ ခင်ဗျား "

" တတ်နိုင်သမျှတဲ့၊ ခင်ဗျား လုပ်ခဲ့သမျှ အလုပ်တိုင်းမှာ တတ်နိုင်သမျှ ကြိုးစားခဲ့တာချည်းပဲလား "

ဤသည်ကား အဖြေရခက်သော မေးခွန်း ဖြစ်သောကြောင့် ကျွန်တော့်မှာ ဦးခေါင်းငုံ့နေရ၏။ ဦးစိန်ဘူး၏ အမူအရာမှာလည်း လိမ်လည်တိုင်း ယုံကြည်တတ်သူ မဟုတ်သဖြင့် ကျွန်တော့်မှာ လိမ်လည်ခြင်းငှာ မဝံ့ချေ။ သို့ဖြစ်၍ . . .

" မကြိုးစားမိခဲ့ပါဘူးခင်ဗျား "

" ဟီး-ဟီး-ဟီး-ဟီး, အဲဒါလို ဖြောင့်ဖြောင့်ပြောတာ ကောင်းတယ်





ဖြောင့်ပြောပြောတာ အင်မတန်ကောင်းတယ်၊ ကြားလား . . . . ဒီလို ာ ပြောင်ပြောင် မပြောရင်၊ ခင်ဗျားကို ကျုပ် ချက်ချင်း မောင်းထုတ် ိုက်မှာ၊ ခုတော့ တော်ပါသေးရဲ့၊ ခင်ဗျား မှန်မှန်ပြောတယ်။ နေဦး-ဒါ က် ကောလိပ်ကျောင်းထွက်ဆို "

" ဟုတ်ကဲ့ခင်ဗျ"

" ကျောင်းက ထွက်ပြီး ဘာလုပ်သလဲ "

" အမွေရပါတယ် ခင်ဗျာ"

" ဒီတော့ကော . . . . "

" ရတဲ့အမွေကို သုံးဖြုန်းပစ်ပါတယ် ခင်ဗျာ "

" ဒီနောက်ကော. . . . "

ကျွန်တော်သည် အဖြေမပေးဘဲ ရပ်နေ၏။

" ဒီနောက်ကော ဘာလုပ်သလဲလို့ ကျုပ် မေးနေတယ် "

" ကျွန်တော့်ဦးလေးကို မေးကြည့်ရင် ပြောပြပါလိမ့်မယ် ခင်ဗျာ။ က နာမည်ကြီး ဆေးတိုက်ပိုင်ရှင် ဒေါက်တာကျော်မြင့် ဖြစ်ပါတယ်၊ ပြောပေးမယ်လို့ ကတိထားပါတယ်၊ ကျွန်တော်ကိုယ်တိုင် မပြောပါရ စေနဲ့ခင်ဗျာ "

" မပြောလို့ မဖြစ်ဘူး မောင်ရင်. . . ပြောရလိမ့်မယ်။ ကောလိပ် ကျောင်းထွက်တစ်ယောက်ဟာ ဒီလိုအလုပ်မျိုးကို လျှောက်ထားပါ့မလား၊ အကြောင်းတစ်ခုခု ရှိလို့သာ လျှောက်ထားတာပေါ့၊ ပြောသာပြော မှန်တဲ့ အတိုင်းသာဖွင့်ပြော. . . ဘယ်လို အကြောင်းကြောင့်လဲ၊ ဗျို့-ဒေါက်တာ ထွန်း ခင်ဗျား ရှောင်နေလိုက်စမ်းဗျာ၊ ရှောင်စမ်းပါဆို မြန်မြန် သွားလိုက် ါဗျ၊ ဘယ့်နှယ်ကြောင့် ဆိုင်းငံ့ဆိုင်းငံ့ လုပ်နေတာလဲ "

ဒေါက်တာစံထွန်းသည် ကျွန်တော်၏ အဖြေကို ကြားလိုသေး



www.burmeseclassic.com

www.burmeseclassic.com



ဟန်နှင့် ဆိုင်းတွတွ လုပ်နေသေးရာ ဦးစိန်ဘူးက ဒေါက်ထုတ်လိုက်သော အခါတွင်မှ အပြင်သို့ထွက်သွား၍ တံခါးကို ပိတ်ထားခဲ့လေ၏။ ဒေါက်တာ စံထွန်းသည် လှေကားဝ၌ရှိသော တံခါးကိုပိတ်ထား၍ လှေကား ဆင်းသွားသော ခြေသံများကိုပင် ကြားရပေရကား-ကျွန်တော့်မှာ အလွန် စိတ်တိုဟန်ရှိသော လူနာအဘိုးကြီးအနီး၌ တစ်ယောက်တည်း ကျန်ရ လေ၏။

" ဒေါက်တာ၊ ကိုယ့်ကို ပြုစုလိမ့်မလားလို့ ခေါ်ထားပါတယ် ကိုယ့်ဟာကိုယ် အကျဉ်းသမား ဖြစ်မှန်းမသိ ဖြစ်နေပြီ၊ နေရာတကာတိုင်း ကျုပ်ကို ချုပ်ချယ်နေတာပဲ. . . ဆေးလိပ်သောက်ပြန်လည်း မသောက် နဲ့တဲ့၊ ဘီယာကလေးသောက်ချင်လည်း မသောက်နဲ့တဲ့၊ ဟောဒီစီး ထောင့်ထဲက စီးကရက်ဘူးထုတ်လိုက်စမ်း "

ကျွန်တော်သည် လူနာညွှန်ပြသည့်အတိုင်း ဗီရိုကလေးကို ဖွင့် ၍ မိုလိုစီးကရက်ဘူးတစ်ဘူးကို ထုတ်ယူပြီးလျှင် လူနာအား လှမ်း ပေးရာ လူနာသည် စီးကရက်တစ်လိပ်ကို မီးညှိသောက်၍ မီးခိုးများကို အထက်သို့ မှုတ်ထုတ်နေရာတွင် မီးခိုးမှုတ်ပုံ၊ နှုတ်ခမ်းစုပုံတို့မှာ ကျွန်တော် ၏ မိတ်ဆွေ ဒဂုံတင့်နှင့် တူလှသဖြင့် ဒဂုံတင့်ကို သတိရမိလေ၏။

" ခင်ဗျားလည်း တစ်လိပ်သောက်လေ၊ ဘတ်နိုင်ဘူး မန်းတင့်ဒေ ငါးသုံးလုံး ဝယ်မရလို့ ပိုလိုနဲ့ နေရတော့တာပဲ "

ထိုအခါ ကျွန်တော်သည် နောက်သို့ ပက်လက်လန်၍ လဲသွား မတတ် အံ့သြပြီးနောက် အိပ်ရာပေါ်သို့ စေ့စေ့ကြည့်လိုက်ရာတွင် လူနာ သည်ကား တခြားမဟုတ် သူငယ်ချင်း ဒဂုံတင့်ပင် ဖြစ်နေသည်ကို တွေ့ မြင်ရလေ၏။

* * * * *





ဂုံ ။ ။ " သင်္ဘောပေါ်က ခုန်ချပြီး ကူးလိုက်ရတဲ့ရေဆိုတာ တော့ မပြောပါနဲ့တော့၊ ရေအောက်ငုပ်ထိုးလိုက် အသက်ရှုကျပ်လာတဲ့ အခါ ရေပေါ်ခဏကလေးဖော်လိုက် နောက်တစ်ခါ ငုပ်ထိုးလိုက်နဲ့ အဆင် သင့် နေဝင်သွားပေလို့ပဗျာ၊ နို့ မဟုတ်ရင်ဖြင့် သင်္ဘောစက်ရပ်ပြီး သမ္ဗန် နဲ့ လိုက်ရှာလို့ ကျုပ်ကို ပြန်မိသွားမလား မဆိုနိုင်ဘူး "

မန်း ။ ။ " ကျုပ်မှာလည်း ရုံးတင်ပို့လို့ ပြစ်မှုထင်ရှား တယ်ဆို ပြီး ထောင်ထဲ အချခံရ၊ ခင်ဗျားတစ်ယောက် သေလေသလား စိတ်ထဲမှာ တနွေးနွေးပါပဲဗျာ၊ ထောင်ကလွတ်လာပြီးတဲ့ နောင်တစ်နေ့မှာ ခင်ဗျားနဲ့ ပြန်တွေ့ရဦးမယ်လို့တော့ မျှော်လင့်မိပါရဲ့၊ တစ်လ နှစ်လ မက လေး- ငါး ခြောက်လကြာခဲ့တော့ ကိုယ့်လူဖြင့် ရှိမှ ရှိပါတော့မလားလို့ အများကြီး ငိုးရိမ်မိတယ်။ ဝမ်းသာလိုက်တာဗျာ။ ကျုပ်စိတ်မှာ ဘယ်လိုဖြစ်သလဲ ဆိုတော့ ဟိုနေ့က " ဆိုင်းယမ်း " သင်္ဘောကြီးပေါ်မှာ ခင်ဗျားနဲ့ ကျုပ်နဲ့ ခွဲခွာသွားတဲ့အချိန်ကစပြီး အခု အချိန်အထိ အိပ်ပျော်နေပြီး ဒီစပ်ကြားက အဖြစ်အပျက်တွေဟာ အိပ်မက်ထဲမှာ ဘီလူးစီးတာကို အခုမှ ဘွားခနဲ သန့်နိုးလာသလို အောက်မေ့မိတယ် "

ဂုံ ။ ။ " ထင်မယ်ဆို ထင်စရာပဲဗျို့ . . . ခင်ဗျားနဲ့ ခွဲပြီးတဲ့ နောက် ကျုပ်မှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို တစ်နေ့နေ့ကျတော့ ပြောပြရသေးတာပဗျာ "

မန်း ။ ။ " ဖြည်းဖြည်းမှပဲ ပြောပါတော့ဗျာ . . . . ကျုပ်အဖို့ တော့ ဘာမှ မကြားချင်သေးဘူး။ အခုလို ခင်ဗျားနဲ့ ကျုပ်နဲ့ ပြန်တွေ့ တယ်ဆိုရင် ကျေနပ်လှပြီ။ နေစမ်းပါဦးဗျ . . . .' ဒါထက် ခင်ဗျား မျက်နှာကို ကျုပ်သေသေချာချာ ကြည့်စမ်းပါရစေဦး "

ကျွန်တော်သည် ပြတင်းပေါက်ကို ဖွင့်လိုက်၍ ခုတင်ပေါ်၌ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သူငယ်ချင်း ဒဂုံတင့်ကို ခြေဆုံး ခေါင်းဆုံး သေချာစွာ ကြည့်ရှု
လေရာ သူငယ်ချင်း ဒဂုံတင့်၏ ကျန်းမာရေးအခြေအနေမှာ မည်ကဲ့သို့
ရှိနေသည်ဟု ခန့်မှန်းရန် မတတ်နိုင်စေကာမူ ဒဂုံတင့်မှာ ရှေးကလို
ဒဂုံတင့်မျိုး မဟုတ်တော့သည့် အဖြစ်ကိုမူကား သေချာစွာ သိရလေ၏။
ကျွန်တော်တို့နှစ်ယောက် ကွဲကွာကြသည်မှာ သုံးနှစ်မျှပင် မပြည့်သေး
သော်လည်း ထိုအချိန်ကာလ အတောအတွင်း၌ ဒဂုံတင့်မှာ နှစ်ပေါင်း
နှစ်ဆယ်ခန့်မျှ ရင့်အိုသွားသည့်လက္ခဏာရှိသောကြောင့် အသက် (၅၀)
ခန့် ရှိနေပြီ ဟူ၍ ခန့်မှန်းရပေ၏။

သူ၏ ဆံပင်မှာ အဖြူတစ်ဝက်မက ရောနှောလျက် ရှိပြီဖြစ်ရာ
၎င်းမှာ ဆေးဆိုးခြင်းမဟုတ် တကယ်ပင် ဖြူနေခြင်းဖြစ်၍ ခပ်ဖောင်း
ဖောင်း ရှိဖူးသော သူ၏ပါးသည်လည်း ခွက်တက်တက် ရှိနေ၏။ ထို့ပြင်
မျက်လုံးများ၏ အစွန်းအဖျားနှင့် ပါးစပ်အစွန်းအဖျားတွင်ရှိသော အရေ
မှာလည်း အတော်ပင် လျော့နေသဖြင့်၊ အစင်း, အခြစ်များသဖွယ် ဖြစ်ပေါ်
လျက် ရှိ၏။ သို့ရာတွင် သူ၏ မျက်လုံးများမူကား ရှေးနည်းအတိုင်းပင်
ကြည်လင်တောက်ပ၍ ဖျတ်လတ်သော အမူအရာ ရှိ၏။ ၎င်းမျက်လုံးများ
ဖြင့် လူတစ်ယောက်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည့်အခါ အသည်း
နှလုံးကို ထိုးဖောက်၍ မြင်စွမ်းနိုင်သကဲ့သို့ရှိသော တန်းခိုးသတ္တိမှာလည်း
ယုတ် လျော့ခြင်း မရှိသေးပေ။

ဒဂုံတင့်သည် စီးကရက်ကို နှုတ်ခမ်းနှစ်ဖက်ကြားတွင် ညှပ်ထား
၍ ခပ်ပြင်းပြင်း ရှူဖွာလိုက်သည့်အခါ ရှေးဒဂုံတင့်၏ ပါးစပ်အတိုင်းပင်
ရှိသေး၏။ ၎င်းပါးစပ်တစ်ခုတည်းကို အကဲခတ်ရခြင်းအားဖြင့် ဤလူ
သည်ကား ထက်သန်သောစိတ်ရှိ၍ လောကကြီးတစ်ခုလုံးတွင် မည်သည့်
အရာကိုမျှ ဂရုစိုက်မည့်လူတစ်ယောက် မဟုတ်ဟူ၍ သိနိုင်ပေ၏။





ရာတွင် ကျွန်တော့်အဖို့မှာ ချည့်နဲ့ဟန်ရှိသော ဒဂုံတင့်ကို မြင်ရခြင်း
အားဖြင့် ကရုဏာစိတ် ပိုလျှံလာသည် ဖြစ်သောကြောင့် ဤသူငယ်ချင်း
အတွက် ဘာမဆို လုပ်ပေးမည်ဟူသော စိတ်ဆန္ဒ ဖြစ်ပေါ်လာတော့၏။

ဂုံ ။ ။ " ဘယ့်နှယ်လဲဗျ မန်းတင့်၊ ကျုပ်တော့ အဘိုးအိုကြီး
နေပြီ မဟုတ်လား "

မန်း ။ ။ " နည်းနည်းပါးပါးတော့ အိုသွားတာပေါ့ဗျာ၊
ပေမယ့် ခင်ဗျားဆံပင်ကြောင့် ထင်ပေါ့ဗျာ၊ မျက်နှာကတော့ သိပ်ကျ
သွားတာ မဟုတ်ပါဘူး "

ဂုံ ။ ။ " အဲဒီ ဆံပင်အကြောင်းကို တစ်နေ့တော့ ပြောပြရ
မယ်၊ ပခုက္ကူနယ်တစ်လျှောက်မှာ ကျုပ်တော့ ပြုံပြုံစင်အောင် နှံ့သွားတာ
ပဲ။ တစ်နည်းအားဖြင့်တော့ ပျော်စရာကောင်းတဲ့ ဒေသကလေးပါပဲ။
ဒီသော် ခင်ဗျားတို့ ကျုပ်တို့အဖို့တော့ 'အသစ် ဘယ်လိုကောင်းကောင်း'
တဲ့ တေးချင်းလိုပဲဗျာ၊ ဒီပြင်ဒေသတွေ ဘယ်လိုကောင်းကောင်း ရန်ကုန်
တလည်လည်မေ့နိုင်ဘူးဆိုတာလို ဖြစ်နေတာပဲ။ အချို့လူများက
ထင်လာကြတယ်၊ ရာဇဝတ်ပြစ်မှုနဲ့ တိမ်းရှောင်ရရင် လူသူနည်းပါးတဲ့
ဒေသအရပ်ဟာ ကောင်းလိမ့်မယ်လို့ ထင်ကြတယ်။ ဘယ်က ဟုတ်လိမ့်
မလဲဗျာ၊ ရန်ကုန်မြို့ကြီးလောက် တိမ်းလို့ ရှောင်လို့ ကောင်းတဲ့မြို့ ဘယ်မှ
မရှိဘူးဗျ။ ဒါကြောင့် နောက်ဆုံးကျတော့ ရန်ကုန်ကို ကျုပ်ပြန်ရောက်
လာတာပဲ။ ကျုပ် ပြန်ရောက်နေတာ နှစ်လလောက် ရှိသွားပြီဗျ။ ကော်ပေါက်
ကလေးတစ်ခုလည်း ကျုပ် အကြဲပြုထားတယ်. . . . "

မန်း ။ ။ " နေပါဦး သူငယ်ချင်းရယ်၊ ခင်ဗျား ကြည့်ရတာ
ကောင်းကောင်းကြီး မမာသေးဘူး မဟုတ်လား . . . . "

ဂုံ ။ ။ " မမာရုံဘယ်ကမလဲ မန်းတင့်၊ ကျုပ် သေပြီးပြီဗျ။



www.burmeseclassic.com

www.burmeseclassic.com



''ဆိုင်းယမ်း' သင်္ဘောကြီးပေါ်က ခုန်ချလို့ ရေနစ်သေပြီးပြီ။ ကျုပ်နာမည် မောင်တင့် မဟုတ်တော့ဘူး မောင်တင့်သေပြီးပြီဗျ. . . . "

မန်း ။ ။ " နေထိုင်လို့ကောင်းရဲ့ မဟုတ်လားဗျ "

ဂုံ ။ ။ " ဖျားနေတာ မဟုတ်ပါဘူးဗျ. . . ဒေါက်တာစံထွန်း တိုက်တဲ့ဆေးတွေ သောက်ရတာက တစ်ဖက်၊ စီးကရက်ဖြတ်ပြီး အိပ်ရာ ထဲ လှဲနေတာကတစ်ဖက်မို့ ခွန်အားနည်းနေတာလောက် ရှိပါတယ် "

မန်း ။ ။ " ဒါဖြင့် ဘာကြောင့် အိပ်ရာထဲ လှဲနေရတာလဲ ဗျ. . . "

ဂုံ ။ ။ " အိပ်ရာထဲ မနေရင်၊ ထောင်ထဲ နေရလိမ့်မယ်ဆရာ ကြီးရဲ့။ ကျုပ်ပြောတဲ့အတိုင်း မောင်တင့် သေပြီးသလို အထင်ပေးနေရ အိမ်ထဲ မသေသေးကြောင်းကို တစ်ယောက်ယောက်သိသွားမှာ စိုးရိမ်နေ တယ်။ ဒါကြောင့်မို့လို့ ကျုပ်ကိုယ်ကျုပ် လူမြင်မခံဝံ့ဘူးဗျ၊ သေချင်ယ ဆောင်ရတာများ မလွယ်ဘူး ဆရာရေ့၊ ငါးသုံးလုံးစီးကရက်ကို ပလက်တီ နမ်ဘူးထဲထည့်ပြီး သောက်လာခဲ့တဲ့အကောင်၊ ခုတော့ မလုပ်ဝံ့ဘူး ပိုက်ဆံ မရှိလို့တော့ မဟုတ်ဘူး၊ ပလက်တီနမ်စီးကရက်ဘူးကို လူတိုင်း သောက်နိုင်တာမဟုတ်တော့ ဒီဟာမြင်ပြီး သဲလွန်စပေါ်သွားမှာစိုးတာ အကောင်း အမွန်ကြိုက်တတ်တဲ့ ဝါသနာတွေကို အကုန် ဖြတ်ပစ်လိုက် တယ် မန်းတင့်ရေ. . . . "

မန်း ။ ။ " ဒီအခန်းမှာ နေခြင်းဟာ ဘယ်လိုရည်ရွယ်ချက် လို့လဲဗျ . . . . "

ဂုံ ။ ။ " ကုလားမိတ်ဆွေတစ်ယောက်နဲ့ ပုလဲနံ့ပသင်း သူက ငှားပေးတဲ့တိုက်ခန်း၊ မြန်မာပြည်မှာရှိတဲ့ ရန်ကုန်မြို့ ဆိုပေမယ့် မြို့ထဲမှာ တိုက်ခန်းရဖို့ မလွယ်ဘူးဗျ၊ တိုက်ရှင်က ကုလားတွေချည်း





ချည်းတော့၊ မြန်မာ သွားငှားလို့ ဘယ်တော့မှမရဘူး. . . ကုလားမိတ်ဆွေ တွေနဲ့ ကပ်ပြီး ငှားခိုင်းလို့ရတာဗျ။ အဲဒီ ကုလားမိတ်ဆွေက ကျုပ်ကို ဘယ်လိုလူ ထင်နေတယ်မှတ်သလဲ၊ ရန်ကုန်မြို့ကို တစ်ခါမှ မရောက်ဘူး တဲ့ အညာသား စံဖဲလို လူရိုး. လူအကြီးတစ်ယောက်လို့ ထင်နေလေရဲ့၊ သင်္ဘောပေါ်မှာ တစ်ခါ တွေ့ဖူးရုံနဲ့ ကျုပ်လိမ့်တိုင်း လိမ့်ပြီး၊ ကျုပ်အပေါ်မှာ အတော်ကြွေရှာတာဗျ ဒေါက်တာစံထွန်းကလည်း ကျုပ်ကို အညာသား တစ်ယောက်ပဲလို့ ထင်နေတယ်. . . ကိုယ့်ဆရာဝန်က မကြာခင် လက် ဆပ်တော့မှာမို့လို့ ပိုက်ဆံရရင် ပြီးရောဆိုပြီး ကျုပ်ကို သိပ်ပြီး သည်းညည်း ခံတာပဲ၊ လူနာမို့ စိတ်တိုလို့ အော်ငေါက်တာ မပြောနဲ့တော့၊ ကိုယ့်ဒေါက် တာကတော့ ပိုက်ဆံရရင် အောင့်ခံတာပဲ။ ဒီနှစ်လအတွင်းမှာ ကျုပ်ဆီက တော်တော်ရသွားပြီ၊ မိန်းမလက်ထပ်မယ့်ကိစ္စလည်း ကျုပ်ဆီကရတဲ့ ပိုက်ဆံနဲ့ လုံလောက်စရာ ရှိတယ် "

မန်း ။ ။ " ဒေါက်တာက ခင်ဗျားအကြောင်းကို မရိပ်မိဘူးလား ဗျာ "

ဂုံ ။ ။ " ရိပ်မိရုံ ဘယ်ကမလဲ၊ တပ်တပ်အပ်အပ် သိတယ် ဆရာရဲ့။ သို့သော်လည်း သူသိတာကို ကျွန်တော်က ရိပ်မိနေတယ်လို့တော့ သူ မသိရှာဘူး. . . ပထမတုန်းကတော့ ကျုပ်မှာ စွဲကပ်တဲ့ ရောဂါကို စမ်းလိုက်တာ (၉၆) ပါးတောင် ကမယ်မထင်ဘူး . . . နောက်ဆုံးတော့ ဦးနှောက်နည်းနည်းပျက်တဲ့ လူတစ်ယောက်လို့ ယူဆဟန်တူပါရဲ့၊

မန်း ။ ။ " ကိုယ့်လူမှာ ငွေတော်တော်ပေါ်မှတ်တယ် "

ဂုံ ။ ။ " ပေါ်တုန်းက ပေါ်ပါရဲ့၊ ရှေ့လျှောက်လည်း ပေါ်ဖို့ စီမံကိန်းထုတ်ထားကာပါပဲ"

ကျွန်တော်သည် ဒဂုံတင့်အား မည်သည့်နည်းနှင့် ငွေရအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမည်နည်းဟု မမေးဘဲ၊ ကျွန်တော်၏ နေရပ်ကို မည်ကဲ့သို့ ခြေ
ကောက်ခဲ့သည့်အဖြစ်ကိုသာ မေးလေရာ၊ ဒဂုံတင့်သည် ၎င်း၏ ပါးစ
မျက်နှာကြက်ဆီသို့ တက်သွားသော စီးကရက်မီးခိုးများကို စိုက်ငေး
ကြည့်နေပြီးမှ . . . .

ဂုံ ॥ ॥ " ဒီမေးခွန်းကို ခင်ဗျားမေးအောင် ကျုပ်စောင့်နေ
ပဲ မန်းတင့်ရေ၊ ကိုယ့်ကိုယ်ကိုယ် အသားယူလောက်အောင် အလုပ်
မလုပ်ခဲ့တာ အတော်ကြာခဲ့လို့၊ ဒီဟာကလေးတော့ အသားယူလို
ဦးမယ်။ ခင်ဗျားကို ကျုပ် ရှေးဦးစွာ ဘယ်လို ခြေရာကောက်သလဲဆို
အကျဉ်း ထောင်အကြောင်းနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ တွေ့ကတ
က ဒီဟာ တွေတော့ ကိုယ့်လူလက်ရာပဲလို့ ကျုပ်တွေးမိတယ်။ ရေး
နာမည် ဖော်ပြမထားပေမယ့် ခင်ဗျားလွတ်ချိန်နဲ့ ဒီဆောင်းပါး
ပေါ်လာတာနဲ့ ကိုက်နေတော့တာကိုးဗျ "

မန်း ॥ ॥ " ကျုပ်နေရာတော့ ဘယ်လိုလုပ် သိသလဲဗျာ "

ဂုံ ॥ ॥ "ဘယ်လိုလုပ်သိရသလဲ၊ ခင်ဗျား အယ်ဒီတာဆီ
ညစ်ထုတ်ယူတာပေါ့၊ ညကြီးသန်းခေါင်မှာ ညအယ်ဒီတာ အခန်း
ဝင်သွားပြီး ခင်ဗျားနဲ့ ကျွန်တော်နဲ့ဟာ နှစ်ပေါင်းများစွာ ကွဲကွာနေ
ညီအစ်ကိုအရင်းပါလို့ မျက်ရည်ကလေးတဝဲဝဲနဲ့ ပြောပြလိုက်ကာရှိ
ခင်ဗျားအယ်ဒီတာက ခင်ဗျားလိပ်ကို တစ်ခါတည်း ထုတ်ပေးတော့တာ
ဗျ. . . "

မန်း ॥ ॥ " ဘယ်တုန်းကလဲဗျာ. . "

ဂုံ ॥ ॥ " လွန်ခဲ့တဲ့ အပတ်ကပေါ့. . "

မန်း ॥ ॥ " ဒါဖြင့် သတင်းစာထဲက ကြော်ငြာရော၊ ကြေး
ရော ခင်ဗျားလက်ချက်တွေပေါ့လေ။ ဖြစ်မှဖြစ်ရလေ ဒဂုံတင့်ရေ





ဘကယ်ဆိုရင် ကျုပ်ဆီကို တိုက်ရိုက်လာလိုက်ရင် ပြီးရောပေါ့ဗျာ။
ကြော်ငြာထည့်လား ကြေးနန်းရိုက်လားနဲ့ လုပ်နေရသေးသကိုးဗျာ. . "

ဂုံ ॥ ॥ "ခင်ဗျား တော်တော်ဂွကျသေးတဲ့လူပဲ၊ ကျုပ်နဲ့
ဒီလောက်ပေါင်းနေတာတောင် ဒီလောက်ထိ အ,တုန်း န,တုန်း ရှိသေးတာ
ကိုး။ ကျုပ်ကိုကျုပ် အထင်ပေးတာက ရန်ကုန်မြို့ပေါ် တစ်ခါမှ မရောက်
ဘူးတဲ့ အညာသားတစ်ယောက်လို့ ခင်ဗျားကို ပြောပြီးပြီ မဟုတ်လား။
ဒေါက်တာစံထွန်း ဆိုတဲ့လူက ကျုပ်အနားမှာ အကြာကြီး နေလာပေတော့
သူ့ကို တော်ရုံတန်ရုံနဲ့ ညာလို့ဖြန်းလို့ မရဘူးဗျ။ ခင်ဗျားနဲ့ သိဟောင်း
ကျွမ်းဟောင်း မဟုတ်ဘဲ၊ ခုမှ ကံအားလျော်စွာ ဆုံဆည်းမိလေဟန်၊
ခင်ဗျားကို ရွေးချယ်ခန့်ထားခြင်းဟာ ဒေါက်တာစံထွန်းရှေ့မှာ ရွေးချယ်
လေဟန် အဲဒီလိုဖြစ်စေချင်လို့ ဉာဏ်ဆင်ရတာကိုးဗျ။ အကြောင်းက
သည်း ဒေါက်တာစံထွန်း ဆိုတဲ့လူက သူကလွဲပြီး ဘယ်သူမှ မရှိစေချင်
ဘူး၊ ရစရာရှိရင် သူတစ်ယောက်တည်း အားလုံး ချူယူချင်တယ်။ သို့သော်
ကျုပ်က သူနာပြုဖို့ ယောက်ျားတစ်ယောက် လိုချင်တယ်ဆိုတော့ သူက
အကြောက်အကန် ကန့်ကွက်ခဲ့လို့၊ သူ့ကိုပါ ထုတ်ပယ်လိုက်မှာစိုးတော့
ငြိမ်ပြီးရ တာကိုးဗျ။ ကျုပ်ဆီက တစ်နေ့ (၁၅)ကျပ် မှန်မှန်ကြီး ရနေလေ
တော့ ကိုယ့်ဒေါက်တာ သဘောကျပြီး ကျုပ်အပေါ်မှာ သိပ်အလိုလိုက်နေ
တာကိုး"

၎င်းနောက် ဒဂုံတင့်သည် ကျွန်တော့်ဦးလေး ဒေါက်တာကျော်မြင့်
၏နာမည်ဖြင့် ကျွန်တော့်ထံသို့ ကြေးနန်းရိုက်အကြောင်းကြားရာတွင်၊
ကျွန်တော်က ၎င်းကြေးနန်းနှင့်ပတ်သက်၍ ဦးလေးဒေါက်တာကျော်မြင့်
ထံသို့ သွားရောက်မေးမြန်းချေမည်လောဟု စိုးရိမ်မိသော်လည်း၊ ကျွန်
တော်တို့ တူဝရီးနှစ်ယောက်တို့၏ မချစ်ခင်ပုံ အခြေအနေကို ယခင် က



www.burmeseclassic.com

www.burmeseclassic.com



တည်းက သိရှိပြီးဖြစ်သောကြောင့် သွားရောက်၍ မမေးမြန်းတန်ရာဟု စွန့်စား ရိုက်ကြားလိုက်ခြင်းဖြစ်ကြောင်း ပြောပြလေ၏။ ကျွန်တော် ဦးလေးထံ သွားရောက်စုံစမ်းခြင်း မပြုခဲ့သဖြင့်လည်း ဒဂုံတင့်၏ တွေး ချက်မှာ မှန်ကန်ခဲ့လေပြီ။

ဒဂုံတင့်သည် ၎င်းအခန်း၌ နှစ်လပတ်လုံး နေထိုင်ခဲ့စဉ် ည အချိန်တွင် မြို့ထဲသို့ဆင်း၍ လှည့်လည်ခဲ့သည် ဖြစ်သောကြောင့်၊ မြို့ တွင် ဒေါက်တာစံထွန်းနှင့် ရင်ဆိုင်တိုးမည်ကို စိုးရိမ်မိ၏။ ဒဂုံ ပြုလုပ်ပုံမှာ သူ၏လှေကားတံခါးကိုပိတ်ရန် တိုက်ခေါင်မိုးပေါ်သို့ တက် လျှင် အခြားဘက်လှေကားမှ တိုက်အောက်သို့ ဆင်းခဲ့ခြင်းဖြစ်ရာ အိ မှမထဘဲ လုံးဝလဲနေသော လူနာတစ်ယောက်သည် မြို့ထဲ၌ လျှောက် လည်နေသည်ကို၊ ဒေါက်တာစံထွန်း တွေ့မြင်ပါက မိမိ၏ဟန်ဆောင် အလုံးစုံ ပေါ်ပေါက်တော့မည်ဟု ပူပန်ခဲ့၏။ ဒဂုံတင့်သည် ည၌အ များတွင် မြို့ထဲ၌ လျှောက်၍လည်ခဲ့စဉ် တွေ့ကြုံခဲ့ရသော အဖြစ်အပျ များကို ရယ်ကာမောကာနှင့် ကျွန်တော့်အား ပြောပြ၏။ ယင်းသို့ရှိ ဒဂုံတင့်၏ ကြော်ငြာ လာရောက်လျှောက်ထားသူ (၂) ဦး (၃) ဦးတ လာသေးသည်ဖြစ်၍ ကျွန်တော်သည် တံခါးကိုဖွင့်ပြီးလျှင် လျှောက် သူတို့အား သူနာပြုရာထူးမှာ ခန့်ထားပြီးပြီဖြစ်ကြောင်း ပြောရသေး

၎င်းနေ့ ညနေ(၃)နာရီနှင့် (၄)နာရီအကြားတွင် ဒဂုံတင့်သ နာရီကို ကြည့်ပြီးနောက် ကျွန်တော်၏ပစ္စည်းများကို လျင်မြန်စွာသွား၍ ခဲ့ရန် စေလွှတ်လိုက်လေ၏။ သွားခါနီးတွင်. . .

ဂုံ ။ ။ " ကိုယ့်လူတော့ ဆာလှရော့မယ် မှတ်တယ်၊ စားချင် ရှိရင် အဆာပြေရုံလောက် နည်းနည်းပါးပါး စားခဲ့ဗျနော်၊ သိပ်ပြီး ဝအော မစားခဲ့နဲ့၊ ခင်ဗျားနဲ့ကျုပ်နဲ့ ပြန်ဆုံမိတဲ့နေ့ဆိုပြီး ပျော်ပျော်ကြီး ကျွေးနေ





ဦးမယ်"

" ဒီကနေ့ည (၂၉) လမ်းက တရုတ်ဟိုတယ်မှာဗျ၊ မလန့်ပါနဲ့ဗျာ၊ ဘားနေကျဟိုတယ်ပေမယ့် ဟိုတုန်းက ကလေးမတွေ မရှိတော့ပါဘူး။ အသစ်တွေ ဖြစ်ကုန်ပြီ၊ မနေ့ညက ကျုပ် ရောက်ခဲ့ပါသေးတယ်၊ နေဦးဗျ ခင်ဗျားမှာ လမ်းစရိတ် ရှိရဲ့လား "

ထိုအခါ ကျွန်တော်သည် လမ်းစရိတ်ရှိသော်လည်း အပေါင်ဆိုင် ၌ထားသော အဝတ်အစားများကို ရွေးလိုကြောင်းပြောရာတွင် ဒဂုံတင့်က ငွေ (၂၀) ထုတ်ပေးလေ၏။

ဂုံ ။ ။ " ခင်ဗျား ဆင်းသွားတော့ တတိယအထပ်မှာ ဒေါက်တာစံထွန်း ရှိလေရဲ့၊ ခင်ဗျားကို ခန့်လိုက်ပြီလို့ ဝင်ပြောသွားပေတော့။ ပြီးတော့ ဘိုင်စကုတ်လက်မှတ်တစ်စောင် ဝယ်ခဲ့ဗျာ၊ ဒေါက်တာ စံထွန်းကို ဒီလက်မှတ် ပေးလွှတ်လိုက်ရင်၊ ကျုပ်တို့ လုပ်ချင်ရာ လုပ်နိုင်ခွင့် ရှိလိမ့်မယ်"

ကျွန်တော်သည် လေးထပ်မှဆင်းလာ၍ ဒေါက်တာစံထွန်း၏ အခန်းသို့ ဝင်သွားသောအခါ. . .

ထွန်း ။ ။ " ကောင်းပါလေရဲ့ဗျာ၊ ခင်ဗျားအလုပ်ရတာ ဝမ်းသာပါတယ်၊ သို့သော် တစ်ခုတော့ ကျုပ် သတိပေးလိုက်မယ်နော်၊ ခင်ဗျား အလုပ်က သိပ်မချောင်လှဘူးဗျ၊ လူနာတွေ အမျိုးမျိုး တွေ့ခဲ့လှပြီ၊ ဒီလူနာ လောက် ချေးထူတဲ့လူ တစ်ယောက်မှ မတွေ့သေးဘူး "

ကျွန် ။ ။ "နေဦးဒေါက်တာ. . . ဦးစိန်ဘူးရောဂါက ဘာရောဂါ လဲဗျ "

ထိုအခါ ဒေါက်တာစံထွန်းသည် ကောလိပ်ကျောင်းထွက် ဖြစ် သော်လည်း လူနာပြုစုခြင်းတည်းဟူသော နုံချာသည့်အလုပ်မျိုးကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လုပ် ကိုင်သူတစ်ယောက်ဟူ၍ ကျွန်တော့်ကို နားလည်သည်နှင့် ကျွန်တော် ၏ မေးခွန်းကို အဖက်လုပ်၍ မဖြေဘဲ ဟန်ကြီးပန်ကြီး လုပ်နေလေ၏။

ထွန်း ။ ။ " ဘယ်လိုရောဂါလဲဆိုတာ ခင်ဗျားလိုလူကို ပြောပြ လို့ ဘာနားလည်မှာလဲ၊ ခင်ဗျား အလုပ်ရတယ် ဆိုပေမယ့် ကျုပ်က သဘောမကျလို့ ကန့်ကွက်လိုက်ရင် ကျုပ်စကားနာယူပြီး ခင်ဗျားကို ထုတ်ပစ်လိမ့်မယ်ဆိုတာကိုလည်း မမေ့နဲ့ဦးဗျ။ ကိုင်း . . . ကိုင်း . . . သွားစရာရှိ သွားဦး၊ ဝတ္တရားအတိုင်း ကျုပ်က အပေါ်တက်ကြည့်ရဦးမယ်"

ကျွန်တော်သည် ပစ္စည်းကလေးများ ယူခဲ့၍ ဒဂုံတင့်၏ အခန်းသို့ တက်လာသောအခါ၊ ဒေါက်တာစံထွန်းသည် ဒဂုံတင့်အနီးတွင်ပင် ရှိနေ သေးရာ၊ ဒဂုံတင့်သည် ကျွန်တော့်ထံမှ ဘိုင်စကုတ်လက်မှတ်ကို ယူ၍ ဒေါက်တာစံထွန်းကို ပေးလျက် " ကိုင်း - ဒေါက်တာ ဒီကနေ့ညတော့ ဘိုင်စကုတ်ကြည့်ချေပေဦးတော့ ကျွန်တော်က ကြည့်ဖို့မလိုပါဘူး၊ ပျော် ပျော်ပါးပါး သွားကြည့်ဦးတော့ " ဟု ဆိုကာ လွှတ်လိုက်လေ၏။

* * * * *

ကျွန်တော်နှင့် ဒဂုံတင့်တို့သည် (၈) နာရီခွဲ အချိန်တွင် အခန်း တံခါးကို ပိတ်၍ တိုက်ခေါင်မိုးပေါ်သို့ တက်ကြပြီးနောက် အခြားသော လှေကားမှ တိုက်အောက်သို့ ဆင်းလာခဲ့ကြလေ၏။ ထိုအချိန်၌ ဒေါက်တာ စံထွန်းမှာ ဘိုင်စကုတ်သို့ သွားနေခိုက်ဖြစ်၍ ကျွန်တော်တို့သည် (၂၉) လမ်းရှိ တရုတ်ဟိုတယ်သို့ သွားကြပြီးလျှင် ညစာစားရန်အတွက် သီးသန့် အခန်းကလေးတစ်ခန်းတွင် ထိုင်ကြလေ၏။ ဒဂုံတင့်သည် အကောင်းဆုံး သော တရုတ်စားစရာများနှင့် ဝီစကီပုလင်းကို မှာယူ၍ စည်းစိမ်နှင့်





စားသောက်လျက်ရှိကြစဉ် တောအရက် တစ်မူးတန် တစ်ခွက် ကို ရေနှင့် ရောစပ်ကာ မှိတ်မှိတ်၍၊ လမ်းနံဘေး တရုတ်ဆိုင်၌ ဆယ်ပြား (၃) ပဲမျှတန် သော ညစာထမင်းကို မသေရုံ စားသောက်နေခဲ့ရသော ကျွန်တော့်အဖို့မှာ ဖွန်နီဝါကားဝီစကီနှင့် ငါးမန်းတောင်၊ ဘဲပေါင်း အမြည်းတို့ဖြင့် စားသောက်ရခြင်းသည် ရာမစည်းစိမ်ကြီးတစ်ခု ဖြစ်နေလေတော့၏။

ဒဂုံတင့်သည် တရုတ်စားစရာများကို စေ့စုံအောင် နားလည်သူ တစ်ယောက် ဖြစ်သည့်အတိုင်း အလွန်အဖိုးတန်၍ အလွန်အရသာရှိ သော စားစရာများကို တစ်ပွဲပြီးတစ်ပွဲ မှာယူလေရာ ငတ်ပြတ်နေခဲ့သော ကျွန်တော့်အဖို့မှာ ထမင်းဟူ၍ မစားနိုင်တော့ဘဲ၊ စားစရာ အဆန်းအပြား များနှင့် ဝီစကီဆိုဒါတို့ဖြင့်ပင်လျှင် ဝမ်းဗိုက်ပြည့်တင်းသော အခြေသို့ ရောက်သွားလေတော့၏။ ဖွန်နီဝါကားဝီစကီကို ရသာရုံကြော ထက် မြက်စေရုံလောက်သာ သောက်ကြပြီးနောက် ဒဂုံတင့်သည် ပုလင်းကို ရေခဲစိမ်ပြီးမှ ဖွင့်ရ၍ အလွန်တရာ အမူးယဉ်လှသော ရှမ်ပိန်အရက်ချို ပုလင်းကို မှာယူလေရာ ရသာရုံစွဲလမ်းမှု အားကြီးလှသော ကျွန်တော့်အဖို့ မှာ ဤကဲ့သို့သော စားဖွယ်သောက်ဖွယ်များကို စားသောက်ရမည်ဆိုလျှင် စားပြီးသောအခါ၌ မည်သည့်နေရာသို့သွား၍ မည်သည့်အလုပ်မျိုးကို လုပ်ရသည်ဖြစ်စေ အဆင်သင့်ရှိသည်ဟု အောက်မေ့မိ၏။

ဒဂုံတင့်မှာလည်း သောက်သောက်စားစားနှင့် စကားပြောရင်း အရှင်လာတော့သည် ဖြစ်သောကြောင့်၊ အလွန်တရာ နှုတ်လျှာသွက်လက် လာသည့်အတိုင်း၊ နားထောင်၍ မငြီးနိုင်လောက်သည့် ၎င်း၏ ကိုယ်တွေ့ အဖြစ်အပျက်ကလေးများကို၊ ပုံတိုပတ်စကလေးများ ဖြည့်စွက်ကာ ပြော ပြလေရာ၊ ကျွန်တော့်မှာ အနီးအပါးတစ်ဝိုက်တွင် မျက်နှာချိုသွေးလျက်ရှိ သော ကလေးမကလေးများကိုပင် ဂရုမစိုက်နိုင်ဘဲ၊ စားပွဲပေါ်၌ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ရသာရုံနှင့် ဒဂုံတင့်၏ နှုတ်မှထွက်သည့် သဒ္ဒါရုံတို့ဖြင့် ကျေနပ်လုံလောက်လျက် ရှိလေတော့၏။

ထိုအတောအတွင်း စားပွဲထိုးသော မိန်းကလေးတစ်ယောက်သည် ဒဂုံတင့်အနီးသို့ ချဉ်းကပ်၍ ကြိမ်ဖန်များစွာ တွေ့ဖူးသဖြင့် ရင်းနှီးသော အမူအရာမျိုးနှင့် ခဏတိုးတိုးစကားပြောလိုက်ပြီးနောက် ဒဂုံတင့်က "ခေါ်ခဲ့လေ" ဟု ပြောလိုက်သည်နှင့် မိန်းကလေးသည် အခန်းပြင်သို့ ထွက်သွားလေ၏။

ထိုအခါ ဒဂုံတင့်က "တစ်ခုတော့ လုပ်ရလိမ့်မယ်ဗျို့ မန်းတင့် အသာတကြည်နဲ့ မပြီးဘဲ အကြမ်းကိုင်ရလို့ရှိရင် ခင်ဗျား ကူရလိမ့်မယ်နော် " ဟု ပြောလိုက်သည်တွင် ကျွန်တော်က ကြမ်းချင်လည်းကြမ်းနူးချင်လည်းနူး၊ ကူညီရန် အသင့်ရှိကြောင်း ပြန်ပြောလိုက်၏။

နောက်တစ်ခဏ၌ ဗိုဘီအဖြူပေါ်တွင် နက်ပြာရောင် ဘလေဇာ ကွတ်ကို ဝတ်ထားသော ဘာဘူတစ်ယောက်သည် သားရေအိတ်တစ်လုံးကို လက်တွင်ဆွဲလျက် အခန်းထဲသို့ ဝင်လာလေ၏။

ဂုံ ။ ။ "ထိုင်ဦးလေဗျာ မစ္စတာ ဘူလာဘိုင်၊ ကျွန်တော် ပို့လိုက်တဲ့စာ ရသကိုး. . . ဟောဒါက ကျွန်တော့်ယောက်ဖလောင်း အညာသား ကိုပန်းအုန်ပဲဗျ " ဟု ပြော၍ ကျွန်တော့်ဘက်သို့လှည့်ပြီး -

"မဂိုလမ်းက စိန်ဘာဘူ မစ္စတာဘူလာဘိုင်တဲ့ "

ဒဂုံတင့်မှာ သူ၏ အကြံအစည်များကို တင်ကြိုပြောပြတတ်သော ဝါသနာမရှိဘဲ၊ အရေးကြုံမှ ရုတ်တရက်စီမံတတ်သည့်အလျောက် ကျွန်တော့်မှာ သူ၏ ယောက်ဖလောင်းအညာသား မောင်ပန်းအုန်အဖြစ်နှင့် အက်တင်လုပ်ရမည့်အဖြစ်ကို အသိအမှတ်ပြုထားလိုက်ရလေ၏။ ဒဂုံတင့်က ဆက်လက်၍ . . . .





ဂုံ ။ ။ "ကိုပန်းအုန် နှမ ခင်မြင့်ကြီးက သူကိုယ်တိုင် လိုက်ခဲ့ဖို့က နေမကောင်းတာနဲ့ ပါမလာဘူး၊ မစ္စတာဘူလာဘိုင်ရဲ့။ ခင်မြင့်ကြီးနဲ့ ကျွန်တော်နဲ့ လက်ထပ်ခါနီးမို့လို့ ကျွန်တော်က လက်ဝတ်လက်စားနည်းနည်းပါပါး ဝယ်ချင်လို့ ဘာဘူကို မှာလိုက်ခြင်းပဲ။ စာထဲ ပါတဲ့အတိုင်း ခင်ဗျားတို့ဆိုင်ကို နေ့ခင်းမှာ လာဖို့ အချိန်မရဘူးဗျ၊ ကျွန်တော်တို့ကလည်း နက်ဖြန်နံနက် မန္တလေးပြန်မှာ ဖြစ်လေတော့ ဝယ်ချင်တဲ့ လက်ဝတ်လက်စားကို ညတွင်းချင်းပြီးပြတ်အောင် ဝယ်ကြဖို့ စီမံရခြင်း ဖြစ်ပါတယ်။ ခင်ဗျားတို့ အရောင်းအဝယ်သမားက ဘယ်အချိန် ရောင်းရရောင်းရ ကျေနပ်တယ်မဟုတ်လား "

ဘိုင် ။ ။ "ကျေနပ်ပါတယ်ဆပ်၊ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ အဖော်တစ်ယောက်ပါ, ပါတယ်။ သူက ဟိုတယ်ရှေ့မှာ စောင့်နေပါတယ် "

ဤသို့ ပြောခြင်းအားဖြင့် စိန်ဘာဘူသည် အကယ်၍ ကျွန်တော်တို့က ၎င်းအား အကြံအစည်ရှိခဲ့လျှင် သူတစ်ယောက်တည်းမဟုတ်ဘဲ အဖော်တစ်ယောက်ပါသေးကြောင်း သိစေလိုခြင်းဖြစ်သည်ဟု ကျွန်တော်တို့ နားလည်ကြရ၏။

ဒဂုံတင့်သည် အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာကို ချွေးသုတ်လေရာ ၎င်း၏ လက်ဝဲဘက် လက်သူကြွယ်တွင် ဆန္ဒင်းမကင်းစုံ စိန်လက်စွပ်တစ်ကွင်းကို လက်ခနဲ မြင်လိုက်ရသဖြင့်၊ ကျွန်တော့်မှာ အံ့အားသင့်သွား၏။ အဘယ်ကြောင့်ဆိုသော် ဒဂုံတင့်မှာ ဘယ်အခါမျှ သက်ဝတ်လက်စားဝတ်သော အလေ့အထ မရှိသည့်အပြင် ဟိုတယ်သို့ ကျွန်တော်နှင့်အတူ လာကြစဉ်ကလည်း သူ၏လက်ထဲတွင် ၎င်းလက်စွပ် ပါခဲ့သည့် အဖြစ်ကို ကျမ်းရှက်၍ ထွက်ဆိုဝံ့သောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘူလာဘိုင်သည် ကျွန်တော်၏ နှမ ခင်မြင့်ကြီးကိုယ်တိုင် လက်ဝတ်လက်စားများ ရွေးချယ်ရန် မလိုက်ပါခဲ့သဖြင့်၊ စိတ်ပျက်သော မျက်နှာ ထားဖြစ်ပေါ်ရာမှ ဒဂုံတင့်၏လက်စွပ်ကို မြင်လိုက်ရသည်တွင် ကျွန်တော့် ဘက်သို့ လှည့်၍ . . .

" ကျွန်တော်တို့က အနည်းဆုံးဈေးနဲ့ ရောင်းပါတယ်ဆပ်. . . . သူ့လက်က လက်စွပ်ဟာ ဘယ်လောက်တန်တယ်လို့ ထင်သလဲဆပ်. ."

ကျွန်တော်က စိန်ရွှေအကြောင်း နားမလည်သဖြင့် လက်စွပ် တန်ဖိုးကို ခန့်မှန်းရန် မတတ်နိုင်ကြောင်း ပြန်ပြောရာတွင်. . . . ဘူလာဘိုင်က "ကျွန်တော်တို့ ဆိုင်က ဆပ်ဝယ်သွားတာပဲ. . . . (၃၀၀ိ) နဲ့ ရောင်းလိုက်ပါတယ်။ တခြားဆိုင်မှာ ဝယ်ရင် ၃၀၀ိ-ထက်လျှော့ရရင် ကျွန်တော်က အလကားပေးမယ် ဆပ်" ဟု ပြောလိုက်၏။ စိန်ဘာဘူသည် ကျွန်တော်၏ နှမအတွက် ဝယ်ယူမည်ဆိုသောကြောင့်၊ ကျွန်တော့်ကိုပါ့အောင် နှုးလိုသဖြင့် ကျွန်တော့်အား ထိုစကားကို ပြောခြင်းပင် ဖြစ်၏။

ဂုံ ။ ။ "မှန်တယ်ဘာဘူ ၃၀၀ိ-တန်ချင်လည်း တန်ပေမယ်. . ဒါပေမယ့် ကျွန်တော်က အကျွေးဝယ်တာ မဟုတ်ဘူးဗျ. . . လက်ငင်းငွေချေတာကိုး "

ဘိုင် ။ ။ "ကျွန်တော်တို့က လက်ငင်းချည်းရောင်းတာပဲ၊ လခစား, စာရေးများ ဝယ်နိုင်အောင် နည်းနည်းပါးပါး တစ်ခါတလေ အကြွေးရောင်းတယ်။ တစ်လမှ တစ်ခါ ပေးဆပ်ရလို့ နည်းနည်းပါးပါး ဈေးတင်ထားတယ်၊ များများကြီး မတင်ပါဘူး။ ကျွန်တော်တို့ နာမည် ကောင်းကောင်းလိုချင်တယ်၊ အမြတ်ငွေ မရှိပါဘူး. . ."

၎င်းနောက် ဒဂုံတင့်၏ တောင်းပန်ချက်အရ ဘာဘူသည်





သော့ခတ်ထားသော သားရေအိတ်ကလေးကို ဖွင့်၍ စိန်ထည်များထုတ်၍ ပြလေရာ အလွန်တရာ ပါးနပ်လှသည် ဖြစ်သောကြောင့် အထည်များကို တစ်ခုစီ ထုတ်ပြ၍၊ ကျွန်တော်တို့က တစ်လှည့်စီ ကြည့်ပြီးနောက် အိတ်ထဲသို့ ပြန်ထည့်သောအခါ၊ နောက်တစ်ခုကို ထုတ်၍ ပြလေ၏။ ဤနည်းအားဖြင့် စိန်လက်စွပ် သုံးလေးကွင်း၊ စိန်လက်ကောက် တစ်ရန်နှစ်ရန်၊ စိန်နားကပ် သုံးလေးရန်၊ စိန်ကြယ်သီး သုံးလေးစုံတို့ကို ထုတ်၍ ပြသပြီးသော်၊ ဒဂုံတင့် သည် စိန်နားကပ်တစ်ရန်၊ စိန်လက်စွပ် တစ်ကွင်း၊ စိန်ကြယ်သီး တစ်စုံနှင့် စိန်လက်ကောက် တစ်ရန်ကို သားရေအိတ်ထဲသို့ ပြန်မထည့်ဘဲ၊ ဘာဘူ အနီးတွင် ဖယ်ချထားရန် ပြောသဖြင့် စိန်ဘာဘူလည်း မိမိအနီး စားပွဲ ပေါ်တွင် ချထားလေ၏။ ထို့နောက် ၎င်းပစ္စည်းများ၏ အဖိုးနှုန်းကို တစ်ခု စီ မေးကြည့်ရာ၊ ဆန္ဒင်းမကင်းပုံ စိန်လက်စွပ်တစ်ကွင်းမှာ ၃၀၀ိ- ဆို၍ ၂၇၅-ကျပ်နှင့် ဈေးတည့်၏။ စိန်ကြယ်သီးတစ်စုံမှာ ၈၀၀ိ- ဆို၍ ၇၅ိနှင့် ဈေးတည့်၏။ စိန်တစ်လုံး နားကပ်တစ်ရန်မှာ ၂၅၀ိ- ဆို၍ ၂၃၀ိ- နှင့် ဈေးတည့်၏။ စိန်လက်ကောက်တစ်ရန်မှာ ၂၀၀ိ- ဆို၍ ဒဂုံတင့်က ကတ်ကတ်သတ်သတ်က ဆစ်နေသဖြင့် ၁၈၇၅-ကျပ်နှင့် ဈေးတည့်၏။ ၎င်းပစ္စည်းလေးခုကို တသီးတခြားစီ ဖယ်ထားပြီးနောက် . . . .

ဂုံ ။ ။ "သို့သော် တစ်ခုတော့ရှိတယ် ဘာဘူ၊ ကျွန်တော်တို့က အခု ရွေးထားပေမယ့် ခင်မြင့်ကြီးက မကြိုက်ဘူးဆိုရင် လဲပေးရ မှာနော်"

ဘိုင် ။ ။ " သူ့အဖိုးနဲ့သူ လဲပေးနိုင်ပါတယ် ဆပ်. . . ."

ဂုံ ။ ။ " ကြည့်စမ်းပါဦးဗျ ကိုပန်းအုန်း၊ ခင်ဗျားတို့က မောင် နှမချင်းဆိုတော့ တစ်ယောက်အကြိုက်ကို တစ်ယောက် သိတတ်ပါတယ်၊ အခု ကျွန်တော်ရွေးထားတဲ့ ပစ္စည်းတွေ ခင်မြင့်ကြီးက သဘောကျပါ့



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ရဲ့လား. . . ."

မန်း ။ ။ " ကြိုက်လောက်ကောင်းပါရဲ့ဗျာ၊ လုပ်ကိုင်ထားပုံ လက်ရာတွေကလည်း သပ်သပ်ရပ်ရပ် ရှိပေသားပဲ။ နို့ပေမယ့် ခင်ဗျား ဆစ်ထားတဲ့ အဖိုးတွေက . . . ."

ဤတွင် ဒဂုံတင့်သည် ကျွန်ုပ်ခြေမကို စားပွဲအောက်မှ ဖိနပ်နှင့် ဆောင့်လိုက်သဖြင့် ဆက်လက်၍ မပြောဘဲ နေလိုက်၏။

ဂုံ ။ ။ " သို့သော် တစ်ခုတော့ ဒီလို လုပ်ရလိမ့်မယ် ဘာဘူ. . . ."

ဘိုင် ။ ။ "ဘာလဲဆပ် "

ဂုံ ။ ။ " ကျွန်တော့်မှာ အခု ငွေမရောက်သေးဘူးဗျ၊ တစ်ရက်နှစ်ရက်အတွင်း မန္တလေးက မန်နီအော်ဒါရောက်ဖို့ဟာ နက်ဖြန် ပြန်ရမယ်ဆိုတော့ ဂွကျနေတယ်. . . ."

ဘိုင် ။ ။ (မျက်နှာထားအိုသွားလျက်) " ခင်ဗျားတို့ကို ကျွန်တော်မသိဘူး၊ အကြွေး ဘယ်နှယ်ရောင်းမလဲ "

ဂုံ ။ ။ "မဟုတ်တာ ဘာဘူ၊ ဘယ့်နှယ်လုပ်ပြီး အကြွေး ရောင်းဖို့ ကျွန်တော် ဘယ်ပြောဝံ့မလဲ။ ကျွန်တော်နားလည်တာပေါ့၊ သို့သော် ဒီလို လုပ်ကြစို့ဘာဘူ. . . ."

ဘိုင် ။ ။ " ဘယ်လိုလဲဆပ် " .

ဒဂုံတင့်သည် (၅၀) ဝင် ဂိုးဖလိပ်စီးကရက်သံဘူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်ယူကာ မီးညှိသောက်စဉ် ကျွန်ုပ်တော့အား လုယူစို့ အချက်ပေးတော့မည်လောဟု စောင့်ကြည့်နေမိလေရာ၊ အမှန်မှာ ထိုည အဖို့၌ ကျွန်တော်သည် ဒဂုံတင့်စေခိုင်းသမျှကို ဖြစ်လိုရာဖြစ်စေ ဆောင်ရွက်တော့မည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်၏။





ဂုံ ။ ။ "ဒီလို လုပ်ကြစို့ဗျာ၊ ကျွန်တော်တို့က မန္တလေးက နေပြီး မန်နီအော်ဒါနဲ့ ငွေပို့လိုက်မယ်. . . ."

ဘိုင် ။ ။ " ဟာ - ဒီလို မဖြစ်ဘူးဆပ်၊ ငွေမရဘဲ ဒီဟာတွေ ပေးနိုင်ဘူး "

ဂုံ ။ ။ " မှန်တာပေါ့ ဘာဘူ၊ လက်ထဲ ငွေမရောက်ဘဲနဲ့ ဘာမသိဘမသိတဲ့လူတွေကို ဘယ့်နှယ်လုပ်ပြီး အကြွေးရောင်းနိုင်ပေမလဲဗျ၊ ကျွန်တော် နားလည်ပါတယ်။ သို့သော် တစ်ခုခက်နေတာက ကျွန်တော်တို့ က ငွေတင်ပို့လိုက်တဲ့အခါမှာ ဘာဘူက အခု ကျွန်တော်တို့ ရွေးထားခဲ့တဲ့ ပစ္စည်းတွေကို မှန်မှန်ကန်ကန် တင်ပို့လိုက်လိမ့်မယ်လို့ ဘယ့်နှယ်လုပ်ပြီး စိတ်ချနိုင်မလဲ "

ဘိုင် ။ ။ "ကျွန်တော်တို့ မလိမ်ပါဘူးဆပ်၊ ဆပ်တို့ ရွေးခဲ့တဲ့ ပစ္စည်းကို တင်ပို့ဖို့ ဝန်ခံနိုင်ပါတယ် "

ဂုံ ။ ။ " ပါးစပ်ကတော့ လူတိုင်း တာဝန်ခံနိုင်တာပေါ့ဗျ၊ ကျုပ်တို့ကို ခင်ဗျားက အကြွေး မရောင်းနိုင်ဘူး၊ မယုံကြည်နိုင်ဘူး ဆိုတာ လည်း နည်းလမ်းကျတယ်၊ ကျုပ်တို့က ခင်ဗျားကို မှန်မှန်ကန်ကန် တင်ပို့ လိမ့်မယ်လို့ စိတ်မချနိုင်ဘူးဆိုတာလည်း နည်းလမ်းကျတာပဲ ဘာဘူ"

ဘိုင် ။ ။ " စိတ်ချပါဆပ်၊ ငွေရရင် မှန်မှန်ပို့ပါမယ် "

ဂုံ ။ ။ " ဒါတော့ မပြောနဲ့လေ ခင်ဗျားကလည်း မယုံနိုင်ဘူး၊ ကျုပ်တို့ကလည်း မယုံနိုင်ဘူးပေါ့၊ ကိုင်း . . . . ဒီတော့ ဒီလို လုပ်ကြစို့၊ ခင်ဗျားက ကျွန်တော်တို့ ရွေးထားတဲ့ ပစ္စည်းတွေကို ဟောဒီဘူးထဲမှာ ထည့်ထား"

ဒဂုံတင့်သည် ဂိုးဖလိပ်ဘူးထဲတွင်ရှိသော စီးကရက်များကို စားပွဲ ပေါ်သို့ သွန်ချရာ ကျွန်တော်နှင့် ဘာဘူတို့လည်း အံ့သြစွာ ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထို့နောက်မှ ဆက်လက်၍. . . .

ဂုံ ။ ။ " ကျွန်တော်တို့ ရွေးထားတဲ့ လက်ကောက်ရယ်၊ နား
ကပ်ရယ်၊ ကြယ်သီးရယ်၊ လက်စွပ်ရယ် ဒီဗူးထဲမှာထည့်၊ ဝါဂွမ်းနည်းနည်း
ခံထည့်ရင် ဖြစ်ပါတယ်၊ နောက်ပြီးတော့ သံဘူးကို ကြိုးနဲ့ချည် ချိပ်တံဆိပ်
ရိုက်မယ်၊ ကြိုးနဲ့ချိပ်ကိုတော့ ဟိုတယ်မယ်ဆီ တောင်းယူရင် ရပါလိမ့်မယ်
အဲဒီလို လုံခြုံအောင် ပိတ်ထားပြီးတဲ့အခါကျတော့၊ ဒီပစ္စည်းကို စရံ ငွေနဲ့
တကွ ခင်ဗျားလက်ထဲမှာ အပ်ထားခဲ့မယ်။ ကျွန်တော်က မန္တလေးမှ ကျန်
တဲ့ငွေကို မန်နီအော်ဒါနဲ့ တင်ပို့လိုက်တဲ့အခါကျတော့၊ ခင်ဗျားက ဒီသံဘူး
ကို အင်ရှုးဝါးလုပ်ပြီး စာတိုက်က တင်ပို့လိုက်၊ ဘယ့်နှယ်လဲ . . . နေရာ
မကျဘူးလား "

ဒဂုံတင့်သည် စရန်ပေးရန်အတွက် တစ်ရာတန်စက္ကူတစ်ရွက်ကို
အိတ်ထဲမှ ထုတ်လေရာ စိန်ဘာဘူမှာ ရောင်းဝယ်ဖြစ်ဆိုသော သဘော
နှင့် ငွေတစ်ရာ လက်ခံရရှိမည့်အပြင် ပစ္စည်းများမှာလည်း မိမိလက်ဝယ်
တွင် သိမ်းထား၍ မန်နီအော်ဒါ ရောက်လာသောအခါမှ တင်ပို့ရမည်ဖြစ်
သောကြောင့် ဒဂုံတင့်၏အကြံပေးချက်ကို သဘောတူညီလေ၏။ သို့ဖြစ်
၍ ကျွန်တော်တို့သည် မိန်းကလေးတစ်ယောက်အား အပ်ချည်နှင့် ချိပ်
အနည်းငယ်ယူခဲ့စေရန် စေခိုင်း၍ ယခင်က ကျွန်တော်တို့ ရွေးချယ်ထား
သော လက်ဝတ်လက်စားများကို ဘာဘူကိုယ်တိုင် သံဘူးထဲသို့ ဝါဂွမ်းများ
ခြံရံ ကာ ထည့်သွင်းလေ၏။ ထိုအတောအတွင်း အပ်ချည်နှင့်ချိပ် ရောက်
လာသဖြင့် ပိတ်တော့မည်ပြုဆဲတွင် ဒဂုံတင့်သည် ခေတ္တဆိုင်းပါဦးဆို၍
ယခင်က ကြည့်ခဲ့ဖူးသော (၁၅၀) တန် စိန်ခြယ်လက်စွပ်တစ်ကွင်းကို
သားရေအိတ်မှ ထုတ်စေလျက် (၁၃၅-ကျပ်)နှင့် ဆစ်တော့မည်ပြုပြီး
'နေပါစေတော့' ဆို၍ ၎င်းလက်စွပ်ကို မယူတော့ဘဲ သားရေအိတ်ထဲသို့





ပြန်ထည့်စေ၏။ ၎င်းနောက် ကျွန်တော်တို့သည် သံဘူးကို ကြိုးနှင့် ချည်
၍ ချိပ်နှင့် ပိတ်ပြီးလျှင် ချိပ်ပေါ်တွင် ဒဂုံတင့်ဝတ်ထားသော ဆန္ဒင်း
တောင်းပုံ စိန်လက်စွပ်ဖြင့် တံဆိပ်သဖွယ် ခတ်နှိပ်လိုက်လေ၏။ ဒဂုံတင့်
က ၎င်းတံဆိပ်ကို မကျိုးမပဲ့စေရအောင် သတိပြုဖို့ကိုလည်း မှာထား
လိုက်သေး၏။ ထို့နောက် ကျွန်တော်တို့သည် သင့်ကျသော အဖိုးငွေကို
ပေါင်းတွက်ချက်၍ စရန်အဖြစ်နှင့် ပေးသော ငွေတစ်ရာကို နုတ်ပြီးလျှင်
ကျန်သောငွေကို မန္တလေးမှ အမြန်ဆုံးတင်ပို့လိုက်ပါမည်ဟု ကတိထား
ပြီးနောက်၊ စိန်ဘာဘူသည် သံဘူးကို သားရေအိတ်ထဲသို့ သွင်း၍
ဟိုတယ်မှ ဆင်းသွားလေ၏။ သွားခါနီး၌ ဒဂုံတင့်က 'ကျွန်တော့်
လက်စွပ်နဲ့ ဆင်တူ၊ ခင်ဗျားတို့ဆိုင်မှာ စိန်လက်စွပ်တစ်ကွင်းရှိသေးလို့
ဒီ တံဆိပ်ကိုဖောက်ပြီး ပစ္စည်းတွေလဲယူကြရင် ကျွန်တော်တို့ ကံပေါ့ဗျာ"
ဟု ရယ်မောကာ ပြောလိုက်သေးရာ စိန်ဘာဘူက "စိတ်ချပါ ဆပ်" ဆို၍
ဆင်းသွားလေ၏။

ကျွန်တော်တို့သည် ဟိုတယ်မှ ဆင်းလာ၍ လန်ချားတစ်စီးနှင့်
ဆူးလေဘုရားလမ်းသို့ စီးလာကြစဉ် ကျွန်တော်က မေးခွန်းများ ထုတ်
သော်လည်း၊ ဒဂုံတင့်သည် ကျေနပ်အောင် မဖြေဆိုဘဲ 'အချိန်တန်တော့
အပိန်ကန်လိမ့်မပေါ့ဗျာ ' ဟူ၍သာ ပြောလေ၏။ ကျွန်တော်တို့သည်
ဆိုက်သို့ ရောက်အောင်မစီးဘဲ ဆူးလေဘုရားအနီးတွင် လန်ချားကို လွှတ်
လိုက်၍ ဖရေဇာလမ်းဘက်သို့ လျှောက်လာကြပြီးလျှင် ဆင်းခဲ့သော
လမ်းအတိုင်း တိုက်ပေါ်သို့ ပြန်တက်၍ အခန်းထဲသို့ လုံခြုံစွာ ဆိုက်
ရောက်ကြလေ၏။

ဂုံ ။ ။ "သိပ်ဂွကျတဲ့ လူတစ်ယောက်ပဲဗျာ မန်းတင့်၊
နေစရာရှိ အိမ်ကျမှ မေးရောပေါ့ . . . ."



www.burmeseclassic.com

www.burmeseclassic.com



မန်း ။ ။ " ခင်ဗျားလုပ်လိုက်မှဖြင့် ဒီလိုချည်းပဲ၊ ဘယ်တော့

တင်တင်ကူးကူး ပြောမထားနှင့်ဘူး "

ဂုံ ။ ။ " ပြောမထားနှင့်တာက တခြားကြောင့် မဟုတ်ဘူး

ခင်ဗျားက ဟန်ဆောင်တတ်တဲ့ လူတစ်ယောက် မဟုတ်ဘူး။ ခင်ဗျား ဖွင့်ပြောထားပြီဆိုမှဖြင့် လက်တုန်တုန် ခြေတုန်တုန်နဲ့ အကုန်လုံး ကုန်မှာဗျ။ ဒါကြောင့် လူတစ်ယောက်ကို နှပ်ချင်ရင် ခင်ဗျားပါရောထည် ပြီး ခင်ဗျားပါ အံ့အားသင့်အောင်လုပ်ပါမှ သဘာဝကျတော့တာကိုး ခင်ဗျားသိထားနှင့်ရင် ဟန်မလုပ်တတ်တာနဲ့ အားလုံး ပေါ်ကုန်ပြီးသား ပဲ. . . . "

မန်း ။ ။ " ခင်ဗျား ခု ဘယ်လို လုပ်ခဲ့တာလဲ . . . . "

ဂုံ ။ ။ " ဘယ်လိုမှ မလုပ်ခဲ့ဘူးဗျ၊ ဟောဒီမှာ . . . . "

ဒဂုံတင့်သည် ပြောပြောဆိုဆိုနှင့် ဂိုးဖလိပ်သံဘူးတစ်ခုကို အိတ်ထဲ မှ ထုတ်၍ အဖုံးကို ဖွင့်ပြီးလျှင် စားပွဲပေါ်သို့ မှောက်တင်လိုက် ကျွန်တော်တို့မြင်ခဲ့သော နားကပ်၊ လက်ကောက်၊ လက်စွပ်နှင့် ကြယ်သီး များသည် စားပွဲပေါ်တွင် တဝင်းဝင်းတလက်လက် ရှိနေကြလေ၏။

မန်း ။ ။ " သံဘူးချင်း လဲယူလိုက်တာမှတ်တယ် . . . . "

ဂုံ ။ ။ " အစစ်ပဲ မန်းတင့်၊ ကိုယ့်လူကလည်း တောသား ကျုပ်အိတ်ထဲမှာ ဂိုးဖလိပ်သံဘူးတစ်ဘူး အပိုဆောင်ထားတယ်။ အဆေး ချိန်ကိုလည်း ကျုပ်ဝယ်မည့်ပစ္စည်းနဲ့ မှန်းဆပြီး ချိန်ကိုက်အောင် လုပ်ထား တယ်။ ဘယ်တုန်းက လဲလိုက်သလဲဆိုတော့ နောက်ထပ် စိန်လက်စွပ် တစ်ကွင်း ဝယ်ဦးတော့မလိုလို လုပ်နေတုန်း ဘာဘူက သူ့လက်ထဲက သံဗူးကို ကျုပ်ဆီလှမ်းပေးပြီး သားရေအိတ်ဖွင့်နေတုန်းမှာ ကျုပ်က ဖျတ်ခနဲ ဘူးချင်း လဲယူလိုက်တာ ခင်ဗျားရော ဘာဘူရော တစ်ယောက်





မြင်လိုက်ကြဘူး။ မတော်လို့ မိသွားရင်လည်း နပန်းလုံးကြဖို့ ရှိတာ ပေါ့လေ။ ဒါကြောင့် လိုလိုမယ်မယ် ခင်ဗျားကို ကျုပ်က သတိပေးထား ယ် မဟုတ်လား. . . . "

မန်း ။ ။ " ဟုတ်ပါပေ့ဗျာ၊ တော်တော်နဲ့တော့ သံဘူးကို ကြည့် ကြသေးမယ် မဟုတ်ဘူး. . . . "

ဂုံ ။ ။ " ဘာလို့ ဖွင့်လိမ့်မှာလဲဗျ၊ ကျုပ်ဆီက မန်နီအော်ဒါကို နေပြီး မရောက်လာနိုင်တဲ့အခါကျတော့မှ ဖွင့်ကြည့်ကြမှာပေါ့. . . . "

မန်း ။ ။ "နေရာကျပါပေ့ဗျာ. . . . "

ဂုံ ။ ။ " နေရာကျတာ အသာထားပြီး၊ ဒီပစ္စည်းတွေကို ငွေဖြစ် အောင်လုပ်ဖို့ အလုပ် ရှိသေးတယ်ဗျ။ ခုတလောတော့ ကျုပ်က ယ်မှ မထွက်ဝံ့သေးလို့ ခင်ဗျား တာဝန်ယူရလိမ့်မယ် ဆရာကြီး. . . . "

မန်း ။ ။ "စိတ်ချပါဗျာ၊ ခင်ဗျား ခိုင်းရင် ဘာမဆိုလုပ်ဖို့ အဆင် င့်ပါပဲ. . . . "

ဒဂုံတင့်သည် ကျွန်တော်၏ စကားကြောင့် အားရသောအမူအရာ ငြ် ကျွန်တော်၏ပခုံးကို ကိုင်လှုပ်ရင်း "ဒီတစ်လှည့်တော့ ခင်ဗျားက ထမ်းလိုက်ပါဦးဗျာ၊ နောက်တစ်ခါတော့ ကျုပ်အလှည့်ပေါ့ " ဟု ပြော လရာ ဒဂုံတင့်က မည်ကဲ့သို့ တာဝန်ထမ်းသည်ကို နောက်တစ်ပတ်တွင် ပြဦးမည် ဖြစ်ပေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## မင်းတုန်းမင်း၏ - ရွှေဖလား

ကျွန်တော်နှင့် ဒဂုံတင့်သည် ဆူးလေဘုရားလမ်းနှင့် ဖရေဇာလမ်း ထောင့်ရှိ လေးထပ်တိုက်ကြီး၌ အခန်းတစ်ခန်း ငှား၍ ဒဂုံတင့်က လူနာ အဖြစ်ဖြင့်လည်းကောင်း၊ ကျွန်တော်က လူနာပြုစုစောင့်ရှောက်သူအဖြစ် သည်းကောင်း နေထိုင်ကြကြောင်းကို လွန်ခဲ့သောအပတ်တွင် ဖတ်ရှုမိကြ ပလိမ့်မည်။ ဒဂုံတင့်ကို ကုသသော ဆရာဝန်မှာ လက်ထပ်ခြင်းကိစ္စ အတွက် အထက်မြန်မာပြည်သို့ ခေတ္တ သွားရောက်လျက်ရှိစဉ် ကျွန်တော် တို့နှစ်ယောက်သည် တိုက်ခန်းအတွင်း၌ လွတ်လပ်စွာ တိုင်ပင်ပြောဆို ဘက် ရှိကြ၏။

ဂုံ ။ ။ " ကျုပ်တော့ဖြင့် စေ့စေ့တွေးတော့ ရှေးရှေးထင်ဆိုတဲ့ ကားလို တွေးမိတိုင်း - တွေးမိတိုင်း စိန်တို့၊ ကျောက်တို့၊ ရတနာတို့ တဲ့ ပစ္စည်းမျိုးတွေကို ကြံစည်ရတာ စိတ်ကုန်ပါပြီဗျာ. . . ခိုးရာပါ ည်းဆိုပြီး ဝယ်တဲ့လူများက သိပ်နှိမ်ချင်ကြတယ်ဗျ။ ဟို . . . မဂိုလမ်း း်းက စိန်ဘာဘူတိုက်ဖောက်လို့ရခဲ့တဲ့ ပစ္စည်းတွေ၊ ဟိုတလောက စိန်



www.burmeseclassic.com

www.burmeseclassic.com



ဘာဘူဆီက လိမ်ယူလိုက်တဲ့ လက်ဝတ်လက်စားတွေဟာ ရောင်းလိုက် တော့ ဘာရသလဲဗျ (၂၀၀ဝိ)တန်လို့လည်း၊ (၁၀ဝိ)မပေးချင်၊ (၃၀ဝိ) တန်လို့မှလည်း (၁၀ဝိ)မပေးချင် ဆုံးရှုံးရတဲ့လူမှာတော့ (ဒိ)။ကျုပ်တို့ရဲ့တော့ တစ်မူး -တစ်ပဲဆိုသလို ဖြစ်နေတော့ ဒီက ရွှေလျှောက်ဖြင့် ရတနာဆိုလို့ လက်ဖျားနဲ့တောင် မထိတော့ဘဲ၊ အလွန်ဆုံး ရွှေထည် ငွေထည်လောက် ကြံစည်တော့မယ်လို့ အောက်မေ့တယ်။ အရဲစွန့်ပြီး ခိုးရတဲ့သူခိုးက တစ် ကျပ်သား အကျိုးခံစားရပြီး အိမ်ကဒူးနံ့နေတဲ့ သူခိုးလက်ခံက နှစ်ကျပ် သား အကျိုး ခံစားချင်ကြတော့ ဘယ်မှာ တရားမလဲဗျ. . ."

မန်း ။ ။ "သူတို့ကတော့ သူတို့လည်း စွန့်ပြီး လက်ခံရတာပဲလို့ ဆိုချင်ကြတယ်"

ဂုံ ။ ။ " သူတို့ စွန့်ရတာက ကျုပ်တို့ စွန့်ရတာနဲ့ နှိုင်းလိုက် လျှင် တူနိုင့်မလားဗျ၊ သူတို့ဟာက အလွန်ဆုံးမှ ထောင်ဒဏ်လောက် ရှိတာပဲ။ ကျုပ်တို့အလုပ်က လက်ပူးလက်ကြပ်မိသွားလျှင် သေနတ် လည်း အပစ်ခံရ နိုင်တယ်၊ ဓားနဲ့ထိုး၊ တုတ်နဲ့ရိုက် လုပ်နိုင်သလိုလုပ်ထား ခံရနိုင်တယ်။ မသကာလျှင် သူတို့နဲ့ ကျုပ်တို့ အခိုးအစား အတူတူလော ယူကြဖို့ ကောင်းတယ်။ အခုတော့ သူတို့ တစ်ကျပ်သားအကျိုးရှိမှ ကျုပ်တို့ ကို တစ်မတ်သားလောက် ပေးချင်ကြတယ်။ (၁၀၀ဝိ) ဆိုတဲ့ လက်ကောက် ဟာ (၂၅ဝိ) တည်းနှင့် ရောင်းရတာ တွက်ကြည့်တော့လေဗျာ။ ကြံမှ ဖန်ရည်ရှိတဲ့ သူခိုးကြီး တစ်ယောက်က သူခိုး၊ ဓားပြ၊ ကတ်ကြေးကိုက်များ အသင်းအဖွဲ့ထားပြီး အသင်းသားတွေ မှန်မှန်ကန်ကန်နဲ့ ထိုက်ထိုက် သလောက် အကျိုးခံစားရအောင် စီမံပေးနိုင်လျှင်တော့ ကောင်းမှာပဲများ

မန်း ။ ။ " ဒါဖြင့် ခင်ဗျားကိုယ်တိုင် ရှေ့ဆောင်ပြီး လုပ်ပါလေ လားဗျ "





ဂုံ ။ ။ " မလုပ်ဘူး မထင်နဲ့ဗျ၊ တစ်နေ့သ၌တော့ ကျုပ် လုပ်ချင် လုပ်ထားမှာ "

မန်း ။ ။ " ဒီလိုဆိုလျှင် ခင်ဗျားက စိန်တွေ ကျောက်တွေကို မယူတော့ဘဲ ရွှေထည်ငွေထည်တွေမှ ယူတော့မယ်ပေါ့လေ "

ဂုံ ။ ။ " ခုဖြင့် ဒီလိုပဲ အောက်မေ့တော့တယ် "

မန်း ။ ။ " ဒီလို အောက်မေ့ပုံကတော့ အကြံအစည်တစ်ခုခု ရှိဟန်တူတယ် "

ဂုံ ။ ။ "အဟမ်း. . . . ဟုတ်ကဲ့၊ မနေ့က သတင်းစာထဲမှာ ကြော်ငြာတစ်ခု တွေ့လိုက်လို့ ဒီအကြံပေါ် ပေါက်လာတယ် ဆိုပါတော့ဗျာ"

မန်း ။ ။ " ဘယ်ကြော်ငြာလဲဗျ "

ဂုံ ။ ။ " ဂျူဗလီဟော အံ့ပွဲကြီးမှာ ရွှေထည် ငွေထည်တွေကို လက်မှုပညာပြိုင်ပွဲအဖြစ်နဲ့ ပြသကြရာမှာ ဆွေတော်မျိုးတော်ကြီးတစ်ဦးက သီပေါဘုရင်မင်းမြတ် အသုံးပြုတော်မူခဲ့တဲ့ ရွှေဖလား၊ ရွှေကြုတ်၊ ရွှေသင် ဖြူး၊ ငွေသင်ဖြူး အစရှိတဲ့ မင်းသုံးမင်းဆောင် ပစ္စည်းများကို အများပြည်သူ တို့ မြင်ကြရ၍ ဗဟုသုတဖြစ်စေဖို့ တင်ပြထားတယ်လို့ တွေ့လိုက်ရတယ်။ တချို့ပစ္စည်းတွေဟာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက် ကတည်းက ပန်းထိမ်တော်များ လုပ်ထားခဲ့တဲ့ လက်ရာတွေ ဆိုကိုးဗျ "

မန်း ။ ။ "ဒီလိုဆိုလျှင် အင်္ဂလန်ပြည်လို အဟောင်းအမြင်းစု ဆောင်းတဲ့ ပုဂ္ဂိုလ်များမြင်ကြလျှင် သွားရည်ကျလောက်မှာပဲဗျို့။ သူတို့ အဖို့ဆိုလျှင် တန်ဖိုးမဖြတ်နိုင်အောင် ရှိမှာပဲ"

ဂုံ ။ ။ "ကျုပ်တို့ကတော့ သူတို့မျက်စိမျိုး မဟုတ်ဘူးပေါ့ ဗျာ. . . ရွှေချိန် ဘယ်လောက်သား ရှိသလဲ ကြပ်ကြပ်အချိန်စီးလျှင် ကြပ်ကြပ် သဘောကျတာပဲ၊ သင်ဖြူးတစ်လိပ် ဆိုရင် အချိန်နည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဗျ"

မန်း ။ ။ "သင်ဖြူးအလိုက်ဆိုရင် အဖိုးငွေ အများကြီးနေလိမ့်မယ်။ ရွှေဖိုးဘက်ရာဖဝင်သဘောနဲ့ အဟောင်းအမြင်းသဘောပါ ထည့်တွက်လိုက်လျှင် တက်တက်စင် အဖိုးတွေ နေမှာပဲ"

ဂုံ ။ ။ "နားမလည်ဘူးလေ. . . ကျုပ်တို့ကတော့ အရည်ကျို ရောင်းရမှာပဲ"

မန်း ။ ။ " ရောင်းတာက ဟုတ်ပါပြီ၊ ရအောင်ကော ဘယ်လိုလုပ်မှာလဲဗျ "

ဂုံ ။ ။ "ဂျူဗလီဟောထဲမှာ တစ်ညလုံး အောင်းနေပြီး ဖွင့်ချိန် ကျတော့မှ ပရိသတ်နဲ့ ရောထွက်ခဲ့ဖို့ပေါ့ဗျာ"

မန်း ။ ။"တစ်ညလုံး ကြိုက်တာတွေ ရွေးယူမယ် ပေါ့လေ. . သို့သော် ခင်ဗျား ကြံစည်သလို တစ်ညလုံး အောင်းနေဖို့ ဖြစ်နိုင်ပါ့မလားဗျ"

ဂုံ ။ ။ "ပြပွဲက (၇) ရက်တိတိ ဖွင့်မယ်ဆိုတော့ အချိန်ရှိသားပဲဗျ၊ ဖြစ်နိုင် မဖြစ်နိုင်ကို ကိုယ်တိုင်သွားပြီး စုံစမ်းကြမှာပေါ့ဗျ"

မန်း ။ ။ "ဘယ်တော့လဲဗျ"

"ဂုံ ။ ။ "နက်ဖြန်နံနက်တော့ သွားကြည့်ကြမယ်ဗျာ"

မန်း ။ ။ "ကြည့်ရုံပဲလားဗျ"

ဂုံ ။ ။ "ဒီတစ်ခေါက်တော့ ကြည့်ရုံလောက် တတ်နိုင်ဦးမှာပေါ့ဗျ၊ ပြီးတော့မှ ပုံတော်သလို ကြံစီမံကြတာပေါ့"

* * *

နောက်တစ်နေ့နံနက် (၉) နာရီခွဲအချိန်တွင် ကျွန်တော်နှင့်ဒဂုံတင့်





တို့သည် ဂျူဗလီဟောရုံကြီးသို့ သွားကြ၍ လူတစ်ယောက်လျှင် (၈) မဲစီနှင့် ရုံတွင်းသို့ ဝင်သွားကြသောအခါ ထိုအချိန်မှာ ဖွင့်ခါစဖြစ်သည်နှင့် ပရိသတ်များ မရှိသေးဘဲ၊ ဤနေရာ ထိုနေရာ စသည်တို့၌ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်တို့ဖြင့် လေးငါးတွဲမျှခန့်သာ ရောက်ကြသေး၏။ ကျွန်တော်တို့သည် စားပွဲကြီးများပေါ်၌ တသီးတသန့်စီ တင်ထားသော ယွန်းထည်၊ သစ်သားပန်းပုထည် စသည်တို့ကို ကြည့်ရှုကြ၍ ရွှေထည်၊ ငွေထည်အပိုင်းသို့ ရောက်ရှိကြသောအခါ ခေတ်ကာလပန်းထိမ်ဆရာများ ပြုလုပ်ထားသည့် ငွေဖလား-ငွေစီးကရက်ဘူးစသော ပစ္စည်းများကို တသီးတခြား တင်ထား၍ သီပေါဘုရင်၏ အသုံးအဆောင် ဆိုသော ရွှေသင်ဖြူး၊ ငွေသင်ဖြူး၊ ရွှေဖလား၊ မိုးကြိုးကွမ်းအစ် စသည့် ပစ္စည်းများကို တသီးတခြား တင်ထားကြောင်း တွေ့ရ၏။ ရွှေသင်ဖြူးနှင့် ငွေသင်ဖြူးတို့မှာ ရွှေ-ငွေတို့ကို နန်းပြားဖြစ်အောင် ပြုလုပ်ပြီးမှ သင်ဖြူးရက်ယပ်သည့်အတိုင်း ရက်ထားသည်ဖြစ်သောကြောင့် မမြင်ဘူးသေးသည့် ခေတ်လူများအတွက် တအံ့တသြ ရှိနေပေတော့သည်။ ထိုင်၍ကောင်းသည် မကောင်းမည် မပြောနိုင်သော်လည်း ငွေသင်ဖြူးမှာ ဖွေးဖွေးဖြူ၍ ရွှေသင်ဖြူးမှာ ဝင်းဝင်းဝါလျက်ရှိသောကြောင့် အလွန်တရာ လှပကြပါသည်။

တစ်ခုသောထောင့်၌ လေးထောင့်မှန်သေတ္တာတစ်လုံးဖြင့် ထည့်ထားသော ရွှေဖလားမှာ မင်းတုန်းဘုရင်လက်ထက်မှ အသုံးအဆောင်ဖြစ်သည်ဟု စာရေးထားသည့်ပြင် အလွန်သေးငယ်သော်လည်း အလွန်တီထင်ရှားသော ရုပ်လုံးကလေးများဖြင့် အလောင်းတော်တေမိမင်းသားကို အလိုစမ်းသည့် ဇာတ်လမ်းအတ္တုပ္ပတ္တိ ထွင်းထုပါရှိသည် ဖြစ်သောကြောင့် ဒဂုံတင့်သည် ၎င်းရေသောက်ဖလားကို မြင်လျှင်မြင်ချင်း မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကျလျက် ရှိ၏။ အလေးချိန် မည်မျှစီးမည် မသိသော်လည်း ၎င်းဖလားဖြ
ဘီယာထည့်၍သောက်ရလျှင် သေပျော်နေပျော်ရှိသည်ဟူ၍ပင် ပြက်ရ
ပြု၍ပြောသေး၏။ ၎င်းရွှေဖလားမှာမူ အလွယ်တကူ ထုတ်ယူသွားနိုင်
သည့် အရွယ်ဖြစ်သောကြောင့် ရွှေသင်ဖြူးတို့ကဲ့သို့ အလွယ်တကူမထား
မှန်သေတ္တာတစ်လုံးဖြင့် သီးသန့်ထားသည့်ပြင် အဖုံးတွင်သော့ခတ်လျ
ပိတ်ထားလေသည်။

ဒဂုံတင့်သည် ရွှေဖလားထည့်ထားသော မှန်သေတ္တာအနီး
တရစ်ဝဲဝဲလုပ်နေစဉ် ၎င်း၏မျက်နှာထားကို ကြည့်ရခြင်းအားဖြင့် ရွှေ
လား၏တန်ဖိုးထက် ၎င်းကိုထုလုပ်သည့် ရွှေပန်းထိမ်ဆရာ၏ လက်
နှင့် တောက်ပြောင်ဝင်းဝါသော အဆင်းကို နှစ်သက်သဘောကျဟန်တူ
၎င်းရွှေဖလားဖြင့် ဘီယာထည့်၍ သောက်စမ်းချင်သည်ဆိုသော စကား
မှာ ပြက်ရယ်မဟုတ်ဘဲ အကယ်ပြောခြင်းဖြစ်ဟန်တူသည်ဟု ကျွန်တေ
တို့ထင်မိ၏။

ဂုံ ။ ။ "ဟုတ်တယ်မန်းတင့်ရဲ့၊ သူတို့အင်္ဂလိပ်တွေ
ဘီယာကို 'ပြူကာ' ခွက်နဲ့ သောက်ကြတယ်ဆိုလို့ ပြူကာခွက် တစ်
ကို(၂၅)ကျပ် ပေးပြီး ကျုပ်ဝယ်သောက်ကြည့်တယ်၊ ဒီလောက် မနိ
ပေါင်ဗျာ။ ဒီလို ရွှေဖလားနဲ့များ ထည့်သောက်လိုက်ရ လူဖြစ်ရ
နပ်တာပဲလို့တောင် ကျုပ် အောက်မေ့နေတယ်ဗျာ"

မန်း ။ ။ "ခင်ဗျားနှယ်ဗျာ ဘီယာကို ရွှေခွက်နဲ့ ထည့်သော
တာနဲ့ အရသာ ထူးဦးမှာလားဗျာ"

ဂုံ ။ ။ "ခံတွင်းမှာတော့ မထူးပေဘူးဗျာ၊ သို့သော် မင်းတို
ဘုရင်သောက်တဲ့ ဖလားလည်းဖြစ်ပြန်၊ ရွှေဖလားလည်းဖြစ်ပြန်တော
ကျုပ်စိတ်ထဲမှာ သိပ်ထူးမှာပဲဗျ၊ ကျုပ်စိတ်ကို ခင်ဗျား နားမလည်ဘူးနေ





ဒီဟာမျိုးဟာ တယ်ခက်တာပဲ၊ သို့သော် ခင်ဗျား နားလည်အောင် ကျုပ်
က ဥပမာဆောင်ပြမယ်၊ ကျုပ်တို့ ယောက်ျားတွေဟာ မိန်းမ ချောချော
လှလှကို ဘာပြုလို့ ကြိုက်ချင်ကြသလဲဗျာ၊ ဒီကိစ္စဟာ မေထုန်ဓမ္မရုံဆို
မဟုတ်လား၊ ကောင်းပြီ မေထုန်ဓမ္မရုံဆိုလျှင် လှချင်လှ၊ မလှချင်နေ၊
အရုပ်ဆိုးချင်ဆိုး၊ အတူတူချည်းပဲ မဟုတ်ဘူးလား။ ကိုင်း. . . ဒါဖြင့်
ဘယ့်နှယ်ကြောင့် ချောချောလှလှနောက် လိုက်ကြသလဲဗျာ၊ အတူတူချင်း
ဆိုလျှင် ဘာကြောင့်မို့ ဒီလောက် ရုပ်ကလေးကို ရွေးချယ်နေကြသလဲ၊
ဒီဟာတော့ ခင်ဗျား နားလည်မှာပေါ့၊ ကျုပ်မှာလည်း ဒီလိုပဲဗျ၊ ဘီယာ
သောက်ရချင်း တူပေမယ့် ဒီလို ရွှေဖလားနဲ့ ထည့်သောက်လိုက်ရရင်
အရသာ အများကြီး ပိုလာနိုင်တယ် မန်းတင့်ရဲ့"

မန်း ။ ။ "မိန်းမတော့ နားလည်ပါရဲ့ဗျာ၊ ဘီယာတော့ဖြင့်
အရသာထူးတယ်လို့ ကျုပ် သဘောမပေါက်ပါဘူး"

ဂုံ ။ ။ "မပေါက်ဘူးဆိုတာလည်း ဟုတ်မှာပဲ၊ နှိုင်းယှဉ်
ကြည့်ဖို့ လောက်သာ ကျုပ်က ဥပမာပြနေတာပါ၊ တချို့လူကတော့ မိန်းမ
မှာရော အတူတူပါပဲလို့ ပြောလိမ့်ဦးမယ်၊ သူ့အဖို့တော့ ဟုတ်ချင်ဟုတ်
ပေမယ်၊ သို့သော် လူမှာ ယဉ်ကျေးမှု အဆင့်အတန်းအမျိုးမျိုး ရှိကြတာ
ကိုးဗျ"

မန်း ။ ။ "ရွှေဖလားနဲ့ ဘီယာထည့်သောက်ချင်တာဟာ ယဉ်
ကျေးတဲ့လူရဲ့ အာသာဆန္ဒလားဗျာ"

ဂုံ ။ ။ "ကိုယ့်လူနှယ် ဒိုးဝေးလိုက်တာဗျာ၊ ကြည့်ရတဲ့ အရုပ်
ကားတစ်ကားကို ငွေလေးငါးသိန်းပေးဝယ်ကြတာ ဘယ့်နှယ်လုပ်မလဲ ဗျာ"

မန်း ။ ။ "ဒါကတော့ ငွေတွေပေါနေလို့ မကုန်-ကုန်အောင်
ဖြုန်းတဲ့နည်းကိုဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဂုံ ။ ။ "ဖြန်းတာတော့ မှန်ပါတယ်။ သို့သော် သူ့အဖို့မှာ အရသာ တစ်မျိုးမျိုး ရှိလို့သာပေါ့ဗျ"

မန်း ။ ။ "ပတ်ဝန်းကျင်ရှိအဲ့ လူတွေအပေါ်မှာ မင်းတို့ ငါ့လို ဝယ်နိုင်ရဲ့လားလို့ အသားယူခြင်းဟာလည်း အရသာတစ်မျိုးပေပေါ့"

ဂုံ ။ ။ "ဟုတ်ကဲ့ အဲဒါလည်း တစ်မျိုးပါပဲ၊ သို့သော် အဟုတ် တကယ်နားလည်တဲ့ တချို့ လူအနည်းငယ် ရှိသေးတယ်ဗျ။ လှပတဲ့ ရုပ် အဆင်း သို့မဟုတ် သဘာဝကျတဲ့ ပန်းချီကား သို့မဟုတ် ပန်းပုရုပ်ထု မြင်တဲ့အခါမှာ အရသာတစ်မျိုး ဖြစ်ပေါ်လာတယ်။ အဲဒါ ရူပရာဂခေါ် လား မသိနိုင်ဘူး။ သို့သော် စာတတ်ပုဂ္ဂိုလ်တွေကတော့ ပြဟ္မာများမှာ ရူပရာဂရှိတယ်လို့ ဆိုကြလိမ့်မယ်။ ပုထုဇဉ်များမှာ အရိယာပုဂ္ဂိုလ်ရဲ့ မဂ်စိတ်ဖိုလ်စိတ်မှတစ်ပါး လောကီစိတ် အားလုံးရှိနိုင်တယ်ဆိုတာ သ မပြုမိကြဘူး၊ ရူပရာဂဆိုတာ ရာဂစိတ်လည်း မဟုတ်ဘူးဗျ။ အတ (Art) ဆိုတာ ကာမနဲ့ပတ်သက်တယ်လို့လည်း မဆိုနိုင်ဘူးဗျ။ လိင်ဆို စိတ်ကူးဆီ မရောက်ဘဲနဲ့ အဆင်းသက်သက်ကို တပ်မက်တယ်လို့ ရှိနိုင် သေးတာကိုးဗျ"

မန်း ။ ။ "ပြောတတ်ပါဘူးဗျာ၊ ကျုပ်တို့တော့ ဉာဏ်မရှိလို့လား မဆိုနိုင်ဘူး၊ ဘီယာကို ရွှေခွက်နဲ့ ထည့်သောက်ချင်အောင် တမ်းတမ်း တော့ မဖြစ်မိပါဘူးဗျာ"

ဂုံ ။ ။ "တမ်းတမ်းစွဲရယ်လို့တော့ ဘယ်ဟုတ်မလဲဗျာ၊ ဒါ က အဖိုနဲ့ အမ နှစ်သက်ကြတဲ့အခါကျမှ တမ်းတမ်းစွဲ ဖြစ်တတ်တာ ကျုပ်တော့ ဒီဖလားကို ရချင်နေပြီဗျို့"

"ရချင်ရင် ယူကြည့်စမ်းလေ" ဟု နောက်မှ တစ်ယောက်က ပြော လိုက်သဖြင့် လှည့်ကြည့်လိုက်ကြသည်တွင် နံပါတ်တုတ်ကိုင်လျက် ရပ်နေ





သော ရဲအရာရှိတစ်ယောက်ကို တွေ့ကြရလေ၏။ ရဲအရာရှိသည် နှုတ်ခမ်းမွေးသပ်လျက် ခက်ထန်တင်းမာသော မျက်နှာထားနှင့် ဒဂုံတင့် အား ကြည့်နေရာ ဒဂုံတင့်က ရွှင်ပျသော မျက်နှာထားနှင့် ရဲအရာရှိကို ပြန်ကြည့်လေ၏။

ဂုံ ။ ။ "ရချင်တယ်ပြောမိတာနဲ့ ကျုပ်ကို ဆွဲချင်တယ်မှတ် ဘယ်"

ရဲ ။ ။ "ဆွဲချင်တယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ပစ္စည်းတွေ အနှံ့အပြားထားတဲ့ အခံ့ပွဲထဲမှာ ခင်ဗျားလို လူ တစ်ယောက်က ဒီလို စကား မျိုးပြောတော့ ထူးဆန်းတာပေါ့ဗျ"

ဂုံ ။ ။ "ထူးဆန်းတယ်လား. . . အလွန် လှပတဲ့ ရွှေဖလား တစ်လုံးကို မြင်လေတော့ ကိုယ့်မိတ်ဆွေကို ကိုယ် ရချင်ကြောင်း ပြောတာ ဟာ ထူးဆန်းတယ်လား-ရချင်ပါ့ဗျာ၊ တကယ်ကို ရချင်ပါတယ်။ ဘုရား ကို တူးစေ့ ရချင်တယ်။ ကြားချင်တဲ့လူကြား၊ ကျုပ် အော်ပြောဝံ့တယ်၊ ဘယ့်နှယ်များ ဒီလောက်လှပတဲ့ ပစ္စည်းတစ်ခုကို မရချင်တဲ့လူ ဘယ်မှာ ရှိမလဲဗျ"

ထိုအခါ ရဲအရာရှိ၏ မျက်နှာထားမှာ အလွန်တင်းရာမှ အတန် ပျော့ကျလာပြီးလျှင် နောက်ဆုံးတွင် ရယ်မောရလေတော့၏။

ရဲ ။ ။ "ဟုတ်ပါရဲ့လေ မရချင်တဲ့လူ ရှိမှာတော့ မဟုတ်ပါ ဘူး၊ ကျွန်တော်တောင် ရချင်သေးရဲ့ ဟား. . ဟား. . ဟား. . "

ဂုံ ။ ။ "ဟုတ်တာပေါ့ဗျ၊ ခင်ဗျားတို့က ရချင်သော်လည်း ထုတ်ဖော်မပြောဘူး၊ ကျုပ်ကတော့ ထုတ်ဖော်ပြောတယ်၊ ဒါလောက် ကွာကြတာပဲ၊ ဒါကလေး မေးပါရစေဦး၊ ဌာနအုပ်မင်း. . ခင်ဗျား ဒီလောက် အဖိုးတန်တဲ့ပစ္စည်းတွေကို ယခုလို အစောင့်အရှောက်မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထားလို့ စိတ်ချရပါ့မလား ခင်ဗျာ. . . "

ရဲ ။ ။ "ကျွန်တော့်လို လူတစ်ယောက် စောင့်နေတော့ စိတ်ချ ရပါတယ်. . . "

ရဲအရာရှိအား အထက်ပါစကားကို အတည်တစ်ပိုင်း အရွှန်း တစ်ပိုင်း ပြောလိုက်ခြင်းဖြစ်ရာ ဒဂုံတင့်နှင့် ရဲအရာရှိတို့သည် တစ်ယောက် ၏ မျက်နှာကို တစ်ယောက် အကဲခတ်လျက် ရှိကြသည်နှင့် ကျွန်တော် ကလည်း ၎င်းတို့နှစ်ယောက်လုံး၏ အမူအရာကို သတိနှင့် ကြည့်နေလေ ၏။ ကျွန်တော်ကမူ မည်သို့မျှ စွက်ဖက်ပြောဆိုခြင်း မပြုချေ။

ဂုံ ။ ။ "ခင်ဗျား တစ်ယောက်တည်းနဲ့ စိတ်ချရရဲ့လားဗျာ ဒီလို ထားလို့ တော်ပါ့မလား"

ဒဂုံတင့်သည် အဖိုးတန်ပစ္စည်းတစ်ခု မတော်တဆ ပျောက်ဆုံး သွားမည်ကို စိုးရိမ်သော အမူအရာနှင့် ပြောလိုက်ခြင်း ဖြစ်၏။ စင်စစ်မှာ ထိုအချိန်အတန့်တွင် အနီးအပါး၌ ပရိသတ်ရှင်းလျက်ရှိရာ ကျွန်တော်တို့ ဝင်လာစအခါက တွေ့ရသော လူနှစ်စု-သုံးစုတို့သည် ထိုအချိန်၌ ထွက် သွားကြလေပြီ။

ရဲ ။ ။ "ခင်ဗျားတို့က တစ်ယောက်တည်း ထင်လို့လား ဟုတ်ရိုးလားဗျာ၊ အပေါက်ဝမှာ ထိုင်နေတဲ့ လူတစ်ယောက် မတွေ့ခဲ့ကြ ဘူးလား. "

ဂုံ ။ ။ "ဒါဖြင့် သူ-ခုဘယ်မှာလဲဗျ. . . "

ရဲ ။ ။ "ပြင်ဘက်ကစောင့်တဲ့လူနဲ့ စကားပြောနေတယ် မကြားဘူးလား သူတို့ စကားပြောနေကြတဲ့အသံကို . . . . "

ကျွန်တော်တို့သည် နားထောင်ကြသောအခါ စကားပြောကြသော အသံများ အခန်းဝ၌ ကပ်လျက်မဟုတ်ဘဲ လှေကားအတက်ဆီမှ ပြောနေ





ကြခြင်းဖြစ်သည်ကို ကြားကြရ၏။

ဂုံ ။ ။ "အဖိုးတန် ပစ္စည်းတွေ စောင့်နေရပြီး ခင်ဗျားတို့ သက်နက်ကလည်း နံပါတ်တုတ်ပဲလားဗျာ၊ ဒီလိုဖြင့် ဘယ်ဖြစ်မလဲ. . . နိုင်ကုန်ဂေဇက်ထဲမှာ သတိပေးနိုးဆော်တဲ့ ဆောင်းပါးတစ်စောင်တော့ ရေးထည့်လိုက်ဦးမှတော်မယ်။ အနည်းဆုံး ခြောက်လုံးပြူးလက်နက် လောက်တော့ ကိုင်ကြမှပေါ့ဗျ. . . . "

ရဲ ။ ။ "ကိစ္စမရှိပါဘူးခင်ဗျာ၊ ဒီအတိုင်းပဲ လုံလောက်ပါ တယ်. . . "

ဂုံ ။ ။ "ဘယ်က လုံလောက်မှာလဲဗျ နံပါတ်တုတ်လောက် ကို ဘယ်သူက ကြောက်လိမ့်မှာလဲ. . . . "

ရဲ ။ ။ "ခါတိုင်းတော့ ဒီလောက် လူမပြတ်ပါဘူး၊ စောသေး လို့ပါ၊ ခဏကလေးနေလျှင် ပရိသတ်တွေ ရောက်လာကြမှာပါ၊ အစောင့် အရှောက်နည်းပေမယ့် ပရိသတ်များတော့ ဘယ်သူကမှ မကြံစည်ဝံ့ပါဘူး ခင်ဗျ. . . "

ဂုံ ။ ။ "ဪ. . . တော်တော်ကြာတော့ ပရိတ်သတ်တွေ ရောက်လာကြလိမ့်မယ်လား "

ရဲ ။ ။ "ရောက်ကြတော့မှာပါ၊ မကြာခင်ပေါ့။

ဂုံ ။ ။ "ဪ"

ရဲ ။ ။ "ခါတိုင်းဆို ဒီအချိန်မှာ စည်လှပြီ၊ ဒီကနေ့တော့ ပြိုင်ပွဲနဲ့ ဆိုင်နေလို့ ထင်ပါရဲ့"

ဂုံ ။ ။ "လူတွေ မရောက်မီအတွင်း ကျုပ်တို့နှစ်ယောက်က ခင်ဗျားကို အနိုင်ကျင့်ပြီး လုယူရင်ကော ဘယ့်နှယ်လုပ်မလဲ"

ရဲ ။ ။ "ဘာရမလဲဗျာ လူတွေဝိုင်းလာကြကုန်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဂုံ ။ ။ "ဘာပြောပြော ကျုပ်ကတော့ ရန်ကုန်ဇေဇကဲ ရွေး ထည့်လိုက်မှာပဲ။ ကျုပ်က လက်မှုပညာနဲ့ ပတ်သက်တဲ့ ဝတ္ထုပစ္စည်း မျိုး၊ ရာဇဝင်နဲ့ ပတ်သက်တဲ့ ဝတ္ထုပစ္စည်းမျိုး ဆိုတာတော့ သိပ်မြတ်နိုးတာ ပဲ။ ဒီပစ္စည်းတွေထဲက တစ်ခုခု ပျောက်ဆုံးသွားမယ်ဆိုရင် နောင်လာ နောင်သားတွေ လက်မှုပညာ မျက်စိကန်းမသွားဘူးလားဗျ၊ ခင်ဗျား အမြင်မှာ အစောင့်တစ်ယောက် ရှိတယ်လို့ပြောတယ်. . . . သူ့ အာ ကြားရပုံတော့ အဝေးကြီး ရောက်နေပါကောလားဗျ၊ မဖြစ်ဘူး ဒီကရွေး ထည့်လိုက်မယ်"

ကျွန်တော်တို့သည် အပြင်၌ရှိသည် ဆိုသော အစောင့်နှစ်ယောက် တို့၏ စကားသံကို နားစိုက်၍ ထောင်ကြရာ ဒဂုံတင့်ပြောသည့်အတိုင်း အဝေတာ် ဝေးလံနေသည်ဟု သိရှိရ၏။ နောက်တစ်ခဏ၌ ကျွန်တော်မှ နှစ်ခုသော အဖြစ်အပျက်ကို တစ်ပြိုင်နက်တည်းကဲ့သို့ မြင်လိုက်ရ၏ ဒဂုံတင့်သည် နောက်သို့ အနည်းငယ်ဆုတ်ခွာ၍ လက်နှစ်ဖက်ဖြင့် ဟန်ပြင် လျက်ရှိစဉ် မျက်နှာထားတစ်မျိုး ပြောင်းလဲသွားရာ၊ ရဲ အရာရှိ မျက်နှာမှာလည်း တစ်မျိုးတစ်မည် ဖြစ်သွား၏။ ရဲအရာရှိသည် ကြိုးဖြင့် ဆွဲချိတ်ထားသော ခရာ (ဝီစီ)ကို နှုတ်ခမ်းသို့ တေ့လိုက်ပါသော်လည်း မှုတ်ရန် အချိန်မရမီ နှစ်လုံးပြူးသေနတ်၏ ခလုတ်နှစ်ခုကို မရွေးမနှောင်း ဆွဲဖြုတ်လိုက်သဖြင့် တစ်ပြိုင်နက်တည်း ဆိုရ မတတ် ထွက်ပေါ်လာသော အသံနှစ်ချက်ကဲ့သို့ ဒဂုံတင့်၏ ဘယ်လက် သီးနှင့် ညာလက်သီးတို့သည် ရဲအရာရှိ၏ ဘယ်ပါးချိတ်နှင့် ညာပါးချိတ်တို့ အပေါ်သို့ (ခွပ်ခနဲ.. ခွပ်ခနဲ) မြည်အောင် ပြင်းထန်စွာ ကျရောက်လေရကား လိုက်ဟ ပီးဝီတ်အတန်း၌ ချန်ပီယံဆွဲခဲ့ဖူးသူ၏ လက်သီးချက်များ ဖြစ်သည် အလျောက် ရဲအရာရှိမှာ ကြိုးဖြတ်၍ ပစ်ချလိုက်သော အရုပ်ကဲ့သို့





ကျွန်တော်၏ ရင်ခွင်ထဲသို့ ထွေးခနဲ ပုံကျ လာလေ၏။

ဂုံ ။ ။ "နေ့ကောက်ပဲဗျို့. . မန်းတင့်၊ ကိုင်း. . . မြန်မြန် ဆရာရေ့၊ အပေါက်ဝသွားပြီး အစောင့်တွေ ကြားသွားသလားလို့ ကြည့် လိုက်စမ်းဗျာ။ သူတို့ လာကြရင် မလာနိုင်အောင် ခင်ဗျားက ကြံဖန် ထားထားပေတော့ ကိုင်း. . . သွား"

ကျွန်တော့်မှာ ဒဂုံတင့် ပြောသောစကား၏ အဓိပ္ပာယ်ကို နား လည်သော်လည်း လုံးဝ ပြင်ဆင်မထားရသဖြင့် အလွန်အံ့သြလှသည်နှင့် ခြေယောင်တီးယောင်ကန်းဖြင့် သွားရောက်ကြည့်ရှုလေရာ အစောင့်နှစ် ယောက်တို့မှာ စကားလက်ဆုံကျနေကြသည့် လက္ခဏာနှင့် ကျွန်တော် တို့ ဘက်သို့မျှ မကြည့်ဘဲ လက်မ, ထောင်ကာ၊ ရင်,ကော့ ကာဖြင့် စကား ပြောလျက် ရှိကြ၏။ ကျွန်တော်သည် တံခါးဝမှရပ်၍ အခြေမပျက် စောင့် ကြည့်နေရာ အကယ်၍ တစ်ယောက်ယောက် ဝင်လာခဲ့လျှင် ခုခံရန် မတတ်နိုင်စေကာမူ ဒဂုံတင့်အား အချက်ပေးဖို့ စိတ်ကူးထားလေ၏။

ထိုလမှာ ဖေဖော်ဝါရီ (တပို့တွဲလ)ဖြစ်၍ ထိုအချိန်တွင် အတော် ပင် အေးချမ်းလျက် ရှိသော်လည်း ကျွန်တော့်မှာ တစ်ကိုယ်လုံးတွင် ဇော ချွေးများရွှဲလျက် ရှိ၏။ တင်တင်ကူးကူး ပြောထားခဲ့ပါမူ ကျွန်တော့်မှာ အထိုက်အလျောက် အကျင့်ရပြီးဖြစ်၍ ဟန်မပျက်အောင် နေတတ်ရမည် ဖြစ်သော်လည်း ယခုမှာ အလျှင်း ကြိုတင်ပြင်ဆင်ရခြင်း မရှိသောကြောင့် ရင်ထဲ၌ တဒိန်းဒိန်းလှုပ်ခုန်လျက် မျက်နှာလည်း ပျက်နေရမည်ဖြစ်ရာ အစောင့်များက ကျွန်တော့်ဘက်သို့ လှည့်၍ မကြည့်မိကြသောကြောင့် သာလျှင် မရိပ်မိကြခြင်း ဖြစ်လေသည်။ ထိုအခြင်းအရာမှာ ကံကောင်း ခြင်းသက်သက် ဖြစ်ပေရာ ထိုနေ့အဖို့၌ ကျွန်တော်တို့ အဖို့ တစ်လျှောက် လုံး ကံကောင်းသည့် လက္ခဏာ ရှိ၏။ ဒဂုံတင့်၏ ရမ်းပုံအတိုင်းဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မက, ဆယ်ကြိမ်မျှပင် မိလိုက်ချေသေး၏။ အမှန်မှာ ကျွန်တော်၏ မျက်နှာကို မှန်တံခါးတွင် အရိပ်မြင်လိုက်ရသဖြင့် ပြူးတူးပြဲတဲ ဖြစ်နေသည်ကိုပင် တွေ့လိုက်ရ၏။

ထိုခဏ၌ ဒဂုံတင့်သည် လေကလေးချွန်ကာ အလွန်အေးဆေးသော ဟန်အမူအရာနှင့် ခြေလှမ်းမှန်မှန် လျှောက်လာလေရာ ကျွန်တော်မှာ သူ၏လက်ထဲ၌လည်းကောင်း၊ အိတ်ထဲ၌လည်းကောင်း၊ မည်သည့်ဝတ္ထုပစ္စည်းကိုမျှ မမြင်ရသည်နှင့် အကြောင်းမဲ့သက်သက် မိမိကိုယ်မိမိ ဒုက္ခရှာသော လူတစ်ယောက်ဟူ၍ စိတ်ထဲ၌ အကြီးအကျယ်ဒေါပွမိ၏၊ သို့ရာတွင် ထိုအခိုက်၌ စကားကောင်းနေကြသော အစောင့်နှစ်ယောက်တို့မှာ ဒဂုံတင့်၏ လေချွန်သံကြားသဖြင့် လှည့်၍ ကြည့်လိုက်ကြသောကြောင့်၊ ကျွန်တော့်မှာ ဒဂုံတင့်အား ဒေါပွသလောက် အော်ငေါက်ခွင့်မရတော့ဘဲ၊ ၎င်းနှင့်အတူ အပြင်သို့ ထွက်လိုက်လာခဲ့ရလေ၏။ အစောင့်များ အနီးသို့ ရောက်သောအခါ ဒဂုံတင့်သည် တောက်လျှောက် မသွားသေးဘဲ မည်သည့်အချိန်၌ ပရိသတ်အများဆုံး လာတတ်သည်ကိုပင် အစောင့်များအား မေးလိုက်ချေသေး၏။

"ဒီကနေ့ သိပ်လူနည်းတယ် ဆရာ. . . ခါတိုင်းဆိုရင် ဒီလိုအချိန်မှာ ကျိတ်ကျိတ်တိုးနေကြပြီ၊ ဒီကနေ့တော့ မြင်းပွဲကြောင့် ထင်ပါရဲ့ ဆရာ၊ တစ်မနက်လုံးမှာမှ လူသုံးလေးဆယ်လောက် လာကြတာမြင်မိသေးတယ်. . ."

"မြင်းပွဲကလည်း ဘုရင်ခံဖလားပွဲဆိုတော့ သိပ်စည်ဟန်တူတယ်ဗျ"

အစောင့်နှစ်ယောက်တို့ကို ကျော်လွန်လာကြသောအခါ. . . ကျွန်တော့်မှာ ဂျူဗလီဟောဝင်းအတွင်းမှ ထွက်ပြီးသား ဖြစ်၍ ဒေါနှင့်





လှုပြီဖြစ်သောကြောင့် ခြေလှမ်းခပ်သုတ်သုတ်နှင်မိသည်တွင် "ဖြည်းဖြည်းဗျ. . မန်းတင့်၊ ဖြည်းဖြည်း လုပ်ပါ။ ခင်ဗျား ခြေလှမ်းသုတ်ပုံနဲ့ဆိုရင် ဟိုငနဲတွေက မသင်္ကာလို့ လိုက်ကြည့်မှဖြင့် အကျိုးနည်းကုန်လိမ့်မယ်" ဟု ဒဂုံတင့်က ပြောသေး၏။

မန်း ။ ။ "ကိုယ့်လူတော့ ရူးနေပြီ ထင်တယ်၊ ဘယ့်နှယ်လုပ်တာလဲဗျ"

ဂုံ ။ ။ "ဆိုနိုင်ဘူးဗျို့. . . ခုနင်ကတုန်းကတော့ ရူးသွားသသား မပြောတတ်ဘူး၊ ခုတော့ မရူးပါဘူးဗျာ. . စဉ်းစားနိုင်ပါပြီ။ ဒါကြောင့် ဖြည်းဖြည်းလျှောက်ပါလို့ ကျုပ်ပြောတာပေါ့၊ ဝင်းပေါက်ကလည်း ဝေးလိုက်တာနော် ရောက်ဘဲ မရောက်နိုင်ဘူး"

ထိုခဏ၌ ဝင်းတံခါးအနီးတွင် တက္ကစီ တစ်စီးဆိုက်၍ လူများဆင်းလာကြလျှင် ကျွန်တော်တို့သည် တက္ကစီပေါ်သို့ တက်ကြလေ၏။ "ရွှေတိဂုံဘုရား-မောင်းစမ်းဟေ့. ." ဟု ဒဂုံတင့်က အသံကျယ်စွာနှင့် ပြော၍ အတန်ငယ် မောင်းနှင်မိသည်တွင်၊ ဒဂုံတင့်သည် ဘုရားဘက်သို့ သွားသော လမ်းအတိုင်း မလိုက်စေဘဲ. . လက်ယာဘက်လမ်းသို့ ချိုးစေပြီးလျှင် လျင်မြန်စွာ မောင်းနှင်ရန် တိုက်တွန်းလေ၏။

ကျွန်တော်တို့သည် ဖရေဇာလမ်းထောင့်၌ ရပ်၍ တိုက်ပေါ်သို့ ကောင်းမွန်ချောမောစွာ ဆိုက်ရောက်သောအခါ ကျွန်တော်သည်ဒဂုံတင့်အား ဤမျှလောက် တင်းတင်း, မာမာ, ပြောဆိုဖူးသည်မရှိဘဲ၊ ၎င်း၏ အချည်းနှီး မိုက်မဲသော အဖြစ်ကို ပြင်းထန်စွာ ကဲ့ရဲ့ရှုံ့ချပြောဆိုလေ၏။ ဒဂုံတင့်သည် ကျွန်တော်၏ဒေါသကို ရိပ်မိ၍ မည်သို့မျှ ပြန်မပြောဘဲ ကုလားထိုင်ပေါ်တွင် မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်နှင့် ငေးကြည့်နေလေ၏။ ကျွန်တော်က အကျိုးရှိမည့် အလုပ်ဆိုလျှင် အသက်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



စွန့်ဖို့ အသင့်ရှိသော်လည်း အရည်မရ, မဖတ်မရ, ရဲသားကို အကြောင်းမဲ့ လက်သီးနှင့်ထိုး၍၊ လက်သီး လေ့ကျင့်ခြင်း အလုပ်ကိုမူ မည် သည့်နည်း နှင့်မျှ ထောက်ခံအားပေးခြင်း ပြုနိုင်မည် မဟုတ်ကြောင်း နှင့် မြည်တွန် ရေရွတ်သောအခါ၊ ဒဂုံတင့်သည် မျက်ခုံးချီလျက် စကားပြောမည် ပြုသော် လည်း ကျွန်တော်က ပြောခွင့်မပြုဘဲ ကရားရေသွန် မြည်တွန်တောက်တီး လေ၏။

မန်း ॥ ॥ "ခင်ဗျားလုပ်လိုက်မှဖြင့် ဒါမျိုးချည်းပဲ၊ ပြောတော့ တမျိုး လုပ်တော့တစ်မျိုး။ လူတစ်ဖက်သားကို တင်ကြိုပြီး ဘယ်တော့မှ အသိပေးမထားဘူး။ တန်ပါပြီဗျာ နောက်တော့ ခင်ဗျားနဲ့ အလုပ် မလုပ် ဝံ့တော့ပါဘူးဗျာ. . ."

ဂုံ ॥ ॥ "ဒီကနေ့တော့ ဒီလို မလုပ်ရပါဘူးဗျာ၊ ဘုရားကို စူးပါ့စေ့. ."

မန်း ॥ ॥ "ဒါဖြင့် ခင်ဗျားက ဒီကနေ့အဖို့မှာ ပုန်းအောင်းမို့ နေရာ စုံစမ်းရုံ အကြံအစည်လောက်နဲ့ သွားပါတယ်လို့ ဆိုချင်တာပေါ့ လေ. . ."

ဂုံ ॥ ॥ "မှန်ပါတယ်ဗျာ၊ ဒီအတိုင်းပါပဲ. . ."

မန်း ॥ ॥ "ဘယ်လိုနေရာမှာ ပုန်းနေရင် လုံခြုံလောက်ရဲ့လို့ စုံစမ်းရုံလောက်ပေါ့လေ. ."

ဂုံ ॥ ॥ "ဟုတ်ပါတယ် မန်းတင့်ရယ်. . ."

မန် ॥ ॥ "ဒါဖြင့် ဘယ့်နှယ်ကြောင့် ဟိုလူကို အကြောင်းမဲ့ သက်သက် သွားထိုးရတာလဲဗျာ. . ."

ဂုံ ॥ ॥ "အကြောင်းမဲ့တော့ မဟုတ်ပါဘူး မန်းတင့်ရယ် ကျုပ် အဖို့တော့ ကောင်းကောင်းကြီး လုံလောက်တဲ့အကြောင်း ရှိပါတယ် ...နေ့က ကျုပ်ကို စိုက်ကြည့်နေတော့ ရွှေဖလားကို ကျုပ်ကြည့်ပုံဟာ မရိုးဘူး၊ ...ချင် ရချင်တဲ့ စိတ်ရှိရုံသာမက ခိုးယူဖို့ အကြံအစည်ရှိတယ်ဆိုတာကို ...သူ ရိပ်မိတယ်။ သူ ရိပ်မိတဲ့အဖြစ်ကို ကျုပ်က သိတယ်။ ဒါကြောင့်မို့လို့ ...လက ကြံရွယ်ချက်မရှိဘဲနဲ့ သူ့ကို ကျုပ်က ရုတ်တရက် လက်သီးနဲ့ ...းလိုက်မိတယ်။ သို့သော် ပါးချိတ်ကို လက်သီးနဲ့ ထိုးရုံလောက်နဲ့တော့ ...စွမရှိတန်ကောင်းပါဘူးဗျာ. . ."

မန်း ॥ ॥ "ဘယ့်နှယ်ဗျာ ခိုးယူဖို့ အကြံအစည်ရှိတယ်ဆိုပါ ...းတော့၊ ကြံစည်ရုံနဲ့ ခင်ဗျားကို ဖမ်းပြီး တရားစွဲနိုင်လို့လားဗျ"

ဂုံ ॥ ॥ "တရားတော့ မစွဲနိုင်ပေဘူးပေါ့၊ သို့သော် အခွင့် ...ကာင်းတစ်ခု ကြုံနေတာကို လက်လွှတ်ပစ်ရမယ်ဆိုရင်လည်း သေလိုက်ဖို့ ...ကာင်းတာပဲဗျ။ ဂျူဘလီဟောရဲ့ အခံ့ပွဲကို တစ်နေ့မှာ ဆယ်ခေါက် ...ားစောင့်ချေ။ ဒီကနေ့ မနက်လို အခွင့်ကောင်းမျိုးတော့ ကြုံလိမ့်မယ် ...ထင်ဘူး။ ဧည့်သည်တွေကလည်း ပြတ်လပ်နေတယ်။ အစောင့်နှစ် ...ယောက်ရှိတာကလည်း အပြင်ဘက်ထွက်ပြီး၊ ရုတ်တရက် မကြားနိုင် ...လောက်တဲ့နေရာမှာ စကားပြောနေကြတယ်။ ဒီလို အခွင့်ကောင်းမျိုးနဲ့ ...ကြုံလို့မှ ဒီအတိုင်း ပြန်ထွက်လာကြမယ်ဆိုရင် ကျုပ်ထက်မိုက်တဲ့လူ ...ယ်မှာ ရှိဦးမှာလဲဗျ"

မန်း ॥ ॥ "ဒါနဲ့များတောင် ဘာမှမယူခဲ့ဘဲနဲ့ လက်ချည်းထဲ ...ာခဲ့ပါပေ့ဗျာ. ."

ထိုအခါ ဒဂုံတင့်သည် အလွန်ထူးဆန်းသော ပြုံးခြင်းမျိုးဖြင့် ...န်တော်၏ မျက်နှာကို ပြုံးကြည့်ပြီးလျှင်၊ ဦးခေါင်းထက်၌ ခပ်စောင်း ...ာင်း ဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်သည်တွင် ရွှေဖလားပေါ် ...တ်လာလေ၏။







www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ထုတ် သတင်းစာများတွင် မင်းတုန်းဘုရင်
ရေသောက်ဖလား ပျောက်ဆုံးသွားပုံ အခြင်းအရာကို အကျယ်တ
ထည့်သွင်းဖော်ပြကြလေရာ ရဲကို လက်သီးနှင့်ထိုးသော လူမှာ ဖျတ်လ
သွက်လက်သော လူချော၊ လူလုတစ်ယောက်ဖြစ်ကြောင်း ၎င်း၏ အ
မှာ ထုံထုံတိုင်းတိုင်းရှိ၍ အလိုတူ အလိုပါမဟုတ်ဘဲ နောက်လိုက် တပည့်
သာ ဖြစ်ဟန်တူကြောင်း လက်သီးထိုးခံရသော ရဲအရာရှိမှာ သတိ
ထကြည့်လိုက်သောအခါ၌ လူဆိုးနှစ်ယောက် တို့မှာ ဂျူဘလီဟော
ထဲ၌ မရှိကြတော့ဘဲ အခြားဧည့်သည်များ ရောက်နေကြသည်ကို
တွေ့ရကြောင်း စသည်ဖြင့် ဖတ်ရှုရလေ၏။ ထို့ပြင် ၎င်းအမှု၌ နာ
ကျော် စုံထောက်ကြီးတစ်ဦးကို အထူးစေလွှတ် စုံစမ်းစေသည် ဖြစ်ကြော
မကြာမီအတွင်း ပေါ်ပေါက်ဖို့ မျှော်လင့်ကြောင်းများနှင့်လည်း ဖော်ပြ
လေသည်။

ဒဂုံတင့်မှာမူ လက်ထဲသို့ ရွှေဖလားရောက်သော အချိန်မှ
ဘီယာပုလင်းကို တစ်ပုလင်းပြီးတစ်ပုလင်း ဖွင့်ကာသောက်နေလေ
တစ်ခွက် သောက်ပြီးနောက် နှုတ်ခမ်းကို လျှာဖြင့်လျက်ကာ အရသ
နေပုံကို ထောက်ခြင်းအားဖြင့်၊ သောက်နေကျဖြစ်သော ဘီယာသ
ပင်လျှင် ရွှေဖလားအတွက်ကြောင့် အရသာထူးထွက်ပေါ်လာလေ
မှတ်ထင်ရပေတော့သည်။ ထိုနေ့များ အဖို့၌ ဒဂုံတင့်သည် ဝီ
ဘရန်ဒီစသော အရက်များကို လုံးဝ မသောက်တော့ဘဲ သော့တ
ဘီယာတစ်မျိုးတည်းကိုသာ တစ်ပုလင်းပြီးတစ်ပုလင်း သောက်နေ
အားလပ်သောအချိန်များတွင်လည်း ရွှေဖလား၌ ထုထားသော
ဇာတ်ကွက်ရုပ်လုံးကလေးများကို မှန်ဘီဘူးကလေးနှင့် သေချာစွာ
နေလေ၏။





"မြည်းကြည့်စမ်းပါဦးဗျ မန်းတင့်ရဲ့. . ."

"တော်စမ်းပါဗျာ ကျုပ်က ခင်ဗျားလို စိတ်ကူးယဉ်တတ်တဲ့ လူမဟုတ်ပါဘူး။ ဖန်ခွက်နဲ့ သောက်ရင်လည်း အတူတူကောင်းတာပါပဲ။ ကျုပ်အဖို့ကတော့ ရွှေခွက်ကို မလိုချင်ပါဘူး၊ ရွှေခွက်ရဲ့ တန်ဖိုးကိုသာ လိုချင်ပါတယ်။ ဒါထက် ကျုပ်တစ်ခုပြောမယ်နော်၊ ခင်ဗျားခံနိုင်ပါ့မလား"

"ပြောသာပြောပါဗျာ၊ ဟိုတစ်နေ့က ပြောတာထက်တော့ ပြင်းပြင်းထန်ထန် ပြောစရာစကား မရှိနိုင်တော့ပါဘူး"

"ဒီလိုလေဗျာ ဒဂုံတင့်ရဲ့၊ ဘုန်းတို့ သမ္ဘာတို့ဆိုတာ ခင်ဗျားယုံကြည်သလား"

"ဆိုစမ်းပါဦးဗျ. ."

"လူဆိုတာ ဘုန်းရှင်၊ သမ္ဘာရှင်ရယ်လို့ ရှိတတ်တယ်ဗျ၊ လူအားလုံး အတူတူချည်း မဟုတ်နိုင်ဘူး"

"တူတဲ့နေရာမှာ တူတယ်၊ မတူတဲ့နေရာမျိုးလည်း ရှိမှာပေါ့ဗျာ"

"ကျုပ်ပြောချင်တာက ခင်ဗျား အခုသုံးနေတဲ့ ရွှေဖလားဟာ မင်းတုန်းဘုရင်ရဲ့ သောက်တော်ရေဖလားဆို မဟုတ်လားဗျ"

"ဒီလို ဆိုတာပဲ"

"ရှင်ဘုရင်ဆိုတာ လောကသမုတိနတ်လို့ အသိအမှတ်ပြုကြတယ်ဗျ. . ."

"ဒီတော့ ဘာဖြစ်သလဲ"

"သူတို့ သုံးတဲ့ခွက်ကို ခင်ဗျားက သုံးနေတယ်။ ပြီးတော့ ရေ
ချိုးတောင်မှ မဟုတ်လိုက်သေးဘူး၊ ဘီယာထည့်ပြီး သောက်နေတယ်."

"ဒါ ဘာဖြစ်သလဲ"

"ဘုန်းရှင်၊ သမ္ဘာရှင် တစ်ဦးတစ်ယောက် သုံးစွဲခဲ့တဲ့ ပစ္စည်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ဗျားက ဆက်လက်သုံးလို့ ခင်ဗျားမှာ သူတို့လို ဘုန်းသမ္ဘာရှင်တစ်ဦး မဟုတ်ခဲ့လို့ ရှိရင် ဘုန်းပိတတ်တယ်လို့ ပြောကြတယ်"

"ဒါက ဟိုရှေးက အယူအဆတွေပါဗျာ၊ လောကဝစန် သတ္တိ အသစ္စပိတဲ့ မှန်ချင်လည်းမှန်မယ်၊ မမှန်ချင်လည်း နေမပေါ့ဗျာ"

"မတော်တဆ မှန်နေရင် ဘယ့်နှယ်လုပ်မလဲဗျာ. ."

"ဟုတ်တယ်ဗျို့. . . မှန်ချင် မှန်နိုင်တယ်ဆိုတာ တစ်ချက်တော့ ရှိပေတယ်။ နေဦးဗျာ ကျုပ် စဉ်းစားဦးမယ်"

နောက်တစ်နေ့ နံနက်စောစောတွင် ဒဂုံတင့်သည် ကျွန်တော့်ထံ အိပ်ရာမှနိုး၍--

"ကျုပ်တို့ မနေ့က ပြောတဲ့စကားအတွက် အဖြေ ရပြီဗျို့"

"ဘယ်စကားလဲဗျ"

"ရွှေဖလားအကြောင်းဟာလေ၊ ခင်ဗျားကိုတောင် ကျုပ်မပြော မိသေးဘူး။ ကျုပ်ဟာ တစ်စုံတစ်ခု အကြီးအကျယ် ဆောင်ရွက်မယ်ဆို တိုင်း အိပ်မက်ယူယူပြီး အိပ်တတ်တဲ့ဝါသနာ ရှိတယ်။ လုပ်သင့်မလုပ်သင့် အိပ်မက်ပေးတိုင်း နားထောင်လျှင်ထောင် နားမထောင်လို့ ဇွတ်လုပ်မိတိုင်း ဒုက္ခတွေ့ရတာချည်းပဲ. . . ဒီရွှေဖလားကိုလည်း ကျုပ်မသုံးဖို့ အိပ်မက် ပေးနေပြန်ပြီဗျ"

"ကောင်းပါလေ့ဗျာ. . ဘယ်လိုများ အိပ်မက်မက်လို့လဲဗျ. ."

"အိပ်မက်ထဲမှာ ကျုပ်အဖေဝတ်တဲ့ ပုဆိုးရှည်ကြီးကို ယူဝတ်မိလို့ ပုဆိုးစကို နင်းမိပြီး လှေကားပေါက်က ၀ွမ်းပြန်ကျလိုက်တာဗျာ. . ဒီတော့ အမေက ကိုယ်နဲ့ မတော်တဲ့ ပစ္စည်းကို ယူသုံးတဲ့ ကောင်ကလေး မှတ်ကရောတဲ့ ပြောလိုက်သေးဗျ"

"ခင်ဗျား အိပ်မက်က တိုက်ရိုက်ပဲကိုး၊ ဒါဖြင့် ဘယ့်နှယ်လုပ်ဝ"





"ကျုပ်သဘောကတော့ တပင်တပန်း ခိုးယူထားရတာမို့ အကျိုး မခံစားရဘဲ လွှင့်ပစ်လိုက်ရမှာ နှမြောတာပေါ့ဗျ. . . ဒီဟာကို ထုခွဲပြီး ရောင်း သုံးပြန်ရင် အလွန်လှပတဲ့ ရှေးက လက်ရာတစ်ခု ကွယ်ပျောက် သွားမှာ ကို မကြည့်ရက်ဘူးဗျ"

"ဒီတော့ကို ဘယ်လိုလဲ ပြန်ပို့မလား"

"ပြန်ပို့ပြန်ရင်လည်း ခြေရာလက်ရာတွေကောက်ပြီး စုံထောက် အဖို့ သဲလွန်စတစ်ခုဖော်ပေးသလို ဖြစ်နေဦးမယ်. . . ဒီတော့ ဒီလို လုပ် ပေတော့၊ မုန့်သေတ္တာအကြီးစားတစ်လုံး ဝယ်စမ်းချေဗျာ"

ကျွန်တော်သည် မုန့်သေတ္တာ တစ်လုံးကို ဝယ်ယူ၍ ဒဂုံတင့်သို့ ပေးအပ်သောအခါ၊ ဒဂုံတင့်သည် အတွင်း၌ရှိသော မုန့်များကို သွန်ချ၍ စက္ကူအထပ်ထပ်ခံပြီးလျှင် ရွှေဖလားကို စာတစ်စောင်နှင့်အတူ သေတ္တာ ထဲသို့ ထည့်ပြီးမှ၊ စက္ကူထူများနှင့် သေချာသပ်ရပ်စွာ ရစ်ပတ်လေ၏။ ၎င်းနောက် စက္ကူပေါ်၌ လိပ်တပ်လေ၏။

လိပ်မှာကား. . .

အိန္ဒိယပြည်-မဒရပ်နယ်

ရတနာဂီရိမြို့၊

သိီပေါဘုရင်၏ အပါးတော်မြဲထံသို့။

ဟူ၍ အင်္ဂလိပ်စာဖြင့် ရေးသားလေ၏။

အတွင်း၌ ထည့်လိုက်သော စာမှာကား. . .

*ဘုန်းတော်ကြီးဘုရားထံသို့ လျှောက်ထား အသနားခံပါသည် ဘုရား-*

*ခမည်းတော်ဘုရား အသုံးပြုတော်မူခဲ့သော ဤသောက် တော်ရေဖလားမှာ ဘုန်းသမ္ဘာရှင် မဟုတ်သော ကျွန်တော်မျိုး*



www.burmeseclassic.com

www.burmeseclassic.com



လက်ဝယ်သို့ ကံအားလျော်စွာ ရောက်ရှိလာဝါ၍ မထိုက်တန်သော ပစ္စည်းကိုသုံးစွဲခြင်းငှါ မဝံ့သည်ကတစ်ကြောင်း၊ တိုင်းတစ်ပါး၌ ရောက်ရှိနေတော်မူသော ဘုန်းတော်ကြီးဘုရားအား သတိရသော အထိမ်းအမှတ်ပြုလိုသည်က တစ်ကြောင်း၊ ခမည်းတော်ဘုရား၏ အသုံးအဆောင်ပစ္စည်းတစ်ခုတို့အရှင့် သားတော်သည်သာလျှင် ဆက်ခံအသုံးပြုသင့်သည်ဟု ယူဆသည်က တစ်ကြောင်းကြောင့်၊ စာတိုက်မှ တင်ပို့ ဆက်သလိုက်ရပါသည်ဘုရား ကျွန်တော်မျိုး၏ လက်ဝယ်သို့ ဤဖလားရောက်ရှိလာပုံ အခြင်းအရာများမှာ အင်္ဂလိပ်အစိုးရတို့က ထောက်လှမ်းစုံစမ်းလျှက် ရှိသည်ဟု ကြားသိရသောကြောင့်၊ ဤပါဆယ်ထုပ် လက်ခံရရှိသည့် အခြင်းအရာနှင့် ဝထ်သတ္တု၍ အခြားသူတို့အား မိန့်တော်မမူဘဲ ဆိတ်ဆိတ်နေတော်မူပါကမကြာခဏ စုံစမ်းမေးမြန်းခြင်းခံရသည့် ဒုက္ခမှ လွတ်ငြိမ်းချမ်းသာ ခွင့်ရနိုင်မည် ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာဖြင့် လျှောက်ထား အကြံပေးပါသည်ဘုရား။

### ဘုန်းတော်ကြီးဘုရား၏ သစ္စာတော်ခံ
### ကျေးကျွန်တစ်ဦး၏ အဆက်အနွယ် တစ်ယောက်

"သစ္စာတော်ခံ ကျေးကျွန်ဆိုတာက ဘာအဓိပ္ပာယ်လဲဗျ"

"ကျုပ်တို့အဘိုးက သီပေါဘုရင်လက်ထက်တော်မှာ အထက်တန်း အရာရှိပေါ့ဗျာ"

"ဒါဖြင့် ခင်ဗျားက မြန်မာမင်း အရာရှိမျိုးနွယ်ပေါ့"

"အစစ်ပဲ၊ ကျုပ်တို့ အဖေကို အင်္ဂလိပ်မင်း ရောက်ခါစက ရာထူးတစ်ခု ချီးမြှင့်ဖူးတယ်၊ ကျုပ်တို့အဖေက ကုလားဖြူလက်အောက်မှာ အမှုမထမ်းဘူး၊ ငါတို့ ဘုရင် မကြာခင်ပြန်လာလိမ့်မယ်ဆိုပြီး တစ်မျှော်တည်းမျှော်လာခဲ့တယ်။ ကျုပ်တို့ အဖေလို မြန်မာဘုရင်ကို မျှော်လင့်နေကြတဲ့





ပုဂ္ဂိုလ်တွေဟာ ဟိုခေတ်တုန်းက အများကြီးပဲဗျ။ ကျုပ်တို့ အင်္ဂလိပ်စာသင်ဖို့ ကိစ္စဟာတောင်၊ ကျုပ်တို့ဘွားဘွား ကွယ်လွန်တဲ့ နောက်မှ အင်္ဂလိပ်ကျောင်းကို အဖေက ပို့တော့တယ်၊ သို့သော် အင်္ဂလိပ်အစိုးရ လက်အောက်မှာ အမှုထမ်းဖို့ ဆိုတာတော့ အဖေက လုံးဝ စိတ်ကူးမထည့်ဘူး။ ကျုပ်ကလည်း အင်္ဂလိပ်ကျောင်းမှာနေတုန်းက ရှေ့ဘင်ဟု ဝတ္ထုတို့၊ ဖရန်ဆစ်ဒရိတ်ရာဇဝင်တို့ကို အားကြီးဖတ်ပြီး ကျုပ်စိတ်ထဲမှာ ကိုယ့်ဘုရင်နဲ့ကိုယ်မနေရသမျှ ကာလပတ်လုံး နိုင်ငံခြားအစိုးရကို တတ်နိုင်သမျှ အနှောင့်အယှက်ပေးလိုတဲ့ ဆန္ဒတွေ မကြာမကြာ ဖြစ်ပေါ်နေတယ်၊ အဲဒါကြောင့် ကျောင်းက ထွက်ပြီးတဲ့ အချိန်ကစပြီး၊ ခင်ဗျား၊ သိတဲ့အတိုင်း ဒီလို မဟုတ်တယုတ် အလုပ်တွေကို တောက်လျှောက် လုပ်လာခဲ့တာကိုးဗျ။ တစ်နေ့နေ့တော့ ခပ်ဖိုင့်ဖိုင့်ကလေးရရင် တောနယ် တစ်နယ် သွားပြီး လယ်ကလေး ဘာလေးဝယ်၊ နွားကလေး မြင်းကလေး မွေး၊ ခပ်အေးအေးနေမယ်လို့ စိတ်ကူးထားတာပဲဗျာ"

"နို့ဗျာ အိမ်ထောင်မပြုတော့ဘူးလား ဒဂုံတင့်ရဲ့"

"ဖြစ်ပါဘူးဗျာ ကျုပ်ကြိုက်တဲ့ မိန်းမက သေရှာပြီဗျာ၊ သို့သော် အဲဒီ အဖြစ်အပျက်ကလေးကို နောက်များတော့ ပြောပြရသေးတာပေါ့"

"ဘယ်တုန်းက ကြုံခဲ့တဲ့ အဖြစ်အပျက်လဲဗျ"

"သဘော်ပေါ်က ခုန်ဆင်းထွက်ပြေးပြီး လေး-ငါးနှစ်လောက် ကျုပ် ပျောက်နေခဲ့တယ်မဟုတ်လား၊ အဲဒီတုန်းက တွေ့ခဲ့ရတဲ့ သူငယ်မပေါ့"

"သဘော်ပေါ်က ဘိုကပြားမလေးမဟုတ်သေးဘူးလား"

"ဟုတ်ပါဘူးဗျာ. . . အဲဒါက ယာယီကိစ္စပါ. . "

* * *



www.burmeseclassic.com

www.burmeseclassic.com

# တခ်ဏုပ္ပတ်ဉာဏ်

လျင်မြန်သောဉာဏ်၊ ထက်မြက်သောဉာဏ်၊ နက်နဲသောဉာဏ်၊ ကြီးကျယ်သောဉာဏ် စသည်ဖြင့် ဉာဏ်အမျိုးမျိုးရှိပေရာ၊ ဦးစံရှားအစရှိသော ပုဂ္ဂိုလ်တို့သည် စူးရှနက်နဲသော ဉာဏ်မျိုးနှင့် ပြည့်စုံ၍ သူ့နေရာနှင့်သူ အဖိုးတန် အသုံးဝင်ပေ၏။ အချို့မှာ အလွန်နက်နဲ၍ တဖြည်းဖြည်းနှင့် အေးအေးဆေးဆေး တွေးတော ဆင်ခြင်ရမည်ဆိုလျှင် မည်မျှလောက်ခက်ခဲသော ပြဿနာကိုမဆို ဖြေရှင်းနိုင်သော စွမ်းရည်သတ္တိရှိစေကာမူ၊ အကျဉ်းအကျပ်တွေ့၍ ရုတ်တရက် လွတ်မြောက်အောင် ကြံဆောင်ရမည့် ကိစ္စမျိုးတွင် မည်သို့မျှ မတတ်နိုင်ဘဲ ရှိတတ်ကြလေသည်။ တစ်ခါတစ်ရံတွင် တစ်ဖက်က ပြောလိုက်သောစကားကို ရုတ်တရက်ချေပရန် အကြံမရဘဲ၊ အိမ်သို့ ပြန်ရောက်ခါမှ ဖြေကြားရန် စကားလုံးတွေ ပေါများနေ၍ မဆူးမရဲနှင့် ခံလိုက်ရသည်များကို ကြုံဖူးကြပေလိမ့်မည်။ ဤသည်ကား တခ်ဏုပ္ပတ်ဉာဏ်ခေါ် ရုတ်တရက်ဉာဏ်မျှင့်ခြင်း၏ အထိမ်းအမှတ်ပေတည်း။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ မိတ်ဆွေ ဒဂုံတင့်မှာ တခ်ဏပွတ်ဘာသာ အရာ ဌာနတွင် မှတ်တမ်းတင်လောက်သူ တစ်ယောက်ဖြစ်၍၊ ကျွန်တော့်မှာ ထိုသူနှင့် ပေါင်းသင်းမိခြင်းအတွက် ပျက်စီးရာသို့ တိုင်ခဲ့ရသော်လည်း စပါးကြီးမြွေ ညို့ခံရသောယုန်သည် မြွေရှိရာဘက်သို့သာ ဦးလှည့်ပြေး သွားနေသကဲ့သို့၊ ကျွန်တော် မန်းတင့်မှာလည်း ဒဂုံတင့်ရှိနေသော စက် ကွင်းအတွင်းသို့ တစ်ပြေးတည်း ပြေးဝင်နေမိလေတော့သည်။ သို့သော် ခိုးဝှက်ခြင်းစသော မကောင်းမှုပြုသည်ကား တခြား၊ မိတ်ဆွေအချင်းချင်း သစ္စာရှိသည်ကား တစ်လမ်းဖြစ်၍ ကျွန်တော်နှင့် ဒဂုံတင့်တို့ ပြုခဲ့ဖူးသော ကိစ္စလေးတစ်ခုအကြောင်းကို ဖော်ပြရပေမည်။

ဒဂုံတင့်သည် အစိုးရဥပဒေကို ဖောက်ဖျက်မိသော အပြစ် အတွက်၊ နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ဝရမ်းပြေးအဖြစ်နှင့် ထွက်ပြေးတိမ်းရှောင်နေခဲ့၍၊ ခေတ်ပြောင်းသဖြင့် မေ့လောက်ပြီထင်သော အချိန်တွင်မှ ရန်ကုန်သို့ ပြန်လာ၍၊ အလုံရပ် ဆူဘာဘင်လမ်းတွင် ကျွန်တော်နှင့်အတူ အိမ်တစ်လုံး ငှားရမ်းနေထိုင်လျက် ရှိ၏။ ကျွန်တော့်မှာ ဒဂုံတင့်နှင့် ကွဲကွာနေသော အခိုက်၌ သတင်းထောက်ယောင်ယောင် စာရေးဆရာယောင်ယောင်၊ ပွဲစားယောင်ယောင်နှင့် ဝမ်း မဝတဝ၊ ခါး မလုံတလုံဖြင့် နေလာခဲ့သော်လည်း၊ ဒဂုံတင့်ကို ညတစ်ညတွင် ညဈေး တန်း၌ တွေ့၍ လက်ဆွဲနှုတ်ဆက်လိုက်မိသည်နှင့် တစ်ပြိုင်နက်၊ ယခင်က ပေါ့တော့တော့နှင့် တာဝန်မဲ့ နေထိုင်ခဲ့ကြသော အနေအထိုင်မျိုးကို လွမ်း ဆွတ်တမ်းတမိသော စိတ်ရိုင်းများ ပေါ်ပေါက်လာပြန်လေတော့သည်။ ဂျင်းနောက် ဒဂုံတင့်နှင့်အတူ စထရင်းဟိုတယ်သို့ တက္ကစီနှင့် သွား၍ ဘီယာ သုံးလေးလုံးစီ သောက်မိကြသော အခါ၌မူကား၊ နန်းရင်းဝန် အလုပ်၌ ခန့်မည်ဆိုစေကာမူ၊ ဒဂုံတင့်နှင့်ခွဲခွာ၍ သံဆူးကြိုးဝိုင်းကြီး





အတွင်း၌ နေထိုင်ရန် အလိုမရှိတော့ပြီဟု အောက်မေ့မိလေတော့သည်။ ဒဂုံတင့်၏အရှိန်သည် ကျွန်တော့်အပေါ်၌ ဤမျှလောက် ကြီးမားပါပေ သည်။

ဆူဘာဘင်လမ်း၌ အတူတကွ နေထိုင်စအခါက ကျွန်တော်တို့ သည် ကြီးကြီးကျယ်ကျယ် အကြံအစည် မထုတ်ကြဘဲ၊ မစ်ရှင်လမ်း၊ ဟမ်း သမ်း၊ ရှမ်းလမ်းစသော ရပ်ကွက်များရှိ ဥရောပတိုက်သား နေအိမ်ကြီး များမှ အသင့်အတင့်ပစ္စည်းများကို အစေခံများနှင့် ပူးပေါင်းထုတ်ယူခြင်း စသော အလုပ်ကလေးမျိုးလောက်ဖြင့် ကျေနပ်လျက် ရှိကြ၏။ ဒဂုံတင့်မှာ သူတစ်ပါး၏ ပစ္စည်းကို ခိုးယူစေကာမူ နိုင်ငံခြားသားများ၏ ပစ္စည်းကိုသာ ခိုးယူလေ့ရှိသဖြင့် တစ်နည်းအားဖြင့် မျိုးချစ်စိတ်ရှိသည်ဟု ဆိုနိုင်၏။ တစ်ခါတစ်ရံတွင် အမျိုးသားပင် ဖြစ်လင့်ကစား သူ၏ မျက်စိ၌ ဂွကျသည် ဟု ယူဆသော လူကြွားများနှင့် ဆင်းရဲသားထံမှ အတိုးကြီးစားသည်ဟု ထင်ရှားသော မြန်မာများကိုလည်း ချမ်းသာမပေးတတ်ချေ။ ခေါင်းရွက် ဈေးသည်ကလေးများအား “နေ့ပြန်တိုး” ချေးသော မြန်မာပိုက်ဆံဝါလား တစ်ယောက်၏ ငွေသေတ္တာကို လစ်ဖူး၍၊ အသက် (၃၀)ကျော်သော အပျို ကြီးတစ်ယောက်၏ ရွှေခြေချင်းကိုလည်း ဖြုတ်ယူဖူးလေသည်။ ဒဂုံတင့် ၏ ထူးခြားချက်တစ်ခုမှာ အင်္ဂါမစုံသဖြင့် လုပ်ကိုင် မစားနိုင်သော သူတောင်းစားများကို တွေ့တိုင်း၊ သူ၏အိတ်ထဲ၌ ပိုက်ဆံရှိခိုက်ဖြစ်လျှင် (၅) ကျပ်ထက်နည်း၍ မထည့်ချေ။ တစ်ခါက မျက်မမြင် သားအဖနှစ် ယောက်တို့အား ငွေစက္ကူ ဆယ်တန်တစ်ချပ်စီ လှူဖူးသဖြင့် သားအဖ နှစ်ယောက်တို့မှာ မယုံကြည်နိုင်ဘဲ အခြားလူများအား ပြသနေသည်ကို မြင်ရဖူးလေသည်။ “ကျုပ်သဘောက မောက်လျှင်ဖြို၊ ချို့လျှင်ဖို့ဆိုတာမျိုး ပါသနာရှိတယ်ဗျ” ဟု ကျွန်တော့်အား ပြောဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဟုမ်းလမ်းစသော ရပ်ကွက်တစ်လျှောက်တွင် ဘိုင်စကယ်ကိုယ်စီနှင့် လှည့်လည်ကျက်စားကာ "အလုပ်သစ်" ရှာကြသည်ဖြစ်၍၊ ၎င်းနယ်တစ်ဝိုက်ရှိ လူများက ဘိုင်စကယ်နှင့်လည်သော သူခိုးများ ထနေကြောင်းနှင့် သတင်းစာတိုက်များသို့ သတင်းပေးပို့နေကြလေပြီ။ တစ်ဦးသော ဆောင်းပါးရှင်က လူမြင့်မြင့် တစ်ယောက်နှင့် ပုပုတစ်ယောက်ကို သတိပြုကြဖို့ ရေးသားထားသဖြင့် ကျွန်တော်တို့မှာ သတင်းစာဖတ်ရင်း ရယ်ကြရသေး၏။

ကျွန်တော်၌ ဖိုးတေ အမည်ရှိ တပည့်တစ်ယောက်ရှိရာ ဒဂုံတင့်မှာ တပည့်ချစ်အောင် လုပ်တတ်သော အမူအရာ ရှိသည်ဖြစ်၍၊ ရောက်လာပြီးသည့်နောက် သုံးလေးရက်အတွင်းတွင် ကျွန်တော်၏တပည့်မှာ သူ၏တပည့် ဖြစ်သွားခဲ့လေပြီ။ ကျွန်တော့်အား 'ဆရာ' ဟု ခေါ်၍ ဒဂုံတင့်ကိုမူ 'ဆရာကြီး' ဟု ခေါ်နေခဲ့လေပြီ။ စင်စစ်မှာ ကျွန်တော်ကပင် အသက်ငယ် အသက်ကြီးသောကြောင့် မခံချင်သလိုလို ဖြစ်မိ၏။ သို့သော် အရပ်မြင့်သည့် အတွက်ကြောင့် ခေါ်လေသလော မပြောတတ်ပေ။ ညနေ အချိန်များ၌ ကျွန်တော်တို့သည် ဘိုင်စကယ်တစ်စီးစီနှင့် ထွက်၍ လည်ကြရာတွင် ဘိုင်စကယ်နှင့်လည်သော သူခိုးများ ရှိသည်ဆို၍၊ ၎င်းတို့ကို မိအောင်ဖမ်းပေးပြီး ဆုငွေထုတ်ကြဖို့ အကြံရှိသည်ဟု ဖိုးတေအား ပြောထားကြ၏။ ဒဂုံတင့်၌ လျှို့ဝှက်သော ခြောက်လုံးပြူးတစ်လက် ရှိရာ ဖိုးတေသည် ဤအကြောင်းကို မသိချေ။

တစ်ညသ၌ ကျွန်တော်တို့သည် ဟုမ်းလမ်းဘက်၌ရှိသော အိမ်ကြီးတစ်ဆောင်တွင်၊ မိုးကုတ်မြို့မှ ပတ္တမြားများဝယ်၍ ဆင်းလာသော အမေရိကန်ဧည့်သည်တစ်ယောက် တည်းခိုလျက်ရှိကြောင်း၊ သတင်းရသည်နှင့် ဤအကြောင်းကို သုံးလေးရက် စုံစမ်းပြီးသည့်နောက်တွင်၊ အိမ်မှ





ထွက်လာခဲ့ကြ၏။ ဧည့်သည်သည် ပတ္တမြားများကို ဂျင်မခါနာကလပ်သို့ နေ့တိုင်း သွား၍ပြသည်ဟု သတင်းရသဖြင့် ဘဏ်တိုက်၌ အပ်မထားဘဲ ၎င်းနေအိမ်တွင် မီးခံသေတ္တာနှင့် ထည့်ထားသည်ဟု တွေးထင်ရ၏။ ဧည့်သည် အမေရိကန်သူ ဝတ်ဆင်ထားသည့် ပတ္တမြားရင်ထိုး တစ်ခုတည်းပင် သုံးလေးသောင်း တန်သည်ဆိုသောကြောင့် ကြံစည်ဖို့ လုံလောက်နေလေပြီ။

ကျွန်တော်တို့သည် ညဉ့် (၁၁) နာရီကျော် အချိန်တွင်၊ ဘိုင်စကယ်ကိုယ်စီနှင့် ဆူပါဘင်လမ်းမှ ထွက်လာခဲ့ကြ၍ ဟုမ်းလမ်းတံတားကြီးပေါ်သို့ ရောက်ကြသောအခါတွင်၊ ပတ္တရောင်လှည့်သော ရဲအဖွဲ့နှင့် ဆုံမိ၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ခြင်း ခံရသေး၏။ သို့ရာတွင် ကျွန်တော်တို့ကိုယ်၌ တာဖတာ ရင်ဖုံးအကျႌ၊ မောင့်ကျက်သရေ ခေါင်းပေါင်း၊ ဘန်ကောက်လုံချည် စသည်တို့ဖြင့် ဝတ်ဆင်ထားသည်ဖြစ်၍ ရဲများက မင်္ဂလာဆောင်တစ်ခုမှ ပြန်လာ၍၊ နောက်ကျနေသော ဧည့်သည်များဟူ၍ မှတ်ထင်သည့် လက္ခဏာနှင့် ခေါင်းဆောင် ရာဇဝတ်အုပ်က "ဥဒ်အီးဗနင်း၊ ဂျင့်တယ်မင်း" ဟု နှုတ်ဆက်သဖြင့် ကျွန်တော်တို့က "ဥဒ်အီးဗနင်း၊ ဘွိုင်စ်" ဟု ခပ်ရှင်ရှင်အသံနှင့် ပြန်ပြောလိုက်ကြ၏။ ဘွိုင်စ် (သူငယ်တို့) ဟူသော စကားကို သုံးခြင်းအားဖြင့် ကျွန်တော်တို့မှာ အကြီးစားလူများ ဖြစ်သွားကြလေပြီ။

ရည်မှန်းသော အိမ်ကြီးမှာ ကျယ်ဝန်းသော ဝင်းကြီးအတွင်း၌ တည်ရှိ၍ ဝင်းတံခါးနှစ်ခု ရှိ၏။ တံခါး (၂)ခု အကြားတွင် ကျယ်ပြန့်သော မြက်ခင်းကြီးရှိ၍ မြက်ခင်းပေါ်၌ ပန်းပင်များ စိုက်ထားလေရာ၊ ကျွန်တော်တို့သည် ဝင်းတံခါးမှ ဝင်ကြပြီးနောက် ဘိုင်စကယ်များကို မြက်ခင်းပေါ်ရှိ ပန်းပင်များအကြားတွင် ထောင်ထားကြ၏။ ကျွန်တော်တို့သည် အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



၌ရှိသော လှေကားမှမတက်ဘဲ အိမ်နံဘေးသို့ ပန်းသွား၍၊ မှန်တံခါးတို စိန်နှင့်ဖြတ်ပြီးလျှင် လက်လျှိုလောက်သော အပေါက်မှ ဒဂုံတင့်က လက် နှိုက်ကာ မင်းတုံးကို ဖြုတ်လေ၏။ ကျွန်တော်၏ တာဝန်မှာ ဒဂုံတင့် အလုပ် လုပ်သည်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးပြရုံမျှသာ ဖြစ်လေသည်။ ပြတင်းပေါက်ပွင့်၍ အိမ်ထဲသို့ ဝင်သွားကြသောအခါ ကျွန်တော်တို့သည် တိုလီမိုလီ ပစ္စည်းများထားသော အခန်းတစ်ခန်းထဲသို့ ရောက်နေ အခန်းကို အပြင်မှ မင်းတုံးချလျက် ပိတ်ထားသည်ကို တွေ့ရ၏။ အခန်း တံခါးမှာ သုံးထပ်သားဖြင့် ပြုလုပ်ထားသော တံခါးဖြစ်ရာ၊ ဒဂုံတင့်သည် အညာသား ပန်းပဲဆရာ တစ်ယောက်ထံမှ အထူး မှာယူလုပ်ထားသဖြင့် မျဉ်ပြားကိုပင် အဝိုင်းလိုက် ပြတ်ထွက်အောင် လှီးနိုင်သည့် မားမြောင်တို ထုတ်လေ၏။ ၎င်းဓားဖြင့် သုံးထပ်သားတံခါးလောက်မျှကို ပြတ်အော လှီးရန်မှာ ဒဂုံတင့်အဖို့ အလျှင်းပင် မခဲယဉ်းချေ။ ကျွန်တော်က တစ်ချ တစ်ချက်တွင် မီးထိုးပြ၍ ဒဂုံတင့်က တံခါးကို လှီးသဖြင့်၊ လက်နှိုက်သာ အောင် အပေါက်ဝိုင်းတစ်ခုဖြစ်လာသောအခါ ဒဂုံတင့်သည် မားမြောင်ထို ကျွန်တော့်လက်သို့ အပ်ထား၍ မင်းတုံးကို ဖြုတ်ရန် အပေါက်ငယ်မှ လက်လျှိုလိုက်၏။

ဒဂုံတင့်၏ လက်သည် အခြားဘက်သို့ ရောက်သည်နှင့် တ ပြိုင်နက် "အမယ်လေးဗျ" ဟု ဒဂုံတင့်က တီးတိုး ညည်းတွားလိုက်သည် နှင့် ကျွန်တော်က လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်၏။ ဒဂုံတင့်မှာ တော်ရုံတန်ရုံနှင့် ညည်းတွားတတ်သူတစ်ယောက် မဟုတ်သောကြောင့် ကျွန်တော့်မှာ အတော်ပင် တုန်လှုပ်သွားမိ၏။

"ဘာဖြစ်တာလဲဗျ ဒဂုံတင့်"





"ကျုပ်လက်ကို ဟိုဘက်က ဖမ်းကိုင်ထားတယ်ဗျ"

ယင်းသို့ ပြောဆဲတွင် ဒဂုံတင့်သည် မိမိ၏လက်ကို ပြန်နှုတ်ရန် ခွန်အားရှိသမျှ ကြိုးစားပါသော်လည်း၊ လက်မောင်းနှင့် သစ်သားစွန်းတို့ ပွတ်တိုက်သဖြင့် အသားနီများသာ လန်ထွက်တော့သည်။ လက်ကို ပြန် နှုတ်ရန်ကား မတတ်နိုင်ဘဲ ရှိလေပြီ။ ထိုအတောအတွင်း ဒဂုံတင့်၏ လက် မောင်းပေါ်သို့ အခြားဘက်မှ မီးထိုးပြထားသဖြင့် လင်းလျက်ရှိသည်ကို လည်း အပေါက်ငယ်မှ မြင်နိုင်ပေ၏။ ထို့ပြင် တံခါး၏ အခြားဘက်မှ အင်္ဂလိပ်ဘာသာဖြင့် "ကြိတ်လိုက်ကွ၊ ဘန်နီ" "မလွှတ်စေနဲ့ကွနော်" "သိပ်တော်တဲ့ ဘန်နီကွ" စသည်ဖြင့် လူငယ်များ အသံဖြင့် အားပေးကြ ၍၊ တစ်ယောက်က "စိတ်သာချပါ၊ မလွှတ်စေရပါဘူးကွ" ဟု ပြန်ပြော လျက် ရှိ၏။ ဤတွင် ဒဂုံတင့်သည် လွတ်နေသော လက်တစ်ဖက်ဖြင့် ကျွန်တော်၏ကျောကို ပုတ်လျက် "ကျုပ်တော့ မိသွားပြီဗျို့၊ မတတ်နိုင် တော့ဘူး ကိုယ့်လူ၊ ခင်ဗျားသာ ကိုယ်လွတ်ရုန်းပေတော့" ဟု ပြော၏။

ထိုအခါ ကျွန်တော်က "ဒါဖြင့် အပေါက်ကနေပြီး သေနတ်နဲ့ ပစ်ပါတော့လားဗျ" ဟု ပြောမိရာ၊ အကယ်၍ ကျွန်တော်၏ လက်ထဲ၌ သေနတ်ရှိခဲ့ပါမူ ဒဂုံတင့်ကို ကယ်လိုသည့်အတွက် ပစ်မိပေလိမ့်မည်။ ယခုမူကား ဒဂုံတင့်သည် ကျွန်တော့်အား ဘယ်အခါမျှ သေနတ်ကိုင်ခွင့် မပြုဘဲ၊ သူသာလျှင် သေနတ်ကိုင်သောကြောင့် ကျွန်တော့်မှာ မည်သို့မျှ မတတ်နိုင်ချေ။

"ကျုပ်တို့ အိမ်မှားနေပြီ မန်းတင့်ရေ့၊ ဒါက ညကျောင်းဖွင့် ထားတဲ့ အိမ်ဖြစ်နေပြီ၊ ကလေးတွေကို မပစ်ချင်ပါဘူးဗျာ၊ ကျုပ်သာ အမိ ခံပါတော့မယ်၊ သို့သော် ခင်ဗျားတော့ ကိုယ်လွတ်ရုန်းပေတော့ဗျို့၊ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး သူငယ်ချင်း၊ လောကဓံဆိုတာ ဒီလိုပေါ့ဗျာ၊ ကျုပ်ထိုက်နဲ့ ကျော်က် ထားခဲ့ပြီး၊ ခင်ဗျားသာ ကိုယ်လွတ်ရုန်းပါတော့ သူငယ်ချင်း" ဟု ဆိုကာ ကျောကို ပုတ်လေ၏။

ကျွန်တော်သည် ဒဂုံတင့် ပြောသည့်အတိုင်း အပြင်သို့ ထွက်လာ၍ စဉ်းစားမိ၏။ အကယ်၍ ငါ၏လက်ကို တစ်ယောက်ယောက်က ကိုင်ဖမ်းထားခဲ့လျှင် ဒဂုံတင့်က ငါ့ကို ပစ်၍ထွက်သွားချေမည်လော၊ ၎င်းလူကား သူငယ်ချင်းတစ်ယောက်ကို အကျဉ်းအကျပ်ထဲ၌ ပစ်ထား၍ ထွက်သွားမည့်လူ မဟုတ်ချေ။ ငါ့အတွက် ဒဂုံတင့် လုပ်သလို၊ ဒဂုံတင့်အတွက် အဘယ်ကြောင့် ငါမလုပ်ဘဲ နေရမည်နည်း။ ကျွန်တော်သည် ပြတင်းပေါက်မှ အပြင်သို့ ဒိုက်ဗင်ထိုး၍ ထွက်ခဲ့သဖြင့် ကျောက်စရစ်ခဲများပေါ်သို့ ကျ၍ လက်များနှင့် ဒူးတို့တွင် ကပ်နေသော ကျောက်ခဲကလေးများကို ပုတ်ခါချစဉ် မည်ကဲ့သို့ ပြုရမည်ဟု အကြံမရသေးချေ။ သို့နှင့် အိမ်နံဘေးမှ ပတ်၍ အိမ်ရှေ့ဘက်သို့ လျှောက်လာသဖြင့်၊ လှေကားရင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အပေါ်သို့ တက်သွား၍၊ အခန်းထဲသို့ စွပ်မိစွပ်ရာ ဝင်သွားသည်တွင် ဘိုကပြားကလေးငါးယောက်တို့ စုဝေးလျက်ရှိသည်ကို မြင်ရ၍ "ဟိုဘက် ဥယျာဉ်ထဲ ရောက်သွားပြီမောင်တို့" ဟု အင်္ဂလိပ်လို ပြောလိုက်၏။

ထိုအခါ ကပြားကလေးများက "ဘယ်သူလဲဗျ၊ ဘယ်သူရောက်သွားတာလဲ" ဟု မေးသဖြင့် ကျွန်တော်က "ပြတင်းပေါက်က ဒိုက်ဗင်ထိုးပြီး ထွက်ပြေးသွားတဲ့ လူဟာလေ"

"ဟုတ်လိမ့်မယ်ဗျို့၊ နှစ်ယောက် ဝင်လာတဲ့အနက်က တစ်ယောက် လွတ်ထွက်ပြေးပြီထင်တယ်"





"ငါက ဘိုင်စကယ်စီးလာရင်း မင်းတို့ ပြတင်းပေါက်ဆီက မီးရောင်မြင်လို့ လာကြည့်တာပဲ၊ ဟော့လူတွေ ဒါ ဘာဖြစ်တာလဲကွ"

စင်စစ်မှာ ဒဂုံတင့်၏ လက်တစ်ဖက်ကို အတွင်းဘက်မှ ကိုင်ဖမ်းထားခြင်းဖြစ်သည်ဟု ကျွန်တော်သိပြီး ဖြစ်သော်လည်း မသိချင်ဟန်ပြု၍ အနီးသို့ ချဉ်းကပ်မေးမြန်းခြင်း ဖြစ်၏။

ထိုအခိုက်၌ တုတ်တုတ်ဝဝနှင့် ဗလကောင်းလှ၍၊ 'ဂင်တို' အဆက်ရှိသော ကပြားကလေးတစ်ယောက်သည် အပေါက်မှ လျှိုလျက်ရှိသော ဒဂုံတင့်၏လက်ကို၊ မိမိ၏ လက်တစ်ဖက်ဖြင့် လက်ဖဝါးချင်းအပ်ကာ ကိုင်ထား၍ အခြားလက်တစ်ဖက်ဖြင့် ဒဂုံတင့်၏ လက်ကောက်ဝတ်ကို ဖမ်းကိုင်ထားသည်ကို မြင်ရ၏။ ထိုသူငယ်မှာ ခွန်အား ညှစ်ထုတ်နေရသည့်အတွက် မျက်နှာများ နီမြန်းလျက် ရှိရာ၊ လက်တစ်ဖက်ကို နှစ်ဖက်နှင့် ကိုင်ဖမ်းထားခြင်း ဖြစ်သည့်အတွက်ကြောင့် ဒဂုံတင့် မရုန်းနိုင်ဘဲ ရှိရခြင်း ဖြစ်၏။ အပေါက်ကလေးမှ သစ်သားအစွန်းအစ တို့သည်လည်း ဒဂုံတင့်၏ လက်မောင်းကို ခြစ်မိထားသဖြင့် အရေများ လန်လျက် ရှိတော့၏။ ကျန်သော သူငယ်ကလေးများကမူ ကိုင်ဖမ်းထားသော ဘန်နီ ပတ်ဝန်းကျင်၌ ဆွေ့ဆွေ့ခုန်လျက် ရှိကြ၏။ ကျွန်တော်၏အသံကို ဒဂုံတင့် ကြားလျှင် အခန်းထဲသို့ ကျွန်တော်ရောက်နေကြောင်းကို သိ၍၊ အားရှိစေဆိုသော ရည်ရွယ်ချက်ဖြင့်၊ ကျွန်တော်က အသံ ခပ်ကျယ်ကျယ်နှင့် မေးလား မြန်းလား ပြုလုပ်ရာတွင် . .

"သိပ်ကျယ်ကျယ်ကြီး မပြောပါနဲ့ဗျ၊ အပေါ်ထပ်ကလူတွေ နိုးကုန်လိမ့်မယ်၊ ကျုပ်တို့ဘာသာ ကျုပ်တို့ မိအောင် ဖမ်းပြချင်လို့ပါဗျ"

"သြော် . . . သြော် . . . မင်းတို့က သူခိုးတစ်ယောက် မိထားသကိုးကွယ့်၊ အပြင်ဘက်မှာ တစ်ယောက်ကျန်သေးတယ် မောင်တို့၊ မိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖမ်းကြပါဦးတော့လား၊ ဟိုကောင် ခြေထောက်နာသွားတယ် ထင်တယ်ကွ၊ လွယ်လွယ်ကလေးနဲ့ ဖမ်းနိုင်တယ်"

"ဟုတ်လားဗျို့ . . . လာကြဟေ့ ငါ့လူတို့၊ ထွက်ဖမ်းချေကြစို့လားဟေ့"

"ဝင်းထရံပေါ် ကျော်တက်သွားပြီ ထင်တယ်ကွ"

"လာကြပါကွ ငါ့လူတို့၊ လိုက်ဖမ်းကြစို့လားကွာ"

သူငယ်ကလေးများလည်း လေ့ကားဆီသို့ သွားမည်ပြုကြစဉ် ဒဂုံတင့်ကို ဖမ်းထားသော ဘန်နီ ဆိုသူက . . .

"ဟေ့လူများ . . . ငါတစ်ယောက်တည်း ပစ်မထားခဲ့ကြနဲ့ကွာ သိပ်ရှုန်းနေတယ်ကွ"

"နှစ်ယောက်စလုံးကို မိအောင် ဖမ်းမလို့ကွ ဘန်နီရ"

"မိအောင် ဖမ်းတာ ဟုတ်ပါရဲ့ကွာ၊ ငါ့တစ်ယောက်တည်း ပစ်ထားသလို"

ဤတွင် ကျွန်တော်က ဘန်နီအနီးသို့ ချဉ်းကပ်၍ . . .

"ကိစ္စမရှိပါဘူး၊ ငါကူပြီး ကိုင်ပေးပါ့မယ်၊ သူတို့ဟာသူတို့ သွားကြပါစေ၊ အပြင်ဘက်မှာ ငါ့အဖော်တစ်ယောက် ရှိပါတယ်၊ အရေးအကြောင်းရှိရင် ငါသွားခေါ်မှာပေါ့ကွ"

"ဒီလိုဖြင့် ကောင်းပါရဲ့ဗျာ . . . ကျေးဇူးပါပဲ"

ထိုအခါ သူငယ်လေး ငါးယောက်တို့သည် ကျွန်တော်နှင့် ဘန်နီကို ထားခဲ့၍ အပြင်သို့ ထွက်ပြေးကြလေ၏။ နှစ်ယောက်တည်း ကျန်ရစ်သောအခါ ကျွန်တော်က ဘန်နီအား . . .

"သူခိုးတွေ ဝင်တာကို မင်းတို့က ဘယ်လိုလုပ် သိကြသလဲကွ"





"ကျွန်တော်တို့က ဆရာကြီးမသိအောင် တိတ်တိတ်ကလေး အောက်ထပ်ဆင်းလာပြီး စမ်းချောင်းဘက်က ခေါက်ဆွဲကြော် ဝယ်စားနေကြတုန်း၊ ပျဉ်ပြားကို လှီးနေတာမြင်လို့ တိတ်တိတ်ကလေး ချောင်းနေကြတုန်း လက်ကြီးဝင်လာတော့မှ ကျွန်တော်က ဖမ်းကိုင်ထားလိုက်တာဗျ"

ထိုအတောအတွင်း အခန်းအခြေအနေကို ကျွန်တော်ကြည့်လိုက်ရာတွင် စားပွဲပေါ်၌ ဖက်များနှင့် စက္ကူများကို တွေ့ရ၏။

"ကိုင်း ဖယ်ကွာ ငါ့လူ၊ မင်းညောင်းရင် ငါတစ်လှည့် ကိုင်ထားမယ်လေ"

"တော်ပါပြီဗျာ၊ ကိစ္စမရှိပါဘူး"

"မဟုတ်ဘူးကွ၊ မင်းညောင်းနေပြီ ငါသိတယ်"

"နေပါစေဗျာ၊ ကျွန်တော် ကိုင်ထားနိုင်ပါတယ်"

ဘန်နီသည် သူခိုးကို တစ်ယောက်တည်း ကိုင်ဖမ်းထားသည်ဟူ၍ အသားယူလိုဟန်တူ၏။

"မဖြစ်ဘူးကွ၊ မင်းကိုင်ဖမ်းထားလို့ လွတ်သွားမှာ စိုးရတယ်၊ ဖယ်ပေး ငါတစ်လှည့် ကိုင်ထားမယ်"

ကျွန်တော်သည် အတင်းငြင်းနေသေးသော ဘန်နီကို ဖယ်ရှားဖို့ ကြိုးစားရာ၊ ဘန်နီက ဖယ်မပေးဘဲ ငြတ်တွယ်နေသည်နှင့် သူ၏ လည်ပင်းကို ကိုင်ညှစ်ရလေတော့သည်။ ဒဂုံတင့်နှင့် တွဲ၍လုပ်ခဲ့ရသော အလုပ်များအနက်၊ သတ္တိရှိ၍ ဖွဲ့ကောင်းလှသော သူငယ်ကလေး ဘန်နီ၏ လည်ပင်းကို ကိုင်ညှစ်ရသောအလုပ်သည် အယုတ်မာဆုံးဖြစ်၍ ကိုယ့်ကိုယ်ကိုယ် အောက်တန်းကျနုပ်ဆုံး ဖြစ်လေသည်။ သို့သော် ဤသို့မှ မလုပ်ခဲ့လျှင် ဒဂုံတင့်အဖို့ လွတ်လမ်း မမြင်ချေ။ ထိုအချိန်၌ ကျွန်တော်၏ စိတ်ထဲတွင် အရေးအကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသော ကိစ္စမှာ ဒဂုံတင့် လွတ်မြောက်ရေးပင် ဖြစ်၍၊ ထိုအတွက်ဆိုလျှ ဘန်နီ ကိုသာမက တစ်အိမ်လုံး တစ်ရပ်လုံးကို ဒိုင်းနမိုင်းနှင့် ခွဲဖို့လည် အသင့်ရှိ၏။

ကျွန်တော်သည် ရုတ်တရက် ဖယ်မပေးဘဲ အတင်းတွယ်ထာ သော ဘန်နီ၏လက်ကို ဖြုတ်မရသည်နှင့် ၎င်း၏ လည်ပင်းကို ကိုင်ဖမ်း လည်မျိုကို ညှစ်လိုက်ရာ ခဏမျှကလေးမှာ တခွိခွိဖြစ်ရာမှ ကျွန်တော် လက်ထဲတွင် ပျော့ခွေကျသွားလေ၏။ ထိုအတောအတွင်း၌ အသားနီလ ၍ သွေးရဲရဲရှိနေသော ဒဂုံတင့်၏ လက်သည် ဘန်နီ၏ ဆုပ်ကိုင်ထားခြ မှ လွတ်သည်နှင့် တစ်ပြိုင်နက်၊ အထက်သို့ လှမ်း၍ မင်းတုံးကို ဖြုတ် လျှင် ဒဂုံတင့်ကိုယ်တိုင် ကျွန်တော့်ဘက်သို့ ကူးဝင်လာခဲ့၏။ ကျွန်တော် အာ်ထင်မှာ ဒဂုံတင့်သည် လွတ်လပ်ခြင်းရသည်နှင့် တစ်ပြိုင်နက်၊ အိမ်ပြ သို့-ထွက်ပြေးလိမ့်မည်ဟု ထင်မိရာ၊ ယခုမှ လူတွေနီးနေသဖြင့် အန္တရာ မကင်းသော ကျွန်တော့်ဘက်သို့ ကူးထွက်လာသည်ကို တွေ့ရသ ကျွန်တော်ကိုယ်တိုင်ပင် အံ့ဩစွာနှင့် ကြည့်နေမိလေသည်။

ဒဂုံတင့်က "ကိုင်ထားဦးဗျနော်" ဟု ပြောလျက် အခက်အ ကြုံသည့်အခါ အသုံးပြုရန်အတွက် အမြဲဆောင်လေ့ရှိသော ကလို ဖောင်း (မေ့ဆေး) ပုလင်းကလေးကို အိတ်ထဲမှထုတ်၍ လက်ကိုင်ပ ပေါ်၌ သွန်ထည့်ပြီးလျှင် ဘန်နီ၏ နှာခေါင်းနှင့် ပါးစပ်ပေါ်တွင် အုပ် လိုက်ရာ၊ ဘန်နီကလေးမှာ မေ့သွားရှာလေတော့သည်။

ကျွန်တော်တို့ ပြုခဲ့သမျှသော အလုပ်များအနက်တွင် ဤ အလုပ်မှာ ဂုဏ်မယူမိဆုံး၊ အရှက်ဆုံး ဖြစ်ပါ၏။ သို့သော် ပြန်တွေ ယူကျုံးမရ ဖြစ်မိသည့်အခါတိုင်း "ကပြားကပဲ" ဟူ၍ ဖြေလိုက်ရပေတော့ သည်။ ထို့ပြင် လည်ပင်းကို ညှစ်၍ သူ၏လက်ကို အတင်းဖြုတ်ရခြ





သည် ဦးခေါင်းကို ရိုက်ခွဲ၍ ဖြုတ်ရခြင်းထက် ကောင်းသေးသည်ဟူ၍ လည်း ဖြေရလေတော့သည်။

ဘန်နီ မေ့သွားသောအခါ ကျွန်တော်တို့သည် သူ့ယ်ကို နှစ်ယောက်ချီ၍ တိုလီမိုလီပစ္စည်းများ ထားသောအခန်းထဲသို့ သွင်းပြီးလျှင် တံခါးကို အပြင်မှ ပိတ်မြဲတိုင်း ပိတ်ထားလိုက်၏။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်သည် ခေါင်းပေါင်း၊ အုပ်ပေါင်းများနှင့် သားသားနားနား ဝတ်ထားခြင်းကို အားကိုးလျက် လူကောင်းသူကောင်းများသဖွယ် အိမ်ရှေ့မှ ဆင်းသွားကြမည်အကြံနှင့် အိမ်ရှေ့သို့လျှောက်လာကြရာတွင်၊ အပေါ်ထပ် လှေကားမှ ဆင်းလာသော ကပြားကြီးတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ဆုံမိကြလေ၏။ ထိုအချိန်တွင် လှေကားနှင့်တကွ အောက်ထပ်တစ်ထပ်လုံး ဓာတ်မီးများ ဖွင့်ထားပြီဖြစ်၍ ထိန်ထိန်လင်းလျက် ရှိ၏။ ကပြားကြီးမှာ အသက် (၄၀) ခန့်ရှိ၍ ဝဝတုတ်တုတ်နှင့် ညဝတ်ဘောင်းဘီများ ဝတ်ထားလျက် ရှိ၏။ လူကြီးသည် ကျွန်တော်တို့ နှစ်ယောက်ကို မြင်သောအခါ လှေကားပေါ်မှ ရုတ်တရက် တန့်ရပ်ကာ မျက်လုံးပြူကြီးနှင့် လှမ်းကြည့်လျက် -

"ဟေ့လူတွေ . . . ဘာလာလုပ်နေကြတာလဲ"

ကျွန်တော်က ရှေ့ဆောင်ပြုလျက် -

"ခင်ဗျားတို့အိမ်ကို သူခိုးတွေ ဖောက်ဝင်နေလို့၊ ခင်ဗျား သားတွေက . . ."

"သား မဟုတ်ပါဘူး၊ တပည့်တွေပါ"

"ဪ . . . ဟုတ်ကဲ့လား၊ တပည့်တွေက သိလေတော့၊ သူခိုးတွေ မောင်းထုတ်ပြီး လိုက်ဖမ်းနေကြလေရဲ့ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျားတို့က ဘယ့်နှယ် ရောက်နေကြတာလဲ"

"ကျွန်တော်တို့က ဘိုင်စကယ်နဲ့ မင်္ဂလာဆောင်က ပြန်လာလို့ ဒီအိမ်ရှေ့ရောက်တော့ သူခိုးတစ်ယောက် ဒိုက်ဗင်ထိုး ထွက်ပြေးလာတာ မြင်လိုက်ရတယ်၊ ခုလောက်ရှိ ဟိုဘက်က ဝင်းထရံပေါ် ကျော်ထွက်ပြေးပြီ မှတ်တယ်"

ထိုခဏ၌ ကပြားကလေးတစ်ယောက်သည် မောကြီးပန်းကြီးနှင့် ပြန်ရောက်လာ၏။

"ဘာမှ မတွေ့လိုက်တော့ဘူး ခင်ဗျ"

"ဒါဖြင့် . . . ဒီလူတွေပြောတာ အမှန်ပေါ့"

ကျွန်တော်က "ဟိုတံခါးကို ဖောက်ထားတာ မမြင်ဘူးလားဗျ"

ထိုခဏ၌ အခြားသော သူငယ်များ ပြန်ရောက်လာကြ၍-

"ဟေ့ . . . ဘယ့်နှယ်လဲ၊ ဘန်နီကောကွ"

"ဘန်နီ ဘယ်ရောက်သွားပြီလဲကွ"

"ခုနင်က ဘန်နီ ဒီမှာ ရှိရစ်တယ်၊ အခု ဘယ်ရောက်သွားတာလဲကွ" စသည်ဖြင့် တစ်ယောက်တစ်ခွန်း အုံးသြစွာနှင့် ပြောနေကြ၏။

ထိုအခါ လှေကားပေါ်၌ ရပ်လျက်ရှိသော ကျောင်းဆရာက-

"ဟေ့ ငါ့တပည့်များ၊ မင်းတို့ ဘာလုပ်နေကြတာလဲ၊ ငါ့ကို ပြောပြစမ်းပါဦး၊ ဒီလူတွေက ဘယ်ကရောက်လာပြီး ဘာလုပ်နေကြတာလဲ အလို . . . စားပွဲပေါ်မှာ ဖက်ရွက်တွေ၊ စက္ကူတွေ ပါကလားကွယ်တို့၊ မင်းတို့ အရပ်ထဲက ဘာတွေ ဝယ်စားထားကြတာလဲ"

၎င်းတွင် အသက် (၁၈) နှစ်ခန့်ရှိ ကျောင်းသားများ အနက်တွင် အကြီးဆုံးသော သူငယ်က -





"ကျွန်တော်တို့ ဆာလွန်းလို့ ခေါက်ဆွဲကြော် ဝယ်စားကြပါတယ် ဆရာကြီး"

"ခေါက်ဆွဲဆိုတာ ဘာလဲ"

"တရုတ်ရောင်းတဲ့ မုန့်ပါ ဆရာကြီး"

"သြော် . . . သြော် . . . သြော်၊ ကိုင်း . . . ကိုင်း ခေါက်ဆွဲ အသာထားပြီး မင်းတို့အဖြစ်အပျက်ကို ပြောပြစမ်းပါဦး ရောဘတ်"

ထိုအခါ ရောဘတ်ဆိုသော လူငယ်သည် ထိုညဥ့်အဖြစ်အပျက်ကို ပွင့်လင်းစွာ ပြောပြလေ၏။ အိပ်ဖို့ ခေါင်းလောင်းထိုးပြီးသည့်နောက် ထိုအခန်း၌ အိပ်ကြသော ကျောင်းသား (၆) ယောက်အနက် (၄) ယောက်တို့က ဆာလောင်မွတ်သိပ်သည်ဟု အကြံပေးရာ၊ (၆) ယောက်လုံးတွင် ပိုက်ဆံအကြွေ တစ်ကျပ်ရှစ်ပဲ ရှိသည်နှင့် (၆) ယောက်လုံး ဆင်း၍ ခေါက်ဆွဲဝယ်စားကြရန် သဘောတူကြကြောင်း၊ (၆) ယောက်အနက် (၄) ယောက်က ပိုက်ဆံရှိ၍ ကျန် (၂) ယောက်က ဗားကရာလမ်းသို့ သွားပြီး ခေါက်ဆွဲကြော် ဝယ်ပေးရန် တာဝန်ယူကြောင်း၊ သို့ဖြစ်၍ အဲလ်ဖရက်နှင့် ဂျင်မီ တို့က ခေါက်ဆွဲကြော် သွားဝယ်ခဲ့၍ စားပွဲတွင် ထိုင်ထားနေကြစဉ်၊ သစ်သားကို ဓားနှင့်လှီးဖြတ်သော အသံများ ကြားရ၍ ထကြည့်ကြကြောင်း စသည်ဖြင့် ပြောလျက်ရှိစဉ် ကျောင်းဆရာလုပ်သော လူကြီးသည် ရောဘတ်၏ စကားကို နားထောင်ခြင်းထက်၊ ကျွန်တော်တို့ (၂) ယောက်တို့ မသက်ာခြင်း၌ ပို၍ စိတ်ဝင်စားဟန်တူသည်ဟု ကျွန်တော် အကဲခတ်မိလေသည်။ သို့သော် ထိုသူသည် တပည့်များက တိတ်တဆိတ် ခေါက်ဆွဲဝယ်စားခြင်းထက် သူခိုးဝင်သည်ကို သိလျက်နှင့် သူ့ကို မခေါ်ကြသည့်အတွက် အပြစ်တင်လိုသည့် အမူအရာမျိုး ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှယ်ကွယ်၊ အိမ်ထဲ သူခိုးဖောက်ဝင်တာတောင် ငါ့ကို မခေါ်ကြဘဲကိုးကွယ့်'

"သူခိုးတစ်ယောက်ရဲ့ လက်ကိုမိထားတော့ ဘန်နီက ဆွဲထားပြီး၊ ကျွန်တော်တို့က ဒုတိယလူနောက်ကို ဆင်းလိုက်ပြေးကြတယ် ဆရာကြီး"

"ဘန်နီတစ်ယောက်တည်း ကျန်နေရစ်သလား"

"ဟောဟိုလူကြီးလည်း ဘန်နီနဲ့ အတူတူ နေရစ်တယ် ဆရာကြီး၊ ဘန်နီအကြောင်း သူ့ကို မေးကြည့်ပါတော့"

ထိုအခါ ဆရာကြီးနှင့်တကွ ကျောင်းသားများသည် ကျွန်တော့်ဘက်သို့ အားလုံး လှည့်ကြည့်လိုက်ကြရာ ကျွန်တော်ကမူ စိတ်ကူးထားပြီး ဖြစ်၍ အဖြေပေးရန် အသင့် ရှိ၏။

"အဲလေ မင်းတို့အားလုံး ရှိတုန်းက၊ လမ်းပေါ်မှာ စောင့်နေတဲ့ ငါ့မိတ်ဆွေကို သွားခေါ်ချေမယ်လို့ ပြောတာကို မင်းတို့ ကြားတယ် မဟုတ်လား"

ကျောင်းသားတစ်ယောက်က . . .

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော် သတိရတယ်၊ ဒီလိုပဲ ခင်ဗျား ပြောတယ်"

"ဒါနဲ့ မင်းတို့လု ဘန်နီကို ထားခဲ့ပြီး၊ ငါ့လူကို သွားခေါ်လို့ ဒီပြန်ရောက်လာတော့ ဘန်နီ မရှိတော့ဘူးကွယ့်၊ နိုင်အောင် ကိုင်မထားနိုင်လို့ လွှတ်ပစ်လိုက်ရလေသလား၊ သို့မဟုတ် အပေါ်ထပ်တက်ပြီး ဒိပြင်လူတွေကို သွားခေါ်လေသလားတော့ မဆိုနိုင်ဘူး"

"ဘန်နီ ဘယ်တော့မှ ဒီလိုမလုပ်တတ်ဘူး၊ ကျွန်ုပ်သိတယ်"ဟု ပြောလျက် ဆရာကြီးဆိုသော လူသည် မျက်လုံးပြာကြီးများနှင့် ကျွန်





တော့်ကို စိုက်ကြည့်နေရာ၊ ကျွန်တော့်မှာ ထိုအချိန်မှစ၍ မျက်လုံးပြာသော လူမျိုးကွဲတစ်ယောက်ကို တွေ့တိုင်း တုန်လှုပ်မိလေတော့သည်။

"ဒုတိယ သူခိုးနောက် လိုက်ချင်လိုက်ပြေးမှာပေါ့ ခင်ဗျ"

"ဘန်နီက ဒီလိုဝါသနာမျိုး မရှိဘူး၊ ကျွန်ုပ်သိတယ်၊ တစ်ခုဆို တစ်ခုတည်း စွဲစွဲမြဲမြဲလုပ်တဲ့အကျင့် ရှိတယ်"

၎င်းတွင် ရောဘတ်ဆိုသော သူငယ်ကလည်း "ဘန်နီက အင်မ တန် စိတ်ချရတဲ့ လူကလေးပါ၊ ဒါကြောင့်မို့လို့ သူ့ကို ကျွန်တော်တို့က အကိုင်ခိုင်းထားကြတာပဲ"

ကျွန်တော်ကလည်း အလျှော့မပေးဘဲ "ဒါဖြင့် ပြတင်းပေါက်က ထွက်ပြီး လိုက်ပြေးလေရော့လားဗျာ"

"တံခါးလည်း ပိတ်လို့ပါကလား" ဟု တစ်ယောက်က ပြော၏။

"နေကြဦး၊ ငါသွားကြည့်လိုက်ဦးမယ်" ဟု ဆရာကြီးက ပြောစဉ်၊ ကျွန်တော့်မှာ အခန်းထဲ၌ မေ့လျက်ရှိသော သူငယ်ကိုတွေ့၍ အားလုံး ချေတော့မည်ဟု ပူပန်မိလေပြီ၊ ကျွန်တော့်မှာ လူငယ်ကလေးများကို ညာစားနိုင်ခဲ့သော်လည်း လူကြီးတစ်ယောက် ပေါ်လာသည်နှင့် တစ်ပြိုင် တည်း အဆင်ပြေအောင် လှည့်စားရန် မတတ်နိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် ချေမလို အားမရ ဖြစ်မိ၏။ ထိုခဏတွင် ကျွန်တော့်မှာ နောက်၌ရပ်လျက် ရှိသော ဒဂုံတင့်ကိုမျှ သတိမရတော့ဘဲ ၎င်းတစ်ခါဖြင့် ကိစ္စချောချေပြီဟု တွေးတောက်မေ့လိုက်မိ၏။ သို့ရာတွင် နောက်တစ်ခဏ၌ ဒဂုံတင့်ပြောလိုက် သော စကားသံကို ကြားလိုက်ရ၍၊ ကျွန်တော့်မှာ သဲကန္တာရထဲတွင် ရေ တွေ့သော ခရီးသည်ကဲ့သို့ ချက်ချင်း အားတက်သွားလေတော့သည်။ ထိုအချိန်သို့တိုင်အောင် ဆရာကြီးသည် ကျောင်းသားပရိသတ်၏ အာရုံ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲဆောင်ထားခဲ့ရာ၊ ရှေ့အဖို့၌မူကား ဒဂုံတင့်သည် ထိုလူ၏နေရာ[..] လုယူလိုက်လေပြီ။ မည်သည့် ပရိသတ်ဖြစ်စေ၊ ဒဂုံတင့် စကားပြောလို[..] လျှင် နားစိုက်ကြရသည်သာ ဖြစ်လေရာ၊ ကျောင်းသားများသည်လည်[..] ဒဂုံတင့်၏အသံကို ကြားကြ၍ သူ့ဘက်သို့ ချာခနဲ လှည့်လိုက်ကြ၏။

"ကျွန်ုပ် တစ်ခုပြောပါရစေ" ဟု ဒဂုံတင့်က စကားပလ္လင် ခံလိုက်[..] သည်တွင် ပရိသတ်၏ မျက်လုံးများသည် သူ၏ မျက်နှာသို့ တန်းခ[..] စိုက်သွားကြ၏။

"ဘာလဲဗျ" ဟု ဆရာကြီးက ပြောလျက် ကျွန်တော့်ကို စိုး[..] ကြည့်နေရာမှ ဒဂုံတင့်ဘက်သို့ လှည့်လိုက်၏။

"ကျွန်တော်တို့က အစအဆုံး သိချင်တာတော့ မှန်ပါတ[..] ဒါပေမယ့် ကျွန်တော်တို့ ဘိုင်စကယ်တွေက အပြင်ဘက်မှာ ထား[..] ခဲ့မိလို့ တစ်ဆိတ်လောက် သွားယူချေပါရစေဦးဗျာ" ဟု ပြောလျက်၊ [..] တင့်သည် မည်သူ၏ စကားကိုမျှ မစောင့်ဘဲ အိမ်ရှေ့လှေကားဆီ[..] လျှောက်သွားလေရာ၊ ကျွန်တော်လည်း သူ့နောက်မှ ထက်ကြပ်မ[..] ကပ်၍ လိုက်သွားလေ၏။ ကျွန်တော်၏ စိတ်ထဲ၌ ကျောင်းဆရာ[..] လှည့်၍ ကြည့်လိုသောဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လျက် ရှိသော်လည်း [..] ဆန္ဒကို နှိပ်နင်း၍ ခြေလှမ်းမှန်မှန်နှင့် ဒဂုံတင့်နောက်မှ ကပ်လိုက်သွ[..] ၏။ ပထမ၌ ပါးနပ်ဟန်တူသော ကျောင်းဆရာကိုယ်တိုင် တကယ်မှ[..] ကာ ငေးကျန်ရစ်၏။ သို့ရာတွင် အိမ်ရှေ့လှေကားထစ်ပေါ်သို့ ကျွန်တေ[..] ခြေတစ်ဖက်ချလိုက်မိသည်နှင့် တစ်ပြိုင်နက် ကျောင်းဆရာက "အိမ်ရှေ့[..] တွင် ဘိုင်စကယ်များ မြင်ခဲ့ကြသလော" ဟု တပည့်များအား မေးမြန်း[..] သည်ကို ကြားလိုက်ရလေပြီ။





နောက် တစ်ခဏ၌ ကျွန်တော်တို့သည် မြက်ခင်းပေါ်သို့ ရောက်၍၊ ဒဂုံတင့်က လက်နှိပ်ဓာတ်မီးဖြင့် ဘိုင်စကယ်များကို ထိုးကြည့်နေလေရာ၊ တိုလီမိုလီထားသော အခန်းတွင်းမှ ဘန်နီ၏ အသံကိုကြားရ၍ ကျောင်းသားများနှင့် ကျောင်းဆရာတို့သည်လည်း၊ ကျွန်တော်တို့ နောက်သို့ တစ်ဟုန်ထိုး ပြေးဆင်း လိုက်လာကုန်ကြလေပြီ။

ဝင်းတံခါးမှာ (၂) ခုလုံး ပိတ်လျက်ရှိရာ၊ ကျွန်တော်တို့သည် ဘိုင်စကယ်ကိုယ်စီနှင့် နီးရာတံခါးသို့ ပြေးထွက်၍၊ တံခါးကို ကန်ပိတ်လိုက်သည်တွင် နောက်မှ ပြေးလိုက်လာကြသည့် ရှေ့ဆုံး လူသိုက်၏ ရင်ဘတ်များနှင့် ဆောင့်မတတ်ဖြစ်သွားတော့၏။ ကျွန်တော်က ရှေ့မှ ဘိုင်စကယ်ပေါ်သို့ ခုန်တက်စဉ်၊ ဒဂုံတင့်က နောက်လူများ ရုတ်တရက် မထွက်နိုင်စေရန် တံခါးကို ဆွဲထားလိုက်သေး၏။ ဒဂုံတင့်မှာ ဘေးအန္တရာယ်ရှိသည့်အခါများတွင် ကျွန်တော့်ကို ရှေ့မှထား၍ တိမ်းရှောင်တတ်သည့် ဝါသနာအတိုင်း၊ ထိုညတွင် ကျွန်တော်က ရှေ့မှပြေးရ၍ သူက နောက်မှ လိုက်လာလေသည်။

ကျွန်တော်သည် ဘိုင်စကယ်ပေါ်သို့ ရောက်၍၊ လမ်းပေါ်၌ မည်သည့်ဘက်သို့ ပြေးရမည်ဟု စဉ်းစားရာတွင် အခြားတံခါးပေါက်ရှိသောဘက်သို့ ပြေးပါက အပေါက်မှ ဆီးကြို၍ ဖမ်းမည်ကို စိုးရိမ်မိသည်နှင့် တံခါးပေါက်မရှိသော ဘက်သို့ ဦးလှည့်ကာ နင်းလာခဲ့၏။ သို့ရာတွင် (၂) ဖလိမ့်၊ (၃) လိမ့်ခန့် နင်းမိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ အမှားကို သိမြင်လေပြီ။ အဘယ်ကြောင့်ဆိုသော် ဟုမ်းလမ်းမှာ နိမ့်လျှောကြီး ဖြစ်နေ၍ ကျွန်တော်၏ ဘိုင်စကယ်မှာ ကုန်းမြင့်ဘက်သို့ ဦးလှည့်လျက် ရှိသောကြောင့် အထက်သို့ ဆန်တက်ကာ နင်းပြေးရတော့မည် ဖြစ်လေသောကြောင့်တည်း။ ကျွန်တော်တို့ နောက်မှလည်း ကျောင်းဆရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်စုတို့ တဖျပ်ဖျပ်နှင့် ပြေးလိုက်လာကြရာ၊ ကျွန်တော်တို့သည် ကုန်းအတက်ကြီးတွင် ထိုလူစုကို လွတ်အောင် ဘိုင်စကယ်နှင့် နင်းပြေးရန် ခဲယဉ်းလှ၏။ ညီညာသော မြေပြင်ဖြစ်ပါမူကား ခြေလျင်ပြေးလိုက်သော လူသာမန်တစ်ယောက်ကို လွတ်အောင် နင်းထွက်ပြေးရန် မခဲယဉ်းလှချေ။ ဟုမ်းလမ်းမှာ အတော်မတ်စောက်သော လမ်းဖြစ်၍ အပြေးလိုက်သော လူတစ်စုကို လွတ်အောင် နင်းပြေးဖို့ အမှန် ခဲယဉ်း၏။

"ကျုပ်တို့တော့ မှားပြီဗျို့၊ ဒဂုံတင့်"

"တတ်နိုင်ဘူးလေဗျာ၊ ဒါဖြင့် အောက်မဆင်းဘဲ လမ်းပေါ်မှာ ပြန်လှည့်ပြီး ကွေ့နိုင်ပါ့မလား"

"ကျုပ်တော့ မလုပ်တတ်ဘူး"

"ကိုင်း ဒါဖြင့် ကြိုးစားလို့သာ နင်းပေတော့၊ ကျုပ်က နောက်က ကြည့်လိုက်ပါ့မယ်"

"ဟောဗျာ၊ သူတို့က လာကုန်ကြပြီဗျို့"

"လာပါစေဗျာ၊ ကျုပ်တာဝန်ထားလိုက်ပါ၊ ကြိတ်သာ ကြိတ်ပါ"

ဒဂုံတင့်မှာ အခုန်အလွှား၊ ရေကူးခြင်းများနှင့်တကွ ကိုယ်ကာယနှင့် ပတ်သက်သော အလုပ်ဟူသမျှတွင် သူမတူအောင် ချွန်လှသည် ဖြစ်၍၊ ဤမျှမက မတ်စောက်သော လမ်းပင်ဖြစ်စေကာမူ သူတစ်ယောက်တည်း ဖြစ်ပါက လွတ်လွတ်ကျွတ်ကျွတ် ပြတ်ပြတ်သတ်သတ် နင်းထွက်သွားနိုင်မည်မှာ ယုံမှားဖွယ် မရှိချေ။ သို့နှင့်ပင် သူသည် ကျွန်တော့်ကို တစ်ကြိမ်တစ်ခါမျှ ကျော်လွန်၍ မတက်ဘဲ စက်ဘီးတစ်စီးစာခန့်မျှ ကျွန်တော့်နောက်မှ ချန်လျက် လက်နှိပ်ခေါင်းလောင်းကို ရမ်းကာရမ်းကာဖြင့် လိုက်လာလေတော့သည်။





ကျွန်တော်သည် ခြေသလုံး ကြွက်သားများ ကိုက်တက်လာသည့်ိုင်အောင် ကြိုးစား၍ နင်းပါသော်လည်း ခြေသံများသည် နီးသည်ထက်း်ကပ်လာသည်ကို ကြားနေရလေပြီ။ မှောင်မိုက်သော ညဖြစ်သောကြောင့် ထိပ်သို့ ရောက်အောင် မည်မျှဝေးကွာသေးသည်ဟု မမြင်ရ။း်ကပ်လာသော ခြေသံများကိုသာ ကြားနေရလေတော့သည်။ ထိုအတောအတွင်း ကျောင်းဆရာ၏ အသံကြီးကလည်း "ကမ်းမွန်း ဘွိုင်စ်" "ဟားရီးအပ် (ပ်) ဘွိုင်စ်" "လစ်တလ်မိုး ဘွိုင်စ်" စသည်ဖြင့် အားပေးကာ ပြေးလိုက်လာရာ၊ ရောဘတ်၏ အသံကလည်း "ယွဲ့ဆား" "ကမ်းမင်းမာစတာ" "ကမ်းမင်းဆာ" စသည်ဖြင့် ပြန်ပြောရင်း လိုက်လာလေ၏။

ကျွန်တော်က "မောလှပြီဗျာ ကျုပ်တော့" ဟု ပြောမိရာ ဒဂုံတင့်က "ပျော်စရာကြီးဗျာ" ဟု ပြန်ပြော၏။ အမှန်မှာလည်း သူ၏အသံမှာ ပျော်နေသော အသံနှင့် တူပေသည်။

ကျွန်တော့်မှာ ကပ်လာသော ခြေသံများကို ကြားရသဖြင့် အောက်ပိုင်းမှ လေထွက်သည့်တိုင်အောင် ဖျစ်ညှစ်ကာ နင်းပါသော်လည်း သည်ထက်သာ နီးကပ်လာကြလေပြီ။ ထိုအခါ၌မူ ကျွန်တော့်မှာ သူငယ်ချင်းတို့၏ ခြေသံများကိုသာမက မောဟိုက်လှသဖြင့် တဟဲဟဲ တဟားဟား ရှူရှိုက်လာကြသော လေသံများကိုပါ ကြားနေရလေတော့သည်။ ခဏကတစ်ခဏ၌ ကျွန်တော်၏ လက်ယာဘက်မှ လိုက်လာသော ဒဂုံတင့်သည် လက်တွင် ကိုင်ထားသော လက်နှိပ်ခေါင်းလောင်းကို မြှောက်၍ ရိုက်လိုက်ရာ ကျောင်းသားများအနက်တွင် အကြီးဆုံးဖြစ်သော ရောဘတ်၏ ပ်နှာသည် အလင်းရောင်စက်ဝိုင်းထဲသို့ ဝင်သွားသဖြင့် လင်းခနဲ လင်းလိုက်ရပြီးနောက် လက်နှိပ်ခေါင်းလောင်းမှ မှန်ဝိုင်းနှင့် ခိုက်မိသွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရ၏။ သူငယ်၏ ပါးစပ်မှ "ဒမ်ယူ" ဟု အော်သံကြားလိုက်ရသော်
လည်း အသံမှာ အနည်းငယ် ကွာလှမ်းနေရစ်ခဲ့လေပြီ။

ထိုအတောအတွင်း၌ သူငယ်တစ်ယောက်သည် ကျွန်တော့်အနီး
သို့ရောက်လာ၍ ဘိုင်စကယ်လက်ကိုင်ကို လှမ်းဆွဲလိုက်ရာ၊ ကျွန်တော်၏
စက်ဘီးမှာ တစ်ဖက်သို့ စောင်းသွား၍ ဒဂုံတင့်က တိမ်းရှောင်လိုက်သည်
တွင်၊ လမ်းနံဘေးရှိ မြောင်းထဲသို့ ကံကောင်း၍သာ မကျဘဲ လွတ်သွား
လေတော့သည်။ ကျွန်တော့်နောက်သို့ လိုက်သော သူငယ်သည် လက်ထဲ
မှ လွတ်ထွက်သွားသော ကျွန်တော်၏ စက်ဘီးလက်ကိုင်ကို နောက်တစ်
ကြိမ် ကိုင်ဖမ်းဦးမည်ဟု ပြေးလိုက်လာပြန်ရာ၊ လက်လှမ်းလိုက်သောအခါ
တွင် တစ်လက်မခန့်မျှသာ လိုတော့သည်ဖြစ်၍၊ နောက်ထပ်တစ်လှမ်း
တည်း လှမ်းခွင့်ရခဲ့လျှင် လက်ကိုင်ကို ဆွဲမိတော့မည်မှာ ဧကန္တပေတည်း
၍တွင် ကျွန်တော်နင်းရသော ခြေနင်းသည် ရုတ်တရက် ပေါ့သွား၍
တစ်ချက်နင်းချလိုက်လျှင် ကြိမ်သွင်းလိုက်သော ဒုန်းမြင်းကဲ့သို့ ရှိုးခနဲ
ထိုးတက်သွားလေတော့၏။ အကြောင်းမူကား ကျွန်တော့်မှာ ဟုမ်းလမ်း
တံတားကြီးထိပ်သို့ ရောက်နေပြီဖြစ်၍ အတက်ကြီးကို ဆန်နင်းခဲ့ရာ
အဆင်းဘက်သို့ စုန်နင်းရတော့သည် ဖြစ်ပေသောကြောင့်တည်း။ ရှေ့
အဖို့၌မူ တံတားအဆုံးသို့တိုင်အောင် တစ်လျှောက်လုံး အဆင်းချည်းဖြစ်
ပေရကား၊ တစ်ချက်တစ်ချက် နင်းချလိုက်တိုင်း နောက်မှ လိုက်လာသူများ
နှင့် တစ်ပေခန့် တစ်ပေခန့် ကွာ၍ သွားလေတော့သည်။

နောက်သို့ လှည့်ကြည့်လိုက်သောအခါ ဒဂုံတင့်သည် ခြေ
ထောက်များကို ခြေနင်းပေါ်၌ မထားတော့ဘဲ၊ ရှေ့သို့ ပစ်ကာ ဖိမ်နှင်း
လျှောဆင်းလာသည်ကို တွေ့ရပေရာ ၎င်းနောက်သို့ လှမ်းကြည့်လိုက်ရာ
တွင်မူကား ကျောင်းဆရာနှင့် တပည့်များသည် အမြင့်ဆုံးသော နေရာ၌





တန့်နေကြ၍ အလွန်မောဟိုက်လှသည့် လက္ခဏာနှင့် စီးတမ်းကုန်းတမ်း
ဘစားသောအခါ၌ ကုန်းရသော အလှည့်ကျသူများကဲ့သို့ ဒူးနှစ်ဖက်ပေါ်
တွင် လက်နှစ်ဖက်ထောက်ကာ ကုန်းလျက် မျှော်ကြည့်နေရစ်ကြလေ
တော့သည်။ ဒဂုံတင့်က "ဂွဒ်နိုက် စကူးလ်မာစတာ" ဟု လှည့်၍ ပြော
လိုက်ရာတွင် ကျောင်းဆရာသည် ခပ်ကုန်းကုန်းနှင့်ပင် လက်သီးကိုဆုပ်၍
ပြလိုက်သေး၏။

ကျွန်တော်တို့သည် ဆူဘာဘင်လမ်းနေအိမ်သို့ ချောမောစွာ
ပြန်ရောက်ကြ၍၊ ဖိုးတေ ဖျော်ထားသော ကာဖီကို ခွက်ဘူးမှ ငှဲ့၍
သောက်မည်ပြုဆဲတွင် ဒဂုံတင့်က . . .

"နေဦးဗျို့ မန်းတင့်၊ ကာဖီသောက်နဲ့ နေရာမကျသေးဘူး၊
အောင်ပွဲကျင်းပတဲ့ သဘောမျိုးနဲ့ ဝီစကီကလေး ဘာလေး ထုတ်သောက်
ကြဦးစို့ဗျာ"

"ဘာအောင်တာလဲဗျ၊ ပတ္တမြားတစ်လုံးမှ မရခဲ့တဲ့ ဟာကဘဲ"

"ပတ္တမြားတွေ အထုပ်လိုက်ကြီး ရခဲ့တာထက်၊ ကျုပ်က ကျေနပ်
သေးတယ်"

"ဘာကြောင့်လဲဗျာ"

"ခင်ဗျား မရိပ်မိဘူးလား"

"ကုန်းအတက်ကြီး စီးပြေးခဲ့ရလို့ လက်မတင်ကလေး လွတ်လာ
ခဲ့ပုံကိုလား"

"မဟုတ်ပါဘူးဗျာ"

"နို့ လက်နှိပ်ခေါင်းမီးကို တုတ်လုပ်ပြီး သုံးခဲ့တာကိုလား"

"ဒါလည်း မဟုတ်ပါဘူးဗျာ၊ အဲဒီအတွက်တော့ ကျုပ်က မကျေ
နပ်တဲ့အပြင် ရှက်တောင် ရှက်မိပါသေးတယ်၊ အတော် သတ္တိကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကလေးတွေဗျ၊ သတ္တိကောင်းတဲ့လူကို လုပ်မိတိုင်း၊ ကျုပ်ဒေ
ဝမ်းနည်းမိတာချည်းပဲ၊ မလွှဲမရှောင်သာလို့သာ လုပ်ရတာကိုးဗျ၊ န
နည်းမှ မလုပ်ချင်ဘူး"

"ဩော်. . ကျုပ်သိပြီ၊ အိမ်ထဲက အပြင်ရောက်အောင် ခင်ဗျ
လုပ်ခဲ့ပုံကလေးကို မဟုတ်လား"

"ဒါလည်း မဟုတ်သေးပါဘူး၊ ကျုပ်လုပ်ပုံကို ကျေနပ်တာ
မဟုတ်ပါဘူးဗျ၊ ခင်ဗျားလုပ်ပုံကို ကျေနပ်တာပါ"

"ဘယ်ဒင်းလဲဗျ"

"ခင်ဗျားသိပါတယ် ဟန်လုပ်မနေပါနဲ့"

"အိမ်ပြင်ရောက်ပြီးမှ ကျွန်တော် ပြန်ဝင်လာတာကိုလား"

"အစစ်ပေါ့ဗျာ၊ ခင်ဗျားကို ကျွန်တော် ကျေနပ်တာတွေ အမျ
ကြီး ရှိပါတယ်။ သို့သော် ဒီလောက်တောင်တော့၊ ခင်ဗျား လုပ်လိမ့်မ
လို့ မမျှော်လင့်မိပေဘူးဗျာ"

"သိပ်တော်လှလို့ မထင်ပါနဲ့ဗျာ၊ လုပ်မိလုပ်ရာ အရမ်းလု
လိုက်တာပါ"

"ဘာပြောပြောလေဗျာ၊ ကျုပ်ကတော့ ဒီကနေ့ည ခင်ဗျား လုပ်
ကလေးကို သေတစ်ပန်သက်ဆုံး မမေ့ပါဘူး မန်းတင့်ရော"

ယင်းသို့ ပြောဆိုစဉ် ဒဂုံတင့်သည် ကျွန်တော်၏ ပခုံးနှစ်ဖက်
လက်နှစ်ဖက်နှင့် ကိုင်လှုပ်ရင်း သစ္စာရှိသော မျက်လုံးများဖြင့် ကျွန်တေ
အား ကြည့်လိုက်ရာ ကျွန်တော့်မှာ ဒဂုံတင့်၏ ချီးကျူးခြင်း ခံရမည်ဆိုလျှ
ဆယ်ပြန်မက ပြုလုပ်ဦးမည်ဟု အောက်မေ့မိလေတော့သတည်း။

* * *



## ပညာရွှေတောင်စာအုပ်တိုက်တွင် မှာယူရရှိနိုင်သောစာအုပ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ၂၀-ရာစု အင်္ဂလိပ်ဆောင်းပါးပေါင်းချုပ် (ပတွဲ) | ဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၂။ | ၂၁-ရာစု အင်္ဂလိပ်ဆောင်းပါးပေါင်းချုပ် (ဒုတွဲ) | ဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၃။ | ဗွေးအေါ်မှုဆန်းစေဒင်မြင်ကွင်း | ဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၄။ | အင်္ဂလိပ်အပြောပညာ (၈၉-၉၁) | ဦးမောင်မောင်သန်း | ၃၀၀ ကျပ် |
| ၅။ | အင်္ဂလိပ်အပြောပညာ (၉၄-၉၇) | ဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၆။ | ၂၁ ရာစုအင်္ဂလိပ် ဆောင်းပါးများပေါင်းချုပ် (တတိယတွဲ) | ဦးမောင်မောင်သန်း | ၄၀၀ ကျပ် |
| ၇။ | နာမည်များနှင့် စကားပြောခြင်း | ဦးမောင်မောင်သန်း | ၄၀၀ ကျပ် |
| ၈။ | ရုပ်ကိုအောမြဲစေသား-၁၃၆၂ (တနင်္ဂနွေ မှ ရာဟု နေသားအထိ) စုစုပေါင်း (၈) အုပ် | ဦးမောင်မောင်သန်း | ၂၀၀ ကျပ် |
| ၉။ | ထူးခြားထက်မြက်သော ဂါထာမန္တန် | ဖြည်သိမ်းကျော် | ၂၅၀ ကျပ် |
| ၁၀။ | သွေးကြောထဲမှခွန်အားများ | ချစ်နိုင် (ဓါတ်ပညာ) | ၂၅၀ ကျပ် |
| ၁၁။ | မြို့ရွှင်ဖွယ်ရာစကားများ | မိုးညာ (ဝဝ) | ၁၅၀ ကျပ် |
| ၁၂။ | သီပေါမင်းတရား အတွင်းရေးများ | ဦးသိမ်းဆောင် (မြန်သို) | ၂၀၀ ကျပ် |
| ၁၃။ | ထူးထူးခြားခြား | မြတ်ခင်းရွှင် | ၃၀၀ ကျပ် |
| ၁၄။ | မြတ်စွာဘုရားလက်ထက်တော်က သူဌေးကြီးများ ချမ်းသာခြင်းအကြောင်း | အရှင်ဉာဏောဘာသ (အေးမေထီ မင်းဘူး) | ၂၅၀ ကျပ် |
| ၁၅။ | ဂန္ဓဝင်ကျော် ရဟန်းတော်များ | ရွှေညီ | ၅၀၀ ကျပ် |
| ၁၆။ | မြန်မာ့စကားပုံ မြန်မာ့ဆိုရိုးစကား | ရွှေညီ | ၅၀၀ ကျပ် |
| ၁၇။ | ရေပြာအိုင်မှ ဓာတ်လမ်းများ | ခင်မြင့် | ၅၀၀ ကျပ် |
| ၁၈။ | ၂၁ ရာစု အဝင် စိတ်ခန္ဓာမှုခေါင်းဆောင်များအတွက် စစ်ဆေးရန်အချက်များ | ဒိုလီမှုဒေါ်စိုးဆောင်ကြည် | ၅၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

၁၉။ လောကနီတိ — တက်တိုး – ၂၅၀ ကျပ်
၂၀။ သုတအမြဲဖြာ တိုင်းရင်းဆေးပညာ — ဒေါက်တာအောင်နိုင် – ၆၀၀ ကျပ်
၂၁။ မျက်လှည့်ပြနည်း (၁၀၀) — ဧကြွား (မျက်လှည့်) – ၃၅၀ ကျပ်
၂၂။ ညီတော်အာနန္ဒာ (ခေါ်) အရှင်အာနန္ဒာဝတ္ထု (ပထမတွဲ) — ဦးအောင်မိုး (ဝိဇ္ဇာဓိုရ်) – ၈၀၀ ကျပ်
၂၃။ ညီတော်အာနန္ဒာ (ခေါ်) အရှင်အာနန္ဒာဝတ္ထု (ဒုတိယတွဲ) — ဦးအောင်မိုး (ဝိဇ္ဇာဓိုရ်) – ၉၀၀ ကျပ်
၂၄။ ယောဆက် — တင်နွယ်မောင် – ၁၀၀ ကျပ်
၂၅။ ကမ္ဘာ့ပန်းချီကျော်များ — ဦးညာဏ်ရှိန် (ညိုထင်ရွှင်) – ၃၅၀ ကျပ်
၂၆။ ငွေကမ္ဘာ ကမ္ဘာ့လှည့်တင်တင်စိန် — ဒေါ်တင်ထင်ခိုင် – ၃၀၀ ကျပ်
၂၇။ သဲဘော်သားသုံးယောက် ဟာသဝတ္ထုတိုများ — သော်တာဆွေ – ၃၀၀ ကျပ်
၂၈။ ဒိုး – ဂျေရုဆလမ် — ကျော်အောင် – ၉၀၀ ကျပ်

အထက်ပါ စာအုပ်များကို အလိုရှိ၍ စာရေးမှာယူပါက အမျိုး အစား တစ်မျိုးလျှင် (၃) အုပ် နှင့် ၎င်းအထက် မှုရင်းတန်ဖိုးဖြင့် လည်းကောင်း။ (၁) အုပ်မှ (၂) အုပ်ထိ မူရင်းတန်ဖိုးနှင့်စာပို့ခကိုပါ ပူးတွဲကျခံစေ၍ လည်းကောင်း ငွေကြိုတင်ပေးပို့မှသာလျှင် ပို့ပေးပါမည်။

www.burmeseclassic.com